


စိမ်းလန်းသော ရာဇဝင်

# စိမ်းလန်းသော ရာဇဝင်

## အခန်း (၁)

ဘေးစောင်းမြင်နေရသည့် မျက်နှာလေးက နုနုညက်ညက် ကလေး လှနေသည်။ နဖူးပြေပြေကလေးနှင့် နှာတံချွန်ချွန်ကလေးက ပေါ်လွင်သည်။

မျက်တောင်ရှည်ကြီးတွေ ကော့ညွတ်နေသော မျက်နက်ဝန်း လေးကလည်း ကြည်လဲ့နေ၏ ။ ဝတ်ဆင်ထားသော ဘလောက်စ်အင်္ကျီ အပြာနုရောင် ပွပွလေးနှင့် အဖြူမှာ အပြာနုအစင်းလေးတွေ ပါသော ဒူးဖုံးဘောင်းဘီအပွလေး ဖြစ်သည်။

ပေါ့ပေါ့ပါးပါး အိမ်နေဝတ်စုံလေးနှင့်လည်း

ဆင်းထည်ဝါက ငေးကြည့်လောက်အောင် လှတာပဲ ဖြစ်သည်။

ဒီမျက်နှာလေးက အခုလို အချိန်လေးမှာ ပဲ အေးချမ်းလှပနေ တာပါ။ ကျန်သည့်အချိန်တွေ မှာ တော့ ပူလောင်တင်းမာမှု များ နှင့် အမြဲ တမ်းလိုလို ဒေါသကြီးနေတတ်သည်။

ဒီလို မိန်းကလေးမျိုး ကိုမှ ပတ်သက် ဆက်နွယ်ချင်သည့် ယောကျ်ားတွေ ကိုလည်း ရွေးရွက်လွှာ အံ့သြမိသည်။ ဆင်းထည်ဝါ အနား ကို ကပ်ဖို့မလွယ်တော့ သူမကိုပဲ ချဉ်းကပ်အကူအညီတောင်းကြသည်။

"ကူညီပေးပါ ရွက်လွှာရယ်၊ နင်တို့က တစ်အိမ်တည်း အတူနေ ကြတာပဲနော်၊ ကျေးဇူးမမေ့ပါဘူး"

ဆင်းထည်ဝါနှင့် အောင်သွယ်ပေးဖို့ အကူအညီ တောင်းလာ သူတိုင်းကို ရှက်လွှာ ခေါင်းခါငြင်းမိသည်ချည်း ဖြစ်သည်။ ဆင်း ကိုယ်တိုင်က သဘောမကျသော အလုပ်ကို ရှက်လွှာ မဝံ့ရဲပါ။ ဒါပေမဲ့

အခုတော့ ခေါင်းခါမရသော သူငယ်ချင်းက ပါလာပြီ။

''ငါ့ကို နင် ကူညီဟာ၊ နင်မှ မကူညီရင် မလွယ်ဘူး၊ နင် ငြင်းဖို့ မကြိုးစားနဲ့နော် ရှက်လွှာ''

မင်းပိုုလွင်က သူမအပေါ် အမြဲတမ်း အနိုင်ယူနိုင်သူပီပီ အခု ကိစ္စမှာ လည်း တစ်ဖက်သတ် တောင်းဆိုလာပြန်သည်။

''ငါ ကူညီတော့ကော ဆင်းက ချက်ချင်း ပြန်ကြိုက်မှာ မို့လား မင်းပိုုရယ်၊ စာလေး ဖတ်ကြည့်ပြီး

ယစ်မူးပျော်ဝင်မယ့် မိန်းကလေး မှ မဟုတ်တာ"

"ရတယ် ပြဿ နာ မရှိဘူး၊ အဲဒါက

ငါ့ကလွှာ၊ အခု နင် သာ ငါ ပြောတဲ့အတိုင်း လုပ်ပေးရင်

ငါ တစ်ဝက်အောင်မြင်သွားပြီ"

အတင်းအကျပ် ပူဆာနေတော့ ဘယ်လိုမှ

ခေါင်းခါမရအောင်

ဖြစ်သွား၏ ။ မင်းပျိုလွင်က သူမရဲ့

အခင်မင်ဆုံး သူငယ်ချင်းမို့ စိတ်ကွက် မှာ လည်း

ကြောက်သည်။

နောက်ဆုံးတော့ မင်းပျိုတောင်းဆိုသည့်

အကူအညီကို ရွက် လွှာ ကူညီပေးမိသည်။

သိပ်ခက်ခဲသော ကိစ္စတော့ မဟုတ်ပါ။

မင်းပျိုပေးလိုက် သော စာအိတ်ပြာလေးကို

ဆင်းထည်ဝါရဲ့ ကျောပိုးအိတ်လေးထဲက စာအုပ် တွေ

ကြားထဲ ညှပ်ထည့်ပေးလိုက် ရုံမျှသာ။

ဒီအ ဖြစ်က ဘာမှမဟုတ်ပေမယ့် တရားခံ ဘယ်သူလဲ သိသွား ခဲ့လျှင် အတော် မလွယ်သည့်ကိစ္စ။

"နင် ဒီနေ့ စာမကျက်တော့ဘူးလား ရွှက်လွှာ"

ကိုယ့်အတွေး းတွေ နှင့် ကိုယ် ငိုင်ငိုင်လေး ဖြစ်နေတုန်း ဆင်းထည် ဝါရဲ့ အသံကြောင့် ဆတ်ခနဲတောင် ဖြစ်သွားမိသည်။

"ဟင် ဘာလဲဟင် ဆင်း"

ကုပ်ကျသွားသည့် မျက်ခုံးလေးတွေ အောက်က မျက်ဝန်းလေး တွေ က ရွှက်လွှာကို စူးစူးနစ်နစ်လေး ကြည့်နေသည်။ ဒီအကြည့်တွေ ကို မြင်တော့ ရွှက်လွှာ ရင်လေး တထိတ်ထိတ်တောင် ခုန်လာမိသည်။

"နင် ဘာ ဖြစ်နေတာလဲ၊ ငါမေးတဲ့အသံက တိုးတိုးလေးလည်း မဟုတ်ပါဘူး၊ နင် စာကျက်မှာ လား မေးနေတာ"

"ဩော် အင်း ကျက်မှာ ပါ၊ ဟို အတွေး လွန်ပြီး ဘာမေးလိုက် မှန်း မသိလိုက်လို့"

ကိုယ့်မှာ က ကိုယ့်အဖြစ်နှင့်ကိုယ် လိပ်ပြာမလုံ ဖြစ်နေတာမို့ အလိုလို ရှုံ့တွန့်တွန့် ဖြစ်နေသည်။ စာကြည့်စားပွဲလေးဆီကို လျှောက်ခဲ့ ချိန်အထိ ဆင်းထည်ဝါ အကြည့်တွေ လွှဲဖယ်မသွားသေးတာ စိတ်က သိနေပြီးသား။

"ရှက်လှာ နင် တစ်ခုခု ဖြစ်နေသလား၊ နေမကောင်းဘူးလား"

"ကောင်းပါတယ်၊ ဘာမှမ ဖြစ်ပါဘူး၊ ထမင်းစားတာ များ သွား တော့ ပြည့်အင်အင်ကြီး

ဖြစ်နေလို့"

အကြောင်းပြချက်ပေးလိုက် တော့ ဆင်းထည်ဝါ ဘာမှမပြော တော့ဘဲ စာကြည့်စားပွဲလေးဆီ ပြန်လျှောက်သွားသည်။ အခန်းထဲမှာ သူမနှင့်ဆင်းတို့ စာအတူကျက်တာဆိုပေမယ့် ပေနှစ် ဆယ်လောက်ကွာ သော အခန်းထောင့်တွေ မှာ ကိုယ့်စားပွဲနှင့်ကိုယ် ဖြစ်သည်။

ကိုယ့်စာကြည့်စားပွဲမှာ ကိုယ်ဝင်ထိုင်ကာ စာအုပ်တွေ ကို လှန် လှောနေပေမယ့် စိတ်အာရုံက ဆင်းဆီမှာ ပဲ ရှိနေ၏ ။

စာအုပ်တွေ ကိုသာ လှန်ကြည့် ဖြစ်ရင်တော့ မင်းပြုံရဲ့ စာအိတ် ပြာလေးကို ဆင်း အသေအချာ တွေ့မှာ ပဲ ဖြစ်သည်။ ဒါဆိုရင်တော့ အံ့သြသွားမည် လား။

အရေး ကြီးတာက သူမ ဒီစာလေးကို ထည့်လိုက် တာ မသိဖို့ပဲ ဖြစ်၏ ။

"ဪ ရွက်လှ မေ့နေလို့ မနက်က မင်းကျောင်းသွားတော့ ဖုန်းလာသေးတယ်"

"ဘယ်သူ့ ဆီကလဲ ဆင်း"

"ကောင်မလေး တစ်ယောက် အသံပဲ၊ ဘယ်သူလို့တော့ ပြော မသွားဘူး"

ဆင်း စကားကြောင့် ထိတ်ခနဲ ဖြစ်သွားသော ရင်က နည်း နည်းတော့ လျော့ကျသွားခဲ့ပါသည်။ ဒီဖုန်းက မင်းပိုုက ကြည်ပြာကို ဆက်ခိုင်းတာပဲ ဖြစ်သည်။ ရွက်လှကျောင်းရောက်တော့ ကြားပြီးပြီ။

"ငါ မနက်က ကြည်ပြာကို ဖုန်းခေါ်ခိုင်းသေးတယ်၊ နင် မရှိ ဘဲ ဆင်းထည့်ဝါနဲ့

တိုးနေလို့ ဘာမှ မပြောခိုင်းလိုက်ရဘူး''

မင်းပို့ပြောပြီး ဒီစာကိစ္စ အကူအညီ တောင်းခဲ့တာ ဖြစ်သည်။ ကျောင်းမှာ တုန်းက ဆင်း လွယ်အိတ်ထဲ ထည့်ခွင့်မသာတာမို့ ကျောင်းက ပြန်ရောက်တော့မှ ဆင်း ရေချိုး ခန်းဝင်နေတုန်း ထည့်ပေးခဲ့တာ ဖြစ်၏ ။

ဆင်းကို မသိမသာ ခိုးကြည့်နေတုန်း ကျောပိုးအိတ်လေး ဖွင့်ကာ စာအုပ်တွေ ထုတ်နေတာ မြင်သည်။

''ဟင်''

စာအုပ်ကြားထဲက ထွက်ကျသွားသော စာအိတ်ပြာလေးကို တွေ့တော့ ဆင်း တအံ့တသြ အသံလေး ထွက်သွားသံ ကြားသည်။

ရှက်လှ ချက်ချင်း အကြည့်တွေ စာအုပ်ထဲ

ပြန်ပို့ပြီး စာကျက် နေသလို အာရုံစိုက်ပစ်လိုက်သည်။ မင်းပျိုရဲ့ ဆန္ဒတော့ ပြည့်ဝသွားပြီ။

"တောက် ဒီစာကို ဘယ်သူ ခိုးကြောင်ခိုးဝှက် လာထည့်သွား တာလဲ မသိဘူး"

ဆင်း တစ်ယောက် တည်း ရေရွတ်သလို ပြောကာ စာကို ဖွင့် ဖတ်နေချိန်မှာ ရှက်လွှာ ရင်တွေ တထိတ်ထိတ် ဖြစ်နေ၏ ။

မသိမသာလေး ဆင်းကို အကဲခတ် ခွေကြည့်နေလိုက်သည်။

စာဖတ်ရင်း ဆင်းထည့်ဝါ အံ့ကလေး ကြိတ်ထားမှန်း မေးရိုး လေးတွေ တင်းခနဲ ဖြစ်သွားတာကို သတိထားမိသည်။

အခြေအနေက သိပ်ကောင်းပုံ မရတာ သေချာ၏ ။ မင်းပျိုအတွက် စိတ်မကောင်း ဖြစ်မိပေမယ့်

ထိုအခြေအနေကိုပဲ ရွက်လွှာ ကျေနပ်နေမိတာ အမှန်ပဲ ဖြစ်၏ ။

"တောက်"

ဆင်း တက်ခေါက်သံကို ကြားသည်။ ရွက်လွှာ ချက်ချင်း အကြည့်တွေ ပြန်ရုပ်သိမ်းပြီး မမြင်ဟန် ဆောင်နေပေမယ့်

"ရွက်လွှာ"

"ဟင် ဘာလဲ ဆင်း၊ ဘာ ဖြစ်လို့လဲ"

ဆင်း မျက်ဝန်းလေးတွေ ရှုံ့ရှုံ့တောက်ပလျက် တစ်ခုခု ပြောဖို့ ဟန်ပြင်သည်။ ပြီးမှ ဘာမှမပြောတော့ဘဲ လက်ထဲက စာကိုလုံးချေပြီး အခန်းထောင့်က အမှိုက်ခြင်းလေးထဲ ပစ်ထည့်သည်။

"ဘာမှမ ဖြစ်ဘူး ရွက်လွှာ၊ ဆောရီး မင်းဘာသာ စာကျက်ပါ"

ပြောရင်း ဆင်းထည်ဂါ ထိုင်ခုံက

ထရပ်သည်။ ဆင်း မျက်နှာ ပေါ်မှာ အလိုမကျရိပ်တွေ

နှင့် သုန်မှု န်နေသည်။ မင်းပျိုရဲ့ စာလေးအတွက် ဆင်း

ဒီလောက်အထိတောင် ဖြစ်ရသလား။

တကယ်ဆို မင်းပျိုလွင် ဆိုတာလည်း

သူတို့ကျောင်းမှာ တော့ ကင်းတစ်ပါးပဲ မဟုတ်လား။

"ဘယ်သွားမလို့လဲ ဆင်း"

"တို့ စာကျက်လို့ မရတော့ဘူး ရွက်လွှာ၊

ဒီညတော့ မင်း ဘာသာ တစ်ယောက် တည်း

ကျက်တော့၊ တို့က စိတ်အနှောင့်အယှက် ဖြစ်သွားရင်

စာကျက်လို့ကို မရတာ "

ဘာ ဖြစ်လို့လဲဟု မေးသင့်ပေမယ့် ရွက်လွှာ

မမေး ဖြစ်ပါ။ ဆင်း မျက်နှာပေါ်မှာ မြင်နေရသော

ဒေါသအရိပ်တွေ ကို မြင်သိနေ၏ ။

"ကဲ ရွှက်လှ္ဘာ လွတ်လွတ်လပ်လပ်

ကျက်နော်"

"အင်း ဆင်း အိပ်ချင်အိပ်တော့လေ၊

ရွှက်လှ္ဘာ ခဏကျက်လိုက် ဦးမယ်"

"ဟင့်အင်း တို့ အိပ် ဖြစ်မှာ မဟုတ်ဘူး၊

မင်းပျိုလွင်ကို ဘယ်လို တုံ့ပြန်ရမလဲဆိုတာ

စဉ်းစားချင်လို့"

"ဟင်"

ရွှက်လှ္ဘာ မျက်ဝန်းလေးတွေ အထိတ်တလန့်

ဝိုင်းစက်သွားချိန် မှာ ဆင်းထည်ဝါက စာကြည့်ခန်းထဲက

ထွက်သွားခဲ့ချေပြီ။

ဆင်း ခြေသံလေးတွေ

ဝေးကွာသွားချိန်အထိ ရွှက်လှ္ဘာ တွေ တွေ လေး ရှိနေဆဲ

ဖြစ်သည်။

အခန်းထောင့်က အမှိုက်ခြင်းလေးထဲမှာ ဆင်း လွှင့်ပစ်ခဲ့သော မင်းပျိုရဲ့ စာလေးရှိနေတာ သိနေတော့ ထိုစာလေးဆီ အာရုံရောက်နေ ခဲ့၏ ။

တာဝန်အရ ကူညီပေးခဲ့တာ မှန်ပေမယ့် ဖတ်ကြည့်ဖို့ စိတ်ကူး တော့ မရှိခဲ့ပါ။ အခုတော့ မင်းပျိုရဲ့ စာလေးကို ဖတ်ကြည့်ချင်သည်။ ဆင်း ဘာကြောင့် စိတ်ဆိုးသွားတာလဲ သိချင်မိသည်။

အခန်းထဲကို ဆင်း ပြန်ဝင်လာမှာ လည်း စိုးရိမ်တာမို့ ထိုင်ခုံက ချက်ချင်း မထရဲသေးဘဲ စောင့်ကြည့်ရသေး၏ ။

ဆင်းထည်ဝါ ပြန်မလာနိုင်တော့မှာ သေချာမှ ထိုင်ခုံက ထကာ အမှိုက်ခြင်းလေးထဲက စာလေးကို ကောက်ယူဖတ်ကြည့်မိသည်။ ကြေမွ နေပေမယ့် စာလေးက ဖတ်လို့ရပါသေးသည်။

ဆင်း

အရမ်းမာနကြီးတတ်တဲ့ မိန်းမတွေ က အရမ်းချစ်တတ်ကြတယ် တဲ့။ အဲဒီ စကားမှန်ရင်တော့ ဆင်းရင်ထဲမှာ သိပ်ချစ်တတ်တဲ့ နှလုံးသား ရှိမှာ သေချာတယ်။ ဆင်း မာနတွေ ကြီးပြလေလေ ကိုယ်က ပိုမက်မော လေပဲ။ ဘယ်တော့မှ စိတ်ပျက်မှာ မဟုတ်ဘူး။

ဆင်းကို သိပ်ချစ်တယ်။

မင်းပို

ရွက်လွှာ မျက်မှော င်လေးတောင် ကျုံ့ သွားမိသည်။ မင်းပိုရဲ့ ရည်းစားစာက ဘယ်လိုကြီးလဲ မသိ။

ဆင်းကို မာနတွေ ကြီးသူလို့ ရေး ထားတာကြောင့် ဆင်း ဒေါသ တွေ ဆူဝေသွားတာ

ဖြစ်မည် ထင်သည်။ ဆင်းကို ပေးတတ်ကြသော ရည်းစားစာတွေ အများ ကြီးကို ရှက်လွှာ ဖတ်ကြည့်ဖူးပါသည်။

စာတိုင်းက ဆင်းအပေါ်မှာ အောက်ကျခဲ့ကာ နုနုရွရွ စကား လုံးတွေ နှင့် ရေး ထားတာတွေ ပဲ ဖြစ်၏ ။ အခုတော့ မင်းပို့ရည်းစားစာက ဘယ်လိုကြီးမှန်း မသိ။ စာလေးကို ဆင်း လုံးခြေ လွှင့်ပစ်ထားသည့် အတိုင်း အမှိုက်ခြင်းထဲ ပြန်လွှင့်ပစ်ထားလိုက်သည်။

မင်းပို့ဖြစ်စေချင်သည့်အတိုင်း သူ့စာကိုတော့ ဆင်း ဖတ် ကြည့်ပြီးသွားတာ အမှန်။ ဒီစာကြောင့် ပဲ စာတောင်မကျက်နိုင်ဘဲ ဆင်း ဒေါသတွေ ထွက်သွားခဲ့တာ မင်းပို့သိလျှင် ဘာပြောမည် လဲ မသိ။

ငါ့ဘက် ကတော့ တာဝန်ကျေပါတယ် မင်းပို့

II

*

# အခန်း (၂)

"ငါ့စာကို သူ ဖတ် ဖြစ်သွားတယ်ဆိုတာ သေချာတယ်နော် ရွက်လှ"

"အင်း သေချာပါတယ် မင်းပျို့ရယ်"

"အိုခေ ငါ ဝမ်းသာသွားပြီ"

မင်းပျို့မျက်ဝန်းတွေ ရွှန်းလဲ့တောက်ပသွားတာ အထင်အရှား။ ဆင်းထည်ဝါက သူ ပေးသည့်စာကို ဖတ်သည်ဆိုရုံနှင့် မင်းပျို့လွင် ကျေနပ်ပျော်ရွှင်နေတာ မြင်တော့ ရွက်လှ ရင်ထဲမှာ ဝမ်းနည်းချင်သလို လို ခံစားရသည်။

တကယ်ဆို ဆင်းထည်ဝါက ဒီစာကိုဖတ်ပြီး လုံးချေလွှင့်ပစ် လိုက်တာ သိလျှင် မင်းပျို့ဘာပြောမည်လဲ။

အခုလို ပျော်နိုင်မည် လား။ မပြောရက်တာမို့ ရွက်လွှာ မပြောဘဲ မျိုသိပ်ထားခဲ့တာ မင်းပိုျမသိရှာပါ။

"ရွက်လွှာ"

မင်းပိုျခေါ်တော့ ရွက်လွှာ မျက်လွှာလေးပင့်ကြည့်သည်။ မင်းပိုျလွင်က ခွက်ထဲမှာ လက်ကျန်ကော်ဖီတွေ ကို တစ်ကျိုက်တည်း မော့သောက်ပြီးမှ

"ဆင်းက ငါ့ကို ဘာပြောသေးလဲ"

မင်းပိုျမေးတော့ ရွက်လွှာ ချက်ချင်း ပဲ ခေါင်းလေးခါပြမိသည်။ အမှန်တွေ ကို မပြောချင်ပါ။ ဆင်း အကြောင်း ရွက်လွှာ အသိဆုံး ဖြစ် သည်။ စာဖတ်နေတုန်းက မျက်နှာပေါ်က အမူအရာတွေ က သက်သေပဲ လေ။

မင်းပိုျရဲ့ စာကိုဖတ်ပြီး ဆင်းထည့်ဝါ

စာတောင်မကျက်နိုင်ဘဲ ထွက်သွားခဲ့တာ မင်းပို့
မသိစေချင်ပါ။

"ဘာမှမပြောဘူးလားဟ၊ နင်တို့က
ညီအစ်မတွေ ပဲဟာ၊ တစ်ခု ခု တိုင်ပင်သလား ငါ
သိချင်တာ"

"ဟင့်အင်း ငါ့ကို ဘာမှကို မပြောတာ၊
သေချာတယ် မင်းပို့"

မင်းပို့မယုံသကာ မျက်ဝန်းတွေ နှင့် သူမကို
အကဲခတ်သလို ကြည့်နေပြန်သည်။ မျက်ခုံးထိပ် နှစ်
ဖက်က ကွေးကွေးလေး တွန့်လျက်

တိုစိပ်စိပ် မျက်တောင်တို့ ဝန်းခထားသော
မင်းပို့မျက်ဝန်းတွေ ကို ရှက်လွှာ ရင်မဆိုင်ရဲသလို
အကြည့်လွှဲလိုက်မိသည်။

ဒီမျက်ဝန်းအကြည့်တွေ ကိုပဲ ရှက်လွှာ

တိတ်တခိုး ရင်ခုန်စွဲလန်း ခဲ့ရတာ မင်းပျို့မသိခဲ့ပါ။

တကယ်ဆို ပထမနှစ် စတက်ခဲ့ကတည်းက ခင်မင်ရင်းနှီးခဲ့ရ သော မင်းပျို့အပေါ်မှာ သူမ ခင်မင်နှောင်တွယ်ခဲ့သော သံယောဇဉ်တွေ က ကြီးမားခဲ့တာ မင်းပျို့ အသိဆုံးပါပဲ။

အခု တတိယနှစ် တိုင်သည့်အထိ မင်းပျို့ နှင့်ရှက်လွှာတို့ အခင် အမင်မပျက် ရှိခဲ့သည်။ ဆင်းထည့်ဝါနှင့် မင်းပျို့ကတော့ ခင်မင်ရင်းနှီး တာမျိုး မရှိခဲ့ပါ။ ဆင်းထည့်ဝါ ကိုယ်တိုင်က ယောကျာ်းလေး မိတ်ဆွေ အပေါင်းအသင်း မထားတာကြောင့် ဖြစ်၏ ။

အနေတည်ပြီး ချောမောသော ရုပ်ရည်ကြောင့် လည်း ဆင်း ထည့်ဝါသည် အားလုံး သတိထားစရာ မိန်းကလေး ဖြစ်နေသည်လား ရှက်လွှာ တွေ းကြည့်မိ၏ ။

"ရွက်လှ ငါ့စာဖတ်ပြီးတော့ ဆင်းထည်ဝါ ဘယ်လိုတုံ့ပြန်မှု ရှိသလဲ နင် အကဲခတ်မကြည့်မိဘူးလား"

မင်းပျိုလွင် အလိုမကျသလို ထပ်မေးနေပြန်သည်။ ရွက်လှ ပင့်သက်လေး ရှိုက်ရင်း ထပ်ပြီး ခေါင်းခါမိပြန်၏ ။

"ငါ အဲဒီ လို အကဲမခတ်တတ်ဘူး မင်းပျို၊ ဆင်းက အကဲခတ် ရခက်တာ အမှန်ပဲ"

"ကျွတ် နင်တို့က တစ်အိမ်တည်း နေကြတဲ့ ညီအစ်မတွေ ဖြစ်ပြီး တိုင်တိုင်ပင်ပင်တောင် မရှိကြဘူးလား"

"ညီအစ်မ ဆိုပေမယ့် နှစ်ဝမ်းကွဲတယ်လေဟာ၊ ပြီးတော့ ငါနဲ့ဆင်းက စိတ်ဓာတ်ကော အသွင်အကျင့်ပါ တူတာမှ မဟုတ်တာ"

ရွှက်လှာဆိုတော့ မင်းပို

ဘာမှခွန်းတုံ့မပြန်တော့ဘဲ ငြိမ်သွား ခဲ့သည်။
တကယ်လည်း ဆင်းထည်ဝါနှင့် ရွှေရွှက်လှာတို့က
ညီအစ်မ နှစ် ဝမ်းတောင် ကွဲပါသည်။

ရုပ်ရည်ချင်းကလည်း တူတာမဟုတ်။
ဆင်းထည်ဝါက ရွှက်လှာ ထက် အရာရာ အပုံကြီး
သာပါသည်။

မိဘရင်းချာတွေ မရှိတော့တာချင်း
တူပေမယ့် ဆင်းထည်ဝါ အတွက် သူ့မိဘတွေ က
ငွေကြေးဥစ္စာ ပြည့်စုံစွာ ချန်ပေးထားခဲ့နိုင် သည့်အပြင်
အောင်မြင်စွာ လည်ပတ်နေသော အထည်ချုပ်
ပ်စက်ရုံကြီးကို လည်း ထားရစ်ခဲ့၏ ။

လူယုံတော် တွေ နှင့် လွှဲအပ်ပြီး
ဆင်းထည်ဝါ မပူမပင် ကျောင်း တက်နေနိုင်သည်။

ရွက်လှ ဘဝ ကတော့ မိဘတွေ ရှိစဉ်ကတည်းက ပြည့်စုံ ချမ်းသာခဲ့တာ မဟုတ်ပါ။ ရှေ့ဆင့်နောက်ဆင့် တိမ်းပါးသွားကြတော့ ရွက်လှ ရှစ်တန်းကျောင်းသူပဲ ရှိသေးသည်။

ဖေဖေ့ဘက်က အဒေါ်အပျိုကြီး အိမ်မှာ နေရင်း ကျောင်းဆက် တက်ခွင့် ရခဲ့သည်။

ဆယ်တန်း အောင်တော့ ဆေးတက္ကသိုလ် ဝင်ခွင့်ရသည်။ ဝါသနာပါလှသည် မဟုတ်ပေမယ့် မွေးစားအဒေါ်ရဲ့ ဆန္ဒကြောင့် တိရစ္ဆာန် ကု ဆရာဝန် တစ်ယောက် ဖြစ်ခွင့်ရအောင် ကြိုး စားခဲ့ရ၏ ။

"ဘာပဲ ဖြစ် ဖြစ် ဆေးကျောင်းတက်ခွင့် ရတဲ့အခွင့်အရေး ကို ရအောင် ကြိုး စား သမီး၊ သမီးအစ်မ ဆင်းထည်ဝါကလည်း သမီးလိုပဲ တိမွေးကုလိုင်း ရတယ်၊ သမီးတို့

ကျောင်းအတူတက်နိုင်တာပေါ့"

ဒေါ်လေးဆန္ဒနှင့် ဆင်းထည်ဝါတို့အိမ်မှာ နေကာ ဆင်းနှင့်အတူ ကျောင်းတက်ခဲ့ရသည်။ ထောက်ပံ့ပေးသည်ဆိုပေမယ့် ကျောင်းစရိတ် လောက်ပဲ ဖြစ်သည်။

ဆင်းထည်ဝါကပဲ ရွှက်လွှာအတွက် လိုအပ်သမျှကူညီပေး နေတာဟု ဆိုရမည် ။ ကိုယ့်ထက် သုံးလလောက်ပဲ ကြီးတာမို့ သူငယ်ချင်း တွေ လိုပဲ ဆက်ဆံလို့ ရသည်။

တစ်ခုတော့ ရှိ၏ ။ ဆင်းအိမ်အရိပ်မှာ ခိုနေရသည်ဆိုသော အသိနှင့် ရွှက်လွှာ သိမ်ငယ်မိ၏ ။ ဆင်းက ထို့အတွက် အနိုင်ယူတာမျိုး မရှိပေမယ့် ကိုယ်က အလိုက်တသိ နေရသည်။

အခုလည်း မင်းပျိုကိစ္စမှာ မင်းပျို

ဓွတ်တောင်းဆိုတာကြောင့် ရွက်လှ
ကူညီခဲ့တာပေမယ့် ဆင်း သိသွားမှာ တော့
ကြောက်ခဲ့ရ၏ ။

"ကဲ ငါ ပြန်တော့မယ် ရွက်လှ"

ကျသင့်ငွေကို ထုတ်ရှင်းရင်း မင်းပို
ပြောတော့ ရွက်လှ အတွေ းတွေ ထဲက
ပြန်ရုန်းထွက်ရင်း မင်းပိုကို မော့ကြည့်မိ၏ ။

"နင် ငါ့ကို စိတ်ဆိုးသွားတာလား မင်းပို"

စိုးရိမ်စိတ်လေးနှင့် သူမ မေးတော့ မင်းပို
ခေါင်းကို ခါပြသည်။

"ဘာလို့ စိတ်ဆိုးရမှာ လဲ ရွက်လှရယ်၊ နင်
ငါ့ကို ကူညီပေး ခဲ့တာတောင် ကျေးဇူးတင်ရဦးမှာ ပဲ၊
ဆင်းဘက်က ငါနဲ့ပတ်သက်ပြီး တစ်ခုခု ပြောရင်တော့
ငါ့ကို ပြန်ပြောနော်"

"အင်းပါဟာ သူ ဘာမှမပြောတာ အမှန်ပဲ၊ ဆင်းက သိဝှက် တတ်တယ်ဟ၊ နင်နဲ့ပတ်သက်တဲ့ကိစ္စကို ငါနဲ့ ဘာမှမတိုင်ပင်သေးဘူး"

"အိုခေ ငါ ယုံပါတယ်၊ ကဲ လစ်ကြမယ်၊ ငါ သူငယ်ချင်းတွေ နဲ့ ချိန်းထားသေးလို့ဟ"

"အေး အေး ကျောင်းဖွင့်တဲ့နေ့ကျမှ ပြန်ဆုံကြတာပေါ့"

ကဖေးဆိုင်လေးထဲက မင်းပို့ကသော ကမျောလေး ထွက်သွား ခဲ့သည်။ နက်ပြာရောင် စပို့ရှပ်လက်တိုနှင့် ဂျင်းပြာနုကို ဝတ်ဆင်ထား သော မင်းပို့ကတော့ ဘယ်အချိန်ပဲကြည့်ကြည့် စမတ်ကျချောမောလွန်း သည်။

မြင့်မားသော အရပ်အမောင်းနှင့် ရပ်ထားသော ကားဆီကို ခပ်သွက်သွက်

လျှောက်သွားပုံက ေးကြည့်ချင်စရာ ကောင်းပါသည်။

ရင်ထဲမှာ ရွှက်လွှာ ပင့်သက်လေး ရှိုက်မိပြန်၏ ။

မင်းပို့နှင့် ဆင်းထည်ဝါ ချစ်သူတွေ ဖြစ်သွားလျှင် ရွှက်လွှာ ခံနိုင်ရည်ရှိပါ့မလား။ တွေးကြည့်ရုံနှင့် ရင်ထဲမှာ မောသွား၏ ။

ဒါပေမဲ့ ဆင်းဘက်က တုံ့ပြန်မှု တွေ က မင်းပို့အတွက် အခြေ အနေ မကောင်းတာတော့ သေချာ၏ ။

ကိုယ့်အတွက် ဝမ်းသာစရာပေမယ့် မင်းပို့ အတွက်တော့...။

နင် ခံစားနေတာ ကြည့်ပြီး ငါ မပျော်ရက်ပါဘူး မင်းပို့ရယ်။

*

# အခန်း (၃)

"မင်းပျိုလွင်နဲ့ ငါ တွေ့ ချင်တယ်၊ အဲဒါ နင် စီစဉ်ပေးစမ်းပါ ရွက်လှာ"

ဆင်း စကားကြောင့် ရွက်လှာ အံ့သြသွားမိတာ အမှန် ဖြစ် သည်။ ဒီလို ရွက်လှာကို ဆင်း ထိပ်တိုက်ကြီး ပြောလာမည် ဟု လုံးဝ ထင်မှတ်မထားခဲ့တာ အမှန်ပဲ ဖြစ်သည်။

"ဟို နင် ဘာပြောမလို့လဲ ဆင်း"

ရွက်လှာ အမေးကြောင့် ဆင်း မျက်ခုံးတန်းတန်းလေး ကုပ်ပြီး ကြည့်သည်။ မမေးအပ်သော စကားကို ကိုယ်မေးလိုက်မိသည်လားဟု နောင်တတောင် ရချင်သွားမိ၏ ။

"ဟိုလေ ငါက ဘာသဘောမှ မေးတာ မဟုတ်ပါဘူး"

လိပ်ပြာမလုံစွာ ဖြေရင်းတော့ ဆင်းထည်ဝါ နှုတ်ခမ်းလေးတွေ တွန့်ကွေးပြုံး သည်။ ထိုအပြုံး တွေထဲမှာ လျှို့ ဝှက်ချက်တွေ ပါနေမှာ တော့ ရွှက်လွှာ သိပါသည်။

"ငါ သူနဲ့စကားပြောချင်တာ သက်သက်ပဲ ရွှက်လွှာ၊ မင်းပျိုလွင်က ငါ့ထက် နင်နဲ့က ပိုရင်းနှီးတာ မဟုတ်လား၊ ဒါကြောင့် နင့်ကို စီစဉ်ခိုင်းတာ၊ ကင်တင်းနဲ့ကို နင် သူ့ကို ခေါ်ထုတ်ခဲ့ပေါ့"

ဆင်း တောင်းဆိုနေသော ကိစ္စက ခက်ခဲသော ကိစ္စတော့ မဟုတ်ပါ။ မင်းပျိုနှင့် ရွှက်လွှာက ကင်တင်းနဲ့မှာ မကြာခဏ ထိုင်နေကျ ဖြစ်သည်။

"နင်နဲ့မင်းပျိုလွင်တို့ အရင်ထိုင်နေကြပေါ့၊

ငါ လာခဲ့မယ်၊ အဲ တစ်ခုရှိတယ်၊ ငါ တွေ
့ချင်တယ်ဆိုတာ သူ မသိစေနဲ့၊ မတော် တဆ ကြုံတာမျို
း ပဲ ငါလိုချင်တယ်"

ဆင်းထည်ဝါရဲ့ စကားအမိပ္ပါယ်ကို ရွှက်လှာ နားလည်သဘော ပေါက်ပါသည်။ မင်းပို့ကို တွေ့ချင်သည်ဟု ဆင်း တောင်းဆိုပေမယ့် ထိုတောင်းဆိုချက်ကို မင်းပို့မသိစေချင်တာ သေချာသည်။

ရွှက်လှာ အကူအညီနှင့် ဆင်းက ဆုံချင်ပုံပါပဲ။ ဒါ ဆင်းထည်ဝါ ရဲ့ မာနလား။ ဘာရည်ရွယ်ချက်ကြောင့် လဲတော့ ရွှက်လှာ ဝေခွဲရခက်ပါ သည်။

ကိုယ့်အခြေအနေက ဆင်း ဖြစ်စေချင်တာကို လုပ်ပေးဖို့ပဲ ဆိုတာကိုလည်း

နားလည်နေတာမို့

"စိတ်ချပါ ဆင်း နင် ဖြစ်စေချင်တဲ့အတိုင်း ငါ စီစဉ်ပေးမှာ ပါ၊ မနက်ဖြန် ကင်တင်းနဲ့ကို နင် ထွက်ခဲ့လေ၊ ငါ မင်းပြုံကို ခေါ်ထားလိုက် မယ်"

ဆင်း နှုတ်ခမ်းလေးတွေ လွှင့်ခနဲ လှုပ်ပြီး ပြုံး သည်။ အနား သတ် နှုတ်ခမ်းစွန်းလေးတွေ ပိရိသေသပ်သည့် ဆင်းထည်ဝါ သည် ချစ်စရာကောင်းသလို ကြောက်စရာကောင်းအောင်လည်း သိုဝှက်လွန်းသူ ဖြစ်၏ ။

အခုလည်း မင်းပြုံကို ဘာကြောင့် ဆင်း တွေ့ချင်တာလည်း ဆိုတာ ရွက်လွှာ အသေအချာ မသိနိုင်ပါ။

သေချာသည် ကတော့ ဒါ မင်းပြုံအတွက် ကောင်းသော ဆုံတွေ့ မှု တော့ မ ဖြစ်နိုင်ဟု

ထင်သည်။

ယောကျ်ား တစ်ယောက် ကို အလွယ်တကူ ပျော်ဝင်နိုင်သော မိန်းမတွေ ထဲမှာ ဆင်းထည်ဝါ မပါဘူးဆိုတာ ရွက်လွှာ သိပါသည်။

အခုချိန်ထိ ဘယ်ယောကျ်ားလေးကိုမှ ဆင်းထည်ဝါ စိတ်မဝင် စားခဲ့ပါ။ ဆင်းရဲ့ နောက်ကို အရိပ်လို လိုက်ပြီး ဆင်းရဲ့ တုန့်ပြန်မှု ကို မျှော်လင့်နေသူတွေ အများ ကြီးပါပဲ။

ဒါပေမဲ့ ဘယ်သူ့ကိုမှ ဆင်းက မျက်နှာသာ မပေးခဲ့။ နောက်ဆုံး မိတ်ဆွေ တစ်ယောက် လို ခင်မင်ရင်းနှီးမှု မျိုး တောင် မရှိခဲ့ပါ။

အခုလည်း ရွက်လွှာနှင့် စကားပြောပြီးသည်နှင့် ဆင်း စာကြည့် စားပွဲမှာ ထိုင်ကာ စာကျက်နေသည်။

ဆင်းကို အကဲခတ်ကြည့်ရင်း ရှက်သွေး စာထဲမှာ အာရုံသွင်းလို့ မရနိုင်တော့ပါ။

မင်းပျိုနှင့် ဆင်းတို့ကိစ္စကြီးက ခေါင်းထဲမှာ တိုးဝင်နေ၏ ။

ဆင်း ဘာတွေ ပြောမှာ လဲ။ မင်းပျိုကို စာကိစ္စနှင့်ပတ်သက်ပြီး ပြဿ နာရှာလျှင် အခက်။ မင်းပျိုမျက်နှာလေးကို မြင်ယောင်ကာ စာနာသနားလာမိသည်။

ဆင်း ကတော့ စာထဲမှာ စိတ်ပါဝင်စားစွာ အာရုံစိုက်နေနိုင် ပေမယ့် ရှက်သွေးမှာ တော့ အတွေ းတွေ ချာလည်နေသည်။

မင်းပျိုအကူအညီတောင်းလို့ ခိုးကြောင်ခိုးဝှက်နှင့် စာထည့်ပေး ခဲ့သည်။ အခုလည်း ဆင်း တောင်းဆိုမှု ကြောင့် မင်းပျိုနှင့်ဆုံအောင်

ဖန်တီးပေးရဦးမည် ။

ပင့်သက်တွေ အခါခါရှိုက်ရင်း ရှက်လွှာရင်တွေ မောစိတ်တွေ လေးပင်နေသည့်အဖြစ်။

ဒါကို မင်းပိုျလည်း မသိ။ ဆင်းလည်း ရိပ်မိမှာ မဟုတ်။

ကိုယ့်မှာ သာ လူသူမသိနိုင်သော အပူတွေနှင့်။ တိတ်တခိုး အချစ်ဆိုတာက
ရင်မောစရာကောင်းလိုက်တာ။

*

# အခန်း (၄)

ကင်တင်းန်မှာ ထိုင်ဖို့ခေါ်တော့ မင်းပို့ အလွယ်တကူပဲ လိုက် လာသည်။

ဘာမှမစားချင် မသောက်ချင်ပေမယ့် အအေးတော့ မှာ သောက်မိသည်။ မင်းပို့ကလည်း အအေးပဲ မှာ သောက်သည်။

ရှင်းသန့် ဖြူလွင်သော ရှမ်းလက်ရှည်လက်ဂတုံးနှင့် နက်ပြာကွက်စိတ်ချည်ချော ပုဆိုးကို ဝတ်ဆင်ထားသော မင်းပို့ အသွင်က ရှင်းရှင်း သန့်သန့်လေး ချောမောလွန်းနေ၏ ။

ဘေးခွဲ ဆံပင်ကို သေသေသပ်သပ်နှင့် နဖတ်နေသော ချော မောသော မျက်နှာကို ပေါ်လွင်စေသည်။

"ရွက်လှာ နင် ငါ့ကို လာခေါ်တာ ပြောစရာ ရှိလို့လား"

မျက်ဝန်းပြာလဲ့လဲ့တွေ က ရွက်လှာကို အကဲခတ်သလို ကြည့် ပြီး မေးလာသည်။ မင်းပိုု စိတ်ထဲမှာ ဆင်းနှင့်ပတ်သက်သော သတင်း တစ်ခုခုကိုပဲ မျှော်လင့်နေပုံ ရ၏ ။

"မရှိပါဘူး အတန်းအားတုန်း ထိုင်ချင်လို့ နင့်ကို လာခေါ် တာပဲဟာ အဆန်းလုပ်လို့"

"အဆန်းမဟုတ်ဘူးလေဟာ ဒါပေမဲ့ ငါနဲ့ဆင်းရဲ့ ကိစ္စရှိတော့ နင် ပြောစရာရှိတယ် ထင်လို့ မေးတာပါ၊ ဆင်း အခြေအနေ ဘာထူး ခြားသလဲ"

မေးပြန်ပြီ ဒီစကား။ ခက်တာက ကိုယ့်မှာ က ဖြေဖို့ စကားမရှိ ပါ။ သိပ်မကြာခင် နင် သိရတော့မှာ ပေါ့ဟု စိတ်ထဲကပဲ ပြောမိသည်။

"ဘာမှမထူးခြားရင်လည်း နေဟာ၊ ငါက ထူးခြားမှု ရှိမလား သိချင်လို့ မေးကြည့်တာ"

ပြောရင်း မင်းပိုျအအေးပုလင်းကို လှမ်းယူပြီး ပိုက်တံလေးက အသာစုပ်သောက်နေသည်။ ရွှက်လွှာ အကြည့်တွေ ဆိုင်လေးအပြင်ဘက် လမ်းမကို မျှော်ကြည့်နေလိုက်သည်။

ပန်းဆီရောင် ဝတ်စုံလေးနှင့် ကင်တင်းနံဘက်ကို တစ်ယောက် တည်း ထွက်လာသော အရိပ်လေးကို အဝေးကတည်းက မြင်သည်။ ဆင်းထည်ဝါ ပါပဲ။

"ရွှက်လွှာ နင် ဘာစကားမှ မပြောဘဲ အအေးသောက်ဖို့ ငါ့ ကို လာခေါ်တာလား"

မင်းပိုျစိတ်မရှည်နိုင်စွာ မေးတော့ ရွှက်လွှာ မင်းပိုျကို ရင် ဆိုင်ကြည့်လိုက်ရင်း

"ခဏလေးစောင့် မင်းပျို၊ နင့်ကိုငါ

စကားမပြောပေမယ့် ဟိုမှာ ပြောမယ့်သူ လာနေပြီ"

"ဟင် ဘယ်သူလဲဟ"

မေးရင်း မင်းပျိုရွက်လှာ ကြည့်နေသော

လမ်းမဆီ လှည့် ကြည့်၏ ။ မင်းပျိုမျက်ဝန်းတွေ

လက်ခနဲ ဖြာကာ ခန္ဓာကိုယ်က မတ်ခနဲ ဖြစ်သွား၏ ။

"ဆင်းထည်ဝါ သူနဲ့နင် ချိန်းထားတာလား

ရွက်လှာ"

"အဲဒါတွေ မေးမနေနဲ့၊ သူ ဒီဝိုင်းကို

လာထိုင်မှာ သေချာတယ်၊ နင် မေးစရာရှိရင်

သူ့ကိုမေးလို့ ရပြီပေါ့ မင်းပျို"

"အိုခေ ကျေးဇူးပဲ ရွက်လှာ"

မင်းပျိုကျေကျေနပ်နပ် ဖြစ်သွားတာ

အထင်အရှား မြင်လိုက် ရသည်။ ဆင်းကလည်း သူမတို့

ဝိုင်းအထိ တန်းတန်းမတ်မတ်လေး လျှောက်လာသည်။

အရယ်အပြုံး ကင်းသော မျက်နှာလေးက တည်ကြည်လွန်းနေ ၏ ။ ကျောလယ်ခန့်အထိ ရှည်သော ဆံနွယ်တွေ ကို ဒီအတိုင်း ဖြန့်ချထား သော ဆင်းထည်ဝါ မျက်နှာလေးက မြူတစ်မှုံ မှုတောင် အစက်အပြောက် မထင်အောင် ရှင်းသန့်လွန်းပါသည်။

ဆုတောင်းကောင်းလောက်အောင် ဆင်းရဲ့ လှပချောမွေ့မှု ကို တော့ လှပသော မျက်နှာလေးကို မြင်တိုင်း ရွက်လှွာတောင် ချီးကျူး မိ သည်။

"ဆင်း တစ်ယောက် တည်းလား၊ ဒီမှာ ထိုင်လေ"

ရွက်လှွာ အလိုက်သင့် နှုတ်ဆက်ရင်း ဆီးကြို ခေါ်တော့ ဆင်းအကြည့်တွေ က မင်းပိုျဆီ လွင့်ခနဲ ရောက်သွားခဲ့၏ ။

"ဆင်း ထိုင်လေ ဘာစားမလဲ"

မင်းပျိုက အပြုံး တွေ နှင့် ရင်းရင်းနှီးနှီး ဖိတ်ခေါ်သည်။ ဆင်းက မင်းပျိုနှင့် မျက်နှာချင်းဆိုင် ထိုင်ခုံမှာ ဝင်ထိုင်သည်။

"တို့အတွက် ကော်ဖီပဲ မှာ မယ်၊ ဘာမှမစားချင်ဘူး"

မင်းပျိုက စားပွဲထိုးလေးကို ခေါ်ကာ ကော်ဖီတစ်ခွက် မှာ သည်။ မင်းပျိုအသွင်က ဆင်း ရောက်လာတာမို့ ကျေနပ်နေတာ ရွက်လွှာ သိ နေသည်။ ဆင်းက အဓိပ္ပါယ်ပါသော မျက်ဝန်းတွေ နှင့် ရွက်လွှာကို ကြည့်၏ ။

ရွက်လွှာ နားလည်ပြီးသားပါပဲ။

မင်းပျိုနှင့်ဆင်းတို့ စကားပြောနိုင်ဖို့ ရွက်လွှာ ရှောင်ပေးရမှာ ဆင်းက ကြိုတင်မှာ ထားခဲ့ပြီးသား

ဖြစ်သည်။

"ညြော် ဆင်း ထိုင်မှာ ကြာဦးမှာ ဆိုရင် ရွက်လှ ပြန်နှင့်လို့ ရမလား၊ ကိစ္စလေး ရှိလို့"

"ရတယ် ရွက်လှ ပြန်နှင့်ပါ၊ တို့ ထိုင်ဦးမှာ "

မင်းပို အံ့ဩသလို သူမတို့နှစ် ယောက် ကို ကြည့်နေသည်။ ရွက်လှ တမင်ရှောင်ပေးတာဟု မင်းပို သိသွားတာ သေချာ၏ ။

"ဒါဆို တို့ကို ခွင့်ပြုဦး၊ မင်းပိုတို့ ပြန်နှင့်မယ်နော်"

"အေး အေး ကျေးဇူးပဲ သူငယ်ချင်း"

မင်းပိုက ရွက်လှ ရှောင်ပေးတာကိုပဲ ကျေးဇူးတင်သလို ပြောလိုက်တာမို့ ဆင်း နှုတ်ခမ်းလေးတွေ မဲ့ကျသွားခဲ့၏ ။

ရွက်လွှာ ဝိုင်းက အသာပဲ လှည့်ပြန်ခဲ့သည်။ ကင်တင်းန်ထဲမှာ ထိုင်နေသော စားပွဲဝိုင်းက ကျောင်းသားကျောင်းသူတွေ အားလုံး ဆင်းထည်ဝါနှင့် မင်းပိုျလွင်တို့ဆီမှာ ပဲ အာရုံရောက်နေကြသည်။

မင်းပိုျလွင်ဆိုတာလည်း ဒီကျောင်းရဲ့ ကင်းတစ်ပါး။ ဆင်းထည် ဝါဆိုတာလည်း အားလုံးက တညီတညွတ်တည်း လက်ခံထားသော အလှ ဘုရင်မ တစ်ပါး။

ဒီနှစ် ယောက် ကို ကင်တင်းန်မှာ ဆုံတွေ့သည်ဆိုတော့ စိတ်ဝင် စားကြမှာ မလွဲ။

ရွက်လွှာ ကတော့ ရှောင်ထွက်ခဲ့ပေမယ့် ဘာတွေ ပြောကြမလဲ ဆိုတာ သိချင်နေမိသည်။

ခက်တာက ရင်ထဲမှာ စိတ်က နှစ် ခွ ဖြစ်နေသည်။ မင်းပိုျကိုလည်း ပျော်စေချင်သည်။ သူမ

နှလုံးသားမှာ လည်း ဒဏ်ရာတွေ နှင့် မပူလောင်ချင်ပါ။

မင်းပို့ရယ် ရှင် မြင်နိုင်မယ်ဆိုရင်...။

*

စူးစူးနစ်နစ် စိုက်ကြည့်နေသော

သူ့မျက်ဝန်းတွေ ကို ဆင်း မျက်မှော င်လေး ကုပ်ပြီး

ပြန်ကြည့်ပစ်မိသည်။

မင်းပို့လွင် အကြည့်တွေ က

ရုပ်သိမ်းမသွားခဲ့ဘဲ နှုတ်ခမ်းတွေ က အပြုံး တွေ ပါ

အရိပ်ထင်သွားခဲ့၏ ။

"ရှင် ကျွန်မ အိတ်ထဲကို

စာထည့်ပေးခဲ့တာလား"

"ဟုတ်ပါတယ် ဆင်း"

ခေါ်သံက ညင်ညင်သာသာပဲ ဖြစ်ပေမယ့် ဆင်း မျက်ခုံးတွေ အလိုမကျသလို တွန့်ကုပ်သွားခဲ့ရင်း

"မင်းပို့လွင် ကျွန်မကို ဆင်းထည်ဝါလို့ပဲ ခေါ်ပါ၊ ကျွန်မ နာမည် ကို အဖျားဆွတ်ခေါ်တာ မကြိုက်ဘူး"

"ဆောရီး ဆင်း အဲ ဆင်းထည်ဝါ၊ ကိုယ်က ခင်မင်မှု နဲ့ ခေါ်တာပါ"

"ခင်မင်မှု နဲ့ ခေါ်ရအောင် ရှင်နဲ့ကျွန်မ မိတ်ဆွေ သူငယ်ချင်း တွေ မှ မဟုတ်တာပဲ မင်းပို့လွင်"

ဆင်း စကားသံတွေ က မာထန်နေတော့ မင်းပို့လွင် နှုတ်ဆိတ် အကြည့်လွှဲသည်။ ဘေးတိုက်မြင်နေရသော မျက်နှာပေါ်က အသား အရည်က ယောကျ်ားတန်မဲ့ နုညက်လွန်းနေသည်။

စိုလဲ့နေသော နှုတ်ခမ်းသားတွေ က ပန်းနုရောင် သမ်းကာ မေးရိုး နှင့် နှုတ်ခမ်းအထက်က စိမ်းမြမြ နှုတ်ခမ်းမွှေး၊ ပါးသိုင်းမွှေးရာတွေ ကြောင့် ယောကျ်ားဆန်သွားခဲ့ခြင်းမျိုး ဟု ဆင်း မှတ်ချက်ပြုမိ၏ ။

မင်းပိုျလွင် ဆိုသော ဒီယောကျ်ားကို ဆင်း မြင်ဖူးတာ ကြာပြီ။ အခုလို နီးနီးကပ်ကပ် မြင်ရမှ ချောမောတာကို ဝန်ခံလက်ခံမိတော့၏ ။

အားလုံးက သတ်မှတ်ထားသော ကင်းဘွဲ့နှင့် ထိုက်တန်သော ယောကျ်ား တစ်ယောက် ပါပဲ။ ဒါပေမဲ့ ဆင်း စိတ်ထဲမှာ အလိုမကျခဲ့တာ သူ ပေးခဲ့သော စာကြောင့် ပဲ ဖြစ်၏ ။

"နေပါဦး မင်းပိုျလွင်၊ ရှင် ကျွန်မ စာအုပ်ထဲအထိ စာကို ဘယ်လိုညှပ်ပေးခဲ့တာလဲ"

"ဗျာ ဟို အဲဒါ"

ဆင်း မေးခွန်းအတွက် သူ့မှာ ဖြေဖို့ ခက်ခဲနေခဲ့တာ သေချာ သည်။ စာသင်ခန်းထဲမှာ ဆင်းလွယ်အိတ်ထဲကို စာထည့်ပေးဖို့ ဘယ်လိုမှ မ ဖြစ်နိုင်တာ သေချာနေသည်။

မင်းပြုလွင်ရဲ့ စာ သူမ အိတ်ထဲ ပါလာကတည်းက ဒါ ရွှက်လွှာ ရဲ့ စနက်ဆိုတာ ဆင်း သိပြီးသား။

"ရှင် ရွှက်လွှာကို အကူအညီ တောင်းခဲ့တာ မဟုတ်လား"

"ဗျာ ဟို ဟို ရွှက်လွှာကို အထင်မလွဲပါနဲ့ဗျာ၊ ရွှက်လွှာနဲ့ ဘာမှမဆိုင်ပါဘူး"

"ကျွန်မ အမှန်ကို သိချင်တာ မင်းပြုလွင်၊ ရွှက်လွှာကို အပြစ် တင်နေတာ မဟုတ်ဘူး"

ဆင်း စကားကြောင့် သူ ပင့်သက်ရှိုက်ရင်း ဝန်ခံသလို ခေါင်း ညိတ်သည်။

"ကျွန်တော် ဝန်ခံပါတယ် ဆင်းထည်ဝါ၊ ဆင်း အဲ ဆင်းလို့ပဲ ခေါ်ပါရစေတော့၊ ဆင်းကို မြင်လိုက်တိုင်း ချစ်တဲ့စိတ်က ရင်ထဲမှာ တိုးလာတော့ ကျွန်တော် မမျိုသိပ်နိုင်ဘဲ ဝန်ခံမိတာပါ"

"အဲဒီ လို ဝန်ခံတာ ကျွန်မ လက်ခံတယ်၊ ရှင် ဘာလို့ ကျွန်မကို ချစ်တာလဲ"

"ဆင်းရဲ့ ဣန္ဒြေသိက္ခာကြီးမားတာကို ကျွန်တော် မြတ်နိုးတာ ပါ"

"နေပါဦး ကျွန်မကလွဲပြီး ကျန်တဲ့ မိန်းကလေးတွေ က ဣန္ဒြေ သိက္ခာ မရှိဘူးလို့ ရှင် ပြောချင်တာလား"

"ဟာ အဲဒီ သဘော မဟုတ်ပါဘူး ဆင်း၊

ဆင်းကို ကျွန်တော် နှစ်သက် သဘောကျတာတွေ ကို ပြောပြတာပါ"

ချောင်ပိတ်ပြီး သူ့စကားမှန်သမျှ တုံ့ပြန်တိုက်ခိုက်နေသော ဆင်းကြောင့် သူ စိတ်ရှုပ်ထွေးနေပုံရ၏ ။

သူ့ကို မဆုံတွေ့ခင်ကတည်းက တုံ့ပြန်ဖို့ ရည်ရွယ်ထားမိသော သူမကလည်း တစ်ချက်လေးတောင် အလျှော့ပေးဖို့ စိတ်မကူးခဲ့ပါ။

"မပြောပါနဲ့ ကျွန်မ အဲဒီ စကားလုံးတွေ ကို မကြားချင်ဘူး၊ ဘာ ဖြစ်လို့လဲဆိုတော့ မခံစားတတ်လို့ပဲ၊ ဒါပေမဲ့ ကျွန်မကို ရှင်က မာန ကြီးတတ်တယ်လို့ ခေါင်းစဉ်တပ်ပြီး ကိုယ်လိုရာ ဆွဲပြောတာ ကျွန်မ မကျေနပ်ဘူး၊ မာနကြီးတဲ့ မိန်းမ တစ်ယောက် က သိပ်ချစ်တတ်တယ်လို့ ရှင်ထင်နေသလား၊

ရက်ရက်စက်စက် နင်းချေဖို့ပဲ ဆန္ဒရှိတယ်ဆိုရင် ရှင် ဘယ်လိုလုပ်မလဲ''

''ဗျာ''

ဖတ်လိုက်ရကတည်းက သူ့စာကို ဆင်း မကျေနပ်ခဲ့တာ အမှန်။ ဆင်းကို မာနကြီးလွန်းသူဟု မင်းပိုျလွင် ဆိုခဲ့တာ စိတ်ထဲမှာ စနိုးစနောင့် ဖြစ်ရ၏ ။

''ဆင်း မာနကြီးတာကို ကျွန်တော် တစ်ယောက် တည်း သတ် မှတ်တာ မဟုတ်ပါဘူး၊ အားလုံးက ပြောကြတာပါ''

''အားလုံးက ဘာလဲ မိန်းမ တစ်ယောက် ကို ချဉ်းကပ်ဖို့ ကြိုး စား ပြီး မအောင်မြင်လို့ ပြောကြတဲ့ ယောက်ျားတွေ စကားလား၊ ကျွန်မ အဲဒီ ယောက်ျားတွေ ကို ဂရုမစိုက်ဘူး၊ အထင်မကြီးဘူး မင်းပိုျလွင်''

''ဆင်း ဆင်း ကျွန်တော့်စာအတွက်

စိတ်ဆိုးသွားတာလား ဟင်၊ ကျွန်တော်

တောင်းပန်ပါတယ်"

"တောင်းပန်တယ် ဘာကိုတောင်းပန်တာလဲ

မင်းပိျုလွင်"

"ဆင်းကို သိပ်မာနကြီးတယ်လို့

ထင်ခဲ့မိတဲ့အတွက်ပါ၊ အဲဒီ စကားလုံးအတွက်

ကျွန်တော် တောင်းပန်တယ်"

"ရှင့်စာအတွက် တောင်းပန်တာပေါ့"

"မဟုတ်ပါဘူး ဆင်း၊ မာနကြီးသူလို့ ဆိုမိတဲ့

စကားအတွက်ပဲ တောင်းပန်တာပါ၊ ဆင်းကို ကျွန်တော်

ချစ်တာက အမှန်တရားပဲလေ၊ အဲဒီ စကားကိုတော့

ပြန်မရုပ်သိမ်းပါဘူး"

သူ့စကားကြောင့် ဆင်း မျက်နှာလေး

ပန်းနုရောင် သမ်းသွား၏ ။ မင်းပိျုလွင်ဆိုသည်

ယောက်ျားက သူမ ထင်ထားတာထက် ရဲတင်း လွန်းသူပါလား။

အခုလည်း ကြည့်၊ ဆင်းနှင့်အချေအတင် ပြောနေသည့်ကြား က သူ ပြောချင်တာကို မ ဖြစ်မနေ ပြောနေသည်။

မင်းပိုုလွင်ကိုတော့ လျော့တွက်လို့ မရတာ အမှန်။

"အဲဒါ ရှင့်ကိစ္စပဲလေ၊ ကျွန်မ သိချင်တာက ကျွန်မ ကျောပိုး အိတ်ထဲအထိ ရှင် စာထည့်ပေးနိုင်တဲ့ အရည်အချင်းကိုပါ၊ ရှက်လွှာ ကြောင့် ဆိုတာ ရှင် ဝန်ခံပြီပဲ"

စကားအဆုံးမှာ ဆင်း ထပြန်ဖို့ ပြင်တော့ မင်းပိုုလွင် မော့ ကြည့်ရင်း

"ဒီကိစ္စအတွက် ဆင်း အပြစ်တင်ချင်ရင်

ကျွန်တော့်ကိုတင်ပါ၊ ဆင်းကို ကျွန်တော် သိပ်ချစ်တယ်၊ ဆင်းမှာ မာနတရားတွေ မရှိတာ သိတော့ ပိုလို့တောင် မြတ်နိုးတယ်ဗျာ၊ ဆင်း ကျွန်တော့်ကို မိတ်ဆွေ တစ်ယောက် အ ဖြစ် အသိအမှတ်ပြုပေးပါ"

ဆင်း မျက်ဝန်းတွေ ထဲအထိ စူးစူးနစ်နစ် စိုက်ကြည့်ပြီး ဆိုနေ သော သူ့ကို ဆင်း ပြန်စိုက်ကြည့်နေမိတာ အတော် ကြာသည်။

မင်းပိုုလွင် အကြည့်တွေ က ရုပ်သိမ်းမသွားခဲ့ပါ။

ရှင် စိန်ခေါ်တာလား မင်းပိုုလွင်။

"ဆင်းမှာ မာနတကယ်မကြီးဘူးဆိုရင် လက်ခံနိုင်မယ်လို့ ကျွန်တော် ယုံတယ်"

"ရှင် မဆိုးပါဘူး မင်းပိုုလွင်၊ ကောင်းပြီလေ မိတ်ဆွေ တစ် ယောက် အ ဖြစ် ရှင့်ကို ကျွန်မ

အသိအမှတ်ပြုတယ်"

"ကျွန်တော် အရမ်းဝမ်းသာသွားပြီ ဆင်း"

"တစ်ခုတော့ ရှိတယ်နော်၊ မိတ်ဆွေအ ဖြစ်ပဲ ရှင့်ကို အသိ အမှတ်ပြုတာ"

"ကိုယ် လက်ခံတယ် ဆင်း၊ ကျွန်တော် အချစ်အတွက်တော့ ဆင်း နှလုံးသားက လက်ခံလာတဲ့အထိ ကြိုး စားဦးမှာ ပါ"

ဆင်း နှုတ်ခမ်းလေး လုပ်ခနဲ ပြုံး ပြီး ကင်တင်းန်ထဲက ထွက် ခဲ့သည်။ မင်းပျိုလွင် ဆိုင်ထဲမှာ ထိုင်ရင်း ငေးကြည့်နေမှာ တော့ သိနေ၏ ။

ရှင်နဲ့ကျွန်မ ဆုံကြဦးမှာ ပါ မင်းပျိုလွင်။

ခံနိုင်ရည်ရှိအောင်တော့ ရှင် ကြိုး စားထားပေါ့ မင်းပျိုလွင်။

*

# အခန်း (၅)

"ရွက်လှွာတော့ ဒုက္ခပဲ"

ကိုတိုး ဆိုတော့ သူ ခုတင်ပေါ်က ဝေါက်ခနဲ ထထိုင်ရင်း

"ဘာ ဖြစ်လို့လဲ ဆင်းကို ငါ တောင်းပန်ပြီးပြီ၊ ရွက်လှွာကို သူ ဘာမှပြောမှာ မဟုတ်ပါဘူး"

"ဆင်းထည်ဝါက ဘာမှမပြောဘဲ နေမလားကွ၊ ရွက်လှွာ အတွက် အခြေအနေ မကောင်းနိုင်တာ အမှန်ပဲ"

ကိုတိုး ပြောမှပဲ သူလည်း စဉ်းစားမိသည်။ ဘာပဲ ဖြစ် ဖြစ် ရွက်လှွာ ကတော့ သူ့လုပ်ရပ်ကြောင့် ဆင်းထည်ဝါရဲ့ ငြိုငြင်မှု ကိုတော့ ခံရမှာ ဖြစ်၏ ။ ရွက်လှွာ ဘဝက ဆင်းအရိပ်မှာ ခိုနေရတာ သူ သိ၏ ။

"အေး ငါကလည်း ငါပဲကွာ၊ ဆင်းကို ရင်ဖွင့်ဖို့အတွက်က ရွက်လွှာပဲ ရှိတာဆိုတော့ အကူအညီတောင်းမိတာပါကွာ"

မင်းပို့ကို ကြည့်ကာ ကိုတိုး ပင့်သက်ရှိုက်သည်။ မပြောရက် တာလည်း အမှန်။ မင်းပို့လွင်ရဲ့ ရင်ထဲကို သူ အသိဆုံး။

ပထမနှစ် ကတည်းက အဆောင်မှာ အတူနေပြီး ကျောင်းတက် လာခဲ့ကြတာ ကြာပြီ။ မင်းပို့ လွင် ဆိုသည့်ကောင် ဆင်းထည်ဝါကို ပထမနှစ် ကတည်းက တိတ်တခိုး ကြွေနေခဲ့တာ ဖြစ်သည်။

"မင်းကွာ ဒီလောက် မာနတံခွန် ထူနေတဲ့ မိန်းမကို"

သူ အကြိမ်ကြိမ် တားပေမယ့် မင်းပို့လွင် နောက်ဆုတ်မသွား ခဲ့။ တကယ်ဆို မင်းပို့လွင်အတွက်

ရွှေးချယ်စရာ စိတ်တိုင်းကျ မိန်း ကလေးတွေ အများ ကြီး ရှိသည်။

နယ်မြို့ လေးကနေ လာပြီး အဆောင်နေ ကျောင်းတက်တာ ဆိုပေမယ့် မင်းပိုုလွင်က တစ်ဦးတည်းသော သား။ မိဘတွေ က ပြီးပြည့်စုံ သည်။ ရုပ်ရည်ကလည်း ယောကျ်ားချင်းတောင် ငေးလောက်အောင် ချောသူပါပဲ။

ရွှေးစရာ မိန်းကလေးတွေ အများ ကြီး ရှိပေမယ့် မင်းပိုုလွင် က ဆင်းထည်ဝါမှ ဆင်းထည်ဝါ ဖြစ်နေတော့လည်း ခက်သည်။

အခုတော့ အရဲစွန့်ပြီး စာပေးသည်။ မဆီမဆိုင် ပြဿ နာထဲ ကြားညှပ်ပါလာသူက ရွှေရွှက်လွှာ။

"အေး မင်း ပြောမှ ရွှက်လွှာအတွက် ငါ

အားနာတယ်ကွာ၊ ဆင်းက ဒီကိစ္စအတွက် ရှက်လွှာကို အမြင်မကြည် ဖြစ်သွားရင် မကောင်း ဘူး"

"နေပါဦး မင်း လုပ်လည်းလုပ်ပြီးပြီ၊ အခုမှ ရှက်လွှာကို အားနာမနေနဲ့၊ ဖြစ်လာမှတော့ ဘာပဲ ဖြစ် ဖြစ်ပေါ့ကွာ"

သူ့ အကြိမ်ကြိမ် တားသည့်ကြားက မင်းပို့လွင် ရေ့တိုးခဲ့တာ မို့ အရွဲ့တိုက်ပြီး ကိုတိုး ပြောမိသည်။

မင်းပို့လွင်က ခုတင်ပေါ်မှာ လက်နှစ် ဖက်ထောက်ကာ ငူငူကြီး ထိုင်နေသည်။ ညာဘက် လက်ဖျံမှာ ဆေးမင်ကြောင်နှင့် ထိုးထားသော စာလုံးလေးကို မြင်သည်။

ဆင်းထည်ဝါရဲ့ နာမည် ကို လက်ဖျံမှာ ထိုးထားလောက်အောင် ဒီကောင်ရဲ့ ရူးသွပ်မှု က ကြီးခဲ့သည်။

"မင်းကွာ ဆင်းထည်ဝါ နာမည် ကို သေရာပါအောင် ဆေးမင် ကြောင်ထိုးထားရတယ်လို့"

"ငါ သူ့ကို ဘယ်လောက်ချစ်သလဲဆိုတာ သက်သေပြချင်လို့"

အချစ်နဲ့ပတ်သက်လျှင် လူတွေ ဒီလောက်အထိ ရူးသွပ်ကြ သည်လား။ မင်းပို လွင်ဆိုတာ ပညာတတ် တစ်ယောက် ပါပဲ။ ဒါပေမဲ့ ဆင်းထည်ဝါနှင့်ပတ်သက်ပြီး ဒီလောက်ထိ ရူးသွပ်တာတော့ သူ ကြားက အားမလို အားမရ ဖြစ်မိ၏ ။

ဆင်းထည်ဝါ အပေါ် မင်းပို လွင်ဘက်ကသာ အရူးအမူး ဖြစ် နေသည်။ ဆင်းထည်ဝါ ကတော့ ဝိုင်းဝိုင်းလည်နေသော ယောကျ်ားတွေ ကို ဂရုစိုက်ပုံတောင် မရှိတော့။

မင်းပျိုအတွက် ကြားက သူ စိတ်ပူမိ၏ ။

မျှော်လင့်ထားသလို မ ဖြစ်ခဲ့လျှင် မင်းပျို ဘယ်လောက် ခံစား သွားရမည် လဲ။ ဆင်းထည်ဝါသာ သူ့ညီမ တစ်ယောက် ဖြစ်ခဲ့လျှင် အတင်း အကျပ် အာဏာသုံးပြီး ပြန်ကြိုက်ခိုင်းမိမှာ သေချာ၏ ။

အခုတော့ ဘာမှမတတ်နိုင်။

"မင်း ဆင်းထည်ဝါကို အဲဒီ လောက် ဖြစ်နေရင် ငါ အကောင်း ဆုံး အကြံပေးမယ် မင်းပျို"

"လုပ်စမ်းပါဦး ကိုတိုး၊ ငါ ဘာလုပ်ရမလဲ"

"ကားတင်ပြေးကွာ၊ ဖြစ်ချင်တာ ဖြစ် ငါ ကူညီမယ်"

"ဟာကွာ အဲဒီ လိုကြီးတော့ မလုပ်ချင်ပါဘူး၊ အခုတောင် သူနဲ့ ငါ ခင်မင်ခွင့်လေးရအောင် မနည်းကြို : စားခဲ့ရတာ "

"ခင်မင်ခွင့်ရတာ လေးနဲ့ မင်းက ကျေနပ်မှာ လား"

"ငါ ဆက်ကြိုး စားမှာ ပေါ့၊ အခြေအနေက အရင်ကထက် မျှော်လင့်ချက် ရှိနေပြီပဲကွာ"

မင်းပျိုအသွင်က ဆင်းထည်ဝါနှင့် ခင်မင်ခွင့်လေး ရတာ ကိုပဲ ကျေနပ်နေသည့်ပုံ။ ဒါပေမဲ့ ဆင်းထည်ဝါကို သူ မယုံချင်ပါ။ မင်းပျိုကို ခင်မင်တယ်ဆိုတာ တမင် နှစ် သိမ့်လိုက်တာဟုပဲ ထင်သည်။

"ဆင်းထည်ဝါက မင်းကို ငြင်းရင်ကော မင်း ဘယ်လိုလုပ်မလဲ မင်းပျို"

မင်းပျိုမျက်နှာ ပျက်သွားခဲ့တာက ချက်ချင်း သိသာလွန်းသည်။ ဆင်းထည်ဝါနှင့်ပတ်သက်လျှင် ဒီကောင် ခံစားလွယ်သည်။

လက်ဖျံက စာတန်းလေးကို ကြည့်နေရင်း ပင့်သက်ကြီး ရှိုက် ၏ ။

"ငါ သူ့အချစ်ကို လိုချင်တယ်၊ သူ ငြင်းခဲ့ရင်လည်း ငါ့ကုသိုလ် ကံပဲပေါ့ကွာ"

မင်းပို့လေသံမှာ စိတ်ပျက်အားငယ်ခြင်းတွေ အပြည့်ပါနေ ၏ ။ မင်းပို့မျက်နှာကိုကြည့်ပြီး သူလည်း စိတ်မကောင်း ဖြစ်ရ၏ ။

တကယ်ဆို မင်းပို့ဝေဒနာတွေ ကို မမြင်ရက်တာကြောင့် ရွှေရှက်လွှာကလည်း ကူညီခဲ့သည်။ အခုတော့ ဆင်းထည်ဝါ သိသွားခဲ့ပြီ။

ရွှေရှက်လွှာတောင် ဆင်းထည်ဝါရဲ့ အငြိုး အစူတွေ ကို ခံနေရပြီ လားတောင် မသိ။

ဘယ်နှကြိမ်မြောက်မှန်း မသိသော ပင့်သက်ကိုပဲ ကိုတိုး လေးပင်စွာ ချလိုက်မိပြန်၏ ။

မင်းပျိုကတော့ တိတ်ဆိတ်ငေးငိုင်လို့။

*

"တို့ လုံးဝထင်မထားခဲ့ဘူး"

ဆင်း ပြောလာကတည်းက ဘာကိုရည်ရွယ်နေသည်ဆိုတာ ရှက်လွှာ ရိပ်မိပါသည်။ ကိုယ်ကလည်း အပြစ်တစ်ခု လုပ်ခဲ့မိသူမို့ ဘာပဲ ပြောပြော ရင်ဆိုင်ဖို့ ဆုံးဖြတ်ထားသည်။

တကယ်ဆို ဒီကိစ္စက ရာဇဝတ်မှု ကြီး တစ်ခုတော့ မဟုတ်ပါ။ ဒါပေမဲ့ ကိုယ့်လူ သူ့ဘက်သား ဖြစ်နေတာအတွက် ဆင်း ခံရခက်နေမှာ တော့ ရှက်လွှာ သဘောပေါက်ပြီးသား။

"မင်း ခေါင်းမော့ပြီး တို့ကို ကြည့်စမ်းပါ ရွှက်လွှာ၊ ဘာလို့ ခေါင်းကြီး ငုံ့ထားရတာ လဲ၊ တို့ မင်းနှုတ်က ဝန်ခံတာကိုပဲ ကြားချင်တာ၊ မင်းပျိုလွင် နှုတ်က ဝန်ခံတဲ့အတိုင်း မှန်သလား"

ထိပ်တိုက် မေးနေတော့ ရှောင်မရနိုင်တော့တာမို့ ဆင်းကို မော့ကြည့်မိသည်။ အမြဲတမ်း မြင်တွေ့နေသော မာတင်းတင်း မျက်နှာက အခုမှ ပိုပြီး မာတင်းခက်ထန်နေသယောင်။

"မင်းပျိုလွင်ကို မင်း ကူညီခဲ့တာ မဟုတ်လား ရွှက်လွှာ"

"အင်း ဟုတ်တယ်၊ ဟုတ်ပါတယ် ဆင်းရယ်"

မဝံ့မရဲ တွန့်ဆုတ်ဆုတ် ဖြစ်နေသော ရွှက်လွှာ အမူအရာကို ကြည့်ကာ ဆင်း မဲ့ခနဲ ပြုံး မိသည်။

ဆင်း မကြိုက်သော ကိစ္စကြီးကို ရွက်လွှာ ကူညီပေးခဲ့သည်ဆို တော့ အံ့ဩမိသည်။ မင်းပို လွင်အပေါ် ဆင်းထက်တောင် ခင်တွယ်သည့် သဘောပေါ့။

ရွက်လွှာ ရင်ထဲမှာ ဘာတွေ ရှိနေတာလဲ ဆင်း သိချင်သည်။

ဒါကြောင့် လည်း ရွက်လွှာ မျက်ဝန်းတွေ ထဲကို စူးစိုက်ကြည့်ရင်း

အကဲခတ်နေမိ၏ ။

ခန့်မှန်းရခက်လွန်းအောင်လည်း ရွက်လွှာကလည်း ဟန်ဆောင် ကောင်းလွန်းသူ တစ်ယောက် ပါပဲ။

"မင်းကို တို့ အပြစ်မတင်ပါဘူး ရွက်လွှာ၊ တကယ်ဆို ဒီကိစ္စက အပြစ်ကြီးတစ်ခုမှ မဟုတ်တာ"

"ဟင်"

ဆင်းနူတ်ထွက် စကားကြောင့် ရွက်လှာ အံ့သြရိပ်တွေ ဖြာကာ မော့ကြည့်နေ၏ ။ ထိုမျက်ဝန်းတွေ ကို မမြင်ဟန်ပြုရင်း ဆင်း ယဲ့ယဲ့လေး ပြုံး လိုက်မိသည်။

"ရွက်လှာက အဲဒီ ကိစ္စအတွက် အစိုးရိမ်လွန်နေတာလား"

"ဟုတ်တယ် ဆင်းရယ်၊ မင်းပိုု အကူအညီတောင်းလွန်းလို့ တို့ ကူညီပေးလိုက် ရတာ ပါ၊ ဆင်းနဲ့ မျက်နှာချင်းဆိုင်ဖို့တောင် မဝံ့ဘူး"

"ဟုတ်ပြီ အဲဒီ လို ဝန်ခံတာကိုပဲ တို့ ကြားချင်တာ၊ အခု တို့ ကလည်း ရွက်လှာကို အကူအညီ တောင်းချင်လို့"

ရွက်လှာ မျက်တောင်ကော့ကြီးတွေ

ပုတ်ခတ်ပြီး ကြည့်သည်။ မျက်နက်ဝန်းလေးတွေ တောက်ပပြီး ညိုညက်ညက်လေးနှင့် ရွက်လှော သည့်လည်း ချောမောသူပါပဲ။

ပခုံးသာသာအထိ ဝဲကျနေသော ဆံညို လေးတွေ နှင့် မျက်နှာ ဝိုင်းဝိုင်းလေးကလည်း ချစ်စရာတော့ ကောင်းသည်။

အရပ်အမောင်းချင်း ယှဉ်လျှင် ဆင်းထက် မဆိုသလောက် နိမ့်ပေမယ့် ရွက်လှော ခန္ဓာကိုယ် အချိုး အဆစ်က မိန်းကလေးဆန်စွာ လှပကျော့ရှင်းသည်။

ဒါပေမဲ့လည်း အခုချိန်ထိ ရွက်လှော ချစ်သူရည်းစား မထားသေး ပါ။ ဆင်းလိုပဲ ယောကျာ်းတွေ ကို စိတ်မဝင်စားဟု ဆင်း ထင်ထားခဲ့မိတာ မှား နေသည်လား။

"ရွက်လှော အချစ်ကို မင်း

ဘယ်လိုထင်သလဲဟင်"

"ဟို တို့ မသိဘူးလေ ဆင်းရဲ့ ၊ တို့မှ ချစ်သူရည်းစား မထား ဘူးတာ"

"အင်းနော် မင်းနဲ့တို့က ညီအစ်မတွေ လို့ မပြောရဘူး၊ နှစ် ယောက် စလုံး တူနေတယ်၊ တစ်ခါတလေ တို့ စဉ်းစားမိတယ်၊ အပျင်းပြေ ထားဖူးတယ်ရှိအောင် ရည်းစားထားကြည့်မလားလို့"

"ဟင်"

ရွှက်လွှာ မျက်ခုံးလေး တွန့်ကာ အံ့ဩသလို ကြည့်နေ၏ ။ ဆင်း မျက်နှာပေါ်က အပြုံး တွေ ကို ရှားရှားပါးပါး မြင်တွေ့နေရသလို အံ့ဩနေသည့် အသွင်မျိုး ပါပဲ။

"ရွှက်လွှာ မင်း မင်းပျိုလွင်ကို ပြောလိုက်ပါ"

"ဘာ ဘာပြောရမှာ လဲဟင်"

"တို့ကို သူ ချစ်ခွင့်ပန်ထားတဲ့ကိစ္စလေ၊ တို့ စဉ်းစားမယ်လို့"

"ဟင်"

"ဟုတ်တယ် သူ့စိတ်ဓာတ်နဲ့ အခြေအနေတွေ ကို တို့စောင့် ကြည့်လေ့လာဦးမယ်ဆိုတာ မင်း ပြောပြထားလိုက်"

"ဆင်း ဆင်းဆိုလိုတာက မင်းပို့ကို စိတ်မဆိုးဘူး၊ လက်ခံ စဉ်းစားမယ်ဆိုတဲ့ သဘောလား"

"အင်းလေ တို့ သူ့စိတ်ဓာတ်သဘောကို အကဲခတ် လေ့လာ ကြည့်ချင်တယ်၊ အဲဒါကို ပြောတာ"

ရွှက်လွှာ မျက်ဝန်းလေးတွေ ထဲမှာ မယုံကြည်နိုင်မှု နှင့် ရောင် စဉ် တွေ တလက်လက် ဖြာနေ၏ ။ ဆင်း နှုတ်က စကားတွေ ကို ရွှက်လွှာ မျှော်လင့်ထားပုံ မရတာ သေချာ၏ ။

"ဆင်း ဆင်း တကယ်ပြောတာနော်"

"တို့ ဘယ်တုန်းက မဟုတ်တာ ပြောတတ်လို့လဲ၊ ကဲ တို့ အိပ်တော့မယ် ရွက်လှ၊ မင်း စာကျက်ချင် ကျက်ပေါ့"

ပြောပြီး ဆင်း စာကြည့်ခန်းလေးထဲက လှည့်ထွက်သွားခဲ့ပေမယ့် ရွက်လှ ငေးငေးလေး ထိုင်ကြည့်နေမိဆဲ ရှိသည်။

တကယ်ကို ဆင်းဆီမှ ဒီစကားတွေ ကြားရမည် ဟု ထင် မထားခဲ့တာ အမှန် ဖြစ်သည်။ ဘယ်ယောက်ျားကိုမှ အာရုံမဝင်စားခဲ့သော ဆင်းသည် မင်းပျိုကို စိတ်ဝင်စားသည်ဆိုတာ ဟုတ်ရဲ့ လား။

ဒီအခြေအနေကို ရွက်လှ ဘယ်လိုမှ မျှော်လင့်မထားခဲ့တာ အမှန်ပဲ ဖြစ်သည်။

အခုတော့ မယုံနိုင်စရာ အခြေအနေက

တကယ် ဖြစ်လာခဲ့ပြီ လား။ ဆင်းရဲ့ နှလုံးသားကို မင်းပို့
က ကိုင်လှုပ်နိုင်ခဲ့တာလား။ ဆင်းနှင့် မင်းပို့တို့
ဆုံခဲ့ကြတာ တစ်ကြိမ်ပဲ ရှိသေးသည်။

ဒီတစ်ကြိမ်တည်းနှင့် ဆင်းနှလုံးသားက
ကြွေဆင်းသွားခဲ့တာ တော့ သိပ်ကို
ထူးဆန်းလွန်းပါသည်။

မင်းပို့သိရင်တော့ ဝမ်းသာမှာ သေချာ၏ ။

သူမ အတွက် ကတော့…။

*

# အခန်း (၆)

"ဟင် နင် တကယ်ပြောတာလား၊ ဒါဆို ငါ့ဆီလာခဲ့ဟာ၊ ငါတို့ချင်း ဆုံမှပြောရအောင်"

"..."

"လာခဲ့ပါဟာ၊ ငါတို့ဆုံနေကျ ဆိုင်လေးကို ထွက်ခဲ့ဟာ၊ ဖုန်းနဲ့ စကားပြောရတာ အားမရဘူး၊ အိုခေ အိုခေ ဒါပဲ ရှက်လွှာ"

ဖုန်းပြောပြီး လှည့်လာသော မင်းပို့ မျက်နှာကြီးက ဗျားရည် တွေ လောင်းထားသလို ချို ရွှင်နေသည်။ ကိုတိုး ကြည့်ရင်း အံ့သြနေမိ၏ ။

မနေ့ကပဲ မျောက်မှိုင် မှိုင်နေခဲ့တဲ့ကောင်က အခုကျတော့ ထီဆုကြီးပေါက်တဲ့မျက်နှာမျိုး နှင့် မြူး နေလိုက်တာ အထင်အရှား။

ကိုတိုး ငေးကြည့်နေတုန်းမှာ မင်းပိုျက အနားမှာ အပြုံး မျက်နှာ ကြီးနှင့် လာရပ်သည်။

"ငါတော့ စန်းထလာပြီကွ"

"အံ့မယ် ကြီးကြီးကျယ်ကျယ်နဲ့ ပြောစမ်းပါဦး၊ ဘာစန်းထတာ လဲ"

"မင်း သိချင်ရင် လိုက်ခဲ့၊ ငါ ရွှက်လွှာနဲ့ ချိန်းထားတယ်"

"ရွှက်လွှာနဲ့ ချိန်းထားတာကို မင်းက စန်းထတယ် ပြောတာ လား"

"ဟာကွာ ပေါက်ကရ မပြောနဲ့၊ အခု ရွှက်လွှာ ဖုန်းဆက်တာ ဆင်းနဲ့ငါ့ကိစ္စကွ"

"ဟေ"

ကိုတိုး အံ့သြသလို ရေရွတ်တော့ မင်းပိုျ

ကျေကျေနပ်နပ်ကြီး ပြုံး နေဆဲ။

"ဘာလဲ ဆင်းထည်ဝါက မင်းကို ချစ်တယ်လို့ အဖြေပေးလိုက် တာလား"

"မဟုတ်ပါဘူး၊ ငါ ဖွင့်ဟဝန်ခံထားတဲ့ ကိစ္စအတွက် ဆင်းက စဉ်းစားမယ်တဲ့၊ ရွက်လွှာကို ဆင်း ပြောတယ်"

"ဒါနဲ့ မင်းက ပြုံး နေတာပေါ့ ဟုတ်လား၊ ဟိုက အဖြေပေး လိုက်ရင် မင်း တစ်ဆောင်လုံး လန့်အောင် အော်မလား မသိဘူး"

"သေချာတာပေါ့၊ ကဲ ငါ ရွက်လွှာနဲ့ အခု ချိန်းထားတယ် မင်းပါ လိုက်ခဲ့"

သူ့ပခုံးကို ပုတ်ပြီး မင်းပို့ပြောတော့ သူလည်း မငြင်း ဖြစ်ဘဲ ခေါင်းညိတ်မိသည်။

ဆင်းထည်ဝါ ကိစ္စဆိုတော့လည်း

စိတ်ဝင်စားမိသည်။ ဒီကောင် အူမြူး
နေရလောက်အောင် အခြေအနေက ထူးခြားရဲ့လား
သိချင်သည်။

နှစ် ဦးသား အဝတ်အစားလဲပြီး
တက္ကစီတစ်စီးနှင့် ထွက်ခဲ့ကြ သည်က ရွက်လွှာနှင့်မင်းပို
ချိန်းထားသော ကဖေးဆိုင်လေးကို ဖြစ် သည်။

သူတို့ရောက်ပြီး မကြာလိုက်ခင်လေးမှာ ပဲ
ရွက်လွှာ ရောက်လာ ပါသည်။ သူတို့ဝိုင်းမှာ ရွက်လွှာ
ဝင်ထိုင်ရုံပဲ ရှိသေး၏ ။ မင်းပိုမအောင့် နိုင်ဘဲ
မေးခွန်းတွေ ထုတ်တော့သည်။

"ရွက်လွှာ နင် ဖုန်းထဲမှာ ပြောခဲ့တဲ့
စကားတွေ ကို အသေ အချာ ပြန်ပြောစမ်းပါ၊ ဆင်းက
ငါနဲ့ပတ်သက်ပြီး ဘာပြောလိုက်တာလဲ ဟင် ရွက်လွှာ"

"မင်းပိုမင်းကလည်းကွာ ရွက်လွှာခမြာ

အခုမှ ထိုင်ရသေး တယ်၊ အသက်ဝဝ ရှူပါစေဦး''

ကိုတိုး စကားကြောင့် မင်းပြုံမျက်နှာ ရဲခနဲ နီမြန်းသွားရင်း အရက်ပြေရယ်နေတော့ ရွက်လွှာ မင်းပြုံကို ငေးငေးလေး ကြည့်ရင်း

''နင် ဆင်းကို ချစ်တာတော့ ချစ်တာပေါ့ မင်းပြုံ၊ ဒါပေမဲ့ မျှော်လင့်ချက်တွေ ကြီးကြီးမားမား ထားတာ မကောင်းဘူးနော်''

ရွက်လွှာ စကားကြောင့် မင်းပြုံမျက်နှာ ကွက်ခနဲ ပျက်သွား သည်။ ရွက်လွှာကို မျက်နှာငယ်လေးနှင့် စိုက်ကြည့်ရင်း

''ဆင်းက ဘာပြောလိုက်လို့လဲ ရွက်လွှာ၊ နင်ပြောတော့ ဆင်း ငါ့ကို လက်ခံစဉ်းစားပေးမယ်ဆို''

''အေးလေ ဆင်းက နင့်ကို စဉ်းစားပေးမယ်တဲ့၊ နင့်ကို ဒီ ရက်ပိုင်းမှာ

လေ့လာအကဲခတ်ဦးမယ်တဲ့"

"ဒါ ငါ့အတွက် မျှော်လင့်စရာ အခြေအနေကောင်းကြီး တစ်ခု ပဲ မဟုတ်လား ရွှက်လွှာရယ်၊ နင်က တကယ် ရင်ထိတ်အောင် လုပ်တယ်"

"မဟုတ်ဘူးလေ ငါက နင့်ကို သတိပေးတာ၊ ဆင်းက နားလည်ရခက်တာ ငါ ပြောထားတယ်နော်၊ အခု ဒီစကားလေး ပြောတာ နဲ့ နင်က အရမ်းမျှော်လင့်ထားမှာ မို့ ငါက သတိပေးတာပါ"

ရွှက်လွှာ ရှင်းပြသမျှကို နံဘေးက ငြိမ်သက်စွာ နားထောင်နေ သော ကိုတိုးက ထောက်ခံခေါင်းညိတ်ပြသည်။

"ရွှက်လွှာ ပြောတာ မှန်တယ် မင်းပျို၊ မင်း မျှော်လင့်ချက် တွေ ကြီးကြီးမားမား ထားရင်

ပိုခံစားရတတ်တယ်၊ ဒါကြောင့် ရွှက်လွှာ က သတိပေးတာ မှန်တယ်၊ ဆင်းထည်ဝါနဲ့ ပတ်သက်ပြီး မင်း အရမ်း လေးနက်လွန်းတာ မကောင်းဘူး"

"ငါ ဆင်းကို သိပ်ချစ်တယ်ကွာ"

စားပွဲပေါ်က ice coffee ခွက်က ပိုက်တံလေးကို အမိပ္ပါယ်မဲ့ ကောက်မွှေရင်း မင်းပြို ခံစားချက်ကို ဖွင့်ဟဝန်ခံနေသည်။

ရွှက်လွှာ ပင့်သက်လေး ခိုးရှိုက်ရင်း မင်းပြို ကို ငေးကြည့်မိ သည်။ ညာဘက်လက်ဖျံမှာ ထိုးထားသော ဆင်းထည်ဝါရဲ့ နာမည် လေးက ဖြူသော အသားအရည်ကြောင့် ထင်းနေသည်။

မင်းပြိုရယ် နင် အဲဒီ လောက်အထိတောင် ဆင်းအပေါ်မှာ ရူးသွပ်စွာ ချစ်နေခဲ့သလား။

အင်းလေ အချစ်ဆိုတာ

ဆန်းကြယ်လွန်းပါတယ်။

ငါကိုယ်တိုင်လည်း ကိုယ့်ကိုကိုယ် အံ့ဩမိတယ်။ ငါ ချစ်တဲ့ နင့်ကို ဆင်းနဲ့ နီးစပ်ပေးဖို့ ကူညီနေမိတာ ဘာကြောင့် လဲ။ တကယ်ဆို ဒါ ငါ ရင်ကွဲရမယ့် အရေး ကိစ္စကြီးပါ။

ဒါပေမဲ့ ငါ့အချစ်က ပိုင်ဆိုင်လိုမှု သက်သက်အတွက် မဟုတ်ပါ ဘူး မင်းပြုံရယ်။ နင် ပျော်နေတာ မြင်ရင် ငါ ကျေနပ်နိုင်ပါတယ်။

နင် နားလည်နိုင်မလား မင်းပြုံရယ်။

*

# အခန်း (၇)

အနားမှာ အရိပ်လို ကပ်ပါလာသော မင်းပျို့ကြောင့် စိတ်ထဲ မှာ ကသိကအောက်တော့ ဖြစ်ရသည်။ စာသင်ချိန်တွေ မှာ တောင် ဝရန်တာအထိ ပြုံုတစ်ပြုံုတစ် ရောက်လာတတ်သည့် မင်းပျို့ကြောင့် ဒေါသဖြစ်ရ၏ ။

မင်းပျို့ဆိုတာ အားလုံးသော မိန်းကလေးတွေ အရေး ထား တတ်သော ယောကျ်ား တစ်ယောက် ဖြစ်နေတော့ ဆင်းကလွဲပြီး ကျန် သော မိန်းကလေးတွေ ကွက်ကြည့် ကွက်ကြည့် ရှိနေတာ ဆင်း သတိ ထားမိသည်။

ရွှက်လွှာကလည်း စာထဲမှာ အာရုံမရှိတော့ဘဲ အပြင်ဘက်က မင်းပျို့လွင်ဆီ အာရုံရောက်နေတာပါပဲ။

မင်းပို့လွင်ဆိုတာ ဆင်းနဲ့ပတ်သက်နေသူ တစ်ယောက် အ ဖြစ် ရွက်လွှာ သတိပြုနေတာလား။ ဒါမှမဟုတ် ရွက်လွှာကိုယ်တိုင်က မင်းပို့ကို တိမ်းညွှတ်နေတာလား။ အခုချိန်မှာ ဆင်း ဝေခွဲရခက်နေဆဲရှိ၏ ။

စာသင်ချိန်ပြီးတော့ ဆင်းအခန်းပြင် မထွက်လိုက်နဲ့ မင်းပို့နှင့် ထိပ်တိုက်ရင်ဆိုင်တိုးမိပြန်၏ ။

"ဆင်း ဘယ်သွားမလို့လဲဟင်၊ ကင်တင်းနမ်မှာ ထိုင်မလို့လား"

"မထိုင်ချင်ပါဘူး၊ ကျွန်မ စိတ်တွေ ရှုပ်နေလို့ တမင်ထွက်လာ တာ"

"ဒါဆိုလည်း လမ်းလျှောက်ရင်း စကားပြောရအောင်နော် ဆင်း"

အလိုက်ကမ်းဆိုး မသိ အနားမှာ

အရိပ်လိုပါလာပြန်၏ ။ ဆင်း အလိုမကျမှု တွေ ကို

ရင်ထဲမှာ ပဲ မျိုသိပ်ထားရ၏ ။

ပျော်လိုက်စမ်းပါ မင်းပို။ ရှင် ဘယ်အချိန်ထိ ပျော်နိုင်မလဲ ကြည့်ကြသေးတာပေါ့။ စိတ်ထဲမှာ ကြုံး ဝါးမိပေမယ့် မျက်နှာတစ်ချက် မပျက်စေရပါ။

"ဆင်း"

"ဟင်"

"ဘာမှမပြောတော့ဘူးလား"

"ဘာပြောရမှာ လဲ"

"ဆင်း ဘာပဲပြောပြော ကျွန်တော် နားထောင်ချင်တာ"

"သြော်"

ခပ်တိုးတိုး ရေရွတ်ပြီး ဖျတ်ခနဲ ငုံ့ကြည့်မိသည်။ နူးညံ့ရီဝေ နေသည့် မျက်ဝန်းတွေကိုတွေ့တော့ နှုတ်ခမ်းထောင့်စွန်းတစ်ဖက်က မသိမသာ မဲ့ကျသွားခဲ့သည်။

ကြည့်စမ်း သင်းမျက်နှာလေးက ကိုယ့်အချစ်တွေ ကို သူကပဲ လက်ဝယ်ပိုင်ပိုင်ရထားတဲ့ ပုံစံနဲ့။ အဲဒါတွေ ကြောင့် ပဲ ဆင်း ယောကျ်ား တွေ ကို ကြည့်မရတာ ။ အခွင့်အရေး လေး မပေးလိုက်နဲ့ ရတာ ထက် ပို အောင်ယူတတ်ကြတာ။

"ဆင်း ပြောစရာမရှိရင် ကျွန်တော် ပြောတာ နားထောင် မလား"

"ရှိတယ် ဒါပေမဲ့ ရှင် အရင်ပြောပါ"

"ဆင်းက ကျွန်တော် ထင်တဲ့အတိုင်း တော်တော် သဘောထား ပြည့်ဝတာပဲ"

မင်းပျိုလွင် စကားတွေ က

မြှောက်ပင့်နေတာဟုပဲ ဆင်း ထင် သည်။

ခုံတန်းလေးမှာ ဆင်း ဝင်ထိုင်တော့ မင်းပျိုကလည်း

ဝင်ထိုင် သည်။

"ရှင် ကျွန်မကို မြှောက်ပင့်တာ မဟုတ်ပါဘူး

ဆင်းရယ်၊ ဆင်းရဲ့ ဦးစားပေးတတ်တဲ့ စိတ်ကို

ပြောတာပါ၊ ဒါတောင် ချစ်သူတွေ မ ဖြစ်သေးဘူးနော်၊

ချစ်သူတွေ သာ ဖြစ်ရင် ဆင်းက သိပ်မြတ်နိုးစရာ

ကောင်းမှာ "

ဆင်း နှုတ်ခမ်းလေး မဲ့ချပစ်လိုက်ပေမယ့်

မင်းပျိုက မျက်နှာ တစ်ချက်လေး ပျက်မသွားခဲ့ပါ။

"အရင်က ဆင်းကို သိပ်မာနကြီးတဲ့

မိန်းကလေး တစ်ယောက် အ ဖြစ်ပဲ မြင်ထားခဲ့တာ၊

အခုတော့ ဆင်း မာနကင်းတာ ကျွန်တော် ယုံသွားပြီ"

နံဘေးက ထိုင်ပြီး မင်းပိုျစကားတွေ ဖောင်ဖွဲ့ပြောနေပေမယ့် ဆင်း ငြိမ်သက်စွာ ပဲ နားထောင်ရင်း အာရုံတွေ က လွင့်နေသည်။

မင်းပိုျဆီက စာကို ပိုင်ဆိုင်ခဲ့ပြီး နောက်တစ်ရက်မှာ သိလိုက် ရသော ကိစ္စကြီးက ဆင်း ရင်ထဲက ဒေါသတွေ ကို ယမ်းပုံမီးကျ ဖြစ်စေ ခဲ့တာ အမှန်။

"ဆင်းထည်ဝါကို ကိုယ် သတိပေးချင်လို့ပါ"

စိုးရန်နောင်က ဆင်းရှိရာ ကင်တင်းနံက ဆိုင်လေးအထိ လိုက် လာကာ ပြောခဲ့သော စကား။ တစ်ခန်းတည်း မဟုတ်ပေမယ့် စိုးရန်နောင် ကို ဆင်း သိပါသည်။

ဆင်းတို့ထက် တစ်တန်းကြီးသော စတုတ္ထနှစ် က ကျောင်းသား တစ်ယောက် ဖြစ်သည်။

သူ့ထံမှ မယုံနိုင်စရာကောင်းသော သတင်း တွေ ကို ဆင်း သိခဲ့ရ၏ ။

"ကျွန်တော် သိထားသလောက် ဆင်းထည်ဝါကို မင်းပျိုလွင်က ကြိုး စားနေတယ်ဆို"

"နေပါဦး အဲဒီ သတင်းကို ရှင် ဘယ်လိုသိတာလဲ ကိုစိုးရန် နောင်"

"ဒီလိုပဲ ကြားတာပေါ့ ဆင်းထည်ဝါ"

"ဩော် ရှင်တို့ ယောကျ်ားတွေ လည်း စပ်စပ်စုစုနဲ့ အတင်း အဖျင်း ပြောတတ်ကြတာပဲကိုး"

ဆင်း စိတ်ထဲ မျက်ခနဲ ဖြစ်မိတာ အမှန်။ မနေ့တစ်နေ့ကမှ မင်းပျိုလွင် ဆင်း ကျောပိုးအိတ်လေးထဲ စာကို ခိုးကြောင်ခိုးဝှက် ထည့်ခဲ့သည်။ အခုတော့ သတင်းက ပျံ့နေပြီ။

"အထင်မလွဲပါနဲ့ ဆင်းထည်ဝါ၊ ကိုယ်က

မင်းပျိုလွင် အ ကြောင်း မင်းကို သတိပေးချင်လို့ပါ"

စိုးရန်နောင်ဆိုတာ ဆင်းနဲ့ ပတ်သက်ဆက်နွယ်ဖူးတာ မဟုတ် ပါ။ မျက်မှန်းတန်းမိရုံသာ ဖြစ်၏ ။ အခု ဆင်းရှိရာကို ရောက်လာကာ စကားတွေ လာပြောနေတာတော့ အံ့ဩမိ၏ ။

"မင်းပျိုလွင်က မင်းကို အလောင်းအစား တစ်ခုနဲ့ ကြိုး စား တာ ဆင်းထည်ဝါ"

"ဘာရယ်"

"ဟုတ်တယ် ဆင်းထည်ဝါ ဆိုတဲ့ မိန်းမ ဘယ်လောက်မာန် မာနကြီးကြီး သူရအောင် ကြိုး စားပြမယ်ဆိုပြီး အပေါင်းအသင်းတွေ နဲ့ စိန်ခေါ်ပြီး မင်းကို ကြိုး စားတာ"

ရင်ထဲမှာ နာကျင်ဒေါသတွေ နှင့်

ဆူဝေခံရခက်လှသည်။ မင်းပျိုရဲ့ အကြံအစည်က ယုတ်မာပြီး ယောက်ျားမဆန်လိုက်တာ။

"မင်းပျိုလွင်ဆိုတဲ့ ကောင်က ကျောင်းရဲ့ ကင်းလေ၊ မင်းက လည်း ကွင်းဆိုတော့ ဘယ်သူသာသလဲဆိုတာ သက်သေပြမယ်တဲ့၊ မင်း ဘယ်လောက် မာနကြီးကြီး သူ ရိုက်ချိုး ပြမတဲ့လေ"

ဆင်း အံကို တင်းတင်းကြိတ်ထားရင်း ရင်ထဲမှာ ဒေါသတွေ တလိပ်လိပ် တက်လို့လာသည်။ စာထဲမှာ တောင် ဆင်းကို မာနကြီးတဲ့ မိန်းမ တစ်ယောက် လို့ စိန်ခေါ်ခဲ့တဲ့ မင်းပျို။

ရှင့် ရည်ရွယ်ချက်က ဒါပဲလား။

ထိုနေ့က တစ်နေ့လုံး ဆင်းဒေါသတွေ ဆူဝေလျက် ခံရခက် ခက် ဖြစ်နေခဲ့သည်။ ဆက်တက်ရမည့် ကလပ်စ်အတန်းတွေ တောင် မတက်

ဖြစ်ဘဲ အိမ်ပြန်ခဲ့မိသည်အထိ။

ဒီလောက်အထိ ဆင်းအပေါ်

ယောကျ်ားတန်မဲ့ စော်ကားချင် သည့် မင်းပို့ကို

အကောင်းဆုံး လက်စားချေဖို့ ဆုံးဖြတ်ခဲ့သည်။ ထို့

အတွက် ဆင်းဘက်က အချိန်ကာလ

အပိုင်းအခြားတစ်ခုပဲ လိုအပ်ပါ သည်။

"ဆင်း"

မင်းပို့ခေါ်သံကြောင့် ဆင်း

လွင့်မျောသွားသော အာရုံတွေ ကို ပြန်စုစည်းမိသည်။

"ဘာလဲ မင်းပို့"

"ဟင် ကျွန်တော် မေးတာ ဆင်း

မကြားဘူးလား၊ ဆင်း အာရုံတွေ

ဘယ်ရောက်နေတာလဲဗျာ"

"ကျွန်မလည်း ကိုယ့်အတွေး နဲ့ကိုယ်

အာရုံလွင့်သွားတာပေါ့ ရှင် ဘာမေးလိုက်တာလဲ"

"ဆင်းဆီက အဖြေစကားကို ကျွန်တော် ဘယ်တော့ ကြားရ မှာ လဲ"

ဆင်း တွန့်ခနဲတောင် ဖြစ်သွားသည်။ မင်းပိုု ဘက်က အပိုင် တွက်ဆထားသည်လား။ ဆင်းရဲ့ အချစ်ကို အပိုင်ယူပြီး သူငယ်ချင်းတွေ အလယ်မှာ အောင်ပွဲခံပြတော့မည် ပေါ့။

ဆင်း ငဲ့ကြည့်တော့ မင်းပိုုမျက်ဝန်းတွေ က မျှော်လင့်ချက် တွေ နှင့် ရွှန်းလဲ့တောက်ပနေသည်။

ဖြူနုသော အသားအရည်နှင့် လိုက်ဖက်အောင် မင်းပိုုအမြဲ ဝတ်ဆင်ထားတတ်သော အရောင် တွေ က ဖျော့ဖျော့လေးတွေ ပဲ ဖြစ်သည်။ ဝတ်စားဆင်ယင်မှု က ရိုးစင်းသလို မင်းပိုုရဲ့ မျက်နှာကလည်း အပြစ် ကင်းစင်သလိုပါပဲ။

အမှန်တရားကိုသာ ဆင်း သိမထားခဲ့လျှင် မင်းပျိုရဲ့ ခင်မင်မှု တွေ ထဲမှာ ပျော်ဝင်သွားလောက်သည်။

"ဆင်း ဖြေပါဦး၊ ကျွန်တော် ရင်တွေ ခုန်နေတယ်"

ဒီမျက်နှာကို ဆက်ကြည့်နေလျှင် ဆင်းပဲ မျောပါသွားလိမ့်မည် ။ ခေါင်းကို ခါရမ်းရင်း အကြည့်တို့ လွှဲပစ်လိုက်၏ ။

"အဲဒီ လို အလောတကြီး မတောင်းဆိုပါနဲ့ မင်းပျို၊ ရှင့်ကို ဆင်း လေ့လာစရာတွေ ရှိသေးတယ်"

"ဆင်း ကျွန်တော့် အပေါ် ဘာများ မကျေနပ်စရာ အချက်တွေ ရှိလဲဟင် ပြောပါ ဆင်း"

"အခုချိန်ထိတော့ မရှိသေးဘူးလေ၊ ဒါပေမဲ့ ဆင်း စောင့် ကြည့်ဦးမှာ ပေါ့၊ ဒီကိစ္စက အလွယ်တကူနဲ့

ဆုံးဖြတ်လို့ရတဲ့ကိစ္စမှ မဟုတ် တာ''

''ဆင်း ဒီမှာ ကြည့်စမ်းပါ''

ပြောရင်း ညာဘက်အင်္ကျီလက်ကို ဆွဲမတင်ပြီး ဆင်းရှေ့ကို မင်းပိုုလက်ထိုးပြသည်။

''ဟင် ဒါ ဒါက''

''ဆင်းကို ကျွန်တော် ဘယ်လောက်ချစ်သလဲ ဆိုတာ သက် သေ ပြတာပါ''

ဆင်း အံ့သြသွားမိတာ အမှန်။ အသေအချာ စူးစိုက်ကြည့်မိ တာ သူ့လက်ဖျံမှာ ရေး ထားတာ ဆေးမင်ကြောင် စစ်စစ်မှ ဟုတ်ရဲ့ လား ထင်မိတာကြောင့် ဖြစ်သည်။

''ဆင်းကို ကျွန်တော့်နှလုံးသားမှာ အမြဲရှိသလို ဆင်း နာမည် လေးကိုလည်း သေရာပါအောင် အမှတ်တရ ရှိစေချင်လို့

ထိုးထားတယ်"

"အဲဒါ တကယ့် ဆေးမင်ကြောင်လား မင်းပို
"

"တကယ်ပေါ့ ဆင်းရဲ့၊ ဖျက်မရအောင်
ထိုးထားတာလေ"

ဆင်း တွေ တွေ လေး ဖြစ်သွားသည်။ အဲဒီ
လောက်အထိတောင် မင်းပိုဘက်က
ပြင်ဆင်ထားသည်လား။

ဟင့်အင်း ဆင်းထည်ဝါကို ရှင် ဒီလိုလာပြီး
မလှည့်စားနဲ့ မင်းပို။ ရှင့်ရဲ့ မာယာတွေ ကိုတော့ ကျွန်မ
ကြိုသိနေတာ ကံကောင်းပါ တယ်။

"ရှင့်အချစ်ကို ဆင်း ယုံပါပြီ မင်းပို၊ ဒါပေမဲ့
ကျွန်မ ရင်ထဲ က သေချာမှု တစ်ခုကိုတော့ ကျွန်မ
ရှာဖွေပါရစေဦး၊ ရှင် သည်းခံစောင့် ပေးပါ၊ မကြာခင်မှာ

ဆင်းဆီက အဖြေတစ်ခုတော့ ရှင် ပိုင်ဆိုင်ရမှာ ပါ"

"ဆင်းကို ကျွန်တော် နားလည်ပါတယ်၊ ဆင်း ရင်ထဲက တကယ့်ခံစားမှု စစ်စစ်ကိုပဲ၊ ကျွန်တော် လိုချင်ပါတယ်ဗျာ"

လေသံက နူးနူးညံ့ညံ့ သိမ်မွေ့နေသည်။ ဆင်း နှုတ်ခမ်းလေး လှုပ်ကာ ပြုံး သည်။

ရင်ထဲက တကယ့် ခံစားချက်စစ်စစ်တဲ့လား မင်းပြူ။ ဒါဆိုရင် တော့ ရှင့်ဘဝတစ်ခုလုံးကို ကျွန်မ နင်းချေပစ်လိုက်ချင်တာ။

မိန်းမ တစ်ယောက် ကို အပျော်အပျက် ကစားစရာ တစ်ခုလို သဘောထားတတ်တဲ့ ရှင့်ကို ဆင်း သိပ်မုန်းတယ် မင်းပြူ။

ရှင့်ကို ပညာပေးဖို့အတွက် ဆင်းဘက်က အစီအမံတွေ ရှိနေ ပြီးသားပါ။ ရှင် ခံနိုင်ရည်ရှိအောင်

ကြိုး စားထားပေတော့ မင်းပို့လွှင်။

*

# အခန်း (၈)

"ရှက်လွှာ"

ခေါ်သံနှင့်အတူ အနားရောက်လာသော ဆင်းကို မော့ကြည့် လိုက်တော့ ပန်းနုရောင် ညဝတ်ဂါဝန်ရှည်လေးနှင့် ရှက်လွှာ စာကျက် နေသော စားပွဲအနား ရောက်လာသည်။

"နင် စာကျက်နေတာလား"

ပြောရင်း အနားမှာ လွတ်နေသော ထိုင်ခုံမှာ ဆင်း ဝင်ထိုင် သည်။ ဆင်း ပုံစံက တစ်ခုခု ပြောချင်နေတာ ရိပ်မိတာမို့

"ဟင့်အင်း မကျက်ပါဘူး၊ ဆင်း ဘာပြောမလို့လဲ ပြောလေ"

"မင်းပျို့အကြောင်းပါ"

ဆင်း စကားကြောင့် ရွှက်လှာ

မျက်နက်ဝန်းလေးတွေ ဝိုင်းပြီး မော့ကြည့်မိသည်။ ဆင်း

မျက်နှာလေး ကျေကျေနပ်နပ်လေး ပြုံး နေ၏ ။

"မင်းပို့က တကယ်

ခင်မင်စရာကောင်းတယ်နော် ရွှက်လှာ"

ဆင်းစကားကို ရွှက်လှာ

ကယောင်ကတမ်းလေး ခေါင်းညိတ် မိသည်။ ဆင်း

မျက်နှာလေး ကြည်နူးရိပ်တွေ ဖြာဝေနေတာ ငေးကြည့်

ရင်း ရွှက်လှာ ငေးငေးလေး ကြည့်နေမိဆဲ။

"ရွှက်လှာ မင်းပို့အပေါ် မင်း

ဘယ်လိုမြင်သလဲဟင်"

"ဟင် ဘာလဲ၊ ဘာကိုမေးတာလဲ ဟင် ဆင်း"

"ဩော် မင်းနဲ့မင်းပို့က ခင်မင်ရင်းနှီးတဲ့

သူငယ်ချင်းတွေ လေ၊ ပြောရရင် မင်းပို့ကို မင်းက

တို့ထက် ပိုရင်းနှီး ပိုပြီး အကြောင်းသိမှာ ပေါ့"

"အင်း"

ရွှက်လှာ အလိုက်သင့်လေး

ခေါင်းညိတ်ပြရပြန်ပါသည်။ မင်းပျိုအပေါ်မှာ ဆင်း အချိန်တိုလေးအတွင်း းမှာ ပြောင်းလဲသွားခြင်းအတွက် အံ့ဩမိတာတော့ အမှန်ပဲ ဖြစ်သည်။

"ပြောပြစမ်းပါ ရွှက်လှာ မင်းပျိုအပေါ် မင်းမြင်တဲ့အမြင်ကို တို့သိချင်ကြားချင်လို့"

မျက်ဝန်းစူးစူးလေးတွေ နှင့် စိုက်ကြည့်နေရင်း ဆင်း မေးတော့ ရွှက်လှာ ဘာမှမပြောဘဲ နေလို့မရတော့ပါ။

"အင်း မင်းပျိုက ခင်မင်စရာကောင်းပါတယ် ဆင်း၊ ရိုးသား တယ်လေ၊ ပြောရရင် ချစ်သူရည်းစားလည်း မထားဖူးပါဘူး၊ ဆင်း

တစ်ယောက် တည်းကိုပဲ သူ ချစ်ခဲ့တာပါ"

"အဟင်း ဟင်း"

ရွက်လှ္တာကို ငေးကြည့်နေရင်း ဆင်း သဘောကျသလို အသံ လေး ထွက်အောင် ရယ်မောနေ၏ ။ ဆင်းထည်ဝါဆီက တွေ့ခဲ့လုသော အရယ်အပြုံး တွေ ကို အခုတလော ရွက်လှ္တာ တွေ့နေရတာ ကြာပြီ။

"တကယ်ပြောတာပါ ဆင်းရဲ့"

"အဟင်း ရွက်လှ္တာက မင်းပျို လွင်ဘက်ကလား၊ အမြဲတမ်း မင်းပျိုအကြောင်း အကောင်းတွေ ပဲ ရွက်လှ္တာက ပြောတယ်နော်"

"အို ဒီသဘော မဟုတ်ပါဘူး ဆင်းရယ်၊ ဟိုလေ ရွက်လှ္တာ မြင်တဲ့အတိုင်း အမှန်ပြောတာပါ၊ မင်းပျိုကို ဆင်းကကော ဘယ်လိုထင် မြင်လို့လဲ"

ရွက်လွှာ ပြန်မေးခွန်းထုတ်တော့ ဆင်း ပခုံးလေးတွန့်ပြီး ရင်း ခေါင်းတညိတ်ညိတ် ပြုံး နေဆဲ။

"အင်း မဆိုးပါဘူး၊ တို့အပေါ် မင်းပို့ ဆက်ဆံသလောက်တော့ ခင်မင်စရာ ကောင်းပါတယ်၊ ဒါပေမဲ့ လူ တစ်ယောက် ရဲ့ အတွင်း စိတ် ဆိုတာ မြင်ကြည့်ဖို့ ခက်ခဲတယ်လေ"

"မင်းပို့က အဲဒီ လိုမျိုး မဟုတ်ပါဘူး ဆင်းရယ်၊ ဟိုလေ ရွက်လွှာ သူ့ဘက်ကလိုက်ပြောတာ မဟုတ်ပါဘူး၊ ရွက်လွှာ အမြင်အတိုင်း ဝေဖန်ပြတာပါ"

ရွက်လွှာ ရိုးသားစွာ ပဲ ဝန်ခံတော့ ဆင်း ခေါင်းညိတ်ရင်း ထိုင်ခုံလေးက ထရပ်သည်။

"အင်း ရွက်လွှာရဲ့ ထင်မြင်ချက်က မမှား ပါဘူး၊ သူ တို့ကို ချစ်တယ်ဆိုတာ လက်ဖျံမှာ ထိုးထားတဲ့ ဆေးမင်ကြောင်က သက်သေ ထင်ပါရဲ့ အဟင်း ဟင်း"

"မင်းပိုလက်က ဆေးမင်ကြောင်ကို ဆင်း မြင်တွေ့ပြီးပြီပေါ့"

"သူကိုယ်တိုင် ပြတာလေ၊ တော်တော် တော့ ရယ်စရာကောင်း သားနော်၊ ယောကျ်ားတွေ က ဒီလိုပဲ ကြောင်တောင်တောင် အလုပ်တွေ လုပ်တတ်မှန်း ဆင်း အခုမှ သိတယ် ရွက်လွှာရဲ့ "

ဆင်း ပြောရင်း လှောင်သလိုလေး ရယ်နေတာကို ရွက်လွှာ တအံ့တသြ ငေးကြည့်နေမိသည်။

စောစော ကတော့ မင်းပိုအကြောင်းတွေ မေး၊ ကျေနပ်နေသော ဆင်း အခုတော့ မင်းပို လုပ်ရပ်အတွက် လှောင်နေပြန်သည်လား။

"သူက တို့ကို ချစ်ကြောင်း သက်သေပြတာတဲ့လေ အဟင်း ဟင်း

အသားအနာခံပြီး သေရာပါ ဆေးမင်ကြောင်
ထိုးတာတော့ ဆင်း သဘောမကျပါဘူးနော် ရွှက်လွှာ"

"ဒါတော့ ဒါပေါ့ ဆင်းရယ်၊ ဒါပေမဲ့ မင်းပျို့က ဆင်းကို သိပ် ချစ်လို့ ဖြစ်မှာ ပါ"

"ရွှက်လွှာ ကတော့ မင်းပျို့ရဲ့ ရှေ့နေပဲနော်၊ အဟင်း ဟင်း ဆောရီးနော် တို့က နောက်တာပါ၊ မင်းပျို့ အချစ်ကို တို့ ယုံပါတယ်၊ သူ့လုပ်ရပ်က တို့ကို အံ့သြစေတယ်၊ လှုပ်ခတ်စေတယ်ဆိုတာလည်း ဝန်ခံပါတယ်"

"ဟို ဆင်း ဆင်း မင်းပျို့ကို အဖြေပေးပြီးပြီလားဟင်"

ရွှက်လွှာ သိချင်စိတ်လေးနှင့် မေးကြည့်တော့ ဆင်း မျက်နှာ လေး တည်သွားခဲ့ရင်း

"ဟင့်အင်း အဲဒီ လောက်အထိ တို့

မဆုံးဖြတ်ရသေးပါဘူး ရွက်လှာရယ်၊ တို့ မင်းပို့ကို စမ်းသပ်စရာတွေ အများ ကြီး ရှိသေးတယ်"

ဆင်း ဝန်မခံသေးပေမယ့် မင်းပို့အပေါ်မှာ ငြိတွယ်နေပြီဟုပဲ ရွက်လှာ ယုံပါသည်။

"ကဲ တို့ အိပ်တော့မယ် ရွက်လှာ၊ အိပ်မက်ထဲမှာ သူနဲ့ဆုံချင် ဆုံဦးမှာ အဟင်း"

ပြောရင်း နှုတ်ဆက်ထွက်သွားသော ဆင်းကိုကြည့်ကာ ရွက်လှာ ရင်ထဲမှာ လစ်ဟာကျန်ရစ်ခဲ့သည်။

ဝမ်းသာပါတယ် မင်းပို့ရယ်။

နင့်ဆန္ဒတွေ ပြည့်ဝတော့မှာ ကို ငါ ကျေနပ်ဝမ်းသာနိုင်အောင် ကြိုး စားခဲ့ပြီးပါပြီဟာ။

အချစ်ဆိုတာ လိုချင်တိုင်း ရနိုင်တဲ့ အရာတစ်ခု မဟုတ်တာ ငါ နားလည်တတ်ခဲ့ပြီးပါပြီ။

ဒီအတွက် ရင်ခုန်သံတွေ တူညီတဲ့ နင်တို့နှစ်ယောက် အတွက် ငါ ကျေနပ်စွာ လက်ခုပ်တီးပေးမှာ ပါမင်းပြို။

ငါ့အချစ်တွေ အတွက်တော့...။

*

# အခန်း (၉)

"ဆင်း တစ်ယောက် ယောက် ကို မျှော်နေသလားလို့"

ထိုင်နေတာ မင်းပို့နှင့်ဆင်း နှစ်ဦးတည်းပေမယ့် ဆင်း မျက် ဝန်းတွေ က ကင်တင်းနဲ့အပြင်ဘက်ကို တမျှော်မျှော် ဖြစ်နေတာ မင်းပို့ရိပ်မိသွားသည် ထင်သည်။

"ဆင်း မျက်လုံးတွေ က ကျွန်တော့် ဆီမှာ မရှိဘူးလေ"

"ဟုတ်တယ် မင်းပို့"

"ဘယ်သူလာမှာ မို့လဲ ဆင်း"

"လာရင်သိမှာ ပေါ့ မင်းပို့"

"ယောက်ျားလေးတော့ မဟုတ်ပါဘူးနော်"

"သိချင် ခဏလေးစောင့်"

ဆင်း ရယ်ပြုံး ပြုံး လေး ပြောတော့ မင်းပို့ မျက်နှာ မဲ့ခနဲ ဖြစ်သွားသည်။ ပြီးမှ လွင့်ခနဲ ပြုံး သွားရင်း

"ဆင်း မပြောလည်း ကျွန်တော် သိပြီးသားပါ ဆင်းရယ်၊ ဆင်းလို မိန်းကလေးက နောက်ထပ် ဘယ်ယောကျ်ားကိုမှ မပတ်သက် ဘူးဆိုတာ ကျွန်တော် လုံးဝ ယုံတယ်"

ပြောရင်း ကျေနပ်သလို ပြုံး စစ ဖြစ်နေသော မင်းပို့ကို ဆင်း သနားစရာ သတ္တဝါလို ကြည့်သည်။ ထိုအခိုက်မှာ ပဲ ဆင်း မျက်ဝန်းထဲ မှာ မြင်လိုက်ရသော အရိပ်တစ်ခု။

ဆင်း မျက်ဝန်းတွေ ရွှန်းပသွားတာမို့ မင်းပို့ ကလည်း ဆိုင် အပြင်ကို လှမ်းကြည့်၏ ။

"ရှာလိုက်ရတာ ဆင်းရယ်၊ ကိုယ် ဆင်းတို့ ကလပ်စ်ဘက် ရောက်ခဲ့သေးတယ်"

အပြာနုရောင် စပို့ရှပ်လက်ရှည်ကို အနက်ရောင် ဘောင်းဘီ ပင်နိနှင့် တွဲ ဝတ်ထားသော လူရွယ်က ပြောရင်း မင်းပြုံကို မျက်မှော င်ကြီးကုပ်ကြည့်သည်။

"ထိုင်လေ ကိုမင်း"

ဆင်း ပြောမှ ထိုပုဂ္ဂိုလ် လွတ်နေသော ထိုင်ခုံမှာ ဝင်ထိုင်ရင်း မင်းပြုံကို ဘုကြည့်ကြည့်သည်။

"ဆင်း သူက ဘယ်သူလဲ"

"မင်းပြုံလွင် တဲ့၊ ပြောရရင် ရှင့်လိုပဲပေါ့ ကိုမင်းရယ်၊ အဆန်း လုပ်မေးနေရသေးတယ်"

"မေးရတာ ပေါ့ ဆင်းရယ်၊ ကိုယ် မဟုတ်ဘဲ အခြားတစ် ယောက် နဲ့ ဟိုသွားဒီသွား လုပ်မှာ စိုးလို့"

"အဟင်း ဘယ်မှမသွားဘူး၊ ကင်တင်းနဲ့မှာ ပဲ ရှိနေတာလေ၊ ဒါနဲ့ ကိုမင်းက ဘာလို့ တို့ကို လိုက်ရှာနေရတာ လဲ"

"ဟိုတလောက ဆင်း လိုချင်တယ်လို့ ပြောတဲ့ ပစ္စည်းအတွက် ပေါ့"

ပြောရင်း ကိုမင်း အင်္ကျီအိတ်ထဲကို လက်နှိုက်သည်။ ပြန်ထွက် လာတော့ သူ့ လက်ထဲမှာ ပါလာတာက ကတ္တီပါဘူး အနက်ရောင် လေး ဖြစ်သည်။

ဆင်း မျက်နှာလေး ဝင်းပသွားပေမယ့် မင်းပို့ ကတော့ မျက် မှောင်ကြီး ကုပ်ပြီး ကြည့်နေသည်။

"တို့အတွက် ကိုမင်း ရအောင်ဝယ်လာတာလား"

"မရရအောင် ဝယ်လာတာပေါ့ ဆင်းရယ်၊ ဟောဒီမှာ ကြည့်"

ကတ္တီပါဘူးအနက်လေးကို ဖွင့်ပြတော့ ဆင်းမျက်နက်ဝန်းလေး တွေ့ရှန်းလဲ့တောက်ပသွားခဲ့ကာ အငမ်းမရ ယူကြည့်သည်။

"စိန်ပွင့်က ရတီအပြည့်နော်၊ ပလက်တီနမ်ကလည်း တကယ့် အကောင်းစား၊ ဆင်းစိတ်တိုင်းကျအောင် စီစဉ်ခဲ့တာ၊ သဘောကျရဲ့ လား ဟင် ဆင်း"

"အိုခေ သိပ်ကြိုက်တာပေါ့၊ ကိုမင်း တို့ကို လက်ဆောင်ပေး တာနော်"

"ဒါပေါ့ ဆင်းရဲ့ ၊ တစ်ဆယ်ကျော်လေးပဲ တန်တာပါ၊ တို့ အတွက် မပြောပလောက်ပါဘူး၊ ဆင်းသာ လိုချင်တယ်ဆိုရင် ဒီထက် မက တန်ဖိုးရှိတာ ပေးနိုင်တယ်"

"အပြောနဲ့ အလုပ် ညီမညီ စောင့်ကြည့်ရမှာ

ပေါ့ ကိုမင်းရယ်"

"အကြွင်းမဲ့ ယုံကြည်လိုက်ပါ ဆင်းရယ်၊ ဆင်းသာ တို့ကို အဖြေပေးလိုက် ၊ ဒီထက် တန်ဖိုးကြီးတဲ့ လက်ဆောင် ချက်ချင်း ရောက်လာ စေရမယ်"

"ဟုတ်လား စဉ်းစားလိုက်ဦးမယ်၊ ဘာလက်ဆောင်တောင်းရင် ကောင်းမလဲလို့ အဟင်း ဟင်း"

သူ့ကို ရှေ့မှော က်မှာ ထားပြီး ဆင်းတို့နှစ် ယောက် ပြောဆိုနေ သော စကားတွေ ကြောင့် မင်းပိုု မျက်နှာကြီး ညိုညစ်နီမြန်းနေ၏ ။ စကားအသွားအလာတွေ က ဆင်းတို့နှစ် ယောက် ရဲ့ ပတ်သက်မှု အတိုင်း အတာတွေ ကို ဖော်ပြနေကြပြီ။

ပြီးတော့ စိန်ပွင့်လက်စွပ်လေးကို လက်မှာ ဝတ်ဆင်ပြီး ကြည့်မဝ ရှုမဝ ဖြစ်နေသော ဆင်းရဲ့

အမူအရာတွေ က ယုံနိုင်စရာတောင် မရှိပါ။

သူ့ အထင်ကြီး တန်ဖိုးထားရသော ဆင်းထည်ဝါက ဒီလို မိန်းကလေး တစ်ယောက် လား။ မင်းပြုံမယုံချင်ပေမယ့်

"သင့်ခယူ ကိုမင်း၊ ကိုမင်းရဲ့ ရက်ရောမှု ကို တို့ အသိအမှတ် ပြုလိုက်ပြီ သိလား"

"အသိအမှတ်ပြုရုံ သက်သက်ပဲလားဟင် ဆင်း"

"အိုး လောမကြီးနဲ့လေကွာ၊ ယူ့ကို တို့ အသိအမှတ်ပြုတယ် ဆို ကျေနပ်ပေါ့၊ ဒီထက်ပိုလိုချင်ရင် စောင့်ဦးလေ ဟုတ်ပြီလား"

"ဟုတ်ပါပြီဗျာ ကျေနပ်ပါပြီ၊ အခု ဆင်း ပလာဇာသွားမယ် ဆိုရင် တို့လိုက်ပို့ပေးဦးမှာ "

"အတော် ပဲ တို့ ဒီနေ့ ကျောင်းတက်ရတာ

လုံးဝ စိတ်မပါဘူး၊ သွားမယ်လေ ယူ့မှာ ကားပါလား"

"ပါတာပေါ့၊ ဆင်းအလိုကျ ဖြစ်စေရမယ်"

တစ်ယောက် ကလည်း ပုတ်သင်ညို တစ်ကောင်လို ခေါင်းညိတ် ဖို့အသင့်။ တစ်ယောက် ကလည်း အပြုံး တွေ ၊ အညုတွေ နဲ့ အလိုရှိရာကို ဖမ်းစားသိမ်းသွင်းနေသည်။

"ကဲ မင်းပျိုလွင် နောက်မှဆုံတာပေါ့၊ တို့ကို ခွင့်ပြုဦး"

မင်းပျိုဘာမှမပြောနိုင်ခင်မှာ ပဲ ဆင်းထည်ဝါက ထရပ်ပြီး ဖြစ်နေသည်။ ကိုမင်း ဆိုသည့် ပုဂ္ဂိုလ်ကလည်း ခါးကြားက ဟန်းဖုန်း ကို ဆွဲထုတ်ကိုင်ပြီး ထရပ်ပြီး ဖြစ်နေ၏ ။

"သွားစို့ ကိုမင်း"

"အိုခေ ဆင်း"

ကင်တင်းနိမှာ ကျန်ရစ်ခဲ့တာ သူ
တစ်ယောက် တည်း။ စားပွဲမှာ တစ်ငုံမျှလောက်ပဲ
သောက်သွားသော အအေးဘူးလေးနှင့်အတူ သူ့ကို
ဆင်း ချန်ထားရစ်ခဲ့ပြီ။

နှစ် ဦးသား လက်ချင်းချိတ် တွဲ သွားတာ
မဟုတ်ပေမယ့် ထို မြင်ကွင်းက မင်းပို့ရင်ထဲမှာ
ရုံးရှအောင့်မျက်နေစေ၏ ။

ဆင်းရယ် ရက်စက်လိုက်တာ။

*

"လာခဲ့ပါ ရွှက်လှသာရယ်၊ ငါ့ရင်ထဲမှာ
မွန်းကျပ်လွန်းလို့၊ နင့်ကို ရင်ဖွင့်ချင်လို့ပါ"

ဖုန်းထဲမှာ ကြားနေရသော မင်းပို့အသံတွေက တောင်းပန် တိုးလျှိုး နေ၏ ။ မင်းပို့ဘာဖြစ်နေတာလဲ ရွက်လှွာ နားမလည်နိုင်ပါ။

"နင် ဘာတွေ ဖြစ်နေတာလဲ မင်းပို့"

"ငါ အရမ်းခံစားနေရတယ် ရွက်လှွာ၊ ဆင်းသိပ်ရက်စက် တယ်"

"ဘာရယ် ဆင်းက နင့်ကို ဘာလုပ်လို့လဲ"

"ကိုယ်ထိလက်ရောက် ရိုက်နှက်လိုက်ရင်တောင် ငါ ခံနိုင်သေး တယ် ရွက်လှွာရယ် အခုတော့"

ပြောရင်း တိမ်ဝင်သွားသော အသံတွေကြောင့် ရွက်လှွာ ဘာမှ မကြားရပါ။

"ရွက်လှွာ နင် လာခဲ့ပါဟာ၊ ငါ Mr. Guitor မှာ ရှိမယ်"

ပြောပြီး ဖုန်းပိတ်သွားတော့ ရွက်လွှာ စိုးရိမ်သွားမိသည်။ မင်းပျိုဘာလို့ ဒီလောက်အထိ ခံစားနေရတာ လဲ။ ဆင်းနဲ့ ဘာတွေ ဖြစ်ကြလို့လဲ။ သိချင်စိတ်နှင့် လူက ထထွက်ပြီး ဖြစ်နေသည်။

တက္ကစီကားလေးကို တားပြီး ထွက်ခဲ့မိသည်က မင်းပျိုနှင့် အတူ ထိုင်နေကျ Mr. Guitor ဆိုင်လေးဆီသို့ ပဲ ဖြစ်သည်။

ဆိုင်လေးကို ရောက်တော့ မင်းပျိုကို အလွယ်တကူပဲ တွေ့ရ သည်။ တစ်ယောက် တည်း စားပွဲလေးမှာ ငူငူငိုင်ငိုင် ထိုင်နေသည်။

ရွက်လွှာ ဝင်လာတာကိုတောင် မြင်ပုံမရ။

"မင်းပျို"

"ဟင် ရွက်လွှာ"

မင်းပျိုနှင့် မျက်နှာချင်းဆိုင် ထိုင်ခုံလေးမှာ ပဲ

ဝင်ထိုင်လိုက် သည်။ မင်းပို့မှာ ထားသော ကော်ဖီခရားလေးက ငှဲ့ထားရပုံပင် မရှိ။

"နင် ဘာတွေ ဖြစ်နေတာလဲ မင်းပို့၊ ငါက နင့်ကို အတန်းထဲ မှာ မတွေ့လို့ လိုက်ရှာနေတာ"

"ငါ မတက်ချင်လို့ ထွက်ခဲ့တာ၊ နင် အတန်းမပျက်စေချင်လို့ မခေါ်ဘဲနေတာ၊ ဒီရောက်မှ ငါ တစ်ယောက် တည်း ဘယ်လိုမှ မခံစား နိုင်တော့လို့"

"ဘာတွေ ဖြစ်နေတာလဲ၊ နင့်ရုပ်ကြီးက လင်းတကြီး ဆေးမိ ထားတဲ့အတိုင်းပဲ"

ရွှက်လှ အရွှန်းဖောက်ပြီး နောက်ပြောင်ပေမယ့် မင်းပို့တစ် ချက်လေးတောင် မပြုံ း နိုင်ရှာပါ။ မင်းပို့ကို ကြည့်ရင်း ရွှက်လှတောင် အပူတွေ ကူးချင်သလိုလို ဖြစ်ချင်လာတဲ့အထိ။

"နင့်ဘဝ ကတော့ အမြဲတမ်း

ငြိမ်းငြိမ်းချမ်းချမ်း ရှိနေတာပဲ နော် ရွှက်လွှာ၊ ဘာသော
က ရောက်စရာမှ မရှိဘူး၊ နင့်ဘဝကို ငါ
အားကျလိုက်တာ''

ရွှက်လွှာကိုကြည့်ပြီး မင်းပို့ပြောသည်။ မပြုံ
း ချင်ပါဘဲ ပြုံး မိ ပြန်သည်။ သူမ ဘဝက
ငြိမ်းချမ်းသည်တဲ့လား။ တကယ်ဆို အပူတွေ ကို သူမ
သိုဝှက်ထားခဲ့ရတာ ပါ။ အခုတောင် မင်းပို့ကြောင့်
သူမပါ ပူလောင် နေရပြီလေ။

''မင်းပို့နင် ဘာ ဖြစ်နေတာလဲဟင်၊ ငါ
ရင်တုန်လိုက်တာ၊ သူငယ်ချင်းတွေ ပဲ ပွင့်ပွင့်လင်းလင်း
ပြောစမ်းပါဟယ်''

မင်းပို့ပင့်သက်ကြီး ရှိုက်သည်။ ပြီးတော့
သူမကို တွေ တွေ ငေးငေး စိုက်ကြည့်ရင်း

''ငါ ဆင်းကို ဘယ်လိုမှ

နားမလည်နိုင်တော့ဘူးဟာ၊ ငါ ယုံ ကြည်ထားသမျှ အလကား ဖြစ်ကုန်ပြီ၊ ဆင်းကို ငါ ဘယ်လိုမှ ထင်မထား တာ''

''ဟင် ဆင်းက ဘာတွေ ဖြစ်နေလို့လဲ''

''ဆင်း သိပ်ရက်စက်တယ်ဟာ''

မင်းပို့ရေရွတ်ရင်း အားလုံးကို ပြောပြသည်။ မင်းပို့စကား တွေ ကို နားထောင်ရင်း ရွှက်လှာ အံ့သြမိသည်။

နားရှိလို့သာ ကြားနေရ၏ ။ ပြီးတော့ ကာယကံရှင် မင်းပို့ကိုယ်တိုင် ပြောပြလို့ ယုံရ၏ ။ ဘယ်လိုမှ ယုံကြည်စရာ မကောင်းသော ကိစ္စကြီး ဖြစ်နေတာ အမှန်။

ဆင်းလို အရာရာ ပြည့်စုံပြီး မာန်မာနကို တန်ဖိုးထား ကိုးကွယ် သော မိန်းမ တစ်ယောက် က

ယောက်ျား တစ်ယောက် ပေးသည့် လက်ဆောင်ပစ္စည်းကို မက်မောတွယ်တာနေသည်ဆိုတာက ဘယ်လိုမှ မ ဖြစ် နိုင်ပါ။

"ဟုတ်ရဲ့ လား မင်းပို့ရယ်၊ မ ဖြစ်နိုင်တာ"

"ငါ မျက်စိရှေ့မှော က်မှာ ဖြစ်ခဲ့တဲ့ ကိစ္စကြီးပါ ရှက်လွှာရယ်၊ ငါ တကယ်ခံစားရတယ်"

မင်းပို့ပြောရင်း မျက်ဝန်းထဲမှာ မျက်ရည်လေးတွေ တောင် ဝဲလာ၏ ။ ဒီလို မြင်ရတော့လည်း ရှက်လွှာ ရင်ထဲမကောင်း။

"ဟင်း ငါတောင် ဘယ်လိုပြောရမှန်း မသိတော့ဘူး မင်းပို့ရယ်၊ ဆင်း ဘာတွေ လုပ်နေတာလဲ၊ အရင်ကဆို ဆင်းက အရမ်းမာန ကြီးတာ၊ တန်ဖိုးကြီး လက်ဆောင်ပစ္စည်းမပြောနဲ့ ပန်းစည်းလောက် ပေးတာတောင် လက်ခံတာ

မဟုတ်ဘူး''

''ဘာပဲ ဖြစ် ဖြစ် ဆင်း ငါ့ရှေ့မှာ လုပ်လိုက်တာ ငါ အရမ်းခံစား ရတယ်''

မင်းပို့မချိုတင်ကဲ ပြောနေတာ ငေးကြည့်ရင်း ရှက်လွှာ ရင်ထဲမှာ လည်း ဝမ်းနည်းနေမိသည်။ ဆင်းကို အဲဒီ လောက်အထိတောင် နင် ချစ်သလား မင်းပို့ရယ်။

''ငါ ဘာဆက်လုပ် သင့်သလဲ ဟင် ရှက်လွှာ''

မင်းပို့မေးတော့ ရှက်လွှာ ပင့်သက်တွေ ပဲ အခါခါချမိသည်။ ဆင်း ဒီလို ရက်စက်မှတော့ မေ့ပစ်လိုက်ပေါ့ဟု ပြောချင်သည်။ ဒါပေမဲ့ ပြောမထွက်။

''ဆင်းက နင့်ကို အဖြေပေးပြီးပြီလား မင်းပို့
''

''ဟင့်အင်း မပေးသေးဘူး ရှက်လွှာ''

"ဒါဆို နင် နောက်ဆုတ်လိုက်ပါလား မင်းပို့၊ နင် ခံစားရမှာ ငါ စိုးရိမ်လို့ပါ"

"ဟင့်အင်း မ ဖြစ်နိုင်တာ၊ ဆင်းကို ငါ ဘယ်လောက်အထိ ချစ်တယ်ဆိုတာ ငါပဲ သိပါတယ်ဟာ၊ ငါ သေသွားရင်တောင် ဆင်းကို နောက်ဘဝအထိ ချစ်မှာ "

"မင်းပို့ရယ် အချစ်ဆိုတာ ထပ်တူညီမှ ကောင်းတာပါ"

"ရွှက်လွှာ နင် ငါ့ကို စိတ်မာတ်ကျအောင် ပြောနေတာလား ဟင်"

အကြံပေးတော့လည်း မင်းပို့ လက်မခံနိုင်တော့ ရွှက်လွှာ ပင့်သက်ချရင်း ခေါင်းကို ခါမိ၏ ။

"ငါ ဒီသဘော မဟုတ်ပါဘူး မင်းပို့"

"ဒါဆို အဲဒီ အကြံကြီး မပေးနဲ့ ရွှက်လွှာ၊ ငါ အရမ်းခံစားရတယ် ငါ ဖြစ်ချင်တာနဲ့ ငါ ဘာလုပ်သင့်သလဲ ထပ်တူကျအောင် အကြံပေးစမ်း ပါဟာ"

"မင်းပျိုရယ် နင့်ကြောင့် ခက်တယ်"

ရွှက်လွှာ ညည်းညည်းညူညူလေး ရေရွတ်မိသည်။ ဆင်းနဲ့ ပတ်သက်ပြီး မင်းပျို အခြေအနေက နေမြင့်လေ အရှူးရင့်လေ ဖြစ်နေပြီ လား။

ဖြူဆွတ်နေသော အသားအရည်နှင့် နုဖတ်ကြည်လင်နေသော မျက်နှာလေးကို ငေးရင်း ရင်ထဲမှာ မြတ်နိုးစိတ်တွေ ပိုလာရ၏ ။

မင်းပျိုရယ် နင့်ရဲ့ မေတ္တာမိုးတွေ ငါ့အပေါ်မှာ ပဲ ရာနှုန်းပြည့် ရွာချလိုက်ပါတော့လား။

"ရွက်လွှာ"

"ဟင် ဘာ ဘာလဲ မင်းပို"

"ဒုက္ခပါပဲ နင်ကလည်း ဘယ်ကို စိတ်ရောက်နေတာလဲ၊ ငါ့ အနားမှာ ရှိနေတာတောင်"

"ဆောရီးဟာ ပြောလေ နင် ဘာပြောမလို့လဲ"

ကိုယ့်ရင်ထဲက ခံစားချက်တွေ ကို ကြိတ်မှိတ်မျို ချရင်း ပြောလိုက် မိ၏ ။ ဒီတော့မှ မင်းပို မျက်ဝန်းတွေ ရွှန်းပကြည်လင်လာရင်း

"ဆင်းနဲ့ပတ်သက်နေတဲ့ ကိုမင်းဆိုတဲ့ကောင်က ဘယ်သူလဲ၊ နင် သိနေသလား ရွက်လွှာ"

"ဟင့်အင်း ငါ လုံးဝ မသိတာ သေချာတယ်"

"ပြဿနာပဲ အဲဒီ ကောင်ကို ငါ ဂုတ်ကကိုင်ဆွဲပြီး ဆွဲထိုးပစ် လိုက်ချင်တာ၊ ငါ့ရှေ့မှာ မို့ တမင်လုပ်ပြသွားတာ၊ ဆင်းအတွက်ဆို ငါ ဆိုတဲ့ကောင်က ဒီထက်တောင် ပေးဆပ်နိုင်သေးတယ်၊ ဆင်းအတွက်ဆို ငါ အသက်တောင် ပေးရဲတယ်"

မင်းပြုံဆိုတော့ ရှက်လွှာ မချိပြုံး လေးပြုံး မိသည်။ ဒါကိုမြင် သွားသော မင်းပြုံမျက်ခုံးတွေ ကုပ်ကျသွားသည်။

"နင်က ငါ့ကို လှောင်တာလား ရှက်လွှာ၊ အင်းလေ နင် လှောင်နိုင်မှာ ပေါ့၊ ငါ့လို ချစ်တတ်လာမှ နင် ကိုယ်ချင်းစာတတ်လာမယ်"

"ဘယ်လို ကိုယ်ချင်းစာတတ်လာမယ် ဟုတ်လား မင်းပြုံ"

မင်းပြုံစကားက ရင်ထဲအထိ စူးစူးနစ်နစ်

နာကျင်စေသည်။ မသိတော့လည်း နင် ပြောမှာ ပေါ့ မင်းပို့ရယ်။

တကယ်ဆို ရင်ထဲက နှလုံးသားတစ်ခုလုံး ပေးဆပ်ပြီး နင့်ကို ငါ ကူညီခဲ့တာ နင်မှမသိဘဲ။ နင် မသိနိုင်ဘဲ မြှုံသိပ်ထားရတဲ့ ငါ့အချစ် တွေ က တန်ဖိုးမဲ့နေပြီလား။

မင်းပို့ရယ် အပြစ်မတင်ရက်ပါဘူး။ နင့်ကို စာနာနားလည်မှု တွေ နဲ့ နင် ရင်ဖွင့်တိုင်း ငါ နားထောင်ပေးခဲ့တာပါ။

"မင်းပို့အခု နင် ငါ့ကို ခေါ်တွေ့တာ ဒီကိစ္စအတွက်မို့လား"

"အင်းလေ နင့်ဆီက အကြံလည်း ငါ လိုချင်တယ်"

"ဒါဆို ရှင်းနေတာပဲလေ၊ နင်မှ

နောက်မဆုတ်နိုင်တာ၊ ရှေ့ ဆက်တိုးဖို့ပဲ ရှိတော့တာပေါ့၊ ဆင်းဆီက အဖြေကို ပြတ်ပြတ်သားသား တောင်းဆိုပေါ့ဟာ"

"ဆင်းက သူ မဖြေချင်ဘဲ ဇွတ်တောင်းဆိုတာမျိုး မကြိုက်ဘူး ဟ"

ဆင်းဘက်ကကျတော့ စာနာသိတတ်ပေးနေလိုက်တာ မင်းပိုရှုံးရယ်။ ဒါပေမဲ့ နင့်ကို ငါ စိတ်မနာရက်ပါဘူး။

"ဒါဆို နင် ဘာဆက်လုပ် မှာ လဲ"

"နင့်ကိုပဲ အပူကပ်ရတော့မှာ ပေါ့ဟာ၊ သူ ဘယ်သွားတယ် ဘာလုပ်တယ်ဆိုတာ ပြီးတော့ ဘယ်သူ့ကို ဆက်သွယ်ပတ်သက်နေသလဲ ဆိုတာတွေ နင် စောင့်ကြည့်ပေးပါ၊ ပြီးတော့ ငါ့အကြောင်းတွေ ကို ဆင်း နားလည်အောင် နင် ပြောပြပေးပါဟာ"

ဖြစ်စေချင်သမျှတောင်းဆိုမှု တွေ က အများ ကြီးပါပဲလား မင်းပို။ ရွက်လှ္ဒာ မင်းပိုကို ငေးငေးလေး စိုက်ကြည့်ရင်း

"ငါ ဘယ်လိုပြောပေးရမှာ လဲ မင်းပို"

"နင်ကလည်း ဒီလောက်တောင် တုံးရသလား။ ငါ့ခံစားချက် တွေ ကို ဆင်း သိအောင် ပြောပြပေါ့ဟာ"

"ဘာထူးလာမှာ မို့လဲဟာ"

"ထူးတာပေါ့ ရွက်လှ္ဒာရဲ့ ၊ ဆင်းက ငါ့ကို လေ့လာအကဲခတ်နေ တာလေ၊ ငါ့ခံစားချက် ငါ့အချစ်တွေ ကို ဆင်း သိနားလည်လာမှ အဆင် ပြေမှာ ပေါ့"

"ဆင်းက ငါ ပြောလို့ လက်ခံယုံမယ် မထင်နဲ့ မင်းပို၊ ငါ ပြောတာကို သူ ကြည်ကြည်ဖြူဖြူ

နားထောင်ရင် တော် သေး၊ လက်မခံ ဘဲ ငေါက်နေမှ ခက်မယ်"

ရွက်လှ္ဒာ ငြင်းဆိုမိတော့ မင်းပို့ မျက်နှာကြီး အလိုမကျစွာ နီမြန်းလာပြန်သည်။ ဒီလို ဖြစ်ရပြန်တော့ မနေတတ် ဖြစ်ရပြန်တာ သူမပဲ ဖြစ်၏ ။

"ငါ မပြောချင်လို့ မဟုတ်ဘူး မင်းပို့ရယ်၊ သူ မမေးဘဲ ငါ့ မှာ ပြောခွင့်မရှိဘူး၊ သူက ငါ့ကို နင့်ဘက်ကလူလို့ ထင်နေတာ၊ စာထည့် ပေးကတည်းက သိသွားတာ"

"ဒါဆို နင် မကူညီနိုင်ဘူးပေါ့"

"ငါ ကူညီချင်ပါတယ် ဒါပေမဲ့"

"ဒါပေမဲ့ မနေနဲ့တော့ ရပြီ၊ ငါ နားလည်ပြီ၊ နင် ပြန်တော့"

"ဟင်"

"ဟုတ်တယ်လေ ပြန်တော့၊ နင့်ကိုလည်း ငါ ဒုက္ခမပေးတော့ ဘူး၊ ငါ့ဘာသာပဲ ဘာ ဖြစ် ဖြစ်"

မင်းပို့စိတ်ဆိုးသွားသလို မာတင်းတင်း မျက်နှာနှင့် အကြည့် လွှဲကာ ငြိမ်သွား၏ ။ ဒီလို မင်းပို့ ဥပေက္ခာပြုတော့ ရှက်လွှာ ရင်ထဲ မကောင်း ဖြစ်ရပြန်သည်။

"မင်းပို့"

"ဘာလဲ"

"နင်ကလည်း ငါ အကောင်းခေါ်တာကို"

မင်းပို့လှည့်ကြည့်ပေမယ့် မျက်နှာကြီးက မှုန်ကုပ်နေ၏ ။ တစ်ခါ တစ်ခါတော့လည်း သူမကို မင်းပို့ ဒီလို အနိုင်ယူတတ်သည်။ ဆင်းထည်ဝါနှင့်ကျတော့ ခေါင်းပဲညိတ်တတ်သော ပုတ်သင်ညိုလေးလို ပါပဲလား။

"နင်မှ မတတ်နိုင်တဲ့ကိစ္စ ငါ ဘာလုပ်ရမှာ

လဲ"

"နေပါဦး မင်းပို့ရယ်၊ နင်ကြုံခဲ့တဲ့ကိစ္စ အမှန်ဆိုရင်"

"လာပြန်ပြီ မမှန်တာ နင့်ကို ငါ ပြောမလား ရွှေရွက်လှာရဲ့"

စိတ်တိုသလို ခပ်ရွဲ့ရွဲ့ ပြောတော့ ရွက်လှာ စိတ်မဆိုးရက်ဘဲ ပြုံး မိသေး၏။ တစ်ခါတစ်ခါ မင်းပို့ သည် ကလေးဆန်လွန်းစွာ ချစ်စရာ ကောင်းနေတတ်ပြန်ပါသည်။

"ဟုတ်ပါပြီ ငါ့စကားကို အသေအချာ နားထောင်ပါဦးဟာ၊ ဆင်း ဒီလိုလုပ်တာဆိုရင် နင့်ကို စမ်းသပ်တာလည်း ဖြစ်နိုင်တယ်"

"စမ်းသပ်တာ အင်း ဟုတ်တယ် နင် ပြောမှ စဉ်းစားမိတယ်၊ ဆင်းက ငါ့ကို စောင့်ကြည့်ဦးမယ်တဲ့၊ ဒါ

စမ်းသပ်တာပေါ့၊ သူ ဖြစ်ချင်တာ ကိုမိုးဆိုတဲ့ကောင်လို ငါ သူ့ကို ဂရုစိုက်စေချင်တာလား"

"နင်က ဆင်းကို ဂရုမစိုက်လို့လား"

"အရိပ်လို နေပေးခဲ့တာပါဟာ၊ ကိုမိုး ဆိုတဲ့ကောင်ပေးတဲ့ လက်ဆောင်ထက်မကတဲ့ လက်ဆောင်တွေ ငါ ပေးနိုင်တယ်"

အဲသလောက်ထိတောင် မင်းပြုံ တုံးလွန်းနေသည်လား။ ဆင်း ထည်ဝါရဲ့ စိတ်ကိုတောင် မဖတ်နိုင်ဘူးတဲ့လား။

"ဒီမှာ မင်းပြုံ ဆင်းက နင်ထင်သလို မဟုတ်တာ သေချာ တယ်၊ နင်က အဲဒီ လို မလုပ်နဲ့လေ၊ ဆင်း ဘယ်လိုပဲ စမ်းသပ်ပါစေ၊ မျက်နှာပျက်စရာ မလိုဘူး၊ အဲဒီ လို လက်ဆောင်တွေ ပေးစရာ မလိုဘူး၊ ဆင်းအတွက် မလိုအပ်ဘဲ ဘာမှမပေးနဲ့"

"အေး နင်ပေးတဲ့ အကြံကို ငါ လက်ခံမှာ ပါ၊ ဆင်းကိုငါ ဒီလိုပစ္စည်းလက်ဆောင်တွေ နဲ့ မစည်းရုံးချင်ဘူး၊ ငါ ချစ်တာ အဲဒါတွေ ထက် အများ ကြီး ပိုတယ်"

"ငါ သိပါတယ်ဟာ၊ ဆင်း အခြေအနေကို စောင့်ကြည့်ပြီး နင့်ကိုငါ ကူညီမယ်၊ နင် ကျေနပ် ဟုတ်လား"

"ကျေးဇူးပဲ ရှက်လွှာရယ်၊ ကဲ နင် ဘာစားမှာ လဲ မှာ လေဟာ၊ စကားပြောနေတာနဲ့ မေ့နေတယ်"

"အခုမှ မေးဖော်ရတယ်ပေါ့၊ တော် တော် ခင်စရာကောင်းတဲ့ သူငယ်ချင်းပဲ"

"အဟဲ စိတ်မဆိုးပါနဲ့ဟာ၊ ငါ စိတ်တွေ ပူလောင်နေလို့ပါ၊ အခုတော့ သူငယ်ချင်းလေး ကျေးဇူးကြောင့် ငြိမ်းအေးသွားပြီ၊ နင့်ကိုငါ

အခင်ဆုံးပါဟာ"

မင်းပို့တကယ့်ကို ကျေးရူးတင်သလို လိုက်လိုက်လဲ့လဲ့ ပြောနေ သည်။

အခုတော့လည်း မျက်နှာက ရွှင်မြူး လို့။

နင် ပျော်နေတာ မြင်ရင် ငါ ကျေနပ်တယ် မင်းပို့။ အဲဒါ ငါ့ ရင်ထဲက နင့်ကို ချစ်တဲ့ အချစ်ပဲ။

နင် ကတော့ ဒီတစ်သက်သိဖို့ဆိုတာ...။

*

# အခန်း (၁၀)

အခန်းတံခါးက ပိတ်ထားတာ မဟုတ်တာမို့ ရွက်လွှာ တွန်းဖွင့် လိုက်ရုံနှင့် ပွင့်သွားသည်။

ဆင်းက မအိပ်သေးဘဲ ခုတင်ပေါ်မှာ ပဲ ထိုင်နေသည်။ ဒါပေမဲ့ လက်ထဲမှာ က စာအုပ်ကြီးနှင့်မို့ ရွက်လွှာ တွန့်ဆုတ်သွား၏ ။

"စာကျက်နေတာလား ဆင်း"

"မဟုတ်ပါဘူး ဝင်ခဲ့လေ ရွက်လွှာ"

လိုလားစွာ ခေါ်နေတော့ အနားကို လျှောက်ခဲ့သည်။ သည် တော့မှပဲ ဆင်း ကြည့်နေတာ ကျောင်းစာအုပ် မဟုတ်ဘဲ အခြားသော စာအုပ် ဖြစ်နေမှန်း သိလိုက်ရသည်။

"ဘာစာအုပ်လဲ ဆင်းရဲ့ "

ခုတင်စွန်းက ဆင်းနံဘေးမှာ ဝင်ထိုင်ရင်း ရွက်လှ မေးတော့ ဆင်း စာအုပ်ကို ရွက်လှမြင်အောင် ရှေ့ထိုးပြသည်။

"တိရစ္ဆာန်ပုံလေးတွေ လေ၊ အိမ်မွေးတိရစ္ဆာန် အရောင် းဆိုင်က ကတ်တလောက် ကြည့်နေတာ"

မြင်ရတာ ကြောင်လေးတွေ ရဲ့ ချစ်စရာပုံလေးတွေ ပါပဲ။ ဆင်း ထည်ဝါက တိရစ္ဆာန်လေးတွေ ကိုတော့ ချစ်တတ်သူပါ။ တိရစ္ဆာန်ကု ဆရာဝန်မလေးပီပီ တိရစ္ဆာန်လေးတွေ ကို ကြင်နာသနားတတ်တာတော့ ရွက်လှ အသိဆုံး။

"ကျောင်းပြီးရင် တိရစ္ဆာန်ဆေးကု ဆေးခန်းလေး ဖွင့်မယ်ဟာ" သူ့အနာဂတ်ကို ဆင်းက ပြောဖူးသည်။ ရွက်လှအတွက်တော့ ဒီလိုင်းကို ယူပြီး

ကျောင်းတက်ခဲ့တာ ဒေါ်လေးရဲ့ ဆန္ဒက အဓိက ဖြစ်သည်။ ဝါသနာက သိပ်ကြီးမားလှတာ မဟုတ်ပါ။

ကျောင်းပြီးလျှင် ဒေါ်လေး အိမ်ပြန်ရမှာ ပဲ ဖြစ်သည်။ ဒေါ်လေး ရဲ့ စီးပွားရေး လုပ်ငန်းတွေ မှာ ပဲ ကူညီပေးရမှာ သိနေ၏ ။

"နင် ဘာပြောစရာ ရှိလို့လဲ ရွှက်လွှာ"

ဆင်း အမေးကြားမှ အတွေ းတွေ ပြတ်ကာ ရွှက်လွှာ ပြုံး ပြ လိုက်မိသည်။

"ဘာမှပြောစရာ မရှိပါဘူး၊ အိပ်မပျော်သေးလို့ လာခဲ့ရင်း စကားပြောချင်လို့ပါ"

ဆင်း ဘာမှထပ်မပြောဘဲ စာအုပ်ထဲက ချစ်စရာကြောင်ပုံ လေးတွေ ကို အာရုံဝင်စားသလို ကြည့်နေ၏ ။

"ရွှက်လွှာ ကြည့်စမ်း ဒီကြောင်ပုံလေး

မလှဘူးလား''

"အင်းနော် ချစ်စရာလေး''

ကြည့်ရတာ နိုင်ငံခြားမျိုး စပ် ကြောင်လေး ဖြစ်ဟန် တူ၏ ။ အမြီးလေးတွေ က အမွေးဖွားဖွားလေးတွေ နှင့် တကယ့်ကို ချစ်စရာကောင်းသည့်ကြောင်ကလေး။

"တစ်ကောင်လောက် ဝယ်မွေးချင်လိုက်တာဟာ''

"ဆင်း သဘောကျရင် ဝယ်လေ''

"ဝယ်တော့ ဝယ်ချင်တယ်၊ ဒါပေမဲ့ မဖြစ်သေးဘူး ထင်တယ်၊ ကြီးကြီးတင် လာမယ်တဲ့၊ ကြီးတင်က တိရစ္ဆာန်တွေ ဆို ချစ်ဖို့ထက် ရွံဖို့ပဲ သိတာ''

"ဟင် ကြီးတင် လာမယ်''

အိမ်ကို ကြီးတင် လာမည် ဆိုတော့ ရွက်လှာ ဝမ်းသာသွားမိ ပေမယ့် ထိုဝမ်းသာစိတ်က ချက်ချင်း ပြန်ပျောက်သွားခဲ့၏ ။

ကြီးတင်ဆိုတာ ရွက်လှာကို စောင့်ရှောက်ပေးထားသော ဒေါ်လေးညိုရဲ့ အစ်မ တစ်ယောက် ပဲ ဖြစ်သည်။ ခင်ပွန်းလည်း ဆုံးပြီး သားသမီးရင်းချာလည်း မရှိတော့ တစ်ကိုယ်တည်း ကျန်ရစ်ခဲ့သူ ဖြစ်၏ ။

ရှေးလူကြီးပီပီ ဇီဇာက ကြောင်သည်။ ပေါင်းရသင်းရခက်သည်။ သူ့ စိတ်လိုလက်ရ ရှိရင်တော့ ကောင်းပေမယ့် အလိုမကျလျှင်တော့ နားညည်းအောင် ဆူပူနေတတ်သူ။

"နင်နဲ့ငါ မိန်းကလေး နှစ် ယောက် တည်း နေနေတာကို စိတ် မချလို့တဲ့လေ"

ဆင်းက ပြောတော့ ရွက်လှ ဘာမှမပြောဘဲ ငြိမ်သက်နေမိ၏ ။ ကြီးတင်အကြောင်းကို ဆင်းလည်း အသိဆုံးပါပဲ။

"လူက မလာသေးဘူး ကြီးတင်တို့က ဖုန်းနဲ့အရင် လှမ်းရစ် နေတာ ရွက်လှာရဲ့ ၊ ထမင်းချက် ဒေါ်လုံးနဲ့ ခြံစောင့်ဦးဘိုကြီးတို့ပါ မကျန် ဘူး"

"အင်း ကြီးတင် လာရင်တော့ နားပူမှာ သေချာတယ်"

"ပူကာမှ ပူရော၊ မလာနဲ့လို့လည်း ပြောလို့မှ မရတာ ပဲဟာ၊ သူ့ဘာသာ နေနိုင်သလောက် နေပေါ့"

ဆင်း ကတော့ ပေါ့ပေါ့လေးပဲ ပြောသည်။ ဘဝကို တစ်ယောက် တည်း ရင်ဆိုင်လာခဲ့တာ ကြာခဲ့ပြီ ဖြစ်သော ဆင်း ကတော့ ဆွေမျိုး တွေ ကို သိပ်အားမကိုးတော့တာ အကျင့် ဖြစ်နေပြီ။

အရင်ကတည်းက တစ်ယောက် တစ်လှည့်

လာစောင့်ရှောက် ပေးနေသော ဆွေမျိုး တွေ ကို

လာခဲ့ပါဟု မဖိတ်ခေါ်သလို ပြန်ပါတော့ဟု လည်း

မနှင်ပါ။ ဘယ်သူလာလာ ကြည်ဖြူပေးသည်။

"အမျိုး ဘယ်နဝမ်းကွဲ တော် တော်

လာနေနိုင်ပါတယ်၊ ဒါပေမဲ့ ဆင်းအတွက်တော့

တာဝန်လို မ ဖြစ်ကြပါနဲ့၊ ဆင်းဘဝကို ဆင်း ရပ်တည်

နိုင်တယ်"

အဲဒီ လို အပြတ် ကြွေးကြော်ခဲ့တာ

ဖြစ်သည်။ တကယ်လည်း ဆွေမျိုး တွေ ကို ဆင်း

အားမကိုးပါ။ အားမနာတမ်း ပြောခဲ့တော့ မရှိးသား

သော ဆွေတော် မျိုး တော် တွေ တွန့်ကုန်သည်။

ဆင်းထည်ဝါသည် သူမဘဝအတွက်

ဘယ်သူ့အကူအညီမှ မလိုဘဲ ရှင်သန်ရပ်တည်နိုင်တာ

သေချာ၏ ။

"ရှက်လှှာ နင် ဘာတွေ တွေ းနေတာလဲ"

"ဩော် ဘာရယ် မဟုတ်ပါဘူး၊ ဒီလိုပါပဲ ဩော် စောစောက မင်းပြုံဖုန်းဆက်သေးတယ်"

ဆင်းကို ပြောလိုသည့် စကားတွေ အတွက် လမ်းစ ပြန်ရှာရ ၏ ။ ဆင်းမျက်နှာလေး လွှန့်ခနဲ ပြုံး လာတာလား၊ မဲ့သွားတာလား မသေ ချာ။

"နင့်ဆီလား"

"ဟုတ်တယ် အဓိကက ဆင်းကို မေးတာ၊ ဆင်း အိပ်နေပြီ လား မသိလို့ နို့မို့ ခေါ်ပေးတယ်"

"နေပါစေ စကားလည်း မပြောချင်သေးဘူး"

ဆင်းက စိတ်မဝင်စားသလို ပြောသည်။ မျက်ဝန်းတွေ က တိရစ္ဆာန်ပုံလေးတွေ ဆီမှာ ပဲ ရှိနေ၏ ။

မင်းပျိုရဲ့ အရေး ကိစ္စကို ပြောဖို့ ရည်ရွယ်ပြီး လာခဲ့တာမို့ ရွက်လွှာ အရဲစွန့်ပြီး မေးဖို့ ဆုံးဖြတ်လိုက်၏ ။

"ဆင်း"

ရွက်လွှာ ထပ်ခေါ်တော့ ဘာလဲဆိုသော သဘောနှင့် ခေါင်း လေး မော့ကြည့်ကာ မေးဆတ်ပြသည်။ ကြည်လင်နေသော မျက်နှာလေး က သာသာယာယာပဲ ရှိနေတာမို့

"ဟိုလေ ဆင်း မင်းပျိုကို အဖြေပေးလိုက် ပြီလား ဟင်"

မျက်ဝန်းတန်းတန်းလေးတွေ တွန့်ခနဲ ကျုံ့ သွားခဲ့ရုံမှအပ ဒေါသ ရိပ်တို့ကို မမြင်ရတာ မို့ တော် သေး၏ ။

"ဟင့်အင်း မပေးသေးပါဘူး၊ တို့ အခုမှ စဉ်းစားချင့် ချိန်နေ တုန်းပါ"

"ဟို ဆင်းမှာ မင်းပို့အပြင် နောက်ထပ် ရွေးချယ်ရမယ့်သူ ရှိနေသလား ဟင်"

ရွှက်လွှာ အမေးကြောင့် ဆင်း မျက်ဝန်းစူးစူးလေးတွေ နှင့် စိုက်ကြည့်နေသည်။ ပြီးမှ ခေါင်းလေးညိတ်ပြီး ပြုံး၏ ။

"ရှိတာပေါ့၊ ရွေးချယ်စရာတွေ မှ အများ ကြီးပေါ့၊ နေပါဦး ရွှက်လွှာက ဘာလို့ မေးတာလဲ၊ မင်းပို့ မေးခိုင်းတာတော့ မဟုတ်ပါဘူး နော်"

"အို မဟုတ်ပါဘူး ဆင်းရဲ့ ၊ သိချင်လို့ မေးတာပါ၊ ဆင်းကလည်း တို့နဲ့ ညီအစ်မ၊ မင်းပို့ ကလည်း သူငယ်ချင်းဆိုတော့ စိတ်ဝင်စားမိတာ ပေါ့"

ဆင်း ယုံကြည်မှာ မဟုတ်ပေမယ့် ခပ်တည်တည်ပဲ လိမ်ညာ ပြောနေမိ၏ ။ အရေး ကြီးတာက မင်းပို့အကြောင်းတွေ ကို ဆင်း သိအောင်

ရှက်လှာဘက်က ပြောပြကူညီပေးရမှာ ပဲ ဖြစ်၏ ။

"ပြောစမ်းပါဦး ရှက်လှာ၊ သိထားတဲ့ မင်းပျို အကြောင်းတွေ " ဆင်း လိုလိုလားလား ဖွင့်မေးလာတော့ ရှက်လှာလည်း အခွင့် သာတုန်းမှာ ပြောရပြန်၏ ။

"ရှက်လှာ တွေ့ဖူးသမျှ ယောက်ျားတွေ ထဲမှာ မင်းပျိုက အဖြူစင်ဆုံးနဲ့ အရိုးသားဆုံး ယောက်ျား တစ်ယောက် ပါပဲ၊ သူ့မိဘတွေ ကလည်း မင်းပျိုကို တစ်ဦးတည်းသော သားမို့ သိပ်ချစ်ကြတာ၊ နယ်မှာ နေကြပေ မယ့် မင်းပျို ဆန္ဒအတိုင်း ရန်ကုန်မှာ အဆောင်နေ၊ ကျောင်းတက်ခွင့် ပြုခဲ့တာလေ"

ရှက်လှာ ပြောသမျှ ဆင်း ခေါင်းလေး တညိတ်ညိတ် နား ထောင်နေသည်။ ဆင်း စိတ်ဝင်တစား နားထောင်နေတော့လည်း ရှက်လှာ

ရင်ထဲမှာ မကောင်း။

တကယ်ဆို ကိုယ့်ရင်ထဲက ချစ်သူကို ကိုယ်မဟုတ်သော တခြား မိန်းမ တစ်ယောက် စိတ်အာရုံရောက်လာအောင် ပြောရတာ ရင်နာစရာ တော့ ကောင်းသည်။

ဒါပေမဲ့ ဒါက မင်းပျိုစိတ်ချမ်းသာဖို့ဆိုသော အသိနှင့် သူမ ကျေနပ်နိုင်ပါသည်။

''မင်းပျိုစိတ်ထားနူးညံ့တယ်၊ ဆင်းလိုပဲ တိရစ္ဆာန်လေးတွေ ကို ချစ်တတ်တယ် ဆင်းရဲ့၊ နယ်က သူတို့ ခြံထဲမှာ ဆို ခွေးလေးတွေ ကြောင် လေးတွေ မွေးထားတာ သိလား''

ဆင်း သဘောကျမည့် စကားတွေ ကိုပဲ ရွက်လွှာ ရွေးပြီး ပြောသည်။ ဆင်းက ခေါင်းမညိတ် ခေါင်းမခါဘဲ ငြိမ်သက်စွာ နားထောင် ပြီး ရွက်လွှာကို ပြု

း ပြုံး လေး ကြည့်နေ၏ ။

ဒီအပြုံး တွေ ကို မြင်တော့ ရွက်လွှာ လိပ်ပြာမလုံသလို စကား တွေ တွန့်ဆုတ်ကုန်သည်။

"အဟင်း မင်းပျိုလွင်ကို ရွက်လွှာက တော်တော် ခင်တာပဲ နော်"

"ဟင် ဆင်း ဘာပြောတာလဲဟင်"

"ဪ မင်းပျိုကို ရွက်လွှာက အရမ်းအမှတ်တွေ ပေးနေလို့ လေ၊ ရွက်လွှာတို့ တော်တော် ခင်မင် သံယောဇဉ်ကြီးသလားလို့"

ဆင်း စကားကြောင့် ရွက်လွှာ မျက်နှာလေး ရဲသွားခဲ့မှာ သေချာ၏ ။ ဆင်း မမြင်အောင် မျက်နှာကို တစ်ဖက်လှည့် ရှောင်တိမ်းရင်း

"ရွက်လွှာတို့က ပထမနေ့ ကတည်းက ခင်မင်ခဲ့ကြတာပါ၊ မင်းပျိုရဲ့ စိတ်ကိုသိလို့ ဆင်းကို

ပြောပြတာပါ ဆင်းရဲ့၊ အထင်မလွဲပါနဲ့"

ကသော ကမျောလေး ရွှက်လွှာ ဖြေရှင်းတောင်းပန်မိတော့ ဆင်း အသံလေး ထွက်အောင် ရယ်သည်။

"အဟင်း ဟင်း နောက်တာပါ ရွှက်လွှာရယ်၊ မင်းပို့လွင်ရဲ့ အကြောင်းတွေ ရွှက်လွှာ ပြောပြတာ ကျေးဇူးတင်ပါတယ်၊ ကဲ ဆင်း အိပ်လိုက်ဦးမယ် အိပ်ချင်နေပြီ"

"အင်း အိပ်လေ ဆင်း၊ ရွှက်လွှာလည်း ပြန်တော့မယ်နော်"

နှုတ်ဆက်ပြီး ပြန်ထွက်ခဲ့တော့ ရွှက်လွှာ ရင်ထဲမှာ မောနှံးနှံး ကြီး ဖြစ်နေသည်။ မင်းပို့ကတော့ သိမှာ မဟုတ်ပါ။ ရွှက်လွှာမှာ သာ ရင်ထဲက ခံစားချက်တွေ ကို ဆင်းမရိပ်မိအောင် မျို

သိပ်ထားရသည့် အ ဖြစ်။

တကယ်မလွယ်ပါလား မင်းဗျို့ရယ်။

*

# အခန်း (၁၁)

"ဘယ်လို အဲဒီ ကြောင်လေးက

ကျွန်မအတွက် ဟုတ်လား"

ဆင်း တအံ့တသြ မျက်ဝန်းလေးတွေ နှင့်

မင်းပြုံကို ကြည့်ကာ မေးမိသည်။

မင်းပြုံက ညွှန်ခန်းက ဆိုဖာထိုင်ခုံမှာ ပြုံး ပြုံ

း လေး ထိုင်နေ သည်။ ရင်ခွင်ထဲမှာ ပိုက်ထားသည့်

လှောင်အိမ်လေးတစ်ခု။ ထိုလှောင် အိမ်လေးထဲမှာ

အမွေးဖွားဖွား ဝါဝါလေးနှင့် ချစ်စရာ ကြောင်လေး

တစ်ကောင် ရှိနေသည်။

"ဟုတ်တယ်လေ ဆင်းရဲ့ ၊ ဒီကြောင်လေးကို

ဆင်းအတွက် ကျွန်တော် လက်ဆောင်လာပေးတာ"

ဝတ်ထားတာက အဖြူရောင်

စပို့ရှပ်လက်တိုနှင့် ဂျင်းပြာလေး က မိုးပြာရောင် ဖြစ်၏
။ ဝင်းမွတ်ကြည်လင်နေသော အသားအရည်နှင့်
လိုက်ဖက်တင့်တယ်နေတာ မငြင်းနိုင်ပါ။

ဒါပေမဲ့ ဆင်း သိထားသော သူ့ရဲ့
စိတ်ဓာတ်ကြီးနဲ့တင် ရင်ထဲ မှာ အလိုလို မုန်းနေသည်။

"နေပါဦး မင်းပျို ကျွန်မအတွက်
ဘာရည်ရွယ်ချက်နဲ့ ရှင် ဒီကြောင်ကို ယူလာတာလဲ"

"ဆင်း ကြောင်ချစ်တတ်တာ သိလို့
အမှတ်တရ လက်ဆောင် အ ဖြစ် ဝယ်လာပေးတာပါ"

"နေဦး ကျွန်မ ကြောင်ချစ်တယ်လို့
ဘယ်သူပြောလို့လဲ"

"ဟို အဲ ဒီလိုပဲ သိတာပေါ့၊ ကျွန်တော် က
ဆင်းကို အရိပ်လို စောင့်ကြည့်နေတဲ့ သူလေ"

ဆင်း နှုတ်ခမ်းလေး တွန့်ပြုံး မိသွားသည်။

ဒီစနက်က ရှက်လွှာ ရဲ့ စနက်ပဲဆိုတာ သိနေသည်။ ဟိုတစ်ညကပဲ ကြောင်လေးတစ်ကောင် မွေးချင်သည်ဟု ရှက်လွှာကို တိုင်ပင်ဖူးသည်လေ။

"ကျွန်တော် က တိရစ္ဆာန်လေးတွေ ကို အရမ်းချစ်တာ ဆင်းရဲ့၊ သူတို့ခမြာ လူစကား မပြောတတ်တော့ သိပ်သနားစရာကောင်းတယ်၊ သခင့်ကိုပဲ သူတို့က မှီခိုရှင်သန်နေရတာ မဟုတ်လား"

"ကျွန်မက ကြောင်တွေ ကို မချစ်ဘူး မင်းပို"

"ဗျာ"

မင်းပိုမယုံနိုင်သလို တအံ့တသြ ကြည့်သည်။ ဆင်း ကတော့ သူနှင့်ဆန့်ကျင်ဘက်တွေ ချည်း ပြောဖို့ ဆုံးဖြတ်ထားသူပီပီ ဆက်ပြော သည်။

"ဟုတ်တယ်လေ တိရစ္ဆာန်တွေ ဆိုတာ သနားစရာကောင်းပေမယ့် ချစ်စရာတော့

မကောင်းဘူး၊ လူတွေ မှာ က ကိုယ့်အလုပ် ကိုယ့်တာဝန်တွေ နဲ့ ဝမ်းရေး အတွက် ရုန်းကန်နေရတယ်၊ သူတို့က ဘာမှမပူ မပန်ရဘဲ မှီခိုနေကြရတာ လေ၊ ဒီသတ္တဝါတွေ ကို သနားရမှာ မဟုတ်ဘူး၊ လူတွေ ကမှ သနားစရာကောင်းတာ"

"အင်း ဟို ဆင်းပြောတာလည်း မှန်ပါတယ်"

ဆင်း စကားတွေ ကို မင်းပို့က အလိုက်သင့် ထောက်ခံပြီး လှောင်အိမ်ထဲက ကြောင်ဝါလေးကို ငုံ့ကြည့်နေသည်။

"အခု ဒီကြောင်လေးကို စာနာသနားနေတဲ့ ရှင်ကမှ သနားစရာ ဖြစ်နေတာ မင်းပို့"

"ဗျာ အင်း ကျွန်တော် ကတော့ သတ္တဝါလေးတွေ ကို သနားစရာ ပဲလို့ သတ်မှတ်ထားမိတာပါ၊ အခု ဒီကြောင်လေးကို ဆင်းကို

လက်ဆောင် ပေးဖို့ ကျွန်တော် ဝယ်လာတာပါ၊ ကျွန်တော် က အဆောင်မှာ နေတာဆို တော့ မွေးဖို့ မလွယ်ဘူး၊ ဆင်း လက်ခံပါနော်"

တောင်းပန်သလို လေသံလေးနှင့် ဆိုနေတော့လည်း ဆင်း တောင် သနားချင်သွားမိသည်။ တကယ်ဆို သူ ဝယ်လာသော ကြောင် လေးကလည်း ချစ်စရာလေးပါပဲ။

အဝါနှင့် အဖြူစပ်ထားသော အမွေးပွပွ ဖားဖားလေးတွေ က လှပချစ်စရာ ကောင်းသည်။ ဆင်း ကြည့်နေတုန်းမှာ ညောင်ခနဲ အော်သံ လေး ပေးကာ မျက်ဝန်းဝိုင်းဝိုင်းလေးတွေ နှင့် ကြည့်နေ၏ ။

"ဒီကြောင်လေးတွေ က သိပ်လိမ္မာတယ် ဆင်းရဲ့ ၊ သင်လွယ် တတ်လွယ်တဲ့ကောင်လေးတွေ လေ၊ မိဿွေဝါ တဲ့၊ ကျွန်တော် နာမည် ပေး ထားတာနဲ့

မလိုက်ဘူးလား"

"ဟင့်အင်း ကျွန်မ မလိုချင်ပါဘူး"

ဆင်း ထပ်ပြင်းနေတော့ မင်းပို

မျက်နှာလေးငယ်နေပြီး

"လက်ခံပါ ဆင်းရယ်၊ ကျွန်တော် ပြောသလို မလိမ္မာရင် ဆင်း ပြန်ပေးလေ၊ ကျွန်တော် အာမခံတယ်"

"တကယ်ကို မလိုချင်တာ မင်းပို၊ ဘာလို့လဲဆိုတော့ နာမည် ကို မကြိုက်လို့"

"ဗျာ ဘယ်လို"

"ဟုတ်တယ်လေ ကျွန်မ ဆင်းထည့်ဝါလေ၊ ဒီကြောင်က မိဈေ့ဝါ ဆိုကတည်းက မကြိုက်တော့တာ၊ တိရစ္ဆာန်နဲ့လူ နာမည် ဆင်တူနေက တည်းက မကောင်းတော့ဘူး"

"ဟာ ဒီသဘော မဟုတ်ပါဘူး ဆင်းရယ်၊ ကျွန်တော် က သူ့ရဲ့ အရောင် က ရွှေရောင် တောက်ပနေလို့ ပေးလိုက် တာပါ၊ ဟို ဒီနာ မည် ဆင်းမကြိုက်ရင် နာမည် ပြောင်းလို့ ရတာ ပဲ"

ကသော ကမျော တောင်းပန်စကား ဆိုပြီး မင်းပျိုလွင် လက်ခံ ဖို့ပဲ ဇွတ်ပြောလို့နေ၏ ။ ဆင်း ခေါင်းကို ခါရမ်းရင်း ထရပ်လိုက်သည်။

"ဆောရီးပဲ မင်းပျို၊ ကျွန်မ သတ္တဝါတွေ ကို သံယောဇဉ် မတွယ် ချင်ဘူး၊ အိမ်မှာ လည်း တာဝန်ပိုတွေ မရှိချင်ဘူး၊ ရှင့်ကြောင်တော့ ရှင်ပဲ ပြန်ယူသွားတော့ ဟုတ်လား"

"ဟို ကျွန်တော် "

မင်းပျိုကြောင်လောင်အိမ်လေး ပိုက်ကာ ထရပ်သည်။ မျက်ဝန်း တွေ က ဆင်းကို

တောင်းပန်ခယနေပေမယ့် ဆင်း ဥပေက္ခာပြုလိုက်ရင်း

"ကျွန်မ လက်မခံချင်တဲ့ လက်ဆောင်တွေ ထွတ်ပေးတာမျိုး ကျွန်မ မကြိုက်ဘူး မင်းပို့၊ ကဲ ကျွန်မ ကျောင်းသွားဖို့ ပြင်ဆင်ရဦး မယ်၊ ခွင့်ပြုဦး"

ပြောပြီး လှည့်ထွက်ခဲ့သည်။ ညှော်ခန်းထဲမှာ မင်းပို့တစ် ယောက် တည်း ကျန်ရစ်ခဲ့တာကိုလည်း အားမနာနိုင်ပါ။

စောစောစီးစီး အိမ်အထိ ရောက်လာကတည်းက ဆင်း အံ့ဩ မိသလို စိတ်ထဲမှာလည်း ကသိကအောက် ဖြစ်သွားခဲ့သည်။

ရှက်လွှာ ဘယ်ရောက်နေသလဲ။ မသိဘူးလား။

ဆင်း ဒေါ်သတွေ နှင့် ရေချိုး ခန်းဘက် ထွက်သွားချိန်မှာ ရှက်လွှာ လိုက်ကာစအကွယ်မှာ ပဲ

ရှိနေခဲ့ပါသည်။

ခေါင်းငိုက်စိုက်နှင့် မင်းပျို လှောင်အိမ်လေးပိုက်ကာ ပြန်သွား တာကိုလည်း မြင်သည်။ ဆင်း ခါးခါးသီးသီးနှင့် မင်းပျိုကို ငြင်းဆိုလိုက် တာတွေ လည်း ကြားသည်။ တကယ်ဆို မင်းပျိုဒီလို လက်ဆောင်အ ဖြစ် ကြောင်လေး ဝယ်လာပေးမှာ ကို ရွှက်လှာ မသိပါ။

ရွှက်လှာ ပြောပြခဲ့တာ ဆင်းထည်ဝါ သတ္တဝါလေးတွေ ကို ချစ် တတ်သည့်အကြောင်းပဲ ဖြစ်၏ ။

အခုတော့ မင်းပျိုဒါကိုကြားပြီး ရွှက်လှာကို မတိုင်ပင်ဘဲ လုပ်လိုက်တာ ဖြစ်သည်။ ကျောင်းရောက်လျှင် မင်းပျိုဆီက စိတ်ညစ်ညူး စရာစကားတွေ ကို ကြားရဦးမှာ သိနေ၏ ။

မင်းပျိုရယ် နှင့်ကိုငါ သနားလိုက်တာ။

ကူညီချင်ပေမယ့် ငါ့အ ဖြစ်က...။

*

"ငါ တကယ်ပြောတာပါ မင်းပျိုရယ်၊ နင် ဒုက္ခရောက်အောင် ပြောပါ့မလားဟာ"

"နင် ပြောတော့ ဆင်း ကြောင်တစ်ကောင် လိုချင်နေတယ် ဆို"

"အေးလေ ဟိုတစ်ရက်က အိမ်မွေး တိရစ္ဆာန်ရောင်း တဲ့ဆိုင်က ကတ်တလောက်ကြီးကြည့်ပြီး သူ ပြောတာ အသေအချာပဲ"

"အခု ငါ သွားပေးတော့ ဆင်း

ငြင်းလိုက်တာမှ ခါးခါးသီးသီး လေ၊ ငါ တော် တော်

ဝမ်းနည်းသွားတယ်"

မင်းပို့မျက်နှာမြင်နေရတာ ရွှက်လွှာ စိတ်မချမ်းသာပါ။ ကျောင်းရောက်သည်နှင့် မင်းပို့ ရွှက်လွှာကို စောင့်ကာ ကင်တင်းနဲ့ကို ခေါ်တာမို့ လိုက်ခဲ့ရသည်။

ပြီးတော့ ဆင်းနှင့်ပတ်သက်သမျှ ရင်ဖွင့်တော့သည်။ ဆင်းနှင့် မင်းပို့ပြောတာတွေ ကြားနေပေမယ့် ရွှက်လွှာ မသိချင်ယောင်ပဲ ဆောင် နေလိုက်ရ၏ ။ လိုက်ကာအကွယ်မှာ ရွှက်လွှာ ရှိနေလျက်နှင့် မပြောရ ကောင်းလား မင်းပို့ပြဿ နာ ရှာနေလျှင်အခက်။

"နင် ငါ့ကို အရင်တိုင်ပင်ပြီးမှ

လုပ်သင့်တာပေါ့ မင်းပို့ရယ်၊ ဆင်းက
ခန့်မှန်းရခက်ပါတယ်လို့ ငါ ပြောလျက်နဲ့''

''သူ ငါ့ကို စမ်းသပ်လိုက်တာပဲ ဖြစ်မှာ ပါ''

မင်းပို့တွေ းတွေ းဆဆလေး
ပြောနေပြန်သည်။ ဆင်းနှင့် ပတ်သက်လျှင် အရာရာမှာ
အကောင်းမြင်နေသော မင်းပို့အတွက် ရွက်လှ္ဘာ
ရင်လေးနေမိသည်။

ဆင်းကလည်း နားလည်ရခက်အောင်ပဲ
မင်းပို့အပေါ် ဆက်ဆံ မှု တွေ က ပြောင်းလဲနေတာ
အမှန်။ ရွက်လှ္ဘာနှင့်တွေ့တော့ မင်းပို့အပေါ် မှာ
စိတ်ဝင်စား နှောင်တွယ်နေသလိုလို အသွင်မျိုး ။

မင်းပို့နှင့်ဆုံတော့ ဆက်ဆံပုံက
အနိုင်ယူတာလား စဉ်းစား စရာကောင်းနေသည်။

''ရွက်လှ္ဘာ''

"ပြောလေ ငါ နားထောင်နေတယ်"

"ငါ ဆင်းကို ဘယ်လိုချဉ်းကပ်ရမလဲဟာ၊ အခုချိန်ထိ ငါ့ကို မတင်မကျနဲ့ အချိန်ဆွဲထားတာ ငါ ပိုရင်မောတယ်"

"ငါလည်း အကြံမပေးတတ်တော့ဘူး မင်းပိုျ ရယ်"

"နင်ကလည်း အားကိုးကာမှ စိတ်မာတတ်ကျအောင် မလုပ်နဲ့ဟာ"

"ဪ မင်းပိုျရယ် နင်နဲ့ဆင်း ဆုံနေနိုင်တာပဲ၊ ဒီကိစ္စက နင် ကိုယ်တိုင်မေးရမယ့် ကိစ္စကြီးလေ"

"အင်း ဟုတ်ပါတယ် ဒါပေမဲ့ ငါနဲ့ဆုံရင် ဆင်းက ငါ့ကို အမျိုး မျိုး စမ်းသပ်ပညာပြနေတော့ ငါ ဘာမှမတတ်နိုင်ဘူး"

ပြောရင်း မင်းပို့ပြင့်သက်မောကြီး ရှိုက်သည်။ မင်းပို့ရင်ထဲ က အပူတွေ က သူ့မရင်ထဲအထိတောင် ကူးစက်ချင်လာမိတဲ့အထိ။

"နင့်ကိုကြည့်ရတာ ငါ ရင်တွေ မောလိုက်တာဟာ"

"ငါ ရင်မောနေတာ မတွေ့ချင်ရင် ဆင်းဆီက ငါ ဘယ်လို နည်းနဲ့ အဖြေတောင်းရမလဲဆိုတာ နင် အကြံပေးပါလား"

"လာပြန်ပြီ ဒီစကား၊ နင်နဲ့ ပတ်သက်သမျှ ငါ အမြဲ သူ့ကို ပြောပြတယ်၊ အဲဒီ အခါတိုင်း ဆင်းက ပြုံး ပြုံး လေး နားထောင်တယ်၊ နင့်ကို သူ စဉ်းစားနေတယ်လို့ အမြဲ ပြောတယ်၊ ဒီထက်ပိုပြီး ငါက ဘာကူညီနိုင်မှာ မို့လဲ"

"ဟား ငါ စိတ်ညစ်တယ်ဟာ"

မင်းပျိုပင့်သက်ကြီးချပြန်တော့ ရွက်လှွာ စိတ်မသက်သာမိ ပြန်ပါ။ တိတ်ဆိတ်ခြင်းမှာ နှစ်ယောက် စလုံး ငြိမ်နေမိကြပေမယ့် မင်းပျိုရင်ထဲမှာ အပူတွေ နဲ့ဆိုတာ ရွက်လှွာ သိ၏ ။

မင်းပျိုကတော့ ရွက်လှွာ ရင်ထဲကို မြင်နိုင်မှာ မဟုတ်။

သူတစ်ပါး အပူ ကိုယ့်အပူ ယူနေမိသူ ကိုယ်တိုင်က ရွက်လှွာ ပဲ ဖြစ်သည်။

ဒီအပူတွေ ကို ဘယ်သူမှ ပေးခဲ့တာ မဟုတ်။ ရွက်လှွာ ဘာသာပဲ ကျေနပ်စွာ ယူခဲ့တာ။

နင့်ခံစားချက်တွေ ကို ငါ စာနာနိုင်ပါတယ် မင်းပျိုရယ်။

*

# အခန်း (၁၂)

"ဒေါ်ကြီးလုံး"

"ညြော် လွှာလေး နိုးပြီလား၊ စားပွဲပေါ်မှာ နန်းကြီးသုပ်နဲ့ ကော်ဖီခါတ်ဘူး ရှိတယ်၊ စားလိုက် သမီး"

ဒေါ်ကြီးလုံးက လှည့်မကြည့်နိုင်ဘဲ ပြောနေတာ ဖြစ်သည်။ မျက်ဝန်းတွေ က လိုးလက်စ ကြက်သွန်တွေ ပေါ်မှာ ပဲ ရှိသည်။

"ဆင်းကော ဒေါ်ကြီးလုံး မနိုးသေးဘူးလားဟင်"

"အစောကြီးကတည်းက နိုးနေတာ သမီးရဲ့၊ ကော်ဖီတောင် သောက်မသွားဘူး၊ အပြင်ထွက်သွားပြီ"

"ဟင် အပြင်ထွက်သွားတယ်"

"ဟုတ်တယ် သမီး၊ ကိစ္စလေး တစ်ခုရှိလို့တဲ့"

ရွက်လွှာ မယုံနိုင်အောင် ဖြစ်သွားသည်။ ဒီနေ့ မင်းပျိုလာ လည်မှာ ဆင်း သိသည်။ မင်းပျိုက လာလည်ချင်သည်ဟု ရွက်လွှာကို ခွင့်တောင်းခိုင်းတော့ ဆင်းကို ရွက်လွှာပဲ အသိပေးခဲ့တာ ဖြစ်သည်။

"အင်း လာလည်ချင်ရင်လည်ပေါ့ ရပါတယ်"

"ကျောင်းပိတ်ရက်ဆိုတော့ လာလည်ရင်း သူ့အိမ်ကပို့လိုက်တဲ့ ငါးရဲ့ခြောက်နဲ့ ပုစွန်ခြောက်တွေလည်း လက်ဆောင်ပေးချင်လို့တဲ့ ဆင်း ရဲ့ "

"အင်း လာလည်ချင်တာ အမိက မဟုတ်လား၊ အဲဒီ နေ့ကျ ငါတို့လည်း ရွှေတောင်ခေါက်ဆွဲ လုပ်စားကြမှာ ပဲ၊ သူက လက်ဆောင်တွေ ပေးမှတော့ ကိုယ်ကလည်း ကျွေးမွေးဧည့်ခံရမှာ ပေါ့ဟာ"

ဆင်း ကျေကျေနပ်နပ်ပဲ လက်ခံခဲ့တာ ဖြစ်သည်။ အခုတော့ ရွှက်လှာကိုတောင် ဘာမှမပြောဘဲ အပြင်ထွက်သွားသည်ဆိုတော့ မ ဖြစ်သင့်ပါ။

"ဒေါ်ကြီးလုံး ဆင်း ဘာမှာ သွားသေးလဲဟင်"

"ဘာမှမမှာ သွားဘူး၊ အရေး ကြီးကိစ္စလေးရှိလို့ဆိုပြီး ထွက်သွား တာပဲလေ"

ဒေါ်ကြီးလုံးကိုမေးတော့လည်း ဘာမှမသိရပါ။ မင်းပျိုကို ချိန်း ထားပြီးမှ အခုလို ရှောင်ထွက်သွားတာတော့ မကောင်းဟု ရွှက်လှာ ထင်သည်။

"ဒေါ်ကြီးလုံး အခု ဘာတွေ ချက်နေတာလဲ"

"ဘာမှမချက်ဘူးလေ လှာလေးရဲ့၊

ရွှေတောင်ခေါက်ဆွဲပဲ ဒီမနက်စားကြမယ်လေ၊ ညကျမှ ထမင်းစားချင်ရင် ထပ်ချက်ပေးဆို၊ သမီးတို့ပဲ ညကတည်းက စီစဉ်ခိုင်းထားတာလေ"

"ဟုတ်တယ် အိမ်ကို ကျောင်းကသူငယ်ချင်း တစ်ယောက် လာ မှာ မို့ ဆင်းက ဘာမပြောညာမပြော ထွက်သွားရသေးတယ်"

"ကျောင်းက သူငယ်ချင်း လာမှာ လား၊ ဆင်းလေး မရှိလည်း လွှာလေး ရှိတာပဲကွယ် ဘာ ဖြစ်မှာ မို့လဲ"

ဒေါ်ကြီးလုံး ကတော့ ဘာမှမသိတာမို့ ရိုးရိုးကြီးပဲ ပြောနေသည်။ လှီးပြီးသော ကြက်သွန်တွေ ကို ဇကာလေးထဲထည့်ကာ ဘေစင်လေးမှာ ရေဆေးနေ၏ ။

"ကြက်သားတွေ လည်း ပြုတ်ထားပြီးသား၊

သမီးတို့ ဧည့်သည် လာရင် ရွှေတောင်ခေါက်ဆွဲက အသင့် ဖြစ်ပါပြီကွယ်"

ဒေါ်ကြီးလုံး ပြောတာ နားထောင်ရင်း စားပွဲပေါ်က နန်းကြီး သုပ်ပွဲကို ရှက်လွှာ စိတ်မပါစွာ ဘဲ စားနေမိသည်။ နန်းကြီးသုပ်ဆို ရှက်လွှာ အကြိုက်ဆုံး ဖြစ်ပေမယ့် ဒီနေ့တော့ ခံတွင် းမတွေ့ပါ။

တစ်ပွဲတောင် မကုန်ဘဲ ဝမ်းကပြည့်ချင်သွားသည်။

ကော်ဖီကို ခွက်ထဲ တစ်ငုံစာပဲ ထည့်ကာ သောက်ရင်း မင်းပို့ရောက်လာလျှင် ပြောရမည့် စကားတွေ စဉ်းစားမိသည်။

မင်းပို့လာမှာ ဆင်းဆီကို အမိက ဖြစ်သည်။ အခုတော့ ဆင်းက အိမ်မှာ မရှိတော့ ရှက်လွှာ ဘယ်လိုပြောရမည် တောင် မသိတော့ ပါ။

စိတ်တွေ ရှုပ်ထွေးလျက် ရှက်လွှာ ညွှန်းခန်းဘက် ထွက်ခဲ့ သည်။ ဒေါ်ကြီးလုံး ကတော့ စီစဉ်ချက်ပြုတ်ရင်း မီးဖိုခန်းထဲမှာ ကျန်ရစ် ခဲ့သည်။

ကိုးနာရီလောက် ရောက်လာမည် ဆိုသည့် မင်းပြုတစ်ယောက် ကိုးနာရီမထိုးခင် ဆယ်မိနစ်လောက်မှာ ပဲ ရောက်လာသည်။

ခြံရှေ့မှာ တက္ကစီလေး ထိုးရပ်တာကိုလည်း ရှက်လွှာ မြင်သည်။ ခြံစောင့် ဦးဘိုကြီး ခြံတံခါး ဖွင့်ပေးနေတာလည်း တွေ့ သည်။

စိမ်းနရောင် ရှပ်ကွက်စိပ်ကို ဘောင်းဘီနက်နှင့် တွဲ ဖက်ဝတ်ဆင် ထားသော မင်းပြု သည် ရှင်းရှင်းသန့်သန့်လေး ကြည့်ကောင်းနေသည်။ ခြံထဲကိုတစ်လှမ်းချင်း လှမ်းဝင်လာသော မင်းပြုကို ကြည့်ရင်း ရှက်လွှာ ငေးငေးလေး ဖြစ်သွားတဲ့အထိ။

မင်းပျိုရယ် နင် ဒီလိုလာတာ ဆင်း

အတွက်ပါ။

ငါနဲ့ ခင်မင်ရင်းနှီးခဲ့တာ ကြာပြီ။ အိမ်ကို

လာလည်ခွင့် နင် တစ်ခါမှ မတောင်းဆိုဖူးဘူး။

အခုတော့ ဆင်းနဲ့ပတ်သက်ပြီး နင်

ဒီအိမ်ရောက်လာတာ နှစ် ကြိမ်တောင် ရှိပြီ။

ညှော်ခန်းဝမှာ ရပ်နေသော ရွှက်လွှာကို

မြင်တော့ မင်းပျိုအပြုံး လေးနှင့် နှုတ်ဆက်သည်။

"ရွှက်လွှာ ဒီမှာ ငါ့အိမ်က ပို့လိုက်တဲ့

ငါးရံ့ခြောက်နဲ့ ပုစွန် ခြောက်တွေ နင်တို့ စားဖို့

ယူလာပေးတာ"

လက်ဆွဲကြွပ်ကြွပ်အိတ်ကြီးကို

ကမ်းပေးရင်း မင်းပျိုက ပြော သည်။ ရွှက်လွှာ မင်းပျိုကို

ပြုံး ပြုံး လေး ကြည့်ရင်း

"နင် စားဖို့ကော ကျန်သေးရဲ့ လား မင်းပျိုရဲ့

"

"မလိုပါဘူးဟာ၊ ငါက ဒါတွေ စားရလွန်းလို့ ငြီးငွေ့နေပြီ၊ အိမ်က ပို့လိုက်တိုင်း အဆောင်က အကောင်တွေ ပဲ စိတ်ကြိုက် ဝိုင်းတွယ် ကြတာ၊ ဒီတစ်ခါတော့ ဒီကောင်တွေ မမြင်အောင် ဝှက်ထားတာပေါ့ဟ"

မင်းပျိုရယ်ပြောလေး ပြောတော့ ရွှက်လှာ ပြုံး မိသည်။ အဆောင်နေ ကျောင်းသားဆိုပေမယ့် မင်းပျိုက အဆောင် ထမင်းဟင်း တွေ ကို စားတာ မဟုတ်ပါ။

အပြင်မှာ ပဲ စိတ်ကြိုက် ဝယ်စားသူ ဖြစ်သည်။ မင်းပျိုရဲ့ အသုံးစရိတ်အတွက် မိဘတွေ ကလိုလေသေးမရှိ ပံ့ပိုးပေးထားသည်ပဲ။

"ရှက်လွှာ ဆင်းကော"

ဧည့်ခန်းထဲက ဆိုဖာထိုင်ခုံမှာ တောင် မထိုင်နိုင်သေးဘဲ မင်းပို့မျက်ဝန်းတွေ ဝေ့ဝဲကြည့်ကာ မေး၏ ။

"ဆင်း မရှိဘူး၊ အပြင်သွားတယ် မင်းပို့"

"ဟင် ဘယ်သွားတာလဲ"

"မသိဘူး၊ အစောကြီး ထွက်သွားတာတဲ့ဟ၊ အရေး ကြီးကိစ္စ ရှိလို့ ထင်တယ်၊ ငါတောင် မနိုးသေးဘူး"

မင်းပို့မျက်နှာလေး ညှိုး ကျသွားခဲ့တာက ချက်ချင်း ဖြစ်သည်။ မထိုင်သေးဘဲ ငူငူငိုင်ငိုင်ကြီး ရပ်နေတာမို့

"ထိုင်လေ မင်းပို့ကော်ဖီသောက်မလား"

"ဟင့်အင်း ငါ ကိုတိုးနဲ့ ဆိုင်မှာ သောက်ပြီးမှ လာတာ"

ဖြေရင်း မင်းပျို့ဆိုဖာထိုင်ခုံကြီးမှာ ဝင်ထိုင်သည်။ ပြီးတော့ စိတ်ပျက်လက်ပျက် ပင့်သက်ကြီးရှိုက်ရင်း

"ဆင်းက ဘယ်သွားတာလဲဟာ ငါလာမယ်ဆိုတာ သူ သိတယ် မဟုတ်လား"

"သိပါတယ် ငါကိုယ်တိုင် သူ့ကို အရင်ခွင့်တောင်းပြီးမှ နင့်ကို လာခွင့်ပြုခဲ့တာပဲ၊ ဒီအိမ်ကသူ့အိမ်လေ"

"ဒါဆို ဆင်း တမင်ရှောင်ထွက်သွားတာလား ဟင်"

ဟုတ်တယ်ဟု ရွက်လွှာ ပြောပစ်လိုက်ချင်သည်။ ဒါပေမဲ့ နှုတ်က မထွက်ပါ။

မင်းပျိုစိတ်ညစ်အောင် မပြောချင်တာ အမှန်။

"တမင်ရှောင်ထွက်သွားစရာလားဟဲ့၊ နင့်ကို မတွေ့ချင်ရင် မလာနဲ့လို့ အစောကြီးကတည်းက ပြောလိုက်မှာ ပေါ့"

ဒီတော့မှ မင်းပျိုမျက်နှာလေး ပြန်ကြည်လင်လာကာ

"သူ ပြန်လာမှာ ပေါ့ ငါ စောင့်မှာ ပါ၊ ဒီနေ့ ဘယ်မှသွားဖို့ အစီအစဉ် မရှိဘူး"

"ခဏထိုင်ဦး မင်းပျိုနင့်လက်ဆောင်တွေ သိမ်းရင်း ကော်ဖီ တစ်ခွက်တော့ ဖျော်ခဲ့မယ်၊ သောက်ပြီးလည်း သောက်ပေါ့ဟာ၊ ပြီးရင် ရွှေတောင်ခေါက်ဆွဲတော့ စားရဦးမှာ ပါ"

မီးဖိုထဲဝင်ကာ မင်းပျိုအတွက် ကော်ဖီတစ်ခက် ဖျော်သည်။ မုန့်ဘူးထဲက မုန့်တွေ

ထည့်ကာ ပြန်ထွက်ခဲ့တော့ မင်းပို့ညှော့ခန်းထဲမှာ တစ်ယောက် တည်း နံရံပေါ်က ဓာတ်ပုံတွေ ကို ငေးနေ၏ ။

"ဒါ ဆင်းရဲ့ အဖေနဲ့အမေပုံတွေ လား"

"ဟုတ်တယ်လေ ဆင်း မိဘတွေ ပေါ့"

နှစ် ယောက် သားထိုင်ရင်း စကားတွေ ပြော ဖြစ်ကြပေမယ့် မင်းပို့အကြည့်တွေ က ခြံတံခါးဆီပဲ မကြာခဏ ရောက်နေသည်။

ရွက်လွှာ ကိုယ်တိုင်လည်း ညှော့ခန်းနံရံပေါ်က နာရီကို တကြည့် ကြည့်နှင့် ဆင်း အမြန်ပြန်လာပါစေဟု ဆုတောင်းနေမိဆဲ။

"ရွက်လွှာ ဆင်း အခုထိ ပြန်မလာသေးဘူးနော်၊ ကျောင်းပိတ် ရက်တွေ ဆို ဒီလို အပြင်ထွက်နေကျလားဟင်"

"ဆင်းက အပြင်သိပ်မထွက်တတ်ပါဘူး မင်းပို၊ အဲ တစ်ခါ တလေ သူ့အဖေရဲ့ မိတ်ဆွေတွေ ဆီတော့ သွားတတ်တယ်၊ စက်ရုံလုပ်ငန်း ကိစ္စ တစ်ခုခုပေါ်ရင်ပေါ့"

"အခု ဆင်းသွားတာ တစ်ယောက် တည်းလား"

"ဟုတ်တယ် အိမ်က ကားကို ဆင်းက ကိုယ်တိုင်ပဲ မောင်း တာ"

မင်းပိုဘာမှမပြောတော့ဘဲ တိတ်ဆိတ်သွားပြန်သည်။ မင်းပိုရင်ထဲက ခံစားချက်တွေ ကို မြင်သိနေတာ့ ရွက်လွှာမှာ လည်း ဆင်း လုပ်ရပ်အတွက်တော့ ဒေါသစိတ်လေး ဖြစ်နေမိ၏ ။

"ဟော"

ခြံတံခါးဝကိုပဲ ဂရုစိုက်ကြည့်နေသော မင်းပို့

နှုတ်က အသံလေး ထွက်လာသည်။ ရွက်လွှာ

လှည့်ကြည့်တော့ ခြံထဲကို မောင်းဝင်လာတာ ဆင်းရဲ့

ပရာဒိုကားပြာလေးပဲ ဖြစ်၏ ။

"ဆင်း ပြန်လာပြီဟ"

ဆင်ဝင်အောက်မှာ ကားလေး

ထိုးရပ်တော့မှ ရွက်လွှာ မျက် မှော င်လေးကုပ်

အံ့ဩသွား၏ ။ ဆင်း ပြန်လာတာ တစ်ယောက် တည်း

မဟုတ်ပါ။

ကားထဲမှာ ယောက်ျားပို့တစ်ဦးပါ

ပါနေသည်။ ရွက်လွှာ တစ်ခါမှ မမြင်ဖူးသော သူ။

"ရွက်လွှာ အဲဒါ ဘယ်သူလဲ"

"ငါလည်း မသိဘူး၊ အခုမှ မြင်ဖူးတာ"

ဧည့်ခန်းထဲမှာ သူမတို့ ရှိနေတာ သိလျက်နှင့်

ဆင်းက တစ်ချက်လေးတောင် လှည့်မကြည့်ဘဲ ပါလာသော ညှော်သည်ကို အပြုံး လေးနှင့် စကားတွေ ဖောင်ဖွဲ့လို့မဆုံး ဖြစ်နေ၏ ။

"ဟိန်း အထဲကို ဝင်ဦးနော်၊ ရွှေတောင်ခေါက်ဆွဲ ကျွေးမှာ "

"ဆင်းလေး ကျွေးမယ်ဆိုတာနဲ့ ရင်ထဲမှာ အလိုလို ပြည့်သွား ပြီ"

"အံမယ် အပိုတွေ ဟွန်း"

"ဟာ မျက်စောင်းလေးက ဟောဒီ ဘယ်ဘက်ရင်အုံထဲအထိ စူးနစ်သွားတာပဲကွာ တကယ်"

"ပြောပြန်ပြီ အပိုတွေ အဟင်း ဟင်း"

ဆင်း တမင်ပဲ လုပ်ပြနေတာလား မသိတော့ပါ။ ယောကျာ်း လေး တစ်ယောက် ကို ဆင်း

အခုလို ပြောဆို ဆက်ဆံနေတာမျိုး ရွက်လှာ တစ်ခါမှ မမြင်မတွေ့ဖူးပါ။ ရွက်လှာ အံ့ဩမင်သက်နေသလို မင်းပို့ကတော့ သွေးဆုတ်ဖြူလျော်သော မျက်နှာနှင့် ရှိနေ၏ ။

"တကယ် ပြောတာ ဆင်းလေး ဆင်းလေး မျက်စောင်းလေးက တို့ရင်ထဲအထိ စွဲငြိစေတာ၊ ဆင်းအသံလေးက ဆည်းလည်းသံလေးလိုပဲ တို့နားစည်ထဲကို ချိုမြိန်သွားတာကွ"

ဆင်း ကိုယ်တိုင်ကလည်း သကာရည်လူးထားသော အပြုံးတွေ ဝေနေသလို ဟိန်းဆိုသော ပုဂ္ဂိုလ်ကလည်း မြှောက်ပင့်ချီးကျူး စကားတွေ ပြောမဆုံး ဖြစ်နေ၏ ။

နှစ် ဦးသား ဧည့်ခန်းထဲအထိ ယှဉ်တွဲ ဝင်လာပြီးမှ ဆင်းက ထိုင်ခုံမှာ ထိုင်နေသော

ရှက်လွှာတို့ကို မြင်တွေ့သွားတော့ အံ့သြသလို မျက်ဝန်းလေး ပြူး ကြည့်သည်။

"ဧည့်သည် ရောက်နေတာလား ရှက်လွှာ"

မင်းပျိုကို ဧည့်သည် တစ်ယောက် ဟု ဆင်းက ရည်ရွယ်ပြော လိုက်တာကြောင့် ရှက်လွှာ မယုံနိုင်သလို မျက်ခုံးလေးတွေ တွန့်သွားရင်း

"မင်းပျိုရောက်နေတာ ကြာပြီ ဆင်းရဲ့၊ ဆင်းကို စောင့်နေ တာ"

"ဟုတ်လား ဘာကိစ္စရှိလို့လဲ မင်းပျို"

ဆင်းက မေးတော့ မင်းပျိုမျက်စိမျက်နှာပျက် ဖြစ်သွားသည်။ တကယ်ဆို ဆင်းကိုယ်တိုင် ခွင့်ပြုလို့ သူရောက်ခဲ့တာ။

"ဟို ကျွန်တော့် အိမ်က ပို့လိုက်တဲ့ လက်ဆောင်တွေ လာပို့ ပေးတာပါ ဆင်းရဲ့၊

ငါးခြောက်နဲ့ ပုစွန်ခြောက်တွေ လေ"

ဆင်း နှာခေါင်းလေး ရှုံ့ကာ မျက်နှာလေး မဲ့ကျသွားခဲ့၏ ။

"တို့က အဲဒါတွေ ကို လုံးဝမကြိုက်ဘူး မင်းပို ရဲ့ ၊ ရွက်လှာတို့ တွေ တော့ ကြိုက်ချင်ကြိုက်မှာ ပေါ့"

"ဆင်းနဲ့တို့က အကြိုက်တူသွားပြီ၊ တို့ကလည်း ငါးပိ ငါးခြောက် ဆို အနံ့တောင် ခံလို့မရတာ "

ဆင်း ပြောစကားကို ဟိန်းဆိုသော ပုဂ္ဂိုလ်က အလိုက်အထိုက် လိုက်ပြောရင်း နှာခေါင်းတွေ ရှုံ့ ပခုံးတွေ တွန့်နေပြန်သေး၏ ။ မင်းပို့ မျက်စိမျက်နှာပျက်နေတာကို ကြည့်ရင်း ရွက်လှာ ကြားထဲက အားတွေ နာနေမိသည်။ ဆင်းထည်ဝါက မင်းပို့ခံစားချက် တွေ ကို ဥပေက္ခာပြုထားရင်း ဟိန်းကို

ဖြိုး ဖြိုး လေး ကြည့်ကာ

"လာလေ ဟိန်း၊ ဒေါ်ကြီးလုံး လက်ရာ ရွှေတောင်ခေါက်ဆွဲ သွားစားရအောင်"

"တို့က ဆင်းလက်ရာမှ စားချင်တာကွ"

"အမလေး ဆင်းကို အထင်မကြီးနဲ့ ကြက်ဥတောင် အဆင်ပြေ အောင် ကြော်တတ်တာ မဟုတ်ဘူး အဟင်း ဟင်း"

"ဆင်း လက်ရာဆိုတာနဲ့တင် တို့က ကြိုက်ပြီးသား၊ တူးတူး ခါးခါး ရတယ် အဟွန်း"

"ကဲပါ ကိုယ်တော် ချောရယ် ဆင်းလက်ရာစားချင်တယ်ဆိုရင် နောက်မှစား၊ အခု ရွှေတောင်ခေါက်ဆွဲလေး စားသွားနော်၊ သြော် ရွှက်လွှာတို့ကော စားပြီးကြပြီလား၊ အတူစားကြမလား"

"ဟင့်အင်း ရွှက်လွှာ မဆာသေးဘူး၊

ဆင်းတို့ပဲ စားကြပါ၊ မင်းပျိုပါ အတူစားလိုက်လေ''

''နေပါစေ ရွက်လွှာ ကိုယ့်ရင်တွေ ပြည့်နေပြီ၊ မစားချင်သေး ဘူး''

မင်းပျိုငြင်းနေတာကို ရွက်လွှာ နားလည်ပါသည်။ ဆင်းတို့ နှစ် ယောက် နှင့် အတူထိုင်စားဖို့ဆိုတာ မင်းပျိုအတွက်တော့ စိတ်ဆင်းရဲစရာ စကားတွေ ကြားကာ မျိုကျမှာ မဟုတ်။

''ဒါဆို မင်းပျိုနဲ့ရွက်လွှာ ပြီးမှစားကြပေါ့၊ ဆင်းတို့တော့ စား တော့မယ် လာ ဟိန်း''

ဟိန်း လက်မောင်းကိုဆွဲကာ ဆင်း စားသောက်ခန်းဘက် လှမ်းဝင်သွားတော့ ရွက်လွှာကော မင်းပျိုပါ ငိုင်တွေ တွေ ကြီး ကျန်ရစ်ခဲ့ကြသည်။

''ရွက်လွှာ အဲဒီ လူက ဆင်း ချစ်သူလား''

"ဟို ငါ မသိဘူး မင်းပို၊ အခုမှ ဒါ ပထမဆုံးမြင်ဖူးတာ"

"ကြည့်ရတာ ဆင်းနဲ့ ရင်းနှီးကျွမ်းဝင်နေတာ အတော် ကြာတဲ့ ပုံပဲ၊ ငါ အရမ်းခံစားရတယ် ရွက်လွှာရယ်"

"ငါ တကယ် စိတ်မကောင်းပါဘူး မင်းပို ရယ်၊ ဆင်းဒီလို လုပ်လိမ့်မယ်လို့ ငါ လုံးဝ ထင်မထားဘူး"

ရွက်လွှာ တကယ်ကို ရင်ထဲက စိတ်မကောင်းစွာ နှင့် ဆိုမိသည်။ ဆင်း လုပ်ပုံက လက်ခံစရာ မရှိပါ။ မင်းပိုကို တမင်ခေါ်ပြီး ခံစားရ အောင် လုပ်ပြနေသလိုပါပဲ။

ထို့အတွက် မင်းပိုကို ရွက်လွှာ နှစ် သိမ့်ဖို့လည်း စကားလုံး တွေ ရှိမနေပါ။

"ရွက်လွှာ ငါ ပြန်တော့မယ်ဟာ"

"ဟင် နေပါဦး နင်ကလည်း ရွှေတောင်ခေါက်ဆွဲ စား သွားပါ ဦး"

"မစားချင်တော့ပါဘူး ရွက်လွှာ၊ ငါ ဒီမှာ ဆက်နေရင် ပိုပြီး ခံစားနာကျင်ရမှာ သေချာတယ်"

မင်းပျိုထရပ်တော့ ရွက်လွှာလည်း ထရပ်မိသည်။ မင်းပျိုကို လည်း မတားရက်တော့ပါ။

"ငါ ခြံဝအထိ လိုက်ပို့ပေးမယ် မင်းပျို"

ဧည့်ခန်းထဲမှ ခြံဝအထိ မင်းပျိုကို ရွက်လွှာ လိုက်ပို့ပေး ဖြစ် သည်။ ဒါပေမဲ့ စကားပြောဖို့ မင်းပျို ဆွံ့အနေသလို ရွက်လွှာလည်း နှုတ်ဆက်ဖို့တောင် အားနာနေမိသည့်အ ဖြစ်။

"ငါ သွားတော့မယ် ရွက်လွှာ"

"အေး ကျောင်းဖွင့်ရက်ကျမှ

ပြန်ဆုံရအောင်နော်"

မင်းပို့ခေါင်းလေးညိတ်ကာ တရွေ့ရွေ့

ကျောခိုင်း ပြန်သွား တာကို ရပ်ကြည့်ရင်း ရှက်လွှာ

ပင့်သက်ရှိုက်မိပြန်သည်။

ဆင်းရယ် နင် မင်းပို့ကို တမင်ပဲ

ရက်စက်ပြနေတာလား။ နင့်ကိုငါ

နားမလည်နိုင်တော့တာ အမှန်ပဲ။

ဘယ်ယောက်ျားကိုမှ မပတ်သက်ခဲ့ဘူးတဲ့

နင် တစ်ယောက် ပြီး တစ်ယောက် တွဲ ပြနေတာ မင်းပို့

ကို နာကျင်ခံစားစေချင်လို့လား။

နင့်ရည်ရွယ်ချက်က ဘာလဲ ဆင်းရယ်။

*

# အခန်း (၁၃)

"ဆင်း အရမ်းပြောင်းလဲသွားသလိုပဲနော်"

ရွက်လှ စကားကြောင့် ဆင်း နွေးနွေးကလေး ပြုံး သည်။ ရှင်းသန့်နေသော မျက်နှာလေးမှာ အပြုံး လေးက နှစ်သက် မက်မောစရာ ပါပဲ။ ဒါပေမဲ့ ဆင်းရဲ့ ဒီအပြုံး တွေ ကို ရွက်လှ ကြောက်ချင်နေ၏ ။

"ရွက်လှ အခုမှ ရိပ်မိသလား၊ တို့က တမင်ပြောင်းလဲပစ် လိုက်တာ"

"ဟင် တမင်ပြောင်းလဲပစ်တာ ဟုတ်လား"

"ဟုတ်တယ် ရွက်လှ၊ ဆင်းထည်ဝါ ဆိုတဲ့ မိန်းမက မာန မကြီးတတ်ဘူးလေ၊ အားလုံးကို လိုက်လျောညီထွေ ဆက်ဆံကြည့်တာ၊ အဟင်း ဟင်း

ကိုယ့်ကိုချစ်တဲ့ ခင်တဲ့သူတွေ အများ ကြီး ပေါ်လာတာ သက်သေပဲလေ"

ဆင်း စကားတွေ ကို ရွက်လွှာ နားမလည်နိုင်တာ အမှန်ပဲ ဖြစ်သည်။ အရင်တုန်းက ဆင်းနှင့် အခု ဆင်း အတော့်ကို ပြောင်းလဲ သွားခဲ့တာတော့ သေချာပါသည်။

"တို့အရင်တုန်းက ဘယ်ယောကျ်ားကိုမှ ဂရုမစိုက်ဘူး၊ မပေါင်း သင်း မခင်မင်ဘဲ နေတယ်၊ အဲဒါ တို့ မာနကြီးသလို ဖြစ်သွားသလား ဟင် ရွက်လွှာ"

ဆင်းမေးတော့ ရွက်လွှာ ခေါင်းလည်းမညိတ်၊ ခေါင်းလည်း မခါ ဖြစ်ပါ။

"ဘာလို့ မဖြေတာလဲ ရွက်လွှာ"

"ဆင်းကို မာနကြီးတယ်လို့ တို့ မထင်ပါဘူး၊ ဒါ ဆင်း နေတတ် တဲ့ ပုံစံပဲလေ"

"အဟင်း အဲဒီ ပုံစံက တခြားသူတွေ အမြင်မှာ မာနကြီးတဲ့ သူလို့ သတ်မှတ်စရာ ဖြစ်သွားတယ် ရွက်လွှာရဲ့၊ မင်းပို့စာထဲမှာ တို့ကို အဲဒီ လိုကို စွပ်စွဲထားတာ"

ရွက်လွှာ မျက်ခုံးလေး တွန့်သွားသည်။ မင်းပို့ ရဲ့ စာကို ရွက်လွှာ ဖတ်ကြည့်ပြီးသားပါ။ ဒီစာအတွက် ဆင်း မကျေမနပ် ဖြစ်နေတာလား။

"ဟို ဆင်း အဲဒါကြောင့် ပြောင်းလဲလိုက်တာလား"

"ဟုတ်တယ် ရွက်လွှာ၊ ငါ့ရဲ့ မာနတွေ ကို ငါ လျော့ချပစ်လိုက် တာ မကောင်းဘူးလား"

ဆင်းရဲ့ အပြုံး လေးတွေ မှာ လှောင်ရိပ်တွေ သမ်းနေသည်ဟု ရွက်လွှာ ထင်ပါသည်။

"ဘယ်ယောကျ်ားလေးကိုမှ မပတ်သက်

မခင်မင်ဘူးတဲ့ ငါ အခုတော့ အားလုံးနဲ့ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး နေတယ်၊ အပြင်း သဘောကျစရာတော့ အကောင်းသားနော် ရှက်လွှာ၊ ပေးကြတဲ့ လက်ဆောင်ပစ္စည်းတွေ က နင်မြင်တဲ့အတိုင်းပဲ"

ဂုဏ်ယူသလို ပြောနေတာမျိုး မဟုတ်ပါဘဲ ဆင်းအသွင်က လှောင်သလို အရိပ်သမ်းနေ၏ ။ ဆင်းကိုယ်တိုင်က ထိုလက်ဆောင် ပစ္စည်း တွေ ကို စိတ်ဝင်စားပုံမရတာ ရှက်လွှာ အသိဆုံး ဖြစ်သည်။

"မင်းပြုံတောင် မနေ့က လက်ဆောင်တွေ လာပေးတယ် မဟုတ်လား ရှက်လွှာရဲ့ "

"ဆင်း မနေ့က မင်းပြုံတော် တော် စိတ်မကောင်း ဖြစ်သွား တယ်"

"ဟင် ဘာ ဖြစ်လို့လဲ"

မျက်မှော င်လေး ကျုံ့ ကာ ဆင်း မေးသည်။

ဒါတမင် မသိချင် ယောင်ဆောင်ကာ မေးသော မေးခွန်းဟု ရွက်လှ သိနေသည်။ ဒါပေမဲ့ မသိဟန်ဆောင်ကာပဲ ပြောရသည်။

"သူက ဆင်းကို တွေ့ဖို့ လာတာလေ၊ ဆင်းက မရှိတော့ သူ စောင့်နေတာ ဆင်းတခြား ယောကျ်ား တစ်ယောက် နဲ့ ဆင်းကို တွေ့လိုက် တော့ သူ တော် တော် မျက်နှာပျက်သွားတာ"

"မဆိုင်လိုက်တာ ရွက်လှရယ်၊ မင်းပြုက အဲဒီ လောက် နားလည်မှု မရှိတဲ့ ယောကျ်ားလား"

"မဟုတ်ဘူးလေ ဆင်းရဲ့၊ ဆင်းတို့တွေ က တော် တော် ရင်းနှီး ပတ်သက်နေပုံဆိုတော့"

"ဟိန်းအာကာကို ပြောတာလား၊ သူနဲ့တို့က မိတ်ဆွေအဆင့် ထက် မပိုသေးဘူး ရွက်လှ၊ ပြောရရင် သူကလည်း မင်းပြုလိုပဲ တို့ အချစ်ကို ရနိုင်ဖို့

စောင့်နေတဲ့ ယောကျ်ား တစ်ယောက် ပဲ"

ဆင်းမှာ ရင်းနှီးပတ်သက်လိုသော ယောကျ်ားလေးတွေ အများ ကြီးရှိတာ ရှက်လွှာ သိပါသည်။ ဒါပေမဲ့ အားလုံးကို ဥပေက္ခာပြုထားခဲ့သူ က အခုမှ ခင်မင်ပတ်သက်နေတာ အံ့ဩစရာကြီး ဖြစ်နေသည်။

"နေပါဦး ရှက်လွှာ၊ မင်းကို သူက ဘာပြောလို့လဲ၊ မင်းကကော မင်းပိုျဘက်က ဘာလို့ ရှေ့နေလိုက်ပေးနေတာလဲ"

ဆင်း ဒေါသသံလေးစွက်ကာ စစ်ဆေးမေးမြန်းတော့ ရှက်လွှာ ခေါင်းလေးခါကာ ကသော ကမျောလေး ဖြေရှင်းရ၏ ။

"မဟုတ်ပါဘူး ဆင်းရယ်၊ မင်းပို့က ဆင်းနဲ့ပတ်သက်ရင် အရမ်းထိရှခံစားလွန်းတာ ရှက်လွှာ

အသိဆုံးလေ၊ ဒါကြောင့် ဆင်းနဲ့ ပတ်သက်ပြီး သူ ခံစားရသမျှ ရွှက်လွှာကို ရင်ဖွင့်တယ်၊ ရွှက်လွှာကလည်း ဆင်းကို ပြန်ပြောမိတာပါ"

"ဘာလဲ ရွှက်လွှာ မင်းပိုုက မင်းကတစ်ဆင့် တို့ကို စည်းရုံး ခိုင်းနေလို့လားဟင်"

"ဒီသဘော မဟုတ်ပါဘူး ဆင်းရဲ့ ၊ သူက ဆင်းကို သိပ်ချစ် နေတော့ ဆင်းဆီက တုံ့ပြန်မှု တစ်ခုကို မျှော်လင့်နေတာပါ"

ဆင်း ပြုံး သည်။ နှုတ်ခမ်းလေးတွေ တွန့်ပြီး ပြုံး သော အပြုံး မျိုး ကို အရင်တုန်းက ရွှက်လွှာ အမြဲမြင်နေကျ ဖြစ်သည်။

"ကောင်းပြီ ရွှက်လွှာ၊ မနက်ဖြန်ကျရင် သူ့ကို ကင်တင်းနဲ့မှာ စောင့်နေဖို့ မင်း မင်းပိုုကို ပြောလိုက်ပါ"

"ဟင် တကယ်လား ဆင်း"

"ဒါ နောက်ပြောင်စရာကိစ္စမှ မဟုတ်ဘဲ၊ တို့ သူနဲ့ နှစ် ယောက် တည်း ဆွေးနွေးမယ်၊ သူ လိုချင်တဲ့ အဖြေကိစ္စအတွက်ပေါ့"

ဆင်း တည်တည်လေးဆိုတော့ ရွက်လှာ မယုံမရဲ ငေးကြည့်နေ မိ၏ ။ ဆင်းရဲ့ မျက်ဝန်းတွေ ထဲက သိဝှက်ခြင်းတွေ ကို ရွက်လှာ အခုချိန် အထိ အကဲခတ်နိုင်စွမ်း မရှိပါ။

"ဆင်း သူ့ကို အဖြေပေးမှာ လားဟင်"

"ဒုက္ခပါပဲ ရွက်လှာက ဘာလို့ ဒီစကားတွေ မေးနေရတာ လဲ၊ တို့ခိုင်းတဲ့အတိုင်းပဲ လုပ်စမ်းပါ၊ အဲ တို့ စာကျက်တော့မယ်"

ပြောပြီးသည်နှင့် ဆင်း စာကြည့်ခန်းဘက် ထွက်သွားခဲ့၏ ။ ရွက်လှာ တစ်ယောက် တည်း

ငိုင်ငိုင်လေး ကျန်ရစ်ခဲ့သည်။

ဆင်းက တကယ်ပဲ မင်းပျိုကို အဖြေပေးမည်တဲ့လား။ မင်းပျိုသိရင်တော့ ဝမ်းသာသွားမှာ သေချာလွန်းသည်။

ရှက်လှာလည်း တစ်ခုတော့ စိတ်ချမ်းသာမိပါသည်။ ဘာပဲ ဖြစ် ဖြစ် မင်းပျိုရဲ့ သောကမျက်နှာကို မမြင်ရက်တော့တာ အမှန်လေ။

*

# အခန်း (၁၄)

မင်းပိုျရင်တွေ ခုန်နေမိတာတော့ အမှန်ပဲ ဖြစ်သည်။ ရွက်လှ္ဝာ လာပြောတုန်းက ယုံတောင် မယုံချင်ခဲ့။

"သေချာရဲ့ လား ရွက်လှ္ဝာရယ်၊ ဆင်းက ငါ့ကို တွေ့ ချင်တယ် ဆိုတာ တကယ်ပဲလား"

"ဟဲ့ တကယ်မို့ ငါပြောတာပေါ့"

"ငါက စမ်းသပ်ဦးမှာ လား ရွက်လှ္ဝာ၊ ဆင်းနဲ့အတူ ဘယ်သူ ရှိနေဦးမှာ လဲဟင်"

"ဒါတော့ ငါ မသိဘူး မင်းပိုျ၊ နင့်ကိစ္စနဲ့ ပတ်သက်ပြီး ငါ သူ့ ကို အရဲစွန့် ဆွေးနွေးတော့ သူက နင်နဲ့တွေ့ ချင်တယ်တဲ့ ပြောတာပဲ"

"နေပါဦး နင်တို့ ဘာတွေ ပြောကြတာလဲ

ငါ့ကို ပြောဦးလေ"

"နင်က ဆင်းကို ဘယ်လောက်ချစ်တယ်ဆိုတဲ့အကြောင်း ဆင်း လုပ်ရပ်တွေ ကြောင့် နင် ခံစားရတဲ့အကြောင်းတွေ ငါ ပြောလိုက်တော့ ဆင်းက နင်နဲ့တွေ့ ချင်တယ် ပြောတော့တာပဲ"

"ဟာ ဝမ်းသာလိုက်တာ ရွှက်လွှာရယ်၊ ငါလည်း ဆင်းနဲ့တွေ့ ချင်နေတာ၊ ဘယ်လိုလုပ်ရမှန်း မသိဘူး၊ ငါ အကြံပေးချင်တာက နင် ဘယ်လိုအခြေအနေမျိုး ပဲ ဖြစ် ဖြစ် ရင်ဆိုင်နိုင်အောင် ကြိုး စားပေါ့ဟာ"

ရွှက်လွှာ ပြောခဲ့သော စကားကို ပြန်ကြားမိတော့ ရင်ခုန်သံတွေ က ပိုလို့လှုပ်ခတ်လာ၏ ။

ဆင်းက နှစ် ယောက် တည်း ဆုံချင်သည်

ဆိုတာကြောင့် ကင်တင်းန်ကို ဆင်း ချိန်းဆိုသော နာရီမတိုင်ခင် နာရီဝက်လောက် ကတည်းက သူ ကြို ရောက်နေခဲ့သည်။

တစ်ယောက် တည်း စောင့်ရင်း အချိန်တွေ ကို ကျော်ဖြတ်ရတာ က ကြာရှည်လွန်းသည်။

မသောက်ချင်ပါဘဲ မှာ သောက်ထားသော ကော်ဖီမစ်က တစ်ငုံ မျှ မငုံရသေးဘဲ အေးစက်နေပြီ။

ကင်တင်းန်ရဲ့ ကဖေးဆိုင်ကလေးထဲမှ ဆင်းလာမည့် လမ်းကို မျှော်ကြည့်ရတာ ရင်တထိတ်ထိတ်နိုင်လှ၏ ။ ဆင်း တစ်ယောက် တည်း မဟုတ်ပါဘဲ သူစိမ်းယောကျ်ား တစ်ယောက် ပါ တမင်ခေါ်လာရင် အခက်။

စိုးရိမ်အတွေ းတွေ အဆုံးမသတ်ခင်မှာ ပဲ

ဆင်းရဲ့ အရိပ်လေး ကို သူ လှမ်းမြင်လိုက်ရ၏ ။

"ဆင်း"

နှုတ်က ယောင်ယမ်း ခေါ်မိရင်း လူကပါ ခုံက ထရပ်မိပြီးမှ ပတ်ဝန်းကျင်ကို သတိထားမိကာ ပြန်ထိုင်လိုက်ရသည်။

အနီရဲရဲ ထက်အောက်ဝတ်စုံလေးနှင့် အဖြူရောင် ကျောပိုး အိတ်လေးကို ညာလက်မောင်းမှာ လွယ်ကာ ဆင်း လျှောက်လာပုံက မဟာဆန်လွန်းသည်။ ဆင်းရဲ့ ခြေလှမ်းတိုင်းမှာ သူ့ရင်ခုန်သံတွေ က စည်းချက်ညီနေ၏ ။

ရှင်းသန့်နေသော မျက်နှာလေးက မှန်ညက်နေအောင် ပြင်ဆင် ထားတာ မဟုတ်ပါဘဲ ဆင်းထည်ဝါ အလှက ရှေးဆုတောင်းပြည့်သည်။ ကျောအထိပဲ ရှည်သော ဆံနွယ်တွေ ကို ဒီအတိုင်း

ဖြာချထား၏ ။

သူ့ကိုမြင်တော့ ဆိုင်ထဲကို တစ်လှမ်းချင်း လှမ်းဝင်လာသော ဆင်း မျက်နှာဆီမှာ ဆိုင်ထဲက ပုရိသတွေ အကြည့်တွေ စုစည်းရောက် ရှိသွားခဲ့ကြ၏ ။

"ဆင်း ထိုင်လေ"

သူ့စားပွဲရှေ့ကို ဆင်း ရောက်တော့ သူ ရပ်ပြီး ဆီးကြိုမိ၏ ။ အခုချိန်အထိ အပြုံး ရိပ်တစ်ချက်လေး မထင်သော ဆင်း မျက်နှာလေး ကို ကြည့်ကာ သူ ရင်ထိတ်မိသည်။

"ဆင်း ဘာသောက်မလဲ၊ တစ်ခုခု စားပါလား"

"ဟင့်အင်း ကျွန်မ ဘာမှမစားချင်ဘူး၊ အအေးပဲ သောက် တော့မယ်၊ လိမ္မော်ပဲ လုပ်ပါ"

ဆင်း ဆန္ဒအတိုင်း အနားက စားပွဲထိုး

ချာတိတ်လေးကို သူ လိမ်မှော်ဘူး မှာ လိုက်သည်။

"ဆင်း ကျွန်တော့် ကို တွေ့ ချင်တယ်လို့ ရွက်လှ လာပြောတော့ ရင်တွေ ခုန်လိုက်တာ ဆင်းရယ်"

"ဟင် ကျွန်မက ရိုးရိုးသားသား ဆုံတွေ့တာပါ၊ ရှင့်ကို ရွက်လှ က ဘာတွေ ပြောလိုက်လို့လဲ"

"ဟင့်အင်း ဘာမှမပြောပါဘူး၊ ဒါပေမဲ့ ကျွန်တော် ရင်ခုန်မိတာ ပေါ့၊ ဆင်းအကြောင်း တွေးလိုက်တာနဲ့ ကျွန်တော် က ရင်ခုန်နေတတ် တာ"

သူ့စကားကြောင့် ဆင်း နှုတ်ခမ်းလေးတွေ တွန့်ပြီး ပြုံး သည်။ ဆင်း အပြုံး လေးတွေ က ဘယ်တော့မှ ပြည့်ဝစွာ မြင်တွေ့ခွင့် မရပေမယ့် ဆင်း ပြုံး လိုက်တိုင်း သူ ရင်ခုန်နေမိတာ အမှန်။

နည်းကျက်နေသော မျက်နှာလေးမှာ ပေါင်ဒါမှု

နှမ်မှု နှမ်လေးပဲ တင် ထားပုံရ၏ ။ နဂိုစိုလဲ့သော နှုတ်ခမ်းလေးတွေ က ပန်းနုရောင် သမ်းလို့နေ သည်။

ဆင်းထည်ဝါ အလှက တစိမ့်စိမ့် ထိုင်ကြည့်လေလေ မြတ်နိုး ချစ်ခင်စရာ ကောင်းလေလေပါပဲ။

"ရှင့်ကို ရွှက်လွှာက တော် တော် သံယောဇဉ်ရှိတာပဲနော်၊ မင်းပျိုလွင်အကြောင်း ပြောလိုက်တိုင်း အကောင်းချည်းပဲ"

"ရွှက်လွှာက ခင်စရာကောင်းတဲ့ သူငယ်ချင်းပါ"

"သူကလည်း ရှင့်ကို အတော် တွယ်တာပုံပါ၊ ညီအစ်မတွေ ထက် တောင် ပိုတာ သက်သေလေ အဟင်း ရှင့်စာကိုတောင် ကျွန်မ အိတ်ထဲ ခိုးကြောင်ခိုးဝှက် ထည့်ပေးတာ"

"ရှက်လို့ အပြစ် မဟုတ်ပါဘူးဗျာ၊ ကျွန်တော် ဇွတ်တောင်း ဆိုလို့ ရှက်လျှာက ကူညီပေးတာပါ"

"ကဲပါလေ ဖြစ်ပြီးတာတွေ ထားပါတော့ ရှင် ကျွန်မကို ဘာ ပြောချင်သလဲ၊ ပြောနိုင်တယ် မင်းမို"

ဆင်း နှုတ်က ခွင့်ပြုတော့လည်း သူ့နှုတ်တွေ က အာစေးမိထား သလို ဆွံ့အကုန်သည်။ ရင်ထဲမှာ ပြောချင်သည့် စကားတွေ က အများ ကြီးပါပဲ။ ဒါပေမဲ့ ဆင်း မျက်နှာတည်တည်လေးကြောင့် ဘယ်ဆီရောက် ကုန်ပြီ မသိ။

"ကျွန်တော့် ရင်ထဲမှာ ပြောချင်တာတွေ အများ ကြီးပဲ ဆင်းရယ်၊ ဒါပေမဲ့ တစ်ခွန်းပဲ ဝန်ခံချင်တယ်၊ ဆင်းကို ကျွန်တော် သိပ်ချစ်တယ်" မျက်ခုံးတန်းတန်းလေးတွေ ကွေးပြီး စိုက်ကြည့်နေသော

မျက်ဝန်းလေးတွေ ထဲက အဓိပ္ပါယ်တွေ ကို သူ မခန့်မှန်းတတ်ပါ။

"ဆင်း ရှင်ထဲက အဖြေကို ကျွန်တော် မျှော်လင့်နေခဲ့တာပါ ဆင်းရယ်"

"မင်းပို့"

"ပြောပါ ဆင်း"

"ရှင် သိပ်လိုချင်တဲ့ အဖြေကို စာမေးပွဲ မဖြေခင် ကျောင်းဖွင့် ရက်နောက်ဆုံးနေ့ကျ ကျွန်မ ပေးမယ်"

"ဗျာ ဆင်း တကယ် ပြောတာလားဟင်"

သူ့အမေးစကားကြောင့် ဆင်း နှုတ်ခမ်းလေးတွေ မပွင့်တပွင့် ပြုံး ပြီး ကြည့်နေ၏ ။

"ကျွန်တော် ဝမ်းသာလိုက်တာ ဆင်းရယ်"

"ကျွန်မ တစ်ခုပြောချင်တယ် မင်းပို၊ အဲဒီ နေ့ကျရင် ရှင့်ရဲ့ မိတ်ဆွေ အပေါင်းအသင်းတွေ ကိုပါ ကင်တင်းနဲ့မှာ ခေါ်ထားလိုက်ပေါ့"

"ဟင် ဘာ ဖြစ်လို့လဲဟင် ဆင်း"

"အားလုံးရဲ့ ရှေ့မှော က်မှာ ရှင့်ကို ဆင်းက အဖြေပေးချင်တာ ဆင်းဘဝမှာ ဘယ်ယောက်ျားကိုမှ အဖြေပေးလောက်တဲ့ အဆင့်အထိ မပတ်သက်ခဲ့ဖူးဘူးလေ"

"ဆင်း ဖြစ်စေချင်တယ်ဆို ဖြစ်စေရပါ့မယ်ဗျာ၊ ကျွန်တော် တော့ အဲဒီ နေ့ကျရင် ရင်တွေ ခုန်နေမှာ သေချာတယ်"

ဆင်း လိမ္မော်ရည်ဘူးလေးကို တစ်ငုံငုံ့သောက်ရင်း မျက်ဝန်း တွေ ထဲအထိ ရွှန်းပသော အပြုံး တစ်ခု ပွင့်ဖူးသည်။

ချစ်စရာကောင်းလိုက်တဲ့ ဆင်းကို ချစ်သူတစ်ယောက် အ ဖြစ် သာ သူ တရားဝင်ပိုင်ဆိုင်သတ်မှတ်ခွင့်ရလျှင် ဘယ်လောက် ဝမ်းသာကျေနပ်စရာကောင်းမည် လဲ။

ဆင်းရယ် ဘဝတစ်ခုလုံးအတွက် ဆင်းကို ကိုယ်ချစ်ခဲ့တာကို ဆင်း ယုံကြည်ပေးပါ။

*

# အခန်း (၁၅)

"ငါ့ရင်တွေ အရမ်းခုန်နေတယ် ရှက်လွှာ၊ ဆင်းက စာမေးပွဲ တွေ မတိုင်ခင် အဖြေပေးမယ်တဲ့"

မင်းပိုဖြူမျက်နှာက ကြည်နူးရိပ်တွေ ဖြာဝေနေသည်။ ဆင်းဆီ က စကားတွေ ကို ရှက်လွှာနှင့် ကိုတိုးတို့ သိအောင် မင်းပိုပြန်ပြော ပြနေ၏ ။

"အေး စာမေးပွဲရက်မတိုင်ခင် အဖြေပေးတာ ကောင်းပါတယ်၊ နောက်မို့ မင်း စာမေးပွဲတောင် ကောင်းကောင်း ဖြေနိုင်မှာ မဟုတ်ဘူး"

"ဆင်းကို ချစ်တာကိုးကွ၊ ဆင်းရဲ့ အချစ်ကိုသာ ပိုင်ဆိုင်ခွင့် ရရင် ငါ့အတွက် အရာရာ ပြည့်စုံပြီ"

မင်းပျိုစကားကြောင့် ကိုတိုး ပခုံးတွန့်

နှုတ်ခမ်းတွေ မဲ့ချပစ်ရင်း

"အခုလည်း မင်းဘဝက ဘာမှလိုတာမရှိအောင် ပြည့်စုံပြီးသား ပဲကွ၊ တစ်ဦးတည်းသော သား၊ မင်းမိဘတွေ ချမ်းသာသမျှ မင်းပိုင်ဆိုင် ရမှာ ပဲကွာ"

"ငါ ပြောတာ ငွေကြေးမနေ မဟုတ်ဘူးကွ၊ မေတ္တာတရားကို ပြောတာ"

"ငါ တစ်ခုမေးမယ် မင်းပျို၊ ဆင်းနဲ့ မင်းပိုင်ဆိုင်ချမ်းသာသမျှစည်းစိမ်တွေ ဘယ်ဟာကို မင်း ရွေးမလဲ၊ တစ်ခုခုပဲရွေးဆိုတဲ့ အခြေ အနေ ရောက်လာခဲ့ရင်ပေါ့"

ကိုတိုး အမေးစကားကို မင်းပျိုတွေ ဝေမနေဘဲ ချက်ချင်း အပြုံး တို့မပျက် ဖြေသည်။

"ပြောပြီးပြီပဲကွာ၊ ငါ့ဘဝမှာ အလိုအပ်ဆုံးက ဆင်းရဲ့ မေတ္တာ ပဲ"

"ဟား မင်းမိဘတွေ တော့ ရင်ကျိုး မှာ ပဲ၊ မွေးထားတာ တစ်ဦး တည်းသော သား၊ မင်းက မိဘထက်တောင် ဆင်းထည့်ဝါကို ချစ်နေ တာပေါ့လေ"

ကိုတိုး ဝေဖန်စကားကို မင်းပို့ရှက်ပြုံး လေးပြုံး ရင်း

"ဟာကွာ ဒီလို မပြောပါနဲ့၊ ဖေဖေနဲ့မေမေက ငါ့ကိုချစ်ပါတယ်၊ ငါ ရွေးချယ်တဲ့ ဆင်းကိုကော ဘာမှငြင်းစရာအကြောင်း မရှိပါဘူး၊ ချွေးမချောလေးကို ကြည်ဖြူစွာ လက်ခံမှာ သေချာပါတယ်"

မင်းပို့စကားတွေ နားထောင်ရင်း ရှက်လှသာ ရင်ထဲမှာ တော့ ဝေဒနာတစ်ခုနှင့် ဆို့နစ်နေ၏ ။

မင်းပို့ရဲ့ နှလုံးသားက ဆင်း တစ်ယောက်

အတွက်ပဲဆိုတာ သေချာနေခဲ့သည်။ အခုတောင် ဆင်းဆီက တိကျသေချာသော အဖြေ ကို မပိုင်ရသေးဘဲနှင့်တောင် မင်းပျို့အပျော်တွေ လွန်နေသည်။

"မင်းပျို့ဆင်းက အဲဒီ နေ့ကျ နင့်သူငယ်ချင်းတွေ ကိုပါ ကင်တင်းနဲ့ကို ခေါ်ခိုင်းတယ်ဆို"

"အေး ဟုတ်တယ် ရှက်လွှာ သူက ငါ့သူငယ်ချင်းတွေ ရှေ့ မှာ က်မှာ ငါ့ကို အဖြေပေးမှာ တဲ့"

ဆင်း ရည်ရွယ်ချက်ကို ရှက်လွှာ နားမလည်နိုင်အောင် ဖြစ် ရသည်။ ဆင်း လုပ်ရပ်က ရိုးမှရိုးသား ဖြူစင်ပါရဲ့ လား။

"ဘာလဲ မင်းတို့နှစ် ယောက် က

အားလုံးရှေ့မှော က်မှာ တရားဝင် ချစ်သူတွေ ဖြစ်ကြောင်း ကြေညာမှာ ပေါ့လေ"

"ဒါပေါ့ကွ အဲဒီ နေ့ကျရင် ကင်တင်းနဲ့မှာ မင်းတို့ ကြိုက်တာ စားကြ၊ အားလုံး ငါ ရှင်းမယ်၊ ဟိုကောင် စိုးဦးတို့ အုပ်စုကော ငြိမ်းမြ တို့တွေ ပါ ခေါ်ထားလိုက်"

မင်းပိုနှင့်ကိုတိုးတို့ နှစ် ယောက် စလုံး အတိုင်အဖောက် ညီညီ ပျော်ရွှင်နေကြတာမို့ ရွှက်လွှာ ဘာမှမပြော ဖြစ်တော့ပါ။

"ရွှက်လွှာ နှင့်ကိုငါ အရမ်းကျေးဇူးတင်တယ်ဟာ၊ နောက်မှ နှင့်အတွက် ငါ သီးသန့် ပြုစုကျွေးမွေးမယ်ဟာ"

"မလိုပါဘူး မင်းပိုရယ် ငါ နှင့်ကို ကူညီတာပါ"

"မလိုဘူး မလုပ်နဲ့ ရွက်လှ၊ ဒီကောင့်ကိစ္စမှာ နင်က အားလုံး ကူညီပေးခဲ့တာ၊ ပြီးရင် နင်တို့တွေ က ဆွေတော် မျိုး တော် တွေ ဖြစ်ကြတော့ မှာ ၊ မင်းပို ရွက်လှက မင်း ကျေးဇူးရှင်ဆိုတာ မမေ့နဲ့"

"မမေ့ပါဘူးကွာ၊ ငါတို့ မင်္ဂလာပွဲကျရင် ရွက်လှက မင်္ဂလာ ပန်းကြဲပေါ့"

"လုပ်ပြန်ပြီ မင်းတို့ကောင်တွေ မင်္ဂလာပွဲအထိတောင် ရွက်လှ က ကူညီလို့ မဆုံးတော့ဘူးလား၊ ရွက်လှရေ ပိုမယ့်ပို့ ကူးတို့ရောက် အောင်သာ ပို့လိုက်ပေ့ ဟား ဟား ဟား"

ကိုတိုး ရယ်မောနေတော့ မင်းပိုရဲ့ မျက်နှာကြီးလည်း ပြုံး နေ လို့။ ရွက်လှ ရင်ထဲ မချိပေမယ့်လည်း ဟန်ဆောင်ပြုံး ထားလိုက်ရသည်။

မင်းပိုကို ကူညီခဲ့တုန်း ကတော့ မင်းပို

ခံစားနေရတဲ့ ဝေဒနာ တွေ ကို မမြင်

မကြည့်ရက်တာကြောင့် ဖြစ်သည်။ ဒါပေမဲ့

တကယ်တမ်း တွေ းကြည့်တော့

မင်းပိုုနှင့်ဆင်းတို့ ယှဉ်တွဲ ပျော်နေမည့်

မြင်ကွင်းကို မြင်ယောင် ကြည့်ရုံနှင့် ရှက်လှာ ရင်ထဲမှာ

ကြေကြေကွဲကွဲ ခံစားနေရသည်။

မင်းပိုုရယ် ငါ့ရင်ထဲက အချစ်ကိုတော့ နင်

ဘယ်တော့မှ မြင်ခွင့်မရနိုင်တော့ဘူးပေါ့။

ငါ ကျေနပ်နိုင်အောင် ကြိုး စားပါ့မယ် မင်းပိုု

ရယ်။

*

"နင်ကော ကျေနပ်တယ် မဟုတ်လား ရွက်လွှာ"

ရွက်လွှာ မျက်နှာကို စေ့စေ့လေးကြည့်ကာ ဆင်း မေးလာတော့ ရွက်လွှာ ခေါင်းလေး ညိတ်ပြမိ၏ ။

"အင်း ကျေနပ်ပါတယ် ဆင်း၊ မင်းပိုျက ဆင်းနဲ့ အလိုက်ဖက် ဆုံးသူပါ"

ဆင်း ပြုံး ပြန်သည်။ နှုတ်ခမ်းထောင့်စွန်းလေးတွေ ကွေးကျ သွားသော အပြုံ း ကို ရွက်လွှာ မြင်သည်။

"အလိုက်ဖက်ဆုံး ဟုတ်လား၊ ရွက်လွှာက မင်းပိုျနဲ့တို့ကို ဘာလို့ အရမ်းသဘောတူနေရတာ လဲဟင်"

"ဩော် ဆင်းရယ် မင်းပိုျအကြောင်းကို ဆင်းလည်း လေ့လာ အကဲခတ်ပြီးပြီပဲလေ၊ မင်းပိုျက

ဆင်းကို သိပ်ချစ်တာပါ၊ မိဘအသိုင်း အဝန်းရော ဆင်းနဲ့ဂုဏ်ဒြပ်မှာ ပါ လိုက်ဖက်ညီတယ်လေ၊ ဒါကြောင့် ရွှက်လွှာက သဘောတူတာပေါ့"

"ရွှက်လွှာ တစ်ခါတလေကျ နင်က လည်မလိုလိုနဲ့ တကယ် တုံးတဲ့သူပဲ"

"ဟင် ဘာလို့လဲ ဆင်း"

ရွှက်လွှာ နားမလည်နိုင်သလို မျက်ဝန်းလေး ဝိုင်းကာ မေး တော့ ဆင်း ခေါင်းလေး ခါရင်း ပြုံး နေသည်။

"နင် တကယ် မသိဘူးဆိုတာ ငါ နားလည်တယ် ရွှက်လွှာ၊ လောကကြီးမှာ ယုံကြည်စရာမကောင်းတဲ့အရာတွေ အများ ကြီး ရှိတယ် ရွှက်လွှာ၊ ရိုးသားဖြူစင်လွန်းရင် ခံသွားရမယ်"

ဆင်း ဘာတွေ ပြောနေတာလဲ။ ရွှက်လွှာ

နားမလည်နိုင်ပါ။ ပဟေဠိဆန်လွန်းသော ဆင်း
စကားတွေ ကို ငြိမ်သက်စွာ နားထောင်နေ မိဆဲ။

"ငါတော့ ယောက်ျားတွေ ကို မယုံကြည်ဘူး ရွှက်လွှာ၊ ကောက် ကျစ်ယုတ်မာတတ်တဲ့ စိတ်ဆိုတာ မြင်ဖို့ ခက်ခဲတယ် သိလား"

ရွှက်လွှာ ခေါင်းမညိတ်မိပါ။ ဆင်း
စကားတွေ က တကယ်ကို
နားလည်နိုင်ရခက်လွန်းနေသည်။ မင်းပိုျကို ဆင်း
မယုံကြည်ဘူးဆိုတဲ့ သဘောလား။

ဒါကြောင့် အမျိုး မျိုး စမ်းသပ်ခဲ့တာပဲ
ထင်သည်။ အခုတော့ ဆင်း ယုံကြည်သွားခဲ့ပြီလား။

"မင်းပိုျကို ဆင်း အခု လက်ခံ
ယုံကြည်သွားပြီပေါ့နော်"

"ဟင့်အင်း တို့ မယုံပါဘူး"

"ဟင် ဒါဆို ဆင်းက အဖြေပေးမယ်ဆိုတာ မင်းပျိုကို ထပ်ပြီး စမ်းသပ်တာလား ဟင်"

"ဒါ စမ်းသပ်ချက် မဟုတ်ဘူး၊ တကယ် အဖြေပေးမှာ မို့ သူရဲ့ သူငယ်ချင်းတွေ ကိုတောင် ခေါ်ခိုင်းထားတာပေါ့ ရွက်လှာရဲ့ "

ဆင်း ကတော့ တကယ့်ကို ဝေ့လည်ကြောင်ပတ် နိုင်လွန်းသော လို့ ဝှက်ချက်တွေ နှင့် ပြည့်ဝနေသူပါလားဟု ရွက်လှာ မှတ်ချက်ပြု မိသည်။

"သိပ်ခေါင်းစားမနေပါနဲ့ ရွက်လှာရယ်၊ အဲဒီ နေ့ကျရင် ရွက်လှာ လည်း လာခဲ့ပေါ့၊ တို့ မင်းပျိုကို ပေးမယ့် အဖြေကို ရွက်လှာလည်း မြင်သိသွားအောင်လေ"

မင်းပျိုအပေါ် သံသယတွေ နှင့် ဆင်း

အဖြေပေးမှာ ကို ရွက်လှ အံ့သြချင်မိသည်။ ယောက်ျားတွေ ကို မယုံကြည်သော ဆင်းက မင်းပိုကို အားလုံးရဲ့ ရှေ့မှော က်မှာ ကြေညာချင်တဲ့ သဘောလား။

မင်းပို့သစ္စာမမဲ့နိုင်အောင် ကြိုစည်တာလား။

ချစ်သူကို ဘာကြောင့် အနှောင်အဖွဲ့တွေ နဲ့ ဆင်း တုပ်နှောင် ချင်တာလဲ ရွက်လှ မသိတော့ပါ။

အချစ်ဆိုတာ ခံစားတတ်သူချင်း မတူညီသလို ကွဲပြားခြားနား တတ်သည် ထင်ရဲ့။

ရွက်လှ ကတော့ အချစ်ကို ပကတိ ဖြူ စင်စွာ ပဲ ရှိစေချင်ပါ သည်။ ပိုင်ဆိုင်လိုမှု တွေ တပ်မက်စိတ်တွေ နဲ့ မနှောင်ဖွဲ့ချင်ပါ။

အင်း ဒါကြောင့် လည်း ရွက်လှ အ ဖြစ်က ပိုင်ဆိုင်ခွင့် မရတဲ့ အချစ်နဲ့ ပြီးဆုံးခဲ့ရတာ ထင်ပါရဲ့ ။

*

# အခန်း (၁၆)

ကြိုတင်တွေးဆထားသည့် အတိုင်းပါပဲ။ ကြီးကြီးတင် အိမ် ရောက်လာသည်နှင့် ပါဝါရှေ့ကိုင်း မျက်မှန်ကြီးနှင့် တစ်အိမ်လုံးကို လိုက်ကြည့်ပါတော့သည်။ ကြည့်သည်မှ ဆင်းနှင့်ရွက်လွှာတို့ အိပ်ခန်းတွေ ပါ မကျန် ကြည့်သည်။

"အင်း မိန်းကလေးဆိုတာ သေသေသပ်သပ် သန့်သန့်ရှင်းရှင်း နေတတ်ရမယ် ကြီးတင် တူမ နှစ်ယောက် စလုံးက မိန်းမတွေ တော့ ပီသပါတယ်"

သေသေသပ်သပ် သန့်သန့်ရှင်းရှင်း ဖြစ်နေသော အခန်းတွေ ကို ကြည့်ကာ ကြီးတင် ကျေနပ်စွာ ချီးကျူး သည်။ ကြီးတင် ရောက်မလာ ခင်ရက်တွေ ကတည်းက ဒေါ်လုံးခမြာ ကြီးတင် စိတ်တိုင်းကျရှင်းလင်း ပေးထားရတာ ကြီးတင်

မသိရှာပါ။

"ဟဲ့ မလုံး ဒီနေ့ ဘာဟင်းချက်မှာ လဲ"

"ရှင် ကြက်သားနဲ့ ဘူးသီးဟင်းချိုပါ မမတင်၊ အမဲသားနှပ်နဲ့ ငါးပိကြော်လေးပါ ကြော်ထားပါတယ်"

"ဟင် ဟင်းတွေ က အမယ်များ လှချည်လား ကြက်သားကော အမဲနှပ်ပါ ချက်တယ်၊ ဒီအိမ်မှာ ရှိတာက လူသုံးလေးယောက် ရယ်၊ ဘာလို့ ဟင်းတွေ နှစ် မျိုး သုံးမျိုး ချက်ရတာ လဲ၊ ဟင်းကောင်းတယ်ဆို ပြီးပြီပဲအေ အပိုတွေ ကုန်အောင်"

"ဟို မမတင် ရောက်လာလို့ ကြက်သားဟင်းလေး ချက်တာပါ"

"ဟုတ်ပါပြီ အမဲနှပ်က ဘာလို့ ထပ်ချက်တာလဲ"

"အမဲနှပ်က ဆင်းလေး စားချင်တယ်ဆိုလို့ပါ

မမတင်''

ဆင်း ချက်ခိုင်းတာဆိုတော့ ကြီးတင် ဘာမှထပ်မပြောပါ။ ဆင်းကိုတော့ ကြီးကြီးတင်က သိပ်မပြောရဲတာ အမှန်။

ဆင်းက အမျိုး အဆွေတွေ ကို သိပ်အားကိုးတာ မဟုတ်ကြောင်း ကြီးတင် သိသည်။ ရှက်လွှာတို့လို ဆူပူသမျှလည်း ငြိမ်သက်စွာ နာခံတတ်သူ မဟုတ်။ မထင်ရင် မထင်သလို ပြန်ပြောတတ်သူ။

''ဒါဆိုလည်း အမဲနပ်ပဲ ချက်ပေါ့အေ၊ ငါ့ကြောင့် ကြက်သား ပါထပ်ချက်ရတာ မျိုး မလုပ်စမ်းပါနဲ့''

''ဟုတ်ကဲ့ မမတင်''

ကြီးတင်အကြောင်း သိနေသော ဒေါ်လုံးက

အလိုက်သင့် ခေါင်းညိတ်သည်။ ကြီးတင် အကြည့်တွေ က ငြိမ်သက်စွာ ထိုင်နေသော ရွက်လှွာဆီ ရောက်လာပြန်သည်။

"ရွက်လွှာ ညည်းလည်း စာကို ကြိုး စားနော်၊ တစ်နှစ် တစ်တန်း မှန်အောင်လုပ်၊ ညည်းကျောင်းပြီးမှ ညိုလေးကို ကူနိုင်မှာ ၊ ခမြာ အခု ချိန်ထိ ဈေးဆိုင်ကတစ်ဖက် အိမ်ကိစ္စတွေ က တစ်ဖက်နဲ့ နားရရှာတာ မဟုတ်ဘူး၊ ညည်း တစ်ယောက် ပဲ သူ့မှာ အားကိုးစရာရှိတာ"

"ဟုတ်ကဲ့ ကြီးတင်"

"အေး ညည်း ကျောင်းပြီးရင် ညို လေးဆိုင်မှာ ပဲ ထိုင်နော်၊ တိရစ္ဆာန်ဆေးကု ဆရာဝန်အလုပ်တော့ မလုပ်နဲ့"

"ဘာ ဖြစ်လို့လဲ ကြီးတင်၊ ဆင်းတို့က

ဒီပညာသင်ပြီး ဒီဘွဲ့ကို ယူထားကြတာပဲ ဥစ္စာ"

"ဘွဲ့ယူထားတာ မှန်ပေမယ့် ညီလေးမှာ က သားသမီးရင်းချာ မှ မရှိတာဘဲ သမီးရဲ့၊ ညီလေးရဲ့ အထည်ဆိုင်ကို ရွှက်လွှာလေးပဲ ဦးစီးလုပ်ရမှာ ပေါ့၊ ညီ လေးက ရွှက်လွှာကို သမီးရင်းအ ဖြစ် မွေးစား စောင့်ရှောက်ထားတာပဲကွယ်"

ရွှက်လွှာက ကြီးတင် စကားတွေ ကို ပုတ်သင်ညိုလေး တစ် ကောင်လို အလိုက်သင့် ခေါင်းညိတ်နေပေမယ့် ဆင်း ကတော့ ကြားဝင် ပြောသည်။

"ဆင်း ကတော့ ကိုယ်သင်ထားတဲ့ ပညာအတွက် ကာလအပိုင်း အခြားတစ်ခုအထိတော့ အလုပ်လုပ်ဦးမှာ ပဲ၊ ကျန်တဲ့စီးပွားရေး အလုပ် တွေ က ကိုယ်တိုင် မလုပ်နိုင်လည်း ရတာ ပဲလေ"

"ဒါတော့ သမီးရယ် သမီးနဲ့ရွက်လှ္သာလေးရဲ့
ဘဝအခြေအနေ တွေ က တူညီတာမှ
မဟုတ်တာပဲကွယ်"

ကြီးတင် စကားကို လက်မခံချင်သလို ဆင်း
နှုတ်ခမ်းလေးမဲ့ ပခုံးလေးကျုံ့ သည်။

"အတတ်ပညာတစ်ခုကို အချိန်တွေ
အကုန်ခံသင်ယူပြီးမှ ကိုယ်တတ်တဲ့ ပညာရပ်နဲ့
မသက်ဆိုင်တဲ့ အလုပ်မှာ ရှင်သန်ရမယ့် ဘဝကြီးကို
နင်မို့လို့ ရွေးချယ်တယ် ရွက်လှ္သာ၊ ဒေါ်လေးညိုရဲ့
အထည်ဆိုင် မှာ ထိုင်မှာ ဆိုလည်း ဘာလို့ အချိန်တွေ ဖြု
န်းနေမှာ လဲ"

ဆင်းက ရွက်လှ္သာကို ကြည့်ပြီး
လှမ်းပြောတာ ဖြစ်ပေမယ့် ကြီးတင်က ကြားမှ ကသော
ကမျော ဖြေရှင်းသည်။

"ဒီလိုလည်း မဟုတ်ဘူးလေ သမီးရဲ့၊ အတတ်ပညာ ဘွဲ့တစ်ခု ဆိုတာတော့ ပိုင်ဆိုင်သင့်တာပေါ့"

"ဘာအတွက်လဲ ကြီးတင်၊ ဂုဏ်ဒြပ်တစ်ခုအတွက် အချိန်တွေ အကြာကြီး ပေးဆပ်ရမှာ တော့ သမီး သဘောမကျပါဘူး"

ဆန့်ကျင်ဘက်တွေ ချည်း ဆင်း ဆိုနေတော့ ကြီးတင် ဘာမှ ခွန်းတုံ့မပြန်တော့ဘဲ မီးဖိုခန်းဘက် ရှောင်ထွက်သွားသည်။

ဆင်းက မဲ့ပြုံး လေးနှင့် ကြီးတင် ထွက်သွားတာကို လိုက်ကြည့် နေရင်း ကြီးတင် ကွယ်ပျောက်သွားမှ

"ရှက်လွှာ နှင့်အစား ငါ တကယ် ရင်မောတယ်၊ နင် ရှင်သန် နေရတဲ့ဘဝကြီးက

စက်ရုပ်ဆန်လိုက်တာ''

''ဩော် ဆင်းရယ် ငါ့အပေါ်မှာ မေညိုရဲ့ ကျေးဇူးတွေ က အများ ကြီးလေ၊ အဲဒီ ကျေးဇူးတွေ ကို ငါ ထောက်ထားရမှာ ပေါ့''

''တော် ပြီ ငါ မပြောတော့ဘူး ရွှက်လွှာ၊ တော် ကြာ ငါနဲ့ကြီးတင် ပြဿ နာတက်မှာ သေချာတယ်''

ဆင်း လက်ကလေးကာ ပြောပြီး ထွက်သွားခဲ့ပြန်သည်။ ရွှက် လွှာ ပင့်သက်လေးရှိုက်ကာ ငေးငေးလေး ကျန်ရစ်ခဲ့သည်။

ကိုယ့်ဘဝက ဆင်း ပြောသလို စက်ရုပ်ဆန်နေပြီလား။ တကယ် ဆို ဆင်း ဝေဖန်တာလည်း မမှား ခဲ့ပါ။

မိဘတွေ တိမ်းပါးသွားကတည်းက

ရွက်လှ ဘဝက အဒေါ်တွေ ဆီမှာ ပဲ အားကိုးရာအ ဖြစ်နေခဲ့ရ၏ ။ မေညိုက ရွက်လှကို အလုံးစုံတာဝန်ယူစောင့်ရှောက်ခဲ့သူ ဖြစ်သည်။

တစ်ဦးတည်းသော မေညိုက အားလုံးထဲမှာ ရွက်လှကို သံယောဇဉ် အရှိဆုံး ဖြစ်၏ ။

ဒီကျေးဇူးတရားတွေ ကို ရွက်လှ ဘယ်လိုဥပေက္ခာပြုရက်နိုင် မည် လဲ။ ရွက်လှဘဝက တကယ့်ကို စက်ရုပ်ဆန်သော ဘဝဆိုလည်း ရှိစေတော့။

ဘဝကပဲ စက်ရုပ်ဆန်ခဲ့ရတာ မဟုတ်ပါ။

ရွက်လှ နှလုံးသားကလည်း...။

*

# အခန်း (၁၇)

"နင် အိမ်မလာသင့်တာ အမှန်ပဲ မင်းပို၊ ကြီးတင်က တကယ် မလွယ်ဘူးနော်"

အိမ်ကို လာလည်ဖို့ ပြောလာသော မင်းပို ကို ရှက်လွှာ တား ဖြစ်မိသည်။ မတားလို့လည်း မ ဖြစ်။ ကြီးတင်နှင့်ဆုံလျှင် မင်းပိုကို ကြီးတင် မေးခွန်းတွေ ထုတ်မှာ သေချာသည်။

မင်းပိုတောင် စိတ်ညစ်ညူး သွားလောက်သည်။

"နင်တို့အဒေါ်က အဲဒီ လောက် ဆက်ဆံမှု ညံ့လို့လား"

"မမေးနဲ့ သူ အိမ်ရောက်လာကတည်းက ဆင်းနဲ့ငါ မလှုပ်ရဲ အောင် ဖြစ်နေတာ၊ ဆင်းက

နည်းနည်း ပြန်တုံ့ပြန်တတ်တော့ ကြီးတင် က ဆင်းကို သိပ်မပြောရဲဘူး"

"နင်က နင့်ကြီးတင်ကို ကြောက်ရတယ်ပေါ့"

"အင်း ကြောက်ရတာ အမှန်ပဲ မင်းပို၊ ငါက ကြီးတင်နဲ့လည်း နေခဲ့ဖူးတာပဲလေ၊ လူကြီးဆိုတော့ ခက်တယ်ဟ၊ ပြောစရာ တစ်ခုရှိရင် မဆုံအောင် ပြောတော့တာ"

"ဒါတော့ လူကြီးတွေ ရဲ့ သဘာဝ ပဲဟာ၊ ငါ့အဘွားဆိုလည်း ဒီအတိုင်းပဲ ငါ ပြောတတ် ဆိုတတ်ပါတယ်"

မင်းပိုက အိမ်လာလည်ဖို့ကိုပဲ ဇွတ်ပြောနေသည်။ ဒါကိုတော့ ရှက်လွှာ တားမြစ်မှ ဖြစ်မည် ။ ကြီးတင်ကို သိပ်မကြောက်ဆိုပေမယ့် ဆင်းကလည်း လက်ခံမှာ မဟုတ်။

"မင်းပျိုရယ် ရက်ပိုင်းအတွင်း :မှာ ပဲ နင် ဆင်းဆီက အဖြေရ တော့မှာ ဟာ၊ ဘာလို့မစောင့်နိုင် ဖြစ်နေရတာ လဲ၊ ဆင်းနဲ့တွေ .ချင်ရင် ကျောင်းမှာ လည်း တွေ .နိုင်တာပဲ"

"ဆင်းက ကင်တင်းနဲ့တောင် မထွက်တော့ဘူးလေဟာ"

"စာမေးပွဲနီးနေပြီလေဟာ ကျောင်းစာကို ပိုဦးစားပေးသင့်တဲ့ အချိန်ရောက်နေပြီ မဟုတ်လား"

မင်းပျိုပင့်သက်လေးရှိုက်ကာ ငြိမ်သွား၏ ။ ဒီအချိန်မှာ ကျောင်း သားတိုင်းက စာထဲမှာ ပဲ အာရုံရောက်နေကြချိန်မှာ မင်းပျိုကတော့ ဆင်းဆီမှာ ပဲ အာရုံတွေ လွင့်နေတာ ရှက်လွှာ ရင်မောမိသည်။

"မင်းပျိုနင်လည်း အခုချိန်မှာ ကျောင်းစာကိုပဲ အာရုံစိုက် သင့်နေပြီနော်"

"အင်း အဆောင်မှာ လည်း ကိုတိုးက ဒီစကားပဲ ခဏ ခဏ ပြောနေတာ၊ နင်ကလည်း ပြောပြန်ပြီ"

"ဒါက နင့်အတွက် ပြောတာပါ မင်းပို"

"အေးပါဟာ နင်တို့ စေတနာတွေ ငါနားလည်ပါတယ်၊ ငါ လည်း စာကျက်တာပဲ၊ ဒါပေမဲ့ ကျက်လို့မရဘူးဟာ၊ အချိန်တိုင်း ဆင်းက စိုးမိုးနေတာ"

မင်းပိုမရုက်နိုင်ဘဲ ဝန်ခံပြောပြနေတော့ ရွှက်လွှာ အပြစ် မမြင်ဘဲ သနားနေမိပြန်သည်။

နင့်လိုသာ ခံစားရမယ်ဆိုရင် ငါ့ရင်ထဲ နင်ဝင်ကြည့်လိုက်စမ်းပါ မင်းပိုရယ်ဟု ရင်ထဲမှာ ပဲ ဆိုမိသည်။

"ကိုတိုးက ဒီအကြောင်းပြောရင် ငါ့ကို နားမလည်ဘူး၊ နင်က တော့ ငါ့ကို နားလည်နိုင်မှာ လို့

ငါ ယုံတယ်''

''နားလည်ပေးနိုင်ပါတယ် မင်းပို့ရယ်၊ ဒါပေမဲ့ နင် အဲဒီ လောက် အထိ ဆင်းအပေါ် ချစ်နေတာ မကောင်းဘူး''

''ဟင် ဘာလို့လဲ ရွက်လွှာ''

''ရှင်းရှင်းလေးပဲ မင်းပို့၊ အရမ်းချစ်တတ်တဲ့သူက အရမ်းပေး ဆပ်ရတယ်၊ အခုပဲကြည့် ဆင်းနဲ့ပတ်သက်ပြီး နင် အရမ်းခံစားနေရတာ နင် သံယောဇဉ်ကြီး ချစ်လွန်းလို့ပေါ့''

ရွက်လွှာ စကားကို မင်းပို့မျက်မှောင်ကြီးကုပ်ကာ နားထောင် နေသည်။ ပြီးမှ ခေါင်းညိတ်လက်ခံရင်း

''အင်း နင်ပြောတဲ့ အဓိပ္ပါယ်ကို ငါ

နားလည်ပါတယ် ရွက်လှ၊ ငါ ဒါပေမဲ့ ဆင်းကို
သိပ်ချစ်တယ်၊ ဟိုးအရင်က ရင်ထဲမှာ ချစ်တာထက်
အခုချိန်မှာ ငါ ပိုပြီးတော့ ခံစားရတယ်၊ ဆင်း ငါ့ကို
အဖြေပေးမယ်ဆို တဲ့နေ့ မရောက်မချင်း ငါ
ရင်တထိတ်ထိတ်နဲ့ အိပ်တောင်မပျော်ဘူးဟာ"

မင်းပို့ကို တားမိကာမှ ရင်ထဲက စကားတွေ
ကို မင်းပို့ဖွင့်ဟ နေပြန်သည်။ တကယ်ဆို ဒီစကားတွေ
ကို ရွက်လှ နားမထောင်ချင်ပါ။ ဒီစကားတွေ မင်းပို့
နှုတ်က ကြားရတိုင်း ရင်ထဲက ခံစားရ၏ ။ ဒါပေမဲ့
မပြောပါနဲ့ဟုလည်း မင်းပို့ကို မတားရက်ပါ။ မင်းပို့
ရင်ထဲက ခံစားချက်တွေ လျော့ပါးသွားမယ်ဆိုရင်
ရွက်လှ ကျေနပ်ပါ သည်။

ပြောပါ မင်းပို့နှင့်ရင်ထဲက
ဝေဒနာခံစားချက်တွေ လျော့ပါး သွားစေအောင်လို့
ငါ့နလုံးသားနဲ့ရင်းပြီး နားထောင်ပေးမှာ ပါ။

*

မင်းပို့ကသော နေ့စဉ် ရှက်လွှာဆီ ရောက်လာကာ ခံစားချက် တွေ ကို ရင်ဖွင့်တတ်တာ ဖြစ်သည်။

ဆင်း ကတော့ မင်းပို့နှင့်ပတ်သက်သမျှ ရှက်လွှာကို ဘာတစ် ခွန်းမှ မပြောပါ။ ကျောင်းက ပြန်ရောက်လျှင် ရေမိုးချိုး ကာ စာကြည့်ခန်း ထဲ တန်းဝင်သည်။ ဗိုက်ဆာမှ ထမင်းစားခန်း ဝင်စားသည်။ ပြီးတော့ စာပြန်ကျက်။

ဆင်းခေါင်းထဲမှာ ကျောင်းစာပဲ ရှိနေတာ သိသာသည်။

ဆင်းကိုကြည့်ကာ မင်းပို့အပေါ် ဆင်း ချစ်မှ ချစ်ရဲ့ လားဟု တောင် ရွက်လွှာ သံသယဝင် ချင်မိသည်။

မင်းပို့ကတော့ နေ့စဉ်တိုင်း ကင်တင်းနံမှာ ဆင်းအကြောင်း တွေ ပြောလိုက်ရတာ အမော။ နားထောင်နေရသည့် ရွက်လွှာတောင် နားတွေ ပူလာတဲ့အထိ။

"မင်းပို့ရယ် တခြား ပြောစရာအကြောင်း မရှိတော့ဘူးလား"

"ဟာ နင်ကလည်း အခုချိန်မှာ ငါ့ အာရုံတစ်ခုလုံးကို စိုးမိုး ထားတာ ဆင်းပဲ ရှိတယ်"

ဆင်းပဲ အာရုံထဲမှာ ရှိနေသော မင်းပို့ အခုချိန်မှာ စာမှ ကျက်နိုင်ရဲ့ လား မသိပါ။ ဆင်း ကတော့ စာကြည့်စားပွဲမှာ ပဲ အချိန်ပြည့်။

ရွက်လှာတောင် စာကျက်လို့မရတာ အမှန်။
ဆင်းနှင့်စကားတွေ ပြောဖို့ အခွင့်အရေး ကို
စောင့်ရတာ နှင့် စာထဲအာရုံမရောက်။

ဆင်း စိတ်မဝင်စားသော
အကြောင်းကိုပြောလျှင် ဆင်း စိတ် ဆိုးမှာ သိနေတာမို့
ကိုယ်ကစပြီး ဘာမှမပြောရဲပါ။

ဆင်းဘက်က ယတိပြတ် ပြောထားပြီးပြီပဲ။

စာမေးပွဲရက်မတိုင်ခင်
နောက်ဆုံးကျောင်းတက်ရက်မှာ မင်းပျိုအဖြေသိရမည် ။
ဒါနဲ့တောင် မင်းပျိုမနေနိုင်မထိုင်နိုင် ဖြစ်နေတာ
ကတော့ လွန်လွန်းနေပြီ။

"ရွက်လှာ နင် ဘာလုပ်နေတာလဲ"

ကိုယ့်အတွေ းနဲ့ကိုယ် စာကြည့်စားပွဲမှာ
ငုတ်တုတ် အတွေ းလွန် နေတာမို့ ဆင်း

အနားရောက်လာတာကိုတောင် မသိလိုက်။

"ဩော် ဆင်း စာကျက်နေတာပါ"

"စာကျက်နေတာ ဟုတ်လား၊ စာအုပ်ကြီး မဖွင့်ဘဲ ငုတ်တုတ် ကြီး မင်းထိုင်ငေးနေတာ တို့ မြင်ပါတယ်"

ဆင်း စကားကြောင့် ရှက်လွှာ ဘာပြောရမှန်းမသိအောင် ဖြစ်သွားသည်။ ဆင်း ဘယ်အချိန်ကတည်းက ကြည့်နေတာလဲမသိတော့ ကိုယ် ငေးနေတာ မြင်သွားခဲ့သည်ပဲ။

"အဟင်း ဆောရီးဆင်းရယ် အတွေး တွေ လွန်နေလို့"

"ဘာများ မင်းက လျှောက်တွေး နေတာလဲ ရှက်လွှာ"

"ဩော် ဘာရယ်မဟုတ်ပါဘူး၊ ညနေက

မင်းပို့နဲ့တွေ ့ရင်း စကားတွေ ပြော ဖြစ်လို့ပါ"

စကားစပ်မိတုန်း ဆင်းကို

ပြောဖို့ရည်ရွယ်ကာ စကားစလိုက် မိ၏ ။ ဆင်း

မျက်မှော င်လေး ကုပ်ကျသွားခဲ့ရင်း

"ရွက်လှ အခုချိန်မှာ ကျောင်းစာကလွဲပြီး

ဘာမှအရေး မပါတဲ့ ကိစ္စတွေ

မင်းခေါင်းထဲထည့်မထားသင့်ဘူး"

"မဟုတ်ပါဘူး ဆင်းရယ် ရွက်လှက သူ"

"တော် တော့ ရွက်လှ ဒီအချိန်မှာ တို့ မင်းပို့

နဲ့ ပတ်သက်တာ တွေ မသိချင်ဘူး၊ မကြားချင်ဘူး၊

တို့အတွက် အရေး ကြီးတာ ကျောင်း စာပဲ၊ အေး မင်းက

ပညာရေး ကို ဘွဲ့တစ်ခုအတွက်ပဲ ရည်ရွယ်တာ ဆို

တော့ အရေး ထားချင်မှ ထားမှာ ပေါ့"

ပြောပြီး ဆင်း ပြန်လှည့်သွားခဲ့ကာ

စာကြည့်စားပွဲမှာ ဝင်ထိုင် နေပြန်သည်။ ရှက်လွှာ ဘာတစ်ခွန်းမှ မဆိုလိုက်နိုင်ဘဲ ကျန်ရစ်ခဲ့ရ၏ ။

ရင်ထဲမှာ တော့ ဝမ်းနည်းသွားမိတာ အမှန်။

ဆင်း ဘာလို့ ဒီလောက်အထိတောင် ဆူပူဝေဖန်စကားလုံးတွေ နဲ့ ပစ်ပေါက်သွားခဲ့တာလဲ။ တကယ်ဆို မင်းပျို့အရေး ကိစ္စက ဆင်းနဲ့ သက်ဆိုင်သော ကိစ္စတွေ ပဲ ဖြစ်သည်။

ဆင်းပုံစံက လုံးဝ အလေးမထားသည့်ပုံ ဖြစ်နေ၏ ။ ဒါကို မင်းပျို့သာမြင်တွေ့လျှင် ဘယ်လိုနေမည် လဲ။

လောလောဆယ်တော့ ကိုယ့်မှာ ဆင်းပြောသမျှခေါင်းငုံ့ခံယူ လိုက်ရပါသည်။

ငါ့အပြစ်ပဲ ထားလိုက်ပါတော့ ဆင်းရယ်။ မဆီမဆိုင်ဘဲနဲ့ ငါ က ဝင်ပြီး စာနာနေမိတဲ့အ ဖြစ်က

တကယ့်အမှာ ။

*

# အခန်း (၁၈)

ဒီနေ့ ရှက်လွှာတို့ အားလုံးရဲ့ တတိယနှစ်စာသင်နှစ် ရဲ့ နောက် ဆုံးရက်ပဲ ဖြစ်သည်။

ကင်တင်းန်ကို ရှက်လွှာရောက်တော့ မင်းပို့တို့အုပ်စု ရောက် နေကြပြီ။ ကိုတိုးအပါအဝင် မင်းပို့ရဲ့ သူငယ်ချင်းတွေ အစုံအလင် ရှိနေသည်။ ယောကျ်ားလေး မိန်းကလေးပေါင်း ဆယ်ယောက် မက ရှိ၏ ။

"ရှက်လွှာ လာဟာ နောက်ကျလိုက်တာ ဆင်းရော"

"ဟော့ကောင် ကိုတိုး အလှူလက်ဖက်နဲ့ မျက်နှာလုပ်မနေနဲ့"

မော်ကြီးက လှမ်းနောက်သည်။ ကိုတိုး

သဘောကျသလို ရယ် မောနေရင်း

"ဒီအလှူရှင်က ငါ မဟုတ်ဘူးဆိုတာ ရွက်လှ္ဝာလည်း သိပြီး သားပါကွာ၊ မင်းပို့ကျွေးတာမို့ စားလို့ပြောတာ ရွက်လှ္ဝာ"

ရွက်လှ္ဝာ စားပွဲမှာ ဝင်ထိုင်လိုက်သည်။ သူတို့အုပ်စုမှာ လူများ နေတာမို့ စားပွဲနှစ် ဝိုင်း ဆက်ပေးထားသည်။

"ရွက်လှ္ဝာ ဆီချက်စားမယ် မဟုတ်လား"

"ဟင့်အင်း အအေးပဲ သောက်မယ် မင်းပို့"

"မရဘူး ဆီချက်လည်းစား အအေးလည်း သောက်၊ ညီလေး ဆီချက်တစ်ပွဲ လိမ္မော်တစ်ဘူး ပေးကွာ"

မင်းပို့က ဇွတ်မှာ နေတော့ ရွက်လှ္ဝာ တားခွင့်လေးတောင် မရလိုက်ခဲ့ပါ။ မင်းပို့

စိတ်လှုပ်ရှားကြည်နူးနေသော မျက်နှာလေးကို ရွှက်လွှာ အကဲခတ်ကြည့်နေမိသည်။

ရှပ်ဖြူလည်ဂုတုံးနှင့် ရေညှိစိမ်းရောင် ကွက်စိပ်ပုဆိုးနှင့် မင်းပိုူအသွင်သည် ရှင်းရှင်းသန့်သန့်လေး ချောမောနေ၏ ။ မင်းပိုူမျက်ဝန်း တွေ ကတော့ ဆင်းရဲ့ အရိပ်လေးကို တမျှော်မျှော် ရှိနေဆဲ။

"မင်းပိုူမင်းအ ဖြစ်က စကားပုံနဲ့ဆန့်ကျင်ဘက် ဖြစ်နေပြီ၊ ယောက်ျားကြို က်တော့ ဆိုက်ဆိုက်မျှော် ဖြစ်နေပြီ"

"မိန်းမကြိုက်တော့ ဆိုက်ဆိုက်လာပေါ့ ဟုတ်လား ကိုတိုး"

သူငယ်ချင်းတွေ တစ်ယောက် တစ်ပေါက် နောက်ပြောင်နေတာ ကို မင်းပိုူမျက်နှာပြုံး ပြုံး

လေးနှင့် ကြည့်ကာ ရက်ရွံ့ရွံ့ ဖြစ်နေသည်။ အားလုံးက မင်းပို့အတွက် ကျေနပ်အပျော်တွေ ဝေနေပေမယ့် ရွှက်လွှာ ရင်ထဲမှာ နှင့်နှင့်သီးသီးလေး ခံစားနေရဆဲ။

"ဟော ဟိုမှာ "

ကိုတိုး ရေရွတ်တော့ မင်းပို့ခေါင်းက မတ်ခနဲ ဖြစ်ကာ ဆိုင် အပြင်ဘက် လမ်းမကို မျှော်ကြည့်သည်။

"ဘာလဲကွ ဘယ်မှာ လဲ"

"ဟိုမှာ လေကွာ ဆိုင်ရှေ့က စိန်ပန်းပင်ကြီး ဟား ဟား"

"ဟာကွာ မင်းအရမ်းနောက်တာပဲ"

အားလုံး ဝိုင်းရယ်တော့ မင်းပို့မျက်နှာ ရဲရဲနီသွား၏ ။ ဖြူဝင်း သော မျက်နှာလေးက သွေးရောင် ဖြင့် နီသွားတာ ကြည့်ရင်း ရွှက်လွှာ သနားနေမိသည်။

"ဆင်း လာနေပြီ မင်းပို"

ရွှက်လွှာ ပြောတော့ မင်းပိုမယုံမရဲလေး ခေါင်းမော့ကြည့် သည်။ ဟိုအဝေးလမ်းမထိပ်မှာ ဆင်း တစ်ယောက် တည်း လျှောက်လာနေ သည်။

မင်းပိုမျက်ဝန်းတွေ ရီဝေစွာ နှင့် ငေးငေးလေး ကြည့်နေဆဲ။ ဒီအချိန်မှာ မင်းပိုရင်ထဲမှာ လှုပ်ခတ်နေမှာ တော့ သေချာပါသည်။

ကင်တင်းနှ်ရှေ့က ဆိုင်လေးကို ရောက်တော့ ဆင်း ခေါင်းလေး မော့ကာ ကြည့်သည်။ ဆိုင်ထဲမှာ မင်းပိုတို့ တစ်စုတဝေးကြီး ထိုင်နေတာ မြင်တော့ နှုတ်ခမ်းလေးတွေ လွန့်ခနဲ ပြုံး သွား၏ ။

အနီရဲရဲ ဆင်တူဝတ်စုံလေးနှင့် ဆင်း နုနုမွတ်မွတ်လေး လှနေ သည်။ ဆင်း ဆိုင်ထောင့်က လွတ်နေသော စားပွဲဝိုင်းလေးမှာ ဝင်ထိုင် သည်။

"မင်းပျို သွားလေကွာ"

ကိုတိုးက သတိပေးစကားဆိုမှ မင်းပျို ဆင်း ထိုင်နေသော စားပွဲဆီ လျှောက်သွား၏ ။ အားလုံး ဆင်းနှင့်မင်းပျိုတို့ဆီ အာရုံတွေ ရောက်နေကြသည်။

အခြားသော စားပွဲဝိုင်းတွေ က မျက်ဝန်းတွေ လည်း မင်းပျိုတို့ နှစ် ဦးဆီ ငေးနေကြသည်။ ကျောင်းရဲ့ ကင်းနှင့်ကွင်း ဆိုတော့လည်း စိတ်ဝင်စားကြမည် ပေါ့။

"ဆင်း ကိုယ်ထိုင်မယ်နော်"

မင်းပျိုခွင့်တောင်းသံကို ရှက်လှာတို့ ကြား၏ ။ ဆင်းကလည်း ခေါင်းလေး ညိတ်ပြသည်။ ဆင်း မျက်နှာလေးက ရှက်ရိပ်သမ်းမနေဘဲ တည်တည်လေး နေနိုင်လွန်းတာ ရှက်လှာ မအံ့သြမိတော့ပါ။ ဆင်းထည်ဝါ ဆိုတာ တကယ့်ကို ခန့်မှန်းရခက်လွန်းသော မိန်းမ တစ်ယောက် ပဲ

မဟုတ်လား။

"ဆင်း ကျွန်တော် ဆင်းပေမယ့် အဖြေအတွက် အရမ်း ရင် တွေ ခုန်နေတယ်"

"အဲဒီ အဖြေပေးဖို့အတွက်ပဲ ကျွန်မ ဒီကို လာခဲ့တာပါ မင်းပျိုလွင်"

မာသည်လည်း မဟုတ်ပေမယ့် ဆင်း အသံက ကြည်လင်ပြတ် သားနေ၏ ။ ဝိုင်းခြင်းက မဝေးလှတာမို့ ဆင်းအသံနှင့် မင်းပျိုအသံ တွေ ကို ရှက်လွှာတို့ အားလုံး ကြားနေ၏ ။

"မင်းပျိုလွင် ရှင် အသေအချာ နားထောင်ပါ၊ ရှင့်ကို ကျွန်မ လုံးဝ စိတ်မဝင်စားဘူး"

"ဗျာ"

"ရှင့်ကို အဖြေ ပြတ်ပြတ်သားသား ပေးလိုက် မယ် မင်းပျိုလွင်၊ ရှင့်ကို ကျွန်မ

မချစ်နိုင်ပါဘူး"

"ဆင်း ကျွန် ကျွန်တော် "

မင်းပျိုမျက်နှာမှာ မယုံကြည့်ခြင်းတွေ နှင့် မင်သက်ကြောင် တွေ နေ၏ ။ ရှက်လွှာ ကိုယ်တိုင်လည်း မယုံချင်အောင် အံ့ဩနေမိဆဲ။ အားလုံးသော သူငယ်ချင်းတွေ လည်း မင်းပျိုကို ငေးမော မင်သက်နေကြ ဆဲ။

ဆင်း စားပွဲဝိုင်းက ထရပ်တော့ မင်းပျိုလည်း အထိတ်တလန့် မျက်ဝန်းတွေ နှင့် ထရပ်ရင်း

"ဆင်း ဆင်းနေပါဦး"

"ရှင့်ကို ကျွန်မ အပြတ်သားဆုံး အဖြေပေးပြီးပြီလေ"

စကားအဆုံးမှာ ဆင်း လှည့်ထွက်ဖို့ ပြင်သည်။ မင်းပျိုက ယောင်ကတမ်းနှင့် ဆင်းလက်ကို

လှမ်းဆွဲ၏ ။

"ဆင်း ဆင်း ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲဗျာ"

မင်းပျို့လက်ကို ဆင်း ဖျတ်ခနဲ ပုတ်ထုတ်ရင်း ချာခနဲ လှည့် ရင်ဆိုင်သည်။ ပြီးတော့ ဘယ်သူမှ မထင်မှတ်သော အပြုအမူကို ဆင်း ပြုသည်။

ဆင်း လက်ဖဝါးနှင့် မင်းပျို့ပါးပြင် ပြင်ထန်စွာ ရိုက်ခတ်သံ ထွက်ပေါ်လာ၏ ။

"ဟာ မင်း မင်းပျို"

ကိုတိုး မယုံနိုင်သလို ဟစ်အော်ရင်း ထရပ်သည်။ ဆင်း အံ လေး တင်းတင်းကြိတ်ရင်း မင်းပျို့ မျက်နှာကို စူးစူးရဲရဲ ကြည့်၏ ။

"အဲဒါ ရှင်နဲ့အထိုက်တန်ဆုံး ဆုလဒ်ပဲ မင်းပျို ၊ မှတ်ထားလိုက် ဆင်းထည်ဝါ ဆိုတာ ရှင့်ရှေ့မှော က်မှာ

ဒူးထောက်အရှုံးပေးမယ့် မိန်းမ မဟုတ်ဘူး''

ပြတ်သား မာတင်းသော ဆင်း မျက်နှာကို မင်းပျို့ကျောက်ရုပ် ကြီးလို ငေးစိုက်ကြည့်နေခဲ့သည်။

ချာခနဲ လှည့်ထွက်သွားသော ဆင်းကို တစ်လှည့် ကျောက်ရုပ် လို ရုပ်ကျန်ခဲ့သော မင်းပျို့ ကိုတစ်လှည့် ကြည့်ရင်း ဆိုင်ထဲက လူတွေ မယုံနိုင်စရာ ဖြစ်ရပ်ကြီးကို အံ့ဩနေကြသည်။

''မင်းပျို့သူငယ်ချင်း''

မင်းပျို့အနားကို အရင်ဆုံး ရောက်သွားခဲ့တာ ကိုတိုးပဲ ဖြစ် သည်။ မျက်နှာတစ်ခုလုံး သွေးရောင် လွှမ်းကာ မင်းပျို့မျက်ဝန်းတွေ က မျက်ရည်စတွေ ဝေ့သီနေခဲ့၏ ။

''မင်း မင်းပျို့''

ရွက်လှ ကိုယ်တိုင်လည်း မင်းပျို့အနားကို

ဘယ်လို ရောက် သွားခဲ့သည် မသိလိုက်ပါ။

"တောက် တော် တော် ရက်စက်တဲ့ မိန်းမကွာ"

ကိုတိုး ကြိတ်မနိုင်ခဲမရ ရေရွတ်သည်။ ရွှက်လှ္သာလည်း ဆင်း အပြုအမူနှင့်လုပ်ရပ်အတွက် အခုချိန်ထိ တုန်လှုပ်အံ့ဩနေမိဆဲ။

"ဆင်း ဆင်း ဘယ်လိုလုပ်လိုက်တာလဲ ငါ မယုံနိုင်ဘူး မင်းပျိုရယ်"

"တော် တော့ ရွှက်လှ္သာ၊ ဒါ မရိုးသားဘူးဆိုတာ ထင်ရှားတယ်၊ မင်းပျိုကို အားလုံးရှေ့မှာ အရှက်ကွဲဖို့ ဆင်းထည်ဝါ အကွက်ကျကျ စီစဉ်ခဲ့တာပဲ၊ ဒါကို နင် မသိဘူးလား"

"ဟယ် ငါ တကယ်မသိပါဘူး ကိုတိုးရယ်"

ကိုတိုး ဒေါသမျက်ဝန်းတွေ နှင့်

ရွက်လွှာကိုပါ အပြစ်တင် ပေါက် ကွဲတော့ ရွက်လွှာ ခေါင်းလေးခါကာ ငြင်းမိ၏ ။

"စဉ်းတော့ စဉ်းစားစရာပေါ့ဟာ၊ နင်တို့က တစ်အိမ်တည်း အတူနေကြတဲ့ ညီအစ်မတွေ ၊ ဒီကိစ္စကို နင် မသိဘူးဆိုတာ ယုံရခက် ခက်ပဲ"

"ကိုတိုး နင် ငါ့ကို အထင်မလွဲပါနဲ့ဟာ၊ ငါ တကယ် ဘာမှ မသိခဲ့ပါဘူးဟယ်"

"နင် မသိဘူး ဟုတ်လား ရွက်လွှာ၊ နင်က ဒီကိစ္စမှာ မင်းပြုံဘက်က ကူညီနေခဲ့တာလေ၊ အခု မင်းပြုံ ကို ဆင်းထည်ဝါ အရှက်ခွဲ သွားတာ နင့်အမြင်ပဲ၊ နင် ဘယ်လိုကူညီဦးမှာ လဲ ပြော"

"ကို ကိုတိုး တော် ပါတော့ကွာ၊ ရွက်လွှာ နင်နဲ့မဆိုင်ပါဘူး"

ကိုတိုး ဒေါသတွေ နင့် ရွက်လွှာကို

ပေါက်ကွဲပြောနေတော့ မင်းပို့မနေနိုင်ဘဲ ကြားထဲက ဝင်တားမြစ်သည်။

"ကဲ တော် ပြီကွာ မင်းပို့လာပြန်ကြမယ်၊ ဒီကိစ္စကြီးအတွက် ငါတော့ ဘယ်သူ့ကိုမှ မကျေနပ်ဘူး လာ သွားမယ်"

ကိုတိုး ဆူဝေနေသော ဒေါသတွေ နှင့် မင်းပို့ ကို ဆွဲခေါ်သွား ခဲ့၏ ။ ရွက်လွှာမျက်ရည်လေးတွေ ရစ်ဝိုင်းရင်း ကျန်ရစ်ခဲ့သည်။

ဘယ်လိုမှ မထင်မှတ်ခဲ့သော အခြေအနေကို ဆင်း ဘာကြောင့် တုံ့ပြန်ပြုမူခဲ့တာလဲ။ အခုတော့ ဆင်း လုပ်ရပ်ကြောင့် ကိုတိုးကတောင် ရွက်လွှာကို စွပ်စွဲချက်တွေ နှင့် နာကျည်းသွားခဲ့ပြီ။

မင်းပို့သိပ်ရှက်သွားမှာ အသေအချာပါပဲ။

ဆင်းရယ် နင် သိပ်ရက်စက်လွန်းတယ်။

ဘာကြောင့် မင်းပျိုကို ဆင်း ဒီလိုတုံ့ပြန်ခဲ့တာလဲ။

ရှက်လွှာ သိချင်လိုက်တာ။

*

# အခန်း (၁၉)

"အဲဒါ အထိုက်တန်ဆုံး တုံ့ပြန်မှု ပဲ ရွက်လွှာ၊ မင်းပျိုအတွက် ငါ သူနဲ့ရသင့်တဲ့ အဖြေပေးလိုက် တာ"

"ဆင်း ဒီလိုမလုပ်သင့်ပါဘူး၊ မင်းပျိုတော်တော် ရှက်သွားခဲ့ တာ"

"ရှက်သွားတယ် ဟုတ်လား၊ ယောကျ်ား တစ်ယောက် ဖြစ်ပြီး မိန်းမလိုမိန်းမရ ပြုခဲ့ကတည်းက သူ ရှက်သင့်တာ ရွက်လွှာ"

"ဘာရယ် ဘယ်လို ဆင်း"

ရွက်လွှာ နားမလည်နိုင်သလို မေးမိသည်။ ဆင်း မျက်နှာလေး က ဒေါသတွေ နှင့် အခုချိန်ထိ မာတင်းနေတာ ဘာကြောင့် လဲ။ ဝေခွဲမရ တာ အမှန်။

"နင် ဘာမှမသိဘူး ရွက်လွှာ၊ မင်းပျိုလွင်

ငါ့ကို ဘာကြောင့် ကြိုး စားခဲ့တာလဲ နင်သိလား ရွှက်လှ္ဘာ၊ အလောင်းအစား တစ်ခုအတွက် ပဲ"

"ဟင်"

"အေး ဒါကို ငါ မထင်မှတ်ဘဲ သိခဲ့ရတာ ၊ မင်းပြုလွင်က အပေါင်းအသင်းတွေ နဲ့ အလောင်းအစား လုပ်ပြီး ငါ့ကို ကြိုး စားခဲ့တာ၊ ဘယ်ယောက်ျားနဲ့မှ မငြိတွယ်ဘူးတဲ့၊ ဆင်းထည်ဝါဆိုတဲ့ မိန်းမကို သူ ဒူးထောက်ကျရှုံးအောင် လုပ်ပြမယ်တဲ့"

"ဟင့်အင်း မဟုတ်နိုင်ပါဘူး ဆင်းရယ်၊ မင်းပြုမှာ ဒီလို စိတ်ဓာတ်မျိုး မရှိပါဘူး"

ရွှက်လှ္ဘာ ခေါင်းလေး ခါရမ်းကာ ခါးခါးသီးသီး ငြင်းမိတော့ ဆင်း နှုတ်ခမ်းလေးတွေ မဲ့ကျသွားခဲ့ကာ ရူးရူးနစ်နစ် မျက်ဝန်းတွေ နှင့် ကြည့်သည်။

"မင်း ဘာမှမသိဘူး ရွှက်လွှာ၊ မင်းပျိုလွင်နဲ့ ပတ်သက်ရင် မင်းက အားလုံးသိတယ်လို့ ထင်နေခဲ့တာကိုး"

"ထင်နေတာ မဟုတ်ပါဘူး ဆင်းရယ်၊ မင်းပျို ဆင်းကို ဘယ် လောက်ချစ်သလဲဆိုတာ ရွှက်လွှာ သိပါတယ်"

"အဲဒါ သူ့မာယာတွေ ပဲ ရွှက်လွှာ၊ မင်းရှေ့မှော က်မှာ ဒီလို စကားတွေ ပြော၊ ဒီလို အမူအရာတွေ သူလုပ်ပြခဲ့တာပါ၊ ဒါကို မင်းက ယုံကြည်လွန်ပြီး ကိုယ့်ကို ပြန်ပြောစေချင်တာလေ"

ဆင်း စွပ်စွဲချက်တွေ က ပြင်းထန်သည်။ မင်းပျိုဒီလောက် အထိ ရက်စက်ယုတ်မာမည် ဟု ရွှက်လွှာ မယုံကြည်ပါ။ တစ်ခုခုတော့ လွဲချော်နေသည် ထင်၏ ။

"မ ဖြစ်နိုင်ဘူး ဆင်း၊ ဆင်း အထင်လွဲနေတာ ဖြစ်မှာ ပါ၊ မင်းပျိုမှာ ဒီလောက်အထိ ယုတ်မာတဲ့ စိတ်ထားမရှိဘူး"

ရွှက်လွှာ ငြင်းချက်ထုတ်တော့ ဆင်း မျက်ဝန်းလေးတွေ ပိုမို စူးရှတောက်ပသွားခဲ့ကာ

"အဟင်း ဟင်း မင်း ဘာကြောင့် ယုံကြည်မှုတွေ လွန်ကဲ နေသလဲဆိုတာ တို့အသိဆုံးပဲ ရွှက်လွှာ၊ မင်း ဝန်မခံပေမယ့် တို့ သိတယ်၊ မင်းက မင်းပျိုကို ချစ်နေတဲ့သူကိုး"

"ဟင်"

"မင်း ငြင်းဖို့ မကြိုးစားနဲ့ ရွှက်လွှာ၊ မင်းရဲ့ ဒိုင်ယာရီစာအုပ် က သက်သေပဲ"

ရွှက်လွှာ မျက်နှာလေး ရဲရဲနီကာ ဆင်းကို ရင်ဆိုင်မကြည့်ရဲ အောင် ရှောင်တိမ်းမိ၏ ။

"မင်းရဲ့ ကိုယ်ရေး ကိုယ်တာ ကိစ္စကြီးကို တို့ခိုးကြောင်ခိုးဝှက် ကြည့်မိတာအတွက် တောင်းပန်တယ် ရွှက်လွှာ၊ ဒါပေမဲ့ တို့ ဒီလိုလုပ်တာ မင်းအတွက်လည်း ပါတယ်"

ဆင်းစကားတွေ ကို နားထောင်နေရပေမယ့် ရွှက်လွှာ မျက်နှာ လေး မမော့ရဲအောင် ထူပူနေမိသည်။ ဆင်း သိသွားခဲ့သည့် အ ဖြစ်က ဆိုးလိုက်တာ။ ဆင်းရင်ထဲမှာ ရွှက်လွှာအပေါ် ဘယ်လိုထင်မြင်သွားမည် လဲ။

"မင်းပို့ဆိုတဲ့ ယောက်ျားကို မင်း အထင်မကြီးနဲ့ ရွှက်လွှာ၊ အခုတို့ လက်တွေ .လုပ်ပြလိုက်တာပါ၊ သူက တို့ကို အပေါင်းအသင်းတွေ နဲ့ အလောင်းအစားလုပ် ကြိုး စားခဲ့တာ"

"ဟို ဆင်းကို ဒီစကား ဘယ်သူပြောလဲ"

ရင်မဆိုင်ရဲပေမယ့် ရွှက်လှွာသိချင်သော မေးခွန်းအတွက် တုံ့ပြန်မေးမိသည်။

"အဲဒီ မေးခွန်းကို မင်း ဘာလို့မေးတာလဲ ရွှက်လှွာ"

"ရွှက်လှွာ မယုံဘူး၊ ဒါ မှာ းနေတယ် ဆင်း"

"တော် တော့ ရွှက်လှွာ၊ မင်းက မင်းပျို လွင်ကို ရူးရူးမူးမူး ချစ်နေတော့ အခုချိန်မှာ အမှန်တရားကို မျက်စိစုံမှိတ် ခေါင်းခါနေမှာ ပဲ၊ ဒီမှာ တို့အပြတ်သားဆုံး ပြောမယ်၊ မင်းပျိုကို တို့ စိတ်မဝင်စားဘူး၊ သူ့စာဖတ်လိုက်ရကတည်းက မကျေနပ်တာ၊ သူ့အကြံကို သိလိုက်တော့ ပိုဒေါသ ဖြစ်ရတယ်၊ ဒါကြောင့် အကောင်းဆုံး တုံ့ပြန်ဖို့ စီစဉ်ခဲ့တာ"

"ဆင်း လုပ်ရပ်က

အရမ်းပြင်းထန်လွန်းတယ်၊ သူတင်မကဘူး
အားလုံးရှက်သွားကြတယ်၊ ကိုတိုးကလည်း ရွှက်လှာကို
အထင်လွဲ သွားတယ်"

"ဘာမှ ဂရုမစိုက်နဲ့ ရွှက်လှာ၊ မင်းပျိုကို အဲဒီ
လို တုံ့ပြန်ချင် လို့ တို့ တမင်စီစဉ်ခဲ့တာ၊ ဒီလိုယောက်ျား
တစ်ယောက် ကို မင်းဘဝပုံပြီး ချစ်သင့်လား
စဉ်းစားပေါ့"

စကားအဆုံးမှာ ဆင်း အခန်းထဲက ချာခနဲ
လှည့်ထွက်သွား ခဲ့သည်။ ရွှက်လှာ တစ်ယောက် တည်း
ငိုင်ငိုင်လေး ကျန်ရစ်ခဲ့၏ ။

ဘယ်လိုမှ မယုံနိုင်စရာ ကိစ္စကြီးဟု ရွှက်လှာ
အကြွင်းမဲ့ယုံ သည်။ ဒါပေမဲ့ ဆင်းကိုလည်း ဘယ်လိုမှ
မေးလို့မရတာ အမှန်။

ဆင်းကလည်း ဖွင့်ပြောမှာ မဟုတ်။

ဘယ်သူတွေ က မင်းပိုျကို ဒုက္ခရောက်အောင် စီစဉ်လိုက်တာလဲ။

ရှက်လွှာ သိချင်ပေမယ့် သိခွင့်မရခဲ့တာ ခက်နေပြီ။

*

# အခန်း (၂၀)

"ဘာ ဘာရယ် မင်းပိုပြန်သွားပြီ ဟုတ်လား"

"ဟုတ်တယ် ရွက်လှော၊ သူ တော် တော် ရှက်သွားတယ်၊ ဆင်း ထည်ဝါရဲ့ လုပ်ပုံက တော် တော် ဆိုးတယ်"

ကိုတိုး အံကြိတ်ရင်း ပြောသည်။ ရွက်လှော ခေါင်းလေး ညိတ်ရင်း ဝဲတက်လာသော မျက်ရည်တွေ ကို ပုတ်ခတ်သိမ်းဆည်းမိ၏ ။

မင်းပိုပြန်သွားပြီတဲ့။ ရွက်လှော ဘယ်လိုမှ လက်မခံနိုင်အောင် ဖြစ်ရသည်။ မင်းပို ဒီလောက်ထိ ထိခိုက်ခံစားသွားသည်လား။

"သူ စာမေးပွဲ မဖြေတော့ဘူးလား ကိုတိုး၊ နင် ဘာလို့ မတားမြစ်ခဲ့တာလဲဟင်"

"မတားဘဲ နေမလား ရွက်လွှာ၊ အဲဒီ ညက တစ်ညလုံး ဒီ ကောင် ပြောသမျှငါ နားထောင်ပေးတယ်၊ နှစ် သိမ့်ချော့မော့တယ်၊ သူပြောတယ်၊ ဆင်းပါးရိုက်တာ မနာကျင်ဘူးတဲ့၊ ရင်ထဲက အချစ်အတွက် သူ ခံစားရတာတဲလေ၊ ဆင်းထည်ဝါက သူ့ကို မျှော်လင့်ချက်တွေ ပေးပြီး ဒီလိုလုပ်သွားတာကို သူ နားမလည်နိုင်ဘူးတဲ့လေ"

"ဟုတ်တယ် ကိုတိုး၊ ရွက်လွှာလည်း နားမလည်နိုင်ခဲ့ဘူး၊ အိမ်ရောက်တော့ ဆင်းနဲ့ရွက်လွှာ စကားတွေ ပြော ဖြစ်တယ်"

"နင် မမေးဘူးလား ရွက်လွှာ၊ ဆင်းထည်ဝါ ဘာလို့ ဒီလောက် ထိ လုပ်ခဲ့တာလဲ"

"ဆင်းက ရည်ရွယ်ချက်နဲ့ စီစဉ်ပြီး လုပ်ခဲ့တာ ကိုတိုး၊ ဘာ ကြောင့် လဲဆိုတော့ မင်းပိုျက သူ့ကို

အလောင်းအစား တစ်ခုကြောင့် အခုလို ကြိုး
စားခဲ့တာတဲ့"

"ဟင် မ ဖြစ်နိုင်တာ"

"ဆင်းကို တစ်ယောက် ယောက် က
ပြောခဲ့တာ ကိုတိုး၊ ဘယ်သူ လဲဆိုတာ ငါ မေးတယ်၊
ဆင်းက မပြောဘူး"

ကိုတိုး မျက်မှော င်ကြီးကုပ်ကာ တွေ
ဝေသွား၏ ။ ပဟေဠိဆန် လွန်းသော အဖြေကို ကိုတိုး
ခေါင်းစားသွားသလို ရှက်လွှာလည်း အခုထိ တိုင်
ရှာမရသော ကိစ္စကြီး ဖြစ်နေ၏ ။

"မင်းပို့နဲ့ ပြဿ နာရှိတဲ့သူလည်း မရှိပါဘူး၊
ဒီကိစ္စ ဆင်း ထည်ဝါကို ဘယ်သူပြောတာလဲ"

"ငါလည်း မသိဘူး ကိုတိုး၊ ဆင်း
မပြောတဲ့ကိစ္စကို ငါ သိခွင့် မှ မရှိတာ"

ကိုတိုး ပင့်သက်ရှိုက်သည်။ ရွက်လှ
ကိုယ်တိုင်လည်း ရင်ထဲ မှာ မောနှံ့နေ၏ ။ မနက်ဖြန်ပဲ
စာမေးပွဲ ဖြေရတော့မည် ။ မင်းပျို က
အိမ်ပြန်သွားသည်တဲ့။

"မင်းပျိုစာမေးပွဲ မဖြေတော့ဘူးလို့
ဆုံးဖြတ်လိုက်တာ မ ဖြစ် သင့်ဘူး ကိုတိုးရယ်"

"သူ ငါတားမှာ စိုးလို့ ငါ အဆောင်မှာ
မရှိတုန်း ထွက်သွား ခဲ့တာ"

"ဟင့်အင်း မ ဖြစ်သင့်ဘူး ကိုတိုး၊ သူ့အိမ်ကို
ဖုန်းဆက်ပြီး ပြန်ခေါ်မှ ဖြစ်မှာ ပေါ့၊ စာမေးပွဲတော့
မင်းပျိုဖြေရမယ်"

ရွက်လှ လက်မခံနိုင်အောင် ခေါင်းတခါခါ
ဖြစ်နေတော့ ကိုတိုး ငေးစိုက်ကြည့်နေရင်း
ပင့်သက်ရှိုက်၏ ။

"မင်းပို့ကို နင် ဘယ်လောက်

သံယောဇဉ်ကြီးသလဲဆိုတာ ငါ နားလည်သွားပြီ

ရွက်လွှာ၊ တကယ်ဆို ဒီကောင် ဆင်းထည်ဝါကို

မရွေးချယ်ဘဲ နင့်ကို ရွေးသင့်တာ"

"အို"

ကိုတိုး ဒဲ့တိုးကြီး ဝေဖန်မှတ်ချက်ပြုတော့

ရွက်လွှာ မျက်နှာ လေး ပန်းနုသွေးရောင်

လွှမ်းသွားခဲ့သည်။

"ငါ တကယ်ပြောတာ ရွက်လွှာ၊ မင်းပို့

အတွက် အဖော် ဖြစ်သင့်တာ နင်ပဲ၊ ဟိုတစ်နေ့က ငါ

သူ့အတွက် ခံစားပြီး နင့်ကိုပြော ခဲ့တာတွေ အတွက်

တောင်းပန်ပါတယ် ရွက်လွှာ"

"ရပါတယ် ကိုတိုး၊ ငါ ဘာမှမပြစ်မမြင်ပါဘူး၊

ဆင်းလုပ်ရပ် ကြောင့် ငါတောင်

ခံစားနာကျင်ခဲ့ရသေးတယ်"

"အေးဟာ ဆင်းထည်ဝါနဲ့ မင်းပျိုကြားမှာ ဘယ်သူ့ခလောက် ဆန်သွားခဲ့တာလဲ ငါ တွေးမရတော့ဘူး"

"အဲဒီ ကိစ္စ အသာထားဦး အခု မင်းပျို ကိစ္စကို ဘယ်လိုလုပ် ကြမလဲ ကိုတိုး၊ သူ ချက်ချင်း ပြန်လာမှ စာမေးပွဲမှီမှာ ငါတို့ ဖုန်းဆက် ရအောင်နော်"

ကိုတိုး ခေါင်းညိတ်သည်။ မင်းပျိုအတွက် ရွှက်လွှာရဲ့ ပူပန်မှု သော ကတွေ ကို သူ အထင်အရှား မြင်နေရ၏ ။

မင်းပျိုကို ဆင်းထည်ဝါနှင့် ပတ်သက်ခံစားရသော ဝေဒနာ တွေ ကို ကုစားပေးနိုင်သူက ရွှက်လွှာ တစ်ယောက် ပဲရှိတာ သူ ယုံသည်။

မင်းပို့နှင့် ရွက်လှ နီးစပ်အောင် သူ ကြိုး
စားရမည် ။ မင်းပို့အတွက် အကောင်းဆုံး လက်တွဲ
ဖော်သည် ရွှေရွက်လှှဟုပဲ သူ အကြွင်းမဲ့ ယုံသည်။

မင်းပို့လက်ခံယုံကြည်ဖို့အတွက်သာ
လိုသည်ပဲ။

*

"ရွက်လှ မင်း
ဘယ်ပျောက်သွားနေတာလဲ"

ရွက်လှ ပြန်လာတော့ ခြံထဲမှာ
စာကျက်နေသော ဆင်း မေးလာ၏ ။ ရွက်လှ ရင်ထဲမှာ
ဆင်းကို မုန်းချင်လာတဲ့အထိ နာကျင် နေတာ အမှန်။

မင်းပိုျမှာ တော့ ဝေဒနာပူတွေ နှင့် လွင့်သွားခဲ့ပြီ။

ရှက်လွှာနှင့်ကိုတိုးလည်း

ထိုကိစ္စကြီးအတွက် လုံးပန်းရင်း စာ တောင်

မကျက်နိုင်ခဲ့ကြပါ။ ဆင်း ကတော့ နေနိုင်လိုက်တာ။

"မင်းပိုျကိစ္စအတွက် သွားနေတာ ဆင်း"

ဆင်း မျက်ခုံးလေးတွေ ကုပ်ပြီးကြည့်တော့

ရှက်လွှာလည်း ရင်ဆိုင်ပြီး ပြန်ကြည့်လိုက်မိ၏ ။

"ရှက်လွှာ မင်း ဘာလို့ သူ့ကိစ္စကို

ခေါင်းထဲထည့်နေရတာ လဲ"

"ဆင်း ဆင်းလုပ်ခဲ့တာ အမှာ

းကြီးတစ်ခုဆိုတာ ရှက်လွှာ ယုံတယ်"

"တော် တော့နော် ရှက်လွှာ၊

သူနဲ့ပတ်သက်တာ တို့ ဘာမှ မကြားချင်တော့ဘူး"

"မကြားချင်ပေမယ့် တစ်ခုတော့ ပြောရလိမ့်မယ် ဆင်း၊ အခု မင်းပျိုနယ်ကို ပြန်သွားပြီ၊ သူ စာမေးပွဲမဖြေဘဲ ပြန်သွားတာ"

ဆင်းမျက်နှာပေါ်က ပြောင်းလဲမှု ကို ရွက်လွှာ ငေးကြည့်မိသည်။ ဆင်း အကြည့်တွေ က ရပ်သိမ်းမသွားဘဲ နှုတ်ခမ်းလေးလှုပ်ရုံ ပြုံး ၏ ။

"အဲဒါ သူ့ပြဿ နာပဲလေ၊ တို့ ဘာမှစိတ်မဝင်စားဘူး၊ သူ လုပ်ခဲ့တဲ့ လုပ်ရပ်အတွက် ရှက်ပြီး ထွက်သွားတာနေမှာ ပေါ့"

"မဟုတ်ဘူး ဆင်း၊ အဲဒါ ဆင်းရဲ့ တစ်ဖက်သတ် စွပ်စွဲချက် တွေ ပဲ၊ မင်းပျိုခံစားသွားတာ ဆင်းကြောင့် "

"တို့ကြောင့် ဟုတ်လား၊ မဆိုင်လိုက်တာ"

"ဆိုင်တယ် ဆင်း၊ အခု မင်းပျို

အိမ်ကိုဖုန်းဆက်ကြည့်တော့ လည်း မင်းပိုူအိမ်ကို ပြန်မလာဘူးတဲ့၊ သူ ဘယ်ရောက်နေသလဲဆိုတာ အားလုံး စဉ်းစားရခက်နေကြတယ်"

ရှက်လွှာ ဘယ်တုန်းကမှ ဆင်းကို ခွန်းတုံ့ပြန် မပြောဖူးပေမယ့် ဒီတစ်ခါတော့ တစ်ခွန်းမခံ တုံ့ပြန်နေမိ၏ ။

"ဒီမှာ ရှက်လွှာ သူ့အတွက် မင်း ဘာ ဖြစ် ဖြစ်၊ တို့ ကတော့ စိတ်မဝင်စားဘူး၊ မင်းပိုူလွင် ဆိုတာ တို့ခေါင်းထဲမှာ ဟိုးအရင်ကတည်းက မရှိခဲ့တာ"

ပြောပြီးသည်နှင့် ဆင်း ခြံထဲက ဒရင်းဘတ်လေးရှိရာ သစ်ပင် ရိပ်အောက် ပြန်လှည့်ထွက်သွားသည်။

ရှက်လွှာ အံ့ကလေး ကြိတ်ကာ လှည့်ထွက်ခဲ့မိ၏ ။ ဆင်း နှလုံးသားက ဒီလောက်အထိ

ရက်စက်မာကြောလွန်းသည်လား။

ဒီအခြေအနေတွေ ကြုံလာမည် မှန်းသိလျှင်

ဆင်းနဲ့မင်းပျိုကိစ္စ မှာ ရွက်လှော ကိုယ်တိုင်တောင်

လိုက်ဖျက်ခဲ့ဦးမှာ သေချာ၏ ။

အခုတော့ အရာရာ လွန်ခဲ့ပြီ။

*

# အခန်း (၂၁)

စာမေးပွဲရက်တွေ မှာ ရွက်လွှာနှင့်ဆင်း စကားမပြော ဖြစ် သ လောက် ရှိခဲ့သည်။

ဆင်းက စာတွေ ထဲမှာ ခေါင်းမဖော်တမ်း လေ့လာကျက်မှတ် နေပေမယ့် ရွက်လွှာ ကတော့ စာကြည့်ခန်းထဲတောင် မသွား ဖြစ်ပါ။

ကိုယ့်အခန်းထဲမှာ ပဲ ကျက်မည် ဟု ကြီးတင်ကို အကြောင်းပြပြီး အခန်းတံခါးပိတ်ကာ ရွက်လွှာ သတိရနေမိတာ မင်းပို့ကိုပဲ ဖြစ်သည်။

ဘ၀ရဲ့ ရည်ရွယ်ချက်ကြီးကို စွန့်လွှတ်ပစ်ရလောက်အောင်ပဲ မင်းပို့ ထိခိုက်ခံစားသွားခဲ့၏ ။ တကယ်ဆို ဆင်ခြင်တုံ အသိတရားလေး နှင့် မင်းပို့စာမေးပွဲတော့ ဖြေသင့်ပါသည်။

"ကိုတိုး ဘာသတင်းကြားလဲဟင်"

ကျောင်းမှာ စာမေးပွဲ ဖြေပြီးတိုင်း ကိုတိုးကို စောင့်ကာ ရွှက်လွှာ မေးမိတာ နေ့စဉ်။

"အခုချိန်ထိ သူ့အိမ်က ဖုန်းမဆက်သေးဘူး ရွှက်လွှာ"

"ဟင် မင်းပို ဘယ်သွားနေတာလဲ မသိဘူး၊ ရွှက်လွှာ စိုးရိမ် လိုက်တာ ကိုတိုးရယ်"

"သူ အိမ်မပြန်ချင်လို့ တစ်နေရာမှာ သွားနေတာ ဖြစ်မှာ ပေါ့ ရွှက်လွှာရယ်၊ စာမေးပွဲပြီးလောက်မှ သူ့အိမ်ပြန်မယ် ထင်တယ်"

ကိုတိုးက ထင်မြင်ချက်ပေးသည်။ ရွှက်လွှာ ပင့်သက်လေး အခါခါချ ခံစားနေတာ ကြည့်ရင်း

"ရွှက်လွှာ နင်လည်း စာမေးပွဲရက်ကြီးမှာ

စာကို ဂရုစိုက်ဦး၊ နင် သူ့အတွက် ခံစားရတာ ငါ သိပါတယ်"

"ကိုတိုးရယ် ရွှက်လွှာ တစ်ခုခုကို စိုးရိမ်နေတယ်၊ အဲဒီ စိုးရိမ် စိတ်ကြီးနဲ့ စာကျက်လို့ မရတာ လည်း အမှန်ပဲ"

ရွှက်လွှာကို နားလည်သလို ကိုတိုး ခေါင်းညိတ်ပြသည်။

ရွှက်လွှာကသာ မင်းပျိုအတွက် ပူပန်စိတ်တွေ နှင့် နေ့စဉ် သူ့ကို မင်းပျို သတင်းမေးနေတာ ဖြစ်သည်။

ဆင်းထည်ဝါ ကတော့ မျက်နှာချင်းဆိုင် ဆုံလို့တောင် တစ်ချက် လေး ပြုံး မပြပါ။

ဒါကို မြင်နေ တွေ့နေရတော့ ကိုတိုး ခံပြင်းမိသည်။ ဒီလောက် အထိ ဥပေက္ခာပြု

ရက်စက်နိုင်သည့် မိန်းမ တစ်ယောက် ကိုမှ မင်းပို
ချစ်ခင်သွားခဲ့တာ မဟာအမှား ကြီး။

ဆင်းထည်ဝါကြောင့် လူပုံအလယ်မှာ အရှက်ကွဲခဲ့ရသည်။ ပြီးတော့ တတိယနှစ် စာမေးပွဲကိုလည်း မင်းပိုမဖြေ ဖြစ်ခဲ့။

မင်းပိုအတွက် ရှုံးနိမ့်မှု တွေ က အများ ကြီး။

"ရှက်လွှာ နင် စာမေးပွဲကိုပဲ အာရုံစိုက်ထားစမ်းပါ၊ မင်းပိုကိစ္စ ခေါင်းထဲက ခဏမေ့ထားလိုက်၊ ငါ စာမေးပွဲပြီးတာနဲ့ ဒီကောင့် အိမ်လိုက်သွားမှာ ပါ"

"ကိုတိုး သွားမှာ ဆိုရင် ရှက်လွှာပါ လိုက်မယ်"

"နင်လိုက်မယ် ဖြစ်ပါ့မလား၊ ဆင်းထည်ဝါ သိရင် ပြဿ နာ ဖြစ်မှာ ပေါ့"

"ဟင့်အင်း ငါ ဘာကိုမှ ဂရုမစိုက်ဘူး ကိုတိုး၊ မင်းပျိုကို ငါ တွေ့ချင်တယ်၊ အားပေးချင်တယ်"

"အင်း နင်လိုက်မယ်ဆို ပိုကောင်းတာပေါ့ ရွက်လှဲ၊ ငါတို့ အတူသွားကြတာပေါ့ဟာ"

ကိုတိုး လေးနက်စွာ ပြောသည်။ ရွက်လှဲ မျက်ဝန်းလေးတွေ တောက်ပလျက် ကျေနပ်သွားခဲ့တာ အထင်အရှား။

မကြည့်လို့ မမြင်တတ်ခဲ့တာလား မင်းပျို။ ရွက်လှဲ မျက်ဝန်း တွေ ထဲမှာ မင်းကို မြတ်နိုးကြင်နာတဲ့ အရိပ်တွေ ရှိနေခဲ့တာ အမှန်ပါ။

ဒီတစ်ခါတော့ မင်း ကြင်နာတတ်တဲ့ နှလုံးသားကိုပဲ ရွေးချယ် လိုက်စမ်းပါ သူငယ်ချင်း။

*

# အခန်း (၂၂)

စာမေးပွဲပြီးပြီဆိုတော့ ဆင်းစိတ်တွေ ပေါ့ပါးစွာ နှင့်ပဲ အနားယူ ဖြစ်သည်။

တစ်ပတ်လောက်တော့ ဆင်း အိမ်မှာ ပဲ အနားယူဖို့ ဆုံးဖြတ် ထားသည်။ ပြီးရင်တော့ ဖေဖေ့ရဲ့ အထည်ချုပ်စက်ရုံကို ဆင်း နေ့စဉ် သွားဖို့ ဆုံးဖြတ်ထား၏ ။

လူယုံတော် တွေ နှင့် စိတ်ချရသည်ဆိုပေမယ့် ဒါက ဆင်း မိဘ တွေ ချန်ထားရစ်ခဲ့သော စီးပွားရေး အမွေမို့ ဆင်း အလေးထားသည်။

တစ်ချိန်ကျရင် ဒီစက်ရုံကို ဆင်းကိုယ်တိုင် ဦးစီးလုပ်ကိုင်ဖို့ ရည်ရွယ်ထားပြီး ဖြစ်၏ ။

အတွေးတွေ နှင့် ညှော်ခန်းထိုင်ခုံမှာ ထိုင်နေတုန်း ဖုန်းက မြည် လာတာမို့ ဆင်း သွားကိုင်လိုက်ရ၏ ။

"ဟဲလို ဆင်းထည်ဝါ ပါ"

"ရွက်လွှာ မရှိဘူးလား၊ ရွက်လွှာနဲ့ ပြောချင်လို့ပါ"

အသံက မာဆတ်ဆတ်။ ကြားဖူးနေပြီးသော အသံဟု ဆင်း ထင်၏ ။ ဒါပေမဲ့ ဘယ်သူဆိုတာ ဝေခွဲမရတာ မို့

"ဘယ်သူလို့ ပြောလိုက်ရမလဲ"

"ကိုတိုးဆို သူ သိပါတယ်"

ဆင်း မျက်မှော င်ကုပ်သွားမိသည်။ မင်းပိုင်ရဲ့ သူငယ်ချင်း ကိုတိုး ကို ဆင်း သိနေသည်။ ရွက်လွှာဆီ ဘာကြောင့် ဖုန်းဆက်တာလဲ။

အတွေးတို့ မဆုံးခင်မှာ ပဲ ရွက်လွှာ အခန်းထဲကထွက်လာတာ မို့

"ရွက်လွှာ ဒီမှာ နင့်ဆီ ဖုန်းလာနေတယ်"

အခုတလော ရွက်လွှာနင့် ဆင်း စကားမပြော ဖြစ်တာ ကြာပြီ။ မင်းပိုျကိစ္စမှာ ဆင်းကို ရွက်လွှာ ကျေနပ်ပုံမရတာ ဆင်း သတိထားမိ သည်။ ရွက်လွှာ တစ်ယောက် စာမေးပွဲရက်တွေ မှာ တောင် ဆင်းနင့်အတူ စာလာမကျက်ပါ။

မင်းပိုျလွင်အပေါ်မှာ ရွက်လွှာ ဘယ်လောက်ချစ်နေသလဲ ဆို တာ ဆင်း သိထားတာမို့ နားလည်ပေးနိုင်သည်။

ဒါပေမဲ့ မင်းပိုျလို ယောကျာ်း တစ်ယောက် ကိုတော့ ရွက်လွှာ ဘဝအတွက် ရွေးချယ်ဖို့ ဆင်း သဘောမတူနိုင်တာ အမှန်။

ဆင်း စေတနာတွေ ကို ရွက်လွှာ နားမလည်သေးတော့ အခက်။

"ပြောပါ ကိုတိုး၊ ရွက်လွှာပါ"

ရွက်လွှာ ဖုန်းပြောနေတာကို ဆင်း ကြားနေရသည်။ သိပ်စိတ် မဝင်စားလှပေမယ့် မင်းပို့ နှင့်ပတ်သက်နေမလား နားထောင်မိသည်။

"ဟင် ဘာ ဘာရယ် ကိုတိုး"

"..."

"အဟင့် ဟင့် ဖြစ်မှ ဖြစ်ရလေ မင်းပို့ရယ်"

ရှိုက်ငိုသံတွေ နှင့် ရွက်လွှာရဲ့. ရေရွတ်သံကြောင့် ဆင်း လှည့် ကြည့်မိသည်။ ဖုန်းခွက်ကိုကိုင်ရင်း မျက်ရည်တွေ စီးကျနေသော ရွက်လွှာ ကို တွေ့ရသည်။

ရွက်လွှာ ပုံစံက အသက်ရှုဖို့ မေ့နေသော ကျောက်ရုပ်ကြီးလို ငူငူကြီး ရှိနေ၏ ။

"ရွက်လွှာ နင် ဘာ ဘာ ဖြစ်တာလဲ"

ဆင်း လှမ်းမေးမှ ရွက်လွှာ လှည့်ကြည့်သည်။ မျက်ဝန်းက မျက်ရည်စတွေ က ပါးပြင်နှစ် ဖက်ပေါ်မှာ ယိုစီးကျနေဆဲ။

"မင်းပို့မရှိတော့ဘူး သူ ဆုံးပြီ"

"ဟင် ဘာရယ်"

"ဟုတ်တယ် ဆင်း၊ သူ့ဦးလေးတွေ ဆီမှာ သူ ရောက်နေတာ၊ မနေ့ကပဲ အဲဒီ မှာ ဆိုင်ကယ်မှောက်ပြီး ဆုံးသွားပြီ"

ဆင်း မယုံနိုင်သလို ပါးစပ်အဟောင်းသား ငြိမ်သက်နေမိဆဲ။ ရွက်လွှာ မျက်ရည်စတွေ ကြားက တင်းတင်းစေ့ထားသော နှုတ်ခမ်းလေး တွေ

တုန်ခါနေသည်။

မျက်ဝန်းတွေ က ဆင်းကို စိုက်ကြည့်နေတာ ရူးရူးနစ်နစ်။

"နင့်အတွက် ဝမ်းသာစရာ သတင်းကြီးပေါ့ ဆင်း၊ မင်းပျိုနင့်ကြောင့် သွေးပျက်မတတ် ဖြစ်သွားခဲ့တယ်၊ အခုတော့ အရက်တွေ အလွန်အကျွံသောက်ပြီး ဆိုင်ကယ်မှော က်လို့ ဆုံးသွားပြီတဲ့"

ရှက်လှာ အသံတွေ မာထန်နေတာ ဆင်း တစ်ခါမှ မကြုံဖူး ခဲ့ပါ။ ဒေါသရောင် စဉ်တွေ ဖြာနေသော မျက်ဝန်းတွေ က ရပ်သိမ်းမသွား ခဲ့ဘဲ

"နင် ကျေနပ်နေပြီမို့လား ဆင်း၊ နင်သိပ်မုန်းနေတဲ့ မင်းပျိုလောကကြီးထဲမှာ မရှိတော့ဘူး"

"ရွက်လွှာ နင် ဘာတွေ ပြောနေတာလဲ၊ မင်းပျိုကိစ္စက ငါနဲ့ ဘာဆိုင်လို့လဲ"

"နင် မေးရက်တယ် ဆင်း၊ မင်းပျိုကို နင် ခါးခါးသီးသီး မုန်းနေခဲ့တာလေ၊ သူ့ စာမေးပွဲတောင် မဖြေတော့ဘဲ ထွက်ပြေးအောင် နင်လုပ်ခဲ့တာ"

"မဆိုင်လိုက်တာ ရွက်လွှာရယ်"

"သိပ်ဆိုင်တယ် ဆင်း၊ နင့်ရင်ထဲမှာ အမုန်းတရားနဲ့ ရက်စက် မှု တွေ ပဲ ရှိတယ်၊ မင်းပျိုကို နင် သတ်လိုက်တာ"

"ရွက်လွှာ နင် တော် တော့"

ဆင်း မခံနိုင်ဘဲ ဟစ်အော်ပစ်လိုက်သည်။ ရွက်လွှာကလည်း အံကလေး တင်းတင်းကြိတ်ကာ ရင်ဆိုင်ကြည့်ရင်း

"တစ်ဖက်သတ် စွပ်စွဲချက်တွေ နဲ့ မင်းပျိုကို

နင် ရက်ရက်စက်စက် တုံ့ပြန်ခဲ့တယ်၊ မင်းပျို့ကို
နင့်လက်နဲ့ သတ်လိုက်တာ မဟုတ်ပေမယ့် မင်းပျို့
သေရတာ နင့်ပယောဂ မကင်းဘူး ဆင်း"

"ရှက်လှ်ာ နင့်စွပ်စွဲချက်တွေ ပြင်းနေပြီနော်၊ ဒီပြဿနာကို စခဲ့တာ နင်ပဲ၊ ပြီးတော့ မင်းပျို့ ကိုယ်တိုင်က ငါ့သိက္ခာနဲ့ မာနတွေ ကို စော်ကားခဲ့တာ၊ အခု သူ့ဘာသာ အရက်မူးပြီး ဆိုင်ကယ်မောင်းလို့ သေခဲ့ရတာ ငါနဲ့မဆိုင်ဘူး"

ရှက်လှ်ာ ခွန်းတုံ့မပြန်ဘဲ စူးစူးနစ်နစ် မျက်ဝန်းတွေ နဲ့ ကြည့် နေရာမှ ချာခနဲ လှည့်ကာ အခန်းထဲ ပြေးဝင်သွားခဲ့သည်။

ဆင်း တစ်ယောက် တည်း ဧည့်ခန်းထဲမှာ ပင့်သက်ရှိုက်ရင်း ကျန်ရစ်ခဲ့ရ၏ ။ မင်းပျို့လွင် ဆုံးပြီတဲ့။ ဘယ်လိုမှ မယုံနိုင်သော သတင်း ကြောင့် ဆင်း

အံ့ဩတုန်လှုပ်သွားမိတာ အမှန်။

ထို့အတွက် ရှက်လွှာ ဘယ်လောက် ခံစားရမည် ဆိုတာကိုလည်း ဆင်း နားလည်နိုင်သည်။

ရှက်လွှာ နှလုံးသားက မင်းပို့အပေါ် တိတ်တခိုး နှောင်တွယ် ခဲ့တာ အမှန်ပဲလေ။ ဒါပေမဲ့ ရှက်လွှာရဲ့ စွပ်စွဲချက်တွေ အတွက်တော့ ဆင်း ဒေါသတွေ ဖြစ်ရ၏ ။

မင်းပို့ကိစ္စနှင့် ဆင်း ဘာမှမသက်ဆိုင်။

ယောက်ျားရင့်မာကြီး ဖြစ်ပါလျက်နှင့် ဆင်ခြင်တုံတရားကင်းမဲ့ စွာ ပြုခဲ့သော မင်းပို့အ ဖြစ်က သနားစရာလား။

ရှက်လွှာရယ် ငါ့စေတနာတွေ ကို နင် နားလည်လာတဲ့ တစ် နေ့...။

*

# အခန်း (၂၃)

ဆင်း မျှော်လင့်ထားသလို ဖြစ်မလာခဲ့ပါ။

စာမေးပွဲပြီးသည့် နွေကျောင်းပိတ်ရက်တွေ မှာ ရွက်လွှာ တစ် ယောက် မွေးစားမိခင် ဒေါ်လေးညို အိမ် ပြန်သွားခဲ့သလို ကြီးတင်လည်း အိမ်ပြန်သွားခဲ့သည်။

ကျောင်းဖွင့်ရက်တွေ မှာ ရွက်လွှာ ပြန်လာမည် ဟု ဆင်း မျှော် လင့်ထားခဲ့ပေမယ့် အခြေအနေတွေ က ပြောင်းလဲသွားခဲ့၏ ။

"ရွက်လွှာက သမီးအိမ်က ကျောင်းတက် ဖြစ်မှာ မဟုတ်တော့ ဘူး"

ဒေါ်လေးညိုဖုန်းဆက်ပြောလာတော့ ဆင်း အံ့သြမိသည်။ ရွက်လွှာ ဘာကြောင့်

ဒီလိုဆုံးဖြတ်လိုက်တာလဲ။

"ဒေါ်လေးလည်း ကျန်းမာရေး သိပ်မကောင်းဘူး သမီးရယ်၊ အရင်လို ဆိုင်မှာ လည်း တာဝန်ယူဖို့ ခက်နေတယ်၊ သမီး ရွက်လှ္ဘာရှိမှ အဆင်ပြေမှာ လေ၊ သမီး ဒီကပဲ ကျောင်းတက်တော့မယ်၊ အဲဒါ သမီးကို ဒေါ်လေး ပြောပြအသိပေးတာ"

ဆင်း နားလည်လိုက်ပါသည်။ ဒါ ရွက်လှ္ဘာရဲ့ ဆုံးဖြတ်ချက် တစ်ခုပဲ ဖြစ်လိမ့်မည် ။

မင်းပို့ကိစ္စကြီးအတွက် ရွက်လှ္ဘာ ဆင်းကို စိတ်နာသွားခဲ့ သည်ဆိုတာ သေချာ၏ ။ အချစ်အတွက်နဲ့ ရွက်လှ္ဘာက ဆင်းကိုတောင် ဥပေက္ခာပြုရက်နိုင်ပြီလား။

"ရပါတယ် ဒေါ်လေးညို၊ အဆင်ပြေသလို စီစဉ်ပါ၊ ဆင်းက တော့ ရွက်လှ္ဘာ သဘောအတိုင်းပါပဲ"

ဘာပဲ ဖြစ် ဖြစ် ဆင်းရင်ထဲမှာ တော့
ဘဝင်မကျဖြစ်မိတာ အမှန် ပဲ ဖြစ်သည်။
ဆင်းစေတနာကို ရွှက်လွှာ နားမလည်သေးဘူးပေါ့။

မင်းပို့လွှင် ဆိုသော ယောက်ျား
တစ်ယောက် ကြောင့် သွေးသား တော် စပ်သော
ဆင်းကို ဥပေက္ခာပြုရက်နိုင်မှတော့ ရှိစေတော့။

ဆင်း ရွှက်လွှာကို အိမ်မှာ နေထိုင်ပြီး
ကျောင်းတက်ခွင့်ပြုခဲ့တာ ဘာကိုယ်ကျိုး မှ မရှိပါ။
ရွှက်လွှာအတွက် အားလုံးကိုတောင် တာဝန်ယူ
ပေးခဲ့တာ ရွှက်လွှာ အသိ။

ကျောင်းတွေ ပြန်ဖွင့်တော့ ဆင်းနှင့်ရွှက်လွှာ
အခန်းချင်း မတူခဲ့တော့ပါ။

ရွှက်လွှာရဲ့ ဆက်ဆံမှု တွေ က
ပြောင်းလဲနေတာ အမှန်။ မျက်နှာ ချင်းဆိုင်မိလျှင်

နှုတ်ဆက်ခေါ်ပြောတာလောက်ပဲ ရှိသည်။ ရွက်လွှာရဲ့ အရယ်အပြုံး တွေ က အသက်မဲ့နေခဲ့သည်။

ထို့အတွက် ဆင်းရင်ထဲမှာ မကောင်း ဖြစ်မိပေမယ့် မာနနှင့် ဆင်း ပြုံး မိတာအမှန်။

နင် ဒီလောက်အထိ ငါ့ကို စိမ်းပြတ်နိုင်သလား ရွက်လွှာ။ ရတယ် ဆင်းထည်ဝါဆိုတဲ့ ငါက တစ်ယောက် တည်း ဘဝကို ရင်ဆိုင်ရဲတဲ့ သူပါ။

မင်းပိုျလွင်ကိစ္စအတွက် ငါ မှန်တယ်လို့ပဲ အကြွင်းမဲ့ ယုံတယ် ရွက်လွှာ။

နှလုံးသား ခံစားချက်တစ်ခုအတွက်နဲ့ နင် ငါ့ကို မခေါ်မပြော ဘူးဆိုလည်း ရှိစေတော့။

*

ဖြစ်ပျက်ခဲ့သော ပြဿနာကြီးမှာ ဆင်းဘက်က အကြွင်းမဲ့ မှန်ကန်ခဲ့သည်ဟု ထင်ခဲ့ပေမယ့် မမျှော်လင့်ဘဲ သိခွင့်ရလိုက်သည့် အမှန်တရားက နောက်ကျခဲ့တာ အမှန်။

"ဆင်းထည်ဝါကို တို့ သိသင့်တာ တစ်ခု ပြောချင်လို့"

ဆင်းဆီ ထိပ်တိုက်ရောက်လာပြီး ပြောလာသော သူမကို ဆင်း မသိပါ။ သူမ မိတ်ဆက်ပေးမှပဲ ဆင်းသိရတော့၏ ။

"တို့နာမည် က ဝင့်ဝင့်သူပါ ဆင်းထည်ဝါ၊ တို့ကို မင်းမသိ ပေမယ့် တို့ မင်းကို သိတယ်၊ အဲ စိုးရန်နောင်ကိုလည်း မင်း သိမယ် ထင်ပါတယ်"

"စိုးရန်နောင်"

ဒီနာမည် ကို ဆင်း သိပါသည်။ မင်းပို့နှင့်ပတ်သက်ပြီး ဆင်း ကို သတိပေးခဲ့သူပဲလေ။ ဆင်း ခေါင်းညိတ်ပြတော့ ဝင့်ဝင့်သူ ကျေနပ် သွားခဲ့၏ ။

"ကိုစိုးရန်နောင် ဆိုတာ တို့ကို ချစ်ခွင့်ပန်ထားတဲ့ ယောကျ်ား တစ်ယောက် ပါပဲ ဆင်းထည်ဝါ၊ ဒါပေမဲ့ တို့ဘက်က သူ့ကို သူငယ်ချင်း မိတ်ဆွေ တစ်ယောက် လိုပဲ ခင်မင်တယ်၊ တို့ အမှန်ဝန်ခံရရင် တို့ချစ်တာ မင်းပို့လွင်ပဲ"

ဆင်း မျက်မှောင်လေး ကုပ်ကာ ကြည့်ပစ်လိုက်မိသည်။ ကြားရ ပြန်ပြီ ဒီနာမည် ။ ဒီမိန်းမ ဘာရည်ရွယ်ချက်နဲ့ ဒါတွေ လာပြောနေတာလဲ။

"ဒီမှာ ရှင် ဘာရည်ရွယ်ချက်နဲ့ ဒါတွေ လာပြောနေတာလဲ၊ ကျွန်မ ဘာမှ

စိတ်မဝင်စားဘူးနော်"

ဆင်း ခပ်ပြတ်ပြတ်ပဲ ပြောပစ်လိုက်မိသည်။ မင်းပျိုလွင်နဲ့ ပတ်သက်ပြီး ဆင်းဘဝမှာ အမည်းစက်ကြီးလို အားလုံးက မြင်နေတာ ကို သိသည်။

မင်းပျိုလွင် သေရတာ ဆင်း ပယောဂ မကင်းဟု ရွက်လွှာက စွပ်စွဲခဲ့သလို မင်းပျိုရဲ့ သူငယ်ချင်းတွေ ကလည်း ပြောကြသည်။ အားလုံး သော လူတွေ က ဆင်းကို မိန်းမဆိုးကြီးလို ကြည့်ကြတာ ဆင်း ရင်ဆိုင် ခဲ့ရ၏ ။

"တို့ စကားတွေ ကို ခဏလောက် သည်းခံနားထောင်ပေးပါ ဆင်းထည်ဝါ၊ တို့ပြောချင်တာ မင်းပျိုကိစ္စ မဟုတ်ပါဘူး၊ စိုးရန်နောင် ကိစ္စပါ"

"ကိုစိုးရန်နောင်နဲ့လည်း တို့ ဘာမှမပတ်သက်ဘူး ဝင့်ဝင့်သူ"

"ဟုတ်ပါတယ် ဒါပေမဲ့ စိုးရန်နောင်

ဆင်းထည်ဝါနဲ့ လာတွေ့ ဖူးတာတော့ တို့ သိတယ်"

ဝင့်ဝင့်သူ ဘယ်လိုသိနေတာလဲ ဆင်း

မသိပါ။ ပြီးတော့ ဘာရည်ရွယ်ချက်နဲ့

စိုးရန်နောင်ကိစ္စက ပါလာရတာ လဲ။

"တကယ်တော့ စိုးရန်နောင်က ယောက်

ားမပီသအောင် ပြုခဲ့တာပဲ ဆင်းထည်ဝါ၊ မင်းပို

လွင်နဲ့ပတ်သက်ပြီး သူ ပြောခဲ့တာ တို့က မင်းပိုကို

စိတ်ဝင်စားနေတာ သူ မကျေမနပ် ဖြစ်ပြီး မင်းပိုကို

ဆင်း ထည်ဝါ အထင်လွဲအောင် လုပ်လိုက်တာပဲ"

"ဟင်"

"ရှင်းရှင်းပြောရရင် မင်းပိုကို မကျေမနပ်

ဖြစ်ပြီး ဆင်းထည် ဝါကို သူ မဟုတ်တမ်းစကားတွေ

ပြောသွားတာလေ"

"သေ သေချာရဲ့ လား ဝင့်ဝင့်သူ"

"တို့ မညာပါဘူး ဆင်းထည်ဝါ၊ တို့ကို စိုးရန်နောင် ကိုယ်တိုင် ဝန်ခံခဲ့တာပါ၊ ဒါကြောင့် မင်းကိုတို့ ရှင်းပြလိုက်တာပါ ဆင်းထည်ဝါ၊ ဘာရည်ရွယ်ချက်မှ မဟုတ်ဘူး၊ အမှန်ကို သိစေချင်လို့ပါ"

ဆင်း မယုံနိုင်သလို မင်သက်ကြောင်တွေ နေဆဲ။ အာရုံထဲမှာ စိုးရန်နောင် မျက်နှာကို မြင်ယောင်လာသည်။ မင်းပျိုလွင်နှင့်ပတ်သက် ပြီး သူ လာပြောစဉ်က ဆင်း ယုံကြည်သွားခဲ့မိတာ တကယ် အမှာ းပါ လား။

ဆင်း အံကို တင်းတင်းကြိတ်လိုက်မိ၏ ။

*

"အဲဒီ အတွက် ကိုယ်တောင်းပန်ပါတယ် ဆင်းထည်ဝါ"

"တောင်းပန်တယ် ဟုတ်လား စိုးရန်နောင်၊ ရှင် တော် တော် ဆိုးလွန်းတဲ့ အမှား ကြီးကို ကျူး လွန်ခဲ့တာပဲ၊ မင်းပျိုလွင်ကို မကျေနပ် ဘူးဆိုရင် ရှင် ထိပ်တိုက်ရှင်းသင့်တယ်၊ ကျွန်မကို အသုံးမချသင့်ဘူး"

ဆင်းပြောရင်း ဒေါသတွေ ဆူဝေလာရပြန်သည်။ ခေါင်းကြီး ငုံ့ကာ အမှား အတွက် စိုးရန်နောင် ဝန်ခံနေခဲ့ပေမယ့် အခြေအနေ အားလုံးက ပြန်ပြုပြင်လို့ မရအောင် ပြီးဆုံးခဲ့ပြီ။

ရွက်လွှာ အကြိမ်ကြိမ် ပြောတုန်းက ဆင်း မယုံကြည်ခဲ့။ အမုန်းတရားတွေ နှင့်ပဲ မင်းပျိုအပေါ် နာကျည်းခဲ့သည်။

"စိုးရန်နောင် ရှင်မှာ းခဲ့တဲ့ အမှာ းကြီးက သိပ်အကျည်းတန် လွန်းတယ်၊ ကျွန်မ ယုံကြည်ခဲ့တာ အပြစ်ကြီးတစ်ခု ကျူး လွန်သလို ဖြစ်သွားပြီ"

"ကိုယ် ကိုယ်လည်း ဒီအခြေအနေတွေ အထိ ဖြစ်သွားမယ် မရည်ရွယ်ခဲ့ပါဘူး ဝင့်ဝင့်သူကို ချစ်တဲ့စိတ်နဲ့ မင်းပိုုလွင် ဒုက္ခရောက် အောင် လုပ်လိုက်တာ သက်သက်ပဲ"

"အခု မင်းပိုုလွင် လောကကြီးထဲမှာ မရှိတော့ဘူး၊ အဲဒါ ကျွန်မကြောင့် လို့ လူတွေ က စွပ်စွဲကြတယ်၊ သူတို့ စွပ်စွဲသလို ကျွန်မ မှာ းခဲ့မှန်း အခုမှ သိတာပဲ၊ ရှင် တော် တော် ယောကျာ်းမဆန်တဲ့သူပဲ"

ပြောရင်း ဆင်း ဒေါသတွေ လှိုင်းထန်လာသည်။ စိုးရန်နောင် မျက်နှာငယ်လေးနှင့်

ခေါင်းမော့ရင်ဆိုင်ကြည့်ရင်း

"ကိုယ်လည်း အရမ်းနောင်တရမိပါတယ် ဆင်းထည့်ဝါ၊ မင်း မကျေနပ်ရင် ကိုယ့်ကို ကြိုက်သလို အပြစ်ပေးပါ"

လွန်ခဲ့ပြီးသော ကိစ္စကြီးအတွက် စိုးရန်နောင်ရဲ့ နောင်တတွေ က နောက်ကျခဲ့ပြီ။ အခုချိန်မှ ဆင်း တုံ့ပြန်လို့ မင်းပျိုလွင်က ပြန်အသက်ရှင် လာမှာ တဲ့လား။

ရင်ထဲက ဒေါသတွေ ကို ဆင်း အံလေးတင်းကြိတ်ကာ ဖြေလျော့ ချုပ်မိ၏ ။ အကြီးမားဆုံး အမှား ကြီးကိုတော့ ဆင်း ကျူး လွန်ပြီးသွားခဲ့ပြီ။

အာရုံထဲမှာ မင်းပျိုလွင်ရဲ့ ရှင်းသန့်တည်ကြည်သော မျက်နှာ ကို

မြင်ယောင်လာသည်။ သူ့ရဲ့ ဖြူစင်ရိုးသားမှု တွေ ကို မာယာတွေ ဟုပဲ ဆင်း ထင်ခဲ့မိသည်။ အမုန်းတွေ အငြိုး တွေ ထားခဲ့မိသည်။

အခုတော့ ဒါတွေ အားလုံးသည် ဆင်းဘက်က တစ်ဖက်သတ် အမှား ကြီးတွေ ဖြစ်နေသည်။

မင်းပို့ရယ် အမှား ကြီးအတွက် ဆင်း တောင်းပန်ခွင့် မရှိတော့ ဘူးပေါ့။

ရွှက်လွှာအပေါ်မှာ ကော ဆင်း မှား ခဲ့တာပါပဲ။

ငါ့ကို ခွင့်လွှတ်ပေးပါ ရွှက်လွှာရယ်။

*

"အခုချိန်မှတော့ တောင်းပန်မနေနဲ့ ဆင်း၊ မင်းက မင်းမာန မင်းအတ္တတွေ နဲ့ ခေါင်းမာခဲ့တဲ့သူပဲ၊ မင်းတောင်းပန်လို့ အရာရာက နဂို အတိုင်း ပြန် ဖြစ်သွားနိုင်တော့မှာ မှ မဟုတ်တာ"

ရွက်လှ္ဝာ လေသံတွေ က တင်းမာပြတ်သားနေသည်။ မျက်ဝန်း တွေ ထဲမှာ တောင် စိမ်းရိပ်တွေ က ဖြာဝေနေ၏ ။

"ဒီအမှား ကြီးက ပြန်ပြုပြင်လို့ မရတော့ဘူးဆိုတာ ငါ လက်ခံ တယ် ရွက်လှ္ဝာ၊ ဒါပေမဲ့ ဒီအမှား ကို ငါ အခုမှ သိခွင့်ရတာ ၊ ဒါကြောင့် နင့်ကို ငါ လာရှင်းပြတောင်းပန်တာပါ"

ရွက်လှ္ဝာ နှုတ်ခမ်းတွေ မဲ့ကျသွားခဲ့ကာ တင်းခနဲ အံကြိတ် သည်။ မကျေနပ်မှု တွေ ရွက်လှ္ဝာရဲ့

အပြုအမူတိုင်းမှာ မြင်တွေ့နေရ၏ ။

ဆင်း ပင့်သက်လေးရှိုက်ရင်း ရွှက်လွှာကို ငေးစိုက်ကြည့်နေ မိ၏ ။ မင်းပြိုကို ရွှက်လွှာ ချစ်ခဲ့သော အချစ်ကို အခုမှ ဆင်း ပိုလို့ ခံစားနားလည်နိုင်ခဲ့တာလည်း ဝန်ခံသည်။

ရွှက်လွှာ မြတ်နိုးစွာ ချစ်ခဲ့သူက ဆင်းကို ကြို း စားတော့ ရွှက်လွှာကိုယ်တိုင် ကူညီခဲ့သည်။ ရွှက်လွှာရင်ထဲမှာ ဘယ်လို ခံစားရမလဲ ဆင်း တွေ းဆကြည့်လို့ ရပါသည်။

မင်းပြိုအပေါ်မှာ ရွှက်လွှာက ပေးဆပ်ခြင်းတွေ နဲ့ပဲ ချစ်ခဲ့သူ။ ဆင်း ကတော့ ရည်ရွယ်ချက်ရှိရှိနှင့် လက်စားချေခဲ့သူ။

"ရွှက်လွှာ နင် ဘယ်လောက် ခံစားနေရသလဲဆိုတာ ငါ နားလည်နိုင်ပါတယ်ဟယ်"

"ဟင့်အင်း မလိုအပ်ပါဘူး ဆင်း၊ ရွှေရွက်လှာ ဆိုတဲ့ မိန်းမက သနားစရာ သတ္တဝါတစ်ကောင် မဟုတ်ခဲ့ပါဘူး၊ မင်းပျိုကို တို့ချစ်ခဲ့တာ အမှန်ပဲ၊ ဒါကို ဝန်ခံတယ်၊ ဒါပေမဲ့ ငါ့အချစ်က ပိုင်ဆိုင်မှု တွေ မပါဘူး၊ လိုလားတပ်မက်မှု တွေ မပါဘူး၊ အငြိုး တွေ အမုန်းတွေ မပါဘူး၊ အဖြူ ထည်သက်သက်နဲ့ ခံစားချစ်ခဲ့တာပဲ"

ရွက်လှာ နာနာကျည်းကျည်း ရင်ဖွင့်နေသည်။ မျက်နက်ဝန်း လေးတွေ ထဲမှာ စိုလဲ့သော မျက်ရည်စတွေ ခိုတွယ်နေသလား။

စကားအဆုံးမှာ ရွက်လှာ ခေါင်းကို မော့ကာ မျက်ရည်တွေ ကို ထိန်းချုပ်လိုက်သည် ထင်၏ ။

"ရွက်လှာ နင် ငါ့ကို ခွင့်လွှတ်ပေးနိုင်သလား"

"ဒီမေးခွန်းကို နင် မမေးပါနဲ့ ဆင်း၊

ဘာလို့လဲဆိုတော့ ငါက ကာယကံရှင်မှ မဟုတ်ဘဲ၊

ကာယကံရှင် မင်းပြုလည်း လောကကြီးထဲမှာ

မရှိတော့ဘူး၊ ဒါပေမဲ့ သူ ရှိရင်လည်း နင့်ကို

ခွင့်လွှတ်ပေးမှာ သေချာ ပါတယ်"

ဆင်း ရင်ထဲအထိ စူးနစ်သော စကားတွေ

နင့် ရွက်လှာ ပစ် ပေါက်သွားခဲ့သည်။

သည့်နောက်ပိုင်းမှာ တော့ ဆင်းနှင့်ရွက်လှာ

ကျောင်းမှာ ဆုံ ဖြစ်ကြတိုင်း ရွက်လှာက ဥပေက္ခာပြု

ရှောင်တိမ်းသွားတတ်ခဲ့သည်။

ဆင်း ရင်ထဲမှာ မကောင်းပေမယ့်

ရွက်လှာကို ဆုံတွေ့နိုင်ဖို့လည်း မကြိုး စား ဖြစ်ခဲ့ပါ။

ဆင်း မှား ခဲ့သော အမှား အတွက် ဆင်း

ရင်ဆိုင်ဖို့ပဲ ရှိတော့၏ ။

*

# အခန်း (၂၄)

အတိတ်ဆိုတာ ဥပေက္ခာပြုနိုင်လျှင် အိပ်မက်တစ်ခုမျှသာ ဖြစ်မည် ။ ဒါပေမဲ့ အတိတ်က ဆင်း အနောက်ကို အရိပ်လို လိုက်ပါ နေတတ်တော့ ခက်သည်။

ဖြစ်စေချင်သော ဆင်းရည်ရွယ်ချက်တွေ အားလုံး ဖြစ်ခဲ့ပေမယ့် ဆင်း မပျော်နိုင်ခဲ့တာတော့ အမှန်။

မင်းပို့လွှင်ကြောင့် ရခဲ့သော နောင်တတွေက ဆင်း အာရုံထဲက မေ့ပျောက်ဖို့ ခက်ခဲလွန်းခဲ့၏ ။

ထိုအမှား ကြီးတစ်ခုအတွက် ဆင်း နှုတ်က တောင်းပန်ဝန်ခံခဲ့ သည့်တိုင် ရှက်လွှာ ကတော့ ခွင့်လွှတ်မပေးနိုင်ခဲ့တာ သေချာသည်။ ညီအစ်မတွေ ဆိုသည့်တိုင် ရှက်လွှာသည် ဆင်းကို သူစိမ်း

တစ်ယောက် လိုပဲ ရှိခဲ့သည်။

ကျောင်းပြီးသွားတော့ ရှက်လှာ ဒေါ်လေးညို ရဲ့ အထည်ဆိုင် မှာ ပဲ ဦးစီးလုပ်ကိုင်နေသည်ဟု ဆင်း သိရသည်။

ဆင်း ကတော့ အထည်ချုပ်စက်ရုံကို ဦးစီးလုပ်ကိုင်ဖို့ အာရုံ မဝင်စားနိုင်သေးတာကြောင့် လူယုံတွေ နဲ့ပဲ လွှဲထား ဖြစ်ခဲ့သည်။ အိမ်ရှေ့ မှာ တော့ တိရစ္ဆာန်ကုဆေးခန်းလေး ဖွင့်ကာ ဆင်း အေးချမ်းစွာ ပဲ နေခဲ့၏ ။

"ဆင်း သမီးရဲ့ ဝါသနာအလုပ်ထက် စီးပွားရေး လုပ်ငန်းကို ပဲ လုပ်သင့်တယ်၊ လက်ရှိ သမီးအဖေ ထားရစ်ခဲ့တဲ့ စီးပွားရေး လုပ်ငန်း တွေ က အရှိန်ကောင်းနေတာပဲကွယ်"

ကြီးတင်က ဆင်းရဲ့ ဆေးခန်းလေးကို

သဘောမကျသလိုနှင့် အကြံပေးစကား ဆိုသည်။

"အထည်ချုပ်စက်ရုံက လူယုံတော် တွေ နဲ့ အဆင်ပြေနေတာပဲ ကြီးတင်ရဲ့ "

"လူယုံတော် တွေ ဆိုတာ အမြဲယုံကြည်စိတ်ချလို့ ရတာ မျိုး မဟုတ်ဘူး သမီး၊ သမီးကိုယ်တိုင် ဖိဖိစီးစီးနဲ့ ဦးဆောင်သင့်တာပေါ့"

"သမီးက ဒီအတိုင်း ဥပေက္ခာပြုထားတာ မဟုတ်ပါဘူး ကြီးတင်၊ နှစ် ပတ်တစ်ခါလောက်တော့ သွား ဖြစ်ပါတယ်၊ ပြီးတော့ သမီး အခုချိန်မှာ စီးပွားရေး လုပ်ငန်းထက် သမီး ဝါသနာအလုပ်ကိုပဲ လုပ်ချင် သေးတယ်"

ဆင်း စိတ်ကို သိနေသော ကြီးတင် ဘာမှထပ်ပြီး မပြောတော့ ပါ။ ဆင်း ကတော့ ကိုယ့်ဝါသနာအလုပ်ကိုပဲ နှစ် မြုပ် ဖြစ်ခဲ့သည်။

ဆေးခန်းလေးက ဆင်းအတွက်
ငွေကြေးမနကြောင့် မဟုတ်ပါ။ ဆင်း တတ်ကျွမ်းသော ပညာနှင့် အိမ်မွေးတိရစ္ဆာန်လေးတွေ ကို ဆေးကုသပေးရတာ မို့ ဆင်း ပျော်မွေ့ ခဲ့ပါသည်။

ဆင်း အိမ်မှာ လည်း ဆင်း မွေးချင်သော ကြောင်လေးနှစ် ကောင်နှင့် ခွေးကလေး နှစ် ကောင် မွေးထား ဖြစ်သည်။

ကြီးတင် ကတော့ ဒီလို တိရစ္ဆာန်တွေ ကို ရွံရှာသူမို့ နှာခေါင်းရှုံ့ သည်။ ဆင်း အလုပ်ကိုလည်း လက်မခံနိုင်ကြောင်း ကြီးတင် လာတိုင်း ပြောသည်။

"သမီးရယ် ဒီဘာမဟုတ်တဲ့ တိရစ္ဆာန်တွေ ဆေးကုနေတဲ့ အလုပ်ကြီးကို သမီး စိတ်မကုန်ဘူးလား၊ ကိုယ့်အတွက် ဘာမှအကျိုး ရှိတာလည်း မဟုတ်ဘဲနဲ့၊ ရွက်လွှာလေးဆို အခု အထည်ဆိုင်မှာ အတော်

အသားကျနေပြီ၊ ညီလေးတောင် လက်လွှဲနေရပြီ၊ အခုတောင် အထည် ဆိုင်ခွဲတစ်ခု ထပ်ဖွင့်မလို့တဲ့"

"ကြီးတင် ပြောတာတွေ တစ်ခုမှ ဆင်း စိတ်မဝင်စားပါဘူး၊ ဆင်းတတ်ထားတဲ့ ပညာက အလကား မဟုတ်ဘူး၊ ဒီပညာနဲ့ ဆင်း ဝါသနာအတိုင်း လုပ်နေတာ မမှား ပါဘူး၊ ရွက်လွှာသာ ဘာမှအကျိုး မရှိဘဲ အချိန်တွေ ကုန်နေခဲ့တာ သူ ဘာလို့ ဘွဲ့တစ်ခုရအောင် အချိန်ကုန် နေခဲ့တာလဲ"

"ဒါက လူရှိသေရှင်ရှိသေ ဘွဲ့တစ်ခုတော့ လိုတာပေါ့ကွယ်"

"သမီး ကတော့ ဒီပညာကို ဂုဏ်ဒြပ်အတွက် မဟုတ်ဘူး ကြီးတင်၊ ဝါသနာလည်း ပါလို့ ယူခဲ့သင်ခဲ့တာ"

ထိုကတည်းက ကြီးတင် အိမ်ကို

အလာကျဲသွားခဲ့သည်။ ရောက်လာလျှင်လည်း ဆင်းကို ဆုံးမစကားတွေ မပြောတော့ပါ။ ဆင်း ကတော့ ခြံဝင်းလေးထဲမှာ ဖွင့်ထားသော ဆေးကုခန်း လေးနှင့် အိမ်မွေးတိရစ္ဆာန်လေးတွေ နှင့်ပဲ ပျော်စရာဘဝလေးကို ဖြတ် သန်းခဲ့၏ ။ ဒေါ်ကြီးလုံးနှင့် ဦးဘိုကြီးက ဆင်းနှင့် စိတ်တူကိုယ်တူ ရှိ၏ ။

ဆင်း မွေးထားသော တိရစ္ဆာန်လေးတွေ ကို ချစ်သလို စောင့် ရှောက် ကြည့်ရှုပေးတတ်၏ ။

ဆင်းဘဝလေးက ကြည်နူးကျေနပ်စရာတော့ ကောင်းနေတာ အမှန်။

*

# အခန်း (၂၅)

''ဆေးခန်းလည်း မဖွင့်သေးဘူး မောင်ရင်ရဲ့၊ မနက် ဆယ်နာရီ မှ ဆေးခန်းက ဖွင့်မှာ လေကွယ်''

''ဟာ ဘယ် ဖြစ်မှာ လဲ၊ ဒီမှာ သားသားက အသည်းအသန် ဖြစ်နေတာ၊ အခုပြမှ ဖြစ်မှာ ၊ တောင်းပန်ပါတယ် ဦးလေးရာ၊ ဒေါက်တာ ကို ခေါ်ပေးပါနော်''

''ဒုက္ခပါပဲ မောင်ရင်ရယ်၊ ဒေါက်တာက မနိုးသေးဘူးကွဲ့''

''တောင်းပန်ပါတယ် ဦးလေးရာ၊ အခုပဲ ကိုးနာရီထိုးတော့မှာ နှိုးပေးပါဗျာ၊ ဒီအနီးအနားမှာ တိမ္မွေးကု ဆေးခန်းကလည်း ဒီဆေးခန်း ပဲ ရှိတာ၊ ကျွန်တော့် သားသားခမြာ အတော် ခံစားနေရရှာတာပါဗျာ''

ဦးဘိုကြီး အတော် ပဲ စိတ်ညစ်သွားမိသည်။ ဒီလူရွယ်က ဇွတ် အတင်း တောင်းဆိုနေသည်။ တကယ်ဆို ဆေးခန်းဖွင့်ချိန်က မနက် ဆယ်နာရီမှ ဖြစ်၏ ။ အခုတော့ ကိုးနာရီထိုးဖို့တောင် ဆယ်မိနစ်လောက် လိုသေး၏ ။

"လုပ်ပါဦးလေးရာ တိရစ္ဆာန်လေးတွေ က သနားစရာကောင်း ပါတယ်ဗျာ၊ လူတွေ မှ မစာနာရင် သူတို့ကို ဘယ်သူက စာနာမှာ လဲ၊ ကူညီပါနော်"

"ဟုတ်ပါပြီကွာ ခဏလေးစောင့်၊ ဒေါက်တာကို သွားနှိုးပေး မယ်"

သူပြောလိုက်မှ လူငယ်မျက်ဝန်းတွေ တောက်ပသွားခဲ့ကာ ကျေနပ်သွားခဲ့၏ ။

ကြည့်ရတာ အသက်က နှစ် ဆယ်လောက်ပဲ ရှိမည် ။ လူပုံက နုနုချောချောလေးပဲ ဖြစ်ကာ

ခေတ်လူငယ်ပီပီ ဆံပင်တွေ က ထောင်ထား သေး၏ ။ ဒါပေမဲ့ စကားပြောပုံက ယဉ်ကျေးပါသည်။

သူ့ပုံစံကလည်း အလောတကြီးနှင့် စိုးရိမ်ပူပန်နေဟန်အသွင် မို့ ဆင်းလေးကို ခေါ်ပေးဖို့ ထွက်ခဲ့ရ၏ ။

ညှော်ခန်းထဲမှာ မလုံးနှင့် တွေ့တာမို့

"မလုံး သမီးလေး ဆင်း နိုးပြီလား"

"အခုပဲ နိုးတာ၊ ရေချိုး ခန်းဝင်မလို့ ထင်တယ်၊ ဘာကိစ္စလဲ ကိုဘို"

"ဆေးခန်းလာပြတဲ့သူ တစ်ယောက် ရောက်နေလို့"

"ဆေးခန်းက ဆယ်နာရီမှ ဖွင့်မှာ လေတော် ရှင်းပြလိုက်ဦး"

"ကျုပ် ရှင်းပြတယ်၊ ဒါပေမဲ့ အဲဒီ ချာတိတ်က

သူ့သားသား အတွက် အတော် စိုးရိမ်ပြီး

နှိုးခိုင်းနေလို့ပါ"

"သူ့သားသား ဟုတ်လား၊ သားသားဆိုတာ

ဘယ်သူလဲ"

"သူ့ခွေးလေးကို ခေါ်တာတဲ့လေ"

"အမလေးတော် ခွေးကိုများ သားသား

ခေါ်ရသလား၊ ဆင်း လေးက အခုမှ နိုးတာ၊

ကော်ဖီတောင် မသောက်ရသေးဘူး"

ညှေ့ခန်းထဲမှာ ကြီးလုံးနှင့် ဦးဘိုကြီးတို့

ပြောနေသံတွေ ကို ဆင်း ကြားတာမို့ ထွက်ခဲ့သည်။

"ဟော သမီး ဒီမှာ ခွေးတစ်ကောင်

ပြမလို့တဲ့၊ သမီးကို ရှတ်ခေါ်ခိုင်းနေလို့"

"ရတယ် ဦးဘို သမီး လိုက်ခဲ့ပါ့မယ်၊

ဆေးခန်းသော့ ယူသွား ပြီး ဦးဘို ဆေးခန်းဖွင့်ပေးလိုက် ပါ၊ သမီး အခု နောက်က လိုက်ခဲ့မယ်" ဆင်း ပြောလိုက်မှ ဦးဘိုကြီး ညှော်ခန်းနံရံမှာ ချိတ်ထားသော ဆေးခန်းသော့ကို ယူကာ ထွက်သွားသည်။

"ကိုဘိုက တော် တော် ပြောရခက်တာပဲ၊ သမီး မနိုးသေးဘူး ပြောခိုင်းနေတာကို"

"ရပါတယ် ဒေါ်ကြီးလုံးရယ် ဟိုကလည်း သူ့ခွေးလေးအတွက် စိုးရိမ်ပြီး ဇွတ်ခေါ်ခိုင်းနေလို့ ဖြစ်မှာ ပေါ့၊ ဆင်းလည်း နိုးနေပြီပဲ ရတယ်"

"အင်း အင်း ဒါဆို သမီးအတွက် ဒေါ်လုံး ကော်ဖီဖျော်ထား ပေးမယ်၊ ပြီးရင် လာသောက်လိုက်ဦးနော် သမီး"

ဆင်း ခေါင်းလေးညိတ်ပြပြီး ထွက်ခဲ့သည်။

ဦးဘိုကြီးက ဆေးခန်းသော့ကို ဖွင့်ထားပြီး ဖြစ်နေသည်။

ဆင်း ဆေးခန်းထဲရောက်တော့ လူရွယ် တစ်ယောက် သူ့ရဲ့ အမွှေးပွ ခွေးပုလေးကို ပွေ့ပိုက်ကာ စိုးရိမ်ပူပန်သော မျက်ဝန်းတွေ နှင့် လှမ်းကြည့်ရင်း

"ဒေါက်တာ မလာသေးဘူးလားဗျာ၊ ဒီမှာ သားသားက တော် တော် နာနေပြီ"

"ဟိုမှာ လာနေပြီလေ မောင်ရင်ရဲ့ "

"ဗျာ ဒေါက်တာ မမလား၊ ဆောရီ ကျွန်တော် က ယောကျ်ား ဆရာဝန်ထင်လို့၊ ကြည့်ပေးပါဦး မမ၊ သားသားက ဘာ ဖြစ်သွားတာလဲ မသိဘူး"

ဝင်းစိုနုဖတ်နေအောင် ချောမောကြည်လင်သော မျက်နှာလေး နှင့် ဝတ်ထားတာက အဝါရောင် စပို့ရှပ်နှင့် အနက်ရောင်

သရီးကွာ တား ဘောင်းဘီ ဖြစ်သည်။ ကြည့်ရတာ အဝတ်အစားတောင် မလဲနိုင်ဘဲ ခွေးလေးအတွက် ကသော ကမျော ထပြောလာရပုံပါပဲ။

ဆင်း အံ့သြမိသလို ပြုံး လိုက်မိတာက လူရွယ်၏ စိုးရိမ်လွန်နေ မှု နှင့် ခွေးလေးကို သားသားဟု ခေါ်နေတာကြောင့် ဖြစ်သည်။

ဆင်းရဲ့ ဆေးခန်းလေးကို တိရစ္ဆာန်လေးတွေ လာပြသ ကုသ ခိုင်းသည့် ပိုင်ရှင်တွေ အမျိုး မျိုး ကြုံဖူးပါသည်။

အများ စု ကတော့ အသက်ကြီးကြီး မိန်းမကြီးတွေ နှင့် အသက် လတ်ပိုင်း အပျိုကြီးတွေ က များ သည်။ သူတို့ တိရစ္ဆာန်လေးတွေ ကို လည်း သည်းသည်းလှုပ် ချစ်ခင်တတ်သူတွေ ဖြစ်၏ ။

အခုတော့ သည်းသည်းလှုပ်နေသူက

အသက်ငယ်ငယ် ချော ချောသန့်သန့် လူငယ်လေး ဖြစ်နေတာကြောင့် ဖြစ်၏ ။

"ကျွတ် ကျွတ် သားသား အရမ်းနာနေလား အို့ အို့ ငြိမ်ငြိမ် လေးနေနော် သားသား၊ မနာဘူး ဟုတ်လား"

ခွေးပုလေးကို ဖေးဖေးမမ ပွေ့ပိုက်ထားပြီး ခုံတန်းလေးပေါ် လူရွယ်က တင်ပေးသည်။ သူ့ခွေးပုလေးကိုလည်း ချော့မော့ပွတ်သပ် မဆုံး။

"ခွေးက ဘာ ဖြစ်တာလဲ"

"ခုတင်ပေါ်က ပြုတ်ကျလို့ ဒေါက်တာ"

"ဘယ်လို"

ဆင်း မျက်မှော င်လေး ကုပ်ကြည့်ကာ တအံ့တဩ ဖြစ်သွား တော့ လူရွယ်က မျက်နှာငယ်လေးနှင့် မျက်တောင်တွေ ပုတ်ခတ်ပြီး

ပြန်ကြည့်နေသေး၏ ။

"ခုတင်ပေါ်က ပြုတ်ကျတာ ဘာ ဖြစ်မှာ မို့လဲ၊ ခုတင်က ဘယ် လောက်များ ကြီးလို့လဲ၊ အတော် မြင့်လို့လား"

"ဟို အဲ မမြင့်ပါဘူး ကျွန်တော် အိပ်တဲ့ ခုတင်ပါ"

"မောင်ရင်ရာ ခုတင်ပေါ်က ပြု တ်ကျတာလောက်နဲ့ အရေး တကြီး သွားခေါ်ခိုင်းနေရသေးလား၊ မင်းခွေးလေး တကယ့် အသည်း အသန် ဖြစ်နေတဲ့ပုံအတိုင်းပဲ"

ဦးဘိုကြီး မနေနိုင်တော့ဘဲ ဝင်ပြောသည်။ ဆင်းလည်း မျက် မှော င်လေးကုပ်ထားဆဲက လူရွှယ်ကို အကဲခတ်ကြည့်နေမိ၏ ။

စိုးရိမ်တာ စိုးရိမ်ပေမယ့် ဒီချာတိတ် စိုးရိမ်မှု

က လွှန်နေပြီ။ ခွေးတစ်ကောင် ခုတင်ပေါ်က ပြု

တ်ကျတာ တကယ့် အသည်းအသန် ကိစ္စကြီး

မဟုတ်ဘဲ။

"ဒီလို စိုးရိမ်တတ်မှ မ ဖြစ်သင့်တာ မ ဖြစ်မှာ

လေ ဦးလေးရဲ့ ၊ ဒီကောင်က ကျွန်တော့် ခုတင်ပေါ်

တက်ဆော့တာ အော်သံကြားလို့ သွား ကြည့်တော့

ခုတင်အောက် ပြုတ်ကျနေပြီး စောင်ကြီးနဲ့ လုံးထွေးပြီး

အော်နေတာ"

"ကဲ ကဲ တို့ ခဏလောက် ကြည့်ပါရစေဦး"

ဆင်း အသေအချာ စမ်းသပ်ကြည့်တော့

မွေးပွခွေးပုလေးမှာ ဘာမှ ဒဏ်ရာကြီးကြီးမားမား ရှိပုံ

မပေါ်ပါ။

"မင်း စိုးရိမ်လွန်နေတာပါ၊ ဘာဒဏ်ရာမှ

မရဘူး"

"ဟုတ်ရဲ့ လား ဒေါက်တာရယ်၊ အသေအချာ ကြည့်ပါဦး၊ ဒီ ကောင် စောင်ပုံကြီးအောက်မှာ အော်နေတာ တစ်ခုခု ဖြစ်သွားတဲ့ပုံ"

"စောင်တွေ အုပ်မိပြီး လန့်အော်တာပဲ ဖြစ်မှာ ပါ၊ မင်း စဉ်းစား ကြည့်လေ ခုတင်ပေါ်က ပြု တ်ကျတာလောက်နဲ့ ခွေးဆိုတဲ့ သတ္တဝါက ဘာများ ဖြစ်သွားနိုင်မှာ မို့လဲ"

"ဟုတ်ပ့ါ မောင်ရင်ရာ၊ ခုတင်ထက် နှစ် ဆ သုံးဆမြင့်တဲ့ အမြင့်ကတောင် ခွေးတွေ ခုန်ဆင်း ခုန်တက်နိုင်တာပဲကွာ"

ဦးဘိုကြီးပါ ဝင်ပြောတော့ ချာတိတ် မျက်ခုံးတန်းတန်းလေး တွေ တွန့်ကာ တွေ တွေ လေး စဉ်းစားနေသေးသည်။ ပြီးမှ

"တော် သေးတာပေ့ါဗျာ ကျွန်တော် က

တစ်ခုခု ဖြစ်သွားပြီ ထင် နေတာ''

''စိတ်ချ ဘာမှမ ဖြစ်ဘူး၊ ခြေလက်တွေ လည်း မနာဘူး၊ မင်း စိတ်ချချေါ် သွားလို့ ရပြီ''

''ဟုတ်ကဲ့ ကျေးဇူးပါ ဒေါက်တာ၊ ဟို စမ်းသပ်စစ်ဆေးခ ဘယ်လောက်ကျသလဲဟင်''

''မလိုပါဘူး မပေးပါနဲ့''

''ဟာ မဟုတ်တာ ဒေါက်တာရယ်၊ ဆေးခန်းတောင် မဖွင့် သေးဘူး၊ ဒေါက်တာကို မရအရ ခေါ်နိုင်းပြီး သားသားကို ပြရတာ ''

အားတုံ့အားနာ မျက်နှာနှင့် ဆိုရင်း ချာတိတ်က ဘောင်းဘီ အိတ်ထဲက သားရေခေါက် ပိုက်ဆံအိတ်လေးကို ထုတ်ယူနေ၏ ။

''မင်းခွေးလေးက ဘာမှ ဖြစ်တာ မဟုတ်တော့ တို့ ဘာမှ ကုသစရာမှ မလိုဘဲကွာ ရတယ်၊

တစ်ပြားမှမပေးပါနဲ့၊ နောက် နေထိုင် မကောင်း
ဖြစ်တာမျိုး ကြုံမှ လာခဲ့ ဟုတ်လား"

"အားနာလိုက်တာ ဒေါက်တာရယ်"

ချာတိတ် ခွေးကလေးကို ပိုက်ထားရင်း
အားတုံ့အားနာ ဆို သည်။ ပြီးတော့
ချာတိတ်မျက်ဝန်းတွေ က ဆေးခန်းလေးထဲက မှန်ရှိုး
ကေ့စ်လေးဆီ အကြည့်ရောက်သွားကာ

"ဟို ခွေးလည်ပတ်လေးတွေ က ရောင်
းတာလား ဒေါက်တာ"

"ဟုတ်တယ် ရောင် းတာပါ"

"ဒါဆို ကျွန်တော် အားပေးဝယ်ချင်ပါတယ်"

ပြောပြီး ချာတိတ် ရှိုးကေ့စ်ထဲက
လည်ပတ်လေးတွေ ကို ကြည့် သည်။ တန်ဖိုးနှုန်း
ဈေးရေး ကာ ကပ်ထားတာမို့ ချာတိတ် စိတ်ကြိုက်

တစ်ခုကို လက်ညှိုး ထိုးပြရင်း

"ဟောဟို ကျောက်ပွင့်နီလေးတွေ နဲ့ လည်ပတ်လေး ပေးပါနော် ဒေါက်တာ"

ချာတိတ်ရွှေးချယ် ဝယ်သော လည်ပတ်လေးကို ဆင်း ထုတ်ယူ ပေးလိုက် သည်။ ချာတိတ်က ကျသင့်ငွေကို ရှင်းပေးပြီး လည်ပတ်လေး ကို ခွေးလေးမှာ ဆွဲပေးနေ၏ ။

"သားသားက အခုမှ ခန့်ညားသွားတာကွ၊ ခွင့်ပြုပါဦး ဒေါက် တာ၊ ဦးလေး ကျေးဇူးတင်ပါတယ်နော်"

ဆင်းနှင့်ဦးဘိုကြီးကို ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ချာတိတ် ဆေးခန်းလေးထဲက ထွက်သွား၏ ။ ခြံရှေ့မှာ ရပ်ထားသော ချာတိတ်ရဲ့ ကားကြီး ကတော့ အပုံစား လင့်ခရူဆာကားကြီး။

"ဘယ်လိုကောင်လေးမှန်း မသိပါဘူးကွယ်"

ဦးဘိုကြီးက နားလည်ရခက်ခဲဟန်လေးနှင့် ဝေဖန်စကားဆို သည်။ ဆင်း ကတော့ ခွေးခွေးလေးပဲ ပြုံး နေလိုက်မိသည်။

လူပုံက ဖြူဖြူနုနုလေးနှင့် နပို့ ချောမောသော ချာတိတ်ကို တော့ ဆင်း ခင်မင်သွားမိ၏ ။ ဒီချာတိတ် စိတ်နှလုံးသားလေး နူးညံ့ပြီး ခင်မင်စရာကောင်းတာတော့ အမှန်။

အားတုံ့အားနာဟန်နှင့် ဆေးကုသခ မပေးရတော့ လည်ပတ် လေးကို ဝယ်သွားတာ ဆင်း သိသည်။

ရယ်လည်း ရယ်ချင်စရာကောင်းတဲ့ ချာတိတ်။

*

ခြံအပြင်မှာ ဟိတ်ဆီး ထွက်ကြိုနေတာကို မြင်ကတည်းက တစ်ခု ခုတော့ အကြောင်းရှိပြီဟု သူ နားလည်လိုက်သည်။

သူ့ကားကို မြင်တော့ ဟိတ်ဆီး ခြံဝရှေ့ မရောက်ခင်ကတည်းက ခပ်သုတ်သုတ် လှမ်းထွက်လာတာမို့ သူ ကားကို ထိုးရပ်ပေးလိုက် ရင်း

"ဘာ ဖြစ်တာလဲ မင်းပုံက ကမ္ဘာပျက်တော့မယ့်အတိုင်းပဲ"

"အေး ကမ္ဘာပျက်နေပြီ ကျေးဇူးရှင်၊ ကျွန်တော် မျိုး တောင် နားတွေ ပူ ဗိုက်ကြောတောင် အလိမ်ခံရပြီးပြီ"

ဟိတ်ဆီးမျက်နှာကြီး ရှုံ့မဲ့ပြောတာကို သူ ပြုံး

ကြည့်မိသည်။ မပြောပါဘဲ သိလိုက်တာ မေကြီးတို့ ပြန်ရောက်နေပြီ။

"အန်တီ စန္ဒာတို့ ပြန်ရောက်နေပြီ မိုးမြေ"

"မြန်လိုက်တာ ငါက မရောက်သေးဘူး ထင်နေတာ"

"အေး မင်းကို မတားလိုက်နိုင်လို့ ငါတော့ ကောင်းကောင်း အဆူခံရပြီးပြီ၊ မင်းအလှည့်ပဲကျန်တော့တယ် လစ်တော့"

"ပြဿ နာမရှိပါဘူး ကဲ တက်လေကွာ"

"မတက်ပါဘူး၊ မင်းဘာသာ သွား၊ ငါတော့ထပ်ပြီး နားငြီး မခံတော့ဘူး လမ်းထိပ်ကို လစ်မလို့"

ပြောပြီး ဟိုကောင်း ထွက်သွားသည်။ သည်တော့မှပဲ သူကားလေး ကို

ခြံထဲမောင်းဝင်ခဲ့တော့သည်။

ဆင်ဝင်အောက်မှာ ကားထိုးရပ်မိသည်နှင့် ဧည့်ခန်းတံခါးဝက ဆီးကြိုအပြစ်တင်ကာ မေလေး ဒေါ်ခင်စန္ဒာ။

"လာပါ လာပါ ဒါက ဘယ်သွားတာလဲ၊ အပြင်ကို လုံးဝ မထွက်ပါနဲ့ဆိုတာ နားမထောင်ဘူးပေါ့ ဟုတ်လား"

"ဘယ်လိုမှ စိတ်မချရပါဘူးလို့ ငါပြောသားပဲ၊ ဒီနှစ် ယောက် တည်း ထားခဲ့ရတာ ကို အဲဒါကြောင့် စိတ်မချတာ"

မေကြီး ဒေါ်ခင်သန္တာပါ ဧည့်ခန်းဆိုဖာ ထိုင်ခုံက ထရပ်ကာ အပြစ်တင်စကား ဆိုပြန်၏ ။

သူ ကားပေါ်က ဆင်းရင်း ဖြူလေးကို ပွေ့ပိုက်ခေါ်လိုက်တော့ မေလေး

အနားလျှောက်လာရင်း

"အပြင်သွားတာ တစ်ယောက် တည်း မသွားဘဲ သားသားကိုပါ ခေါ်သွားသေးတယ်ပေါ့လေ"

"ဟာ မေလေးကလည်း အပြစ်တင်ဖို့ချည်းပဲ၊ အပြင်သွားတာ အကြောင်းမဲ့ သွားတာ မဟုတ်ပါဘူး၊ သားသားကို ဆေးခန်းသွားပြတာ"

"ဟင် သားသား ဘာ ဖြစ်လို့လဲ"

သားသားဆိုသည့် ဖြူလေးက မေလေးရဲ့ အချစ်တော် ခွေးလေး မို့ သူ့ကို ဆူပူဖို့ထက် မေလေး အာရုံတွေ ဖြူလေးဆီ ရောက်သွားခဲ့ သည်။

"ခုတင်ပေါ်က ပြုတ်ကျလို့ မေလေးရဲ့ "

"ဘုရား ဘုရား ဘာ ဖြစ်သွားသေးလဲဟင်၊ ခြေတွေ လက်တွေ ကျိုး သွားသေးလား"

"မကျိုး ပါဘူး မေလေးရဲ့ ၊ သား အစိုးရိမ်လွန်သွားတာ၊ ဒီ ကောင်က တအီအီလုပ်နေတော့ တစ်ခုခု ဖြစ်ပြီ ထင်တာ၊ ဆရာဝန်က အသေအချာ စမ်းသပ်ပေးလိုက်ပါတယ်၊ ဘာမှမ ဖြစ်ဘူးတဲ့"

"တော် သေးတာပေါ့ လာ သားသား လာ လာ"

သူ့လက်ထဲက ဖြူလေးကို မေလေး လှမ်းပွေ့ချီကာ သူ ပတ် ထားပေးသော လည်ပတ်လေးကို တွေ့မြင်သွားခဲ့၏ ။

"ဟယ် လည်ပတ်လေးက လှလိုက်တာ၊ မိုးလေး ဝယ်ပေးထား တာလား"

"ဟုတ်တယ် မေလေးရဲ့ ၊ အဲဒီ ဆေးခန်းလေးမှာ ရောင် းတာ လေ"

"အမလေးတော် ကလေးကို ဆုံးမမယ့်သူက ခွေးကိုမြင်တော့ ဘယ်လို ဖြစ်ကုန်တာလဲ ကဲ ကဲ မိုးမြေကျမှာ လာစမ်းပါဦး"

မကြီး ဒေါ်ခင်သန္တာက သူ့ကို လှမ်းခေါ်နေတာမို့ မိုးမြေ ပခုံးလေးတွန့်ကာ အိမ်ထဲ လှမ်းဝင်လိုက်ရပါသည်။

မလေးကလည်း လက်ထဲက ခွေးလေးကို အခန်းထဲ အသာ ပြန်ချပေးရင်း မိုးမြေနောက်က ကုပ်ကုပ်ကလေး ပါလာသည်။

ဒီအိမ်မှာ မကြီးက ဩဇာအကြီးဆုံး ဖြစ်သည်။ မလေး တောင် မကြီးကို ကြောက်ရ၏ ။ အခုပဲကြည့် သူ အပြင်ထွက်သည့် ကိစ္စကို မလေးက ဆုံးမတော့မလိုလိုနှင့် ခွေးကိစ္စ အာရုံရောက်သွား တာမို့ မကြီး ဒေါကန်နေ၏ ။

"ဟို တစ်ယောက် ကလည်း

ဒီခွေးတစ်ကောင်ကိုပဲ အရေး ထား နေတယ် ကဲ

ပြောစမ်း မိုးမြေကျွမ်း၊ အပြင်မ သွားပါနဲ့လို့ မှာ

ထားရက်နဲ့ ဘာလို့ ခိုးထွက်သွားတာလဲ"

"ခိုးထွက်တာ မဟုတ်ပါဘူး မေကြီးရယ်၊

သားသား ခုတင်ပေါ် က ပြုတ်ကျလို့

ဆေးခန်းသွားပြတာပါ"

"လာပြန်ပြီ ဒီခွေးကိစ္စ၊ အဲဒီ

ခွေးတစ်ကောင်ကိစ္စနဲ့ အကြောင်း မပြစမ်းနဲ့၊ မင်းကို

အပြင်မထွက်ရဘူး ကားမစီးရဘူးလို့ ပြောထားတာ ကို

အရေး မစိုက်သလို လုပ်တာလားဟင် မိုးမြေကျွမ်း"

ထုံးစံအတိုင်း မေကြီး ဒေါသထွက်ပြီဆိုလျှင်

နားပူအောင် ဆုံးမစကားတွေ ဆိုတတ်သူပီပီ

အပြစ်တင်စကားတွေ မဆုံးတော့ပါ။

လွန်ခဲ့သော တစ်ပတ်ကပဲ မိုးမြေ ကားအက်ဆီးဒင့်တစ်ခု ဖြစ်ခဲ့သည်။ ကြီးကြီးမားမား မဟုတ်ပေမယ့် လမ်းဘေး ပလက်ဖောင်းကို ဝင်တိုက်မိတာမို့ ကားရှေ့မီးသီးတွေ ကွဲကုန်သည်။

သိန်းထောင်ချီ ကားကြီးနည်းနည်း ပျက်စီးသွားတာ ပြဿ နာ မဟုတ်ပေမယ့် မေကြီးနှင့်မေလေးက သူ့အတွက် ပူပန်သွားခဲ့၏ ။ "မ ဖြစ်ဘူး မ ဖြစ်ဘူး ဒီလို ကားမောင်းကြမ်းတာ အန္တရာယ် ရှိတယ်၊ မင်း တစ်လတိတိ ကားမစီးရ မမောင်းရဘူး"

မေကြီးက စည်းကမ်းချက် ထုတ်သည်။ သူ့ကို ကားမောင်းခွင့် တစ်လပိတ်ပင်သည်။ ဒါတင်မကဘဲ အရင်လို အပြင်ထွက်ခွင့်လည်း ပိတ်ပင်တားမြစ်ခဲ့သည်။

"ဟိုကောင် ဟိဏ်းမော်လည်း ငါ မှာ

ထားမယ်နော်၊ နင်တို့ နှစ် ယောက် ပေါင်းပြီး
ထင်ရာစိုင်းနေတာ ကြပ်ကြပ် သတိထား၊ မိုးမြေ ကို
အပြင်မထွက် ကားမမောင်းအောင် နင် စောင့်ကြည့်"

သူ့ပြဿ နာကြောင့် ဟိတ်ဟန်းမော်လည်း
တစ်နွယ်ဝင် တစ်စင်ပါ ကာ မေကြီးတို့ရဲ့
ဒေါသစက်ကွင်းက မလွတ်ခဲ့ပါ။

အခုလည်း မေကြီးတို့ အလှူတစ်ခု
သွားတုန်း ခွေးကလေးကို ဆေးခန်းသွားပြရာက ပြဿ
နာ ဖြစ်ကုန်တာ ဖြစ်၏ ။

"မိုးမြေကွမှာ"

မေကြီး ခေါ်သံကြားမှ သူ့အတွေ းတွေ
ပြတ်ကာ မော့ကြည့် မိသည်။

"ငါပြောတာ ကြားတယ်နော်"

"ဟုတ်ကဲ့ ကြားပါတယ် မေကြီး"

တကယ်ဆို မေကြီး ဆူပူနေတာတွေ ကို သူ ကြားတစ်ချက် မကြားတစ်ချက်ပါပဲ။ ဒါပေမဲ့ မေကြီး ကျေနပ်အောင် ခေါင်းညိတ်ပြပြီး သား။

"အေး မင်းအပြစ် မင်းသိတယ်ဆိုရင် နောက်ထပ် နှစ် လတိတိ ကားမမောင်းရဘူး"

သူကျူး လွန်မိသော အပြစ်အတွက် မေကြီးက ကားမောင်းခွင့် ကို နောက်တစ်လ ထပ်တိုး တားမြစ်၏ ။ သူ မျက်နှာတစ်ချက် ရှုံ့သွား ရင်း မေလေးကို လှမ်းကြည့်မိ၏ ။

တကယ်ဆို မေကြီးရဲ့ စကားကို မေလေးသည်လည်း ဆန့်ကျင် နိုင်တာမှ မဟုတ်တာ။

"နောက်ထပ် အပြစ်ပေးမှာ က မင်း တစ်ပတ်တိတိ အိမ်ထဲက အိမ်အပြင် မထွက်ရဘူး"

ပထမ ပြစ်ဒဏ်ကို သူ လက်ခံနိုင်ပေမယ့်

ဒုတိယ ပြစ်ဒဏ်ကို တော့ လက်မခံနိုင်အောင်
စိတ်ပျက်သွားမိ၏ ။

တစ်ပတ်ကြီးတောင် အပြင်ထွက်ခွင့် မရခြင်းက ဆိုးလွန်းပါ သည်။

"ကြားတယ်နော် မိုးမြေ"

"ကြားပါတယ် မေကြီး"

"အေး မိစန္ဒာ ညည်းလည်း ကြပ်ကြပ်သတိထား၊ ဘာမဟုတ် တဲ့ ခွေးတွေ ကြောင်တွေ ကိစ္စပဲ ရှုပ်နေ၊ မိုးမြေကို ဒီရက်တွေ မှာ အပြင် မထွက်အောင် နင် ဂရုစိုက်ကြည့် ကြားလား"

"ဟုတ်ကဲ့ပါ မမရဲ့ "

"ပြောလိုက်ရင် ဟုတ်ကဲ့ ဟုတ်ကဲ့နဲ့ ညည်းလည်း အတူတူပဲ ဘာမှမထူးဘူး"

မကြီး ဒေါသတွေ မလေးဆီ

ဦးလှည့်သွားခိုက်မှာ သူ အသာလစ်ထွက်ခဲ့သည်။

စိတ်ထဲမှာ ဟိုကောင် ဟီးထီးမော်ကို ကျိန်ဆဲ မိသည်။

သင်း ကတော့ ခေါင်းရှောင်ကာ

လစ်ထွက်သွားပြီ။ သူ့မှာ တော့ မကြီး ထပ်တိုးသော

ပြစ်ဒဏ်တွေ နှင့် အပြင် ထွက်ခွင့် လေးတောင်

မရတော့ပါ။ ကားမောင်းခွင့် မရတာ ပြဿ နာ

မဟုတ်ပေ မယ့် အပြင်ကို တစ်ပတ်တိတိ မထွက်ရတာ

တော့ မဟုတ်သေးပါ။

မလေးကိုပဲ အဆင်ပြေအောင်

ချော့မော့ပြီး တောင်းပန်ရမည် ။

မလေးက သူ ခေါင်းတစ်ချက်

ငုံ့လိုက်တာနဲ့ ပျော့သွားတတ် သူဆိုတော့

အဆင်ပြေမှာ သေချာ၏ ။

*

# အခန်း (၂၆)

"မ သွားပါနဲ့ မိုးလေးရယ်၊ လက်ဖက်ရည်သောက်တာများ အိမ် မှာ သောက်လို့လည်း ရတာ ပဲကွယ်"

"ဟာ မေလေးကလည်း ဘယ်တူမှာ လဲ"

"ဘာမတူတာလဲ သားရဲ့၊ အိမ်က လက်ဖက်ရည်က စိတ်ကြိုက် ဖျော်သောက်လို့ ရတာ ပဲကွယ်"

"ဒါကို ပြောတာ မဟုတ်ဘူး မေလေးရဲ့၊ အိမ်ထဲမှာ သောက် တာထက် အပြင်ထွက်သောက်ချင်တာ နေ့တိုင်း အိမ်ထဲမှာ ပဲ ကုပ်နေရ တာ၊ သားစိတ်တွေ မွန်းကြပ်နေပြီ"

"မမက သားကို တစ်ပတ်တိတိ

အပြင်မထွက်ရဘူး ပြောထား တယ်လေ၊ အခုမှ နှစ်ရက်တောင် မပြည့်သေးဘူး''

''မကြီး အခုမှ မရှိတာပဲ မလေးရယ်၊ ခဏလေးပါ၊ အဝေး ကြီး သွားမှာ လည်း မဟုတ်ပါဘူး မလေးရယ် နော် နော်''

မလေး ပခုံးကို ဆုပ်ကိုင်ပြီး သူ ချွဲချွဲလေး တောင်းဆိုနေ တော့ မလေး ပျော့ကျသွားခဲ့သည်။

''ကဲ ခဏပဲ သွားနော် မိုးလေး၊ ဟိဏ်းကို ခေါ်သွား၊ အကြာ ကြီးဆိုရင် လုံးဝ မ ဖြစ်ဘူးနော်''

''စိတ်ချပါ မလေးရဲ့ မကြာပါဘူး''

''မကြီးသိရင် သားတင်မကဘူး၊ မလေးပါ အဆူခံရမှာ နော် သား''

''ဟုတ်ကဲ့ သား သိပါတယ်၊ မကြီး ပြန်မလာခင် ပြန်လာမှာ ပါ၊ သွားပြီ မလေး''

မေလေး ခွင့်ပြုချက် ရသည်နှင့် သူ

ဟိဏ်းမော်ကို မျက်စပစ် ကာ ခေါ်ထုတ်ခဲ့သည်။ နှစ်

ဦးသား လမ်းထိပ် လက်ဖက်ရည်ဆိုင်ကို

ဦးတည်ခဲ့ကြသည်။

မကြီးရဲ့ စည်းကမ်းချက်ကြောင့်

အပြင်မထွက်ခဲ့ရတာ နှစ် ရက် ရှိပြီ။ သူ

အပြင်ထွက်ခွင့်မရတော့ ဟိဏ်းမော်လည်း

ထွက်ခွင့်မရပါ။

အခုတော့ မကြီးအိမ်မှာ မရှိခိုက်

မေလေးကို ခွင့်တောင်းပြီး သူတို့အပြင်ထွက်ခွင့်ရတာ

ဖြစ်သည်။ အဝေးကြီးတော့ သွားလို့မရပါ။ ထိုင်နေကျ

လမ်းထိပ် လက်ဖက်ရည်ဆိုင်လေးကို ရောက်ခဲ့ကြ၏ ။

ဆိုင်ထဲက စားပွဲလေးမှာ ဝင်ထိုင် ဖြစ်ြ

ကတော့ ဟိဏ်းမော် မျက်ဝန်းတွေ က လမ်းမကို

တမျှော်မျှော်။

"ဟော့ကောင် ဘယ်သူ့ကို စောင့်နေတာလဲ"

"ကြယ်စင်ကို ကြည့်နေတာကွ၊ သူ ဒီအချိန်ဆို ပြန်လာတတ် တယ်"

"ခွေးကောင် ဒါကြောင့် မင်းက အပြင်ထွက်ချင်နေတာကိုး"

အခုမှပဲ ဟိဏ်းမော်ရဲ့ အကြံအစည်ကို သူ သိတော့သည်။ လက်ဖက်ရည်ဆိုင် ထွက်ရအောင်ဟု သူ့ကို ဟိဏ်းမော် ပြောလာတုန်းက မတွေးမိခဲ့။

"အေးလေ ကြယ်စင့်ကို မတွေ့ရတာ နှစ်ရက်ရှိပြီ၊ အဲဒါ မင်းကြောင့် လေ မင်းကို ကြီးမေ ပေးတဲ့ပြစ်ဒဏ်က မဆီမဆိုင် ငါ့ကိုပါ လာထိတာကိုးကွ"

ဟိဏ်းမော် ပြောတော့ သူ ပြုံး

မိသေးသည်။ ဟိဏ်းမော်နှင့်သူ က ညီအစ်ကို သုံးဝမ်းကွဲလောက် တော် ပါသည်။ မိဘတွေ ဆုံးပါးပြီး ကတည်းက ဟိဏ်းမော်ကို မေကြီးတို့က ခေါ်ထားခဲ့တာ ဖြစ်သည်။

ပညာသင် စောင့်ရှောက်ပေးထားတာ အခုဆိုရင် ကျောင်းပြီးလို့ ဘွဲ့တောင် ရနေပြီ။

"ဟော ဟိုမှာ ကြယ်စင် ပြန်လာပြီ၊ ငါ လိုက်သွားဦးမယ်"

ပြောရင်း သောက်လက်စ ကော်ဖီခွက်ကို သည်အတိုင်း ထား ရစ်ခဲ့ကာ ဟိဏ်းမော် ပြေးထွက်သွားသည်။

ကြယ်စင်ဝင့် ဆိုသော ဟိဏ်းမော်ရဲ့ ကောင်မလေးက သူတို့ရပ်ကွက်ထဲကပဲ ဖြစ်သည်။ ပညာရေး ဘွဲ့တစ်ခု ပိုင်ဆိုင်ထားသော

အင်္ဂလိပ်စကားပြောသင်တန်း တက်နေသူဟု ဟိကျား‌မော် ပြောလို့ သိရ၏ ။

ဟိကျားမော်နှင့် ခင်မင်ကျွမ်းဝင်နေတာ တစ်လကျော်ပဲ ရှိသေး၏ ။ ချစ်သူသက်တမ်းက တစ်ပတ်တောင် မရှိသေး။

ဟိကျားမော် ပြေးလိုက်သွားကာ ကြယ်စင်ဝင့်ကို သူမတို့ အိမ် လမ်းထိပ်အထိ လိုက်ပို့ပေးဦးမှာ မို့ သူ တစ်ယောက် တည်း ဆိုင်ထဲမှာ ငုတ်တုတ်ထိုင်စောင့်ရတော့မည် ။

ပေါ့စိမ့် လက်ဖက်ရည်ကို တစ်ငုံချင်း မျှင်းသောက်ရင်း သူ ဆိုင်ရှေ့လမ်းမပေါ်က မြင်ကွင်းတွေ ကို ငေးကြည့်နေမိ၏ ။

စိတ်အာရုံက တစ်ကိုယ်တည်း ရှက်လွင့်ရင်း သူ့ဘဝနှင့် ဟိကျားမော်ဘဝကို ယှဉ်ကြည့်မိပြန်သည်။

မိဘမဲ့ ဘဝချင်း တူပေမယ့် သူ့ဘဝက ဟိတ်ဟန်မော်ထက် ကံ ကောင်းသည်ဟု ဆိုရမှာ ပဲ ဖြစ်၏ ။

မေမေ ဆုံးတော့ သူ့အသက် ရှစ်နှစ် လောက်ပဲ ရှိသေးသည်။ ဒါပေမဲ့သူ့ဘဝက အထီးမကျန်ခဲ့ပါ။

ဖေဖေ့ရဲ့ အစ်မနှစ် ဦး ဖြစ်သော ဒေါ်ခင်စန္ဒာနှင့် ဒေါ်ခင်သန္တာ တို့ ညီအစ်မက သူ့ကို စောင့်ရှောက်ပြုစုပေးသည်။

အမိမဲ့တူလေးမို့ အဒေါ်တွေ က စာနာသနားကာ ဂရုစိုက်သည်။

သူ့ဘဝက အဒေါ်နှစ် ဦးရဲ့ လက်ပေါ်မှာ ပဲ ရှင်သန်ကြီးပြင်းခဲ့ ရတာ ဖြစ်သည်။ ဖေဖေက စီးပွားရေး ကိစ္စတွေ နဲ့သာ အချိန်ပြည့် လုံးပမ်း နေရသူ

ဖြစ်သည်။

သူ အလယ်တန်းကျောင်းသား ဘဝမှာ ပဲ ဖေဖေ့ကို ထပ်ဆုံး ရှုံးခဲ့ရပြန်သည်။

ဒေါ်လေးတို့က သူ့ဘဝကို ပိုစာနာ သနားသွားခဲ့ကြကာ အိမ် ထောင်မပြုတော့ဘဲ အရိပ်လို စောင့်ရှောက်ခဲ့ကြသည်။

အဒေါ်တွေ ပေမယ့် သူ့အတွက်တော့ အမေရင်းချာတွေ လို ဖြစ် ခဲ့တာမို့ မေကြီး၊ မေလေးဟု သူ ခေါ်သည်။

မေကြီးက သူ့ကိုချစ်တာ မှန်ပေမယ့် စည်းစနစ်နှင့် အုပ်ချုပ်သူ ပါ။ မေလေး ကတော့ မေကြီးလို မဟုတ်။

စီးပွားရေး ကိစ္စတွေ နှင့် လုံးပမ်းနေရသော မေကြီးထက်စာရင် မေလေးက သူနဲ့အနေများ တာမို့

သူ့ကိုပိုပြီး ခင်တွယ်သည်။ အလိုလိုက် ဂရုစိုက်သည်။

အိမ်ကို ဟိဏ်းမော် ရောက်လာတော့

သူ့အတွက် အဖော် ရှိသွားခဲ့သည်။ စားအတူ သွားအတူ သက်တူရွယ်တူ ညီအစ်ကို နှစ် ယောက် ဖြစ်ခဲ့၏ ။

ဟိဏ်းမော်က သူ့ထက် လပိုင်းမျှကြီးတာမို့ မေကြီးက စောင့် ရှောက်ခိုင်းထားသည်။ ဘယ်သွားသွား ဘယ်လာလာ ဟိဏ်းမော်ကို အနားမှာ ရှိစေ၏ ။

အခုတော့ ဟိဏ်းမော်ခမြာ မေကြီးက သူ့ကို ပေးသည့်အပြစ် ကိုလည်း မဆီမဆိုင် ဝေမျှခံယူနေရ၏ ။

"ပျင်းနေပြီလား မိုးမြေ"

ကြယ်စင့်ကို ပို့ပြီး ပြန်လာသော ဟိဏ်းမော် အသံကြားမှ သူ မော့ကြည့်ရင်း

"အပိုတွေ မေးမနေစမ်းပါနဲ့ကွာ၊ မင်းကတော့ ကောင်မလေး နဲ့ အကြည့်စိုက်ပြန်လာတော့ မျက်နှာကြီး ဖြီးလို့"

"အဟဲ မင်းကလည်းကွာ ပြောရော့မယ်၊ ဆယ်မိနစ်လောက် ပဲ ကြာတာကို"

"ဆယ်မိနစ် လုပ်မနေနဲ့၊ အိမ်မှာ မေကြီး ပြန်ရောက်နေရင် ကျိုင်မှာ နော်၊ ဒီတစ်ခါ ပြဿနာတက်ရင် တရားခံက မင်းပဲ"

"ဟာကွာ မရောက်လောက်သေးပါဘူး"

"မရောက်ဘူး မလုပ်နဲ့ ဒီတစ်ခါဆိုရင် မေကြီး ငါနဲ့မင်းကို အခန်းထဲ သော့ ခတ်ထားမှာ သေချာတယ်၊ ကဲ သွားရအောင်၊ မေလေး လည်း မျှော်နေတော့မယ်"

"အေး လစ်ကြအောင်"

မကြီးကိုတော့ ဟိတ်ဟန်းမော်လည်း တုန်နေအောင် ကြောက် သည်။ အခုလည်း ဖင်ပူအောင်တောင် မထိုင်နိုင်တော့ဘဲ ပြန်ဖို့ပြင်ရတော့သည်။

"မိုးမြေ မနက်ဖြန်လည်း ငါ ကြယ်စင်နဲ့ ချိန်းထားတယ်၊ ဒီအချိန်လောက်ပဲ ထွက်ရအောင်ကွာ"

"အံ့မယ် မင်းက ကြိုတင် စရံယူနေသေးတယ်၊ မင်းကိစ္စ အတွက် ငါ့ကို အသုံးချနေတာလား၊ တော် ပြီ မနက်ဖြန်ကစပြီး အပြင် မထွက်တော့ဘူး"

"ဟာကွာ မလုပ်ပါနဲ့၊ အန်တီလေးက မင်းကို ချစ်တယ်၊ မင်း ပြောရင် ခွင့်ပြုပါတယ်"

"မင်းကောင်းစားဖို့ ငါက တောင်းဆိုပေးရမလားကွ၊ မကြီး သိရင်

မိုးမီးလောင်မှာ လေ"

"ဟာကွာ ကြီးမေ ပြန်မလာခင် ငါတို့ ပြန်မှာပါ၊ မင်းကလည်း ကွာ ကူညီပါ၊ မင်းအလှည့်ကျလည်း ငါ ကူမှာ ပေါ့"

"ဟော့ကောင် ငါ့အလှည့် မရှိဘူး၊ ဘယ်မိန်းမကိုမှလည်း စိတ် မဝင်စားဘူး"

"အပြောမကြီးနဲ့ မိုးမြေ၊ မင်းသဘောကျတဲ့သူ မတွေ့သေးလို့ ပါ၊ တွေ့တဲ့အခါကျရင် မင်း ဝင့်လည်မယ်"

ဟိတ်းမော် မကျေမနပ် ကြိမ်းဝါးနေတော့ သူ မထီတရိပဲ ပြုံး နေလိုက်ပါသည်။ ဘဝမှာ ဘယ်မိန်းကလေးကိုမှ သူ စိတ်မဝင်စား ခဲ့ပါ။ ကျောင်းတုန်းကလည်း ချစ်သူရည်းစား မထားခဲ့။

ဟိတ်းမော်လည်း သူ့လိုပဲ နေခဲ့တာပါပဲ။

ဒီလမ်းထိပ် လက်ဖက်ရည်ဆိုင် ထိုင်မိတာမှ ကြယ်စင်ဝင့်ကို မြင်ကာ ဒီကောင် ရှာန်လျောသွားခဲ့သည့် အ ဖြစ်။

မိုးမြေကျွမ်းမှာ အတွက်တော့ ရင်ခုန်စရာကောင်းလောက်အောင် နှလုံးသားက မခံစားတတ်သေးတာ အသေအချာ။

ဟိုကြေးမော် ပြောသလို ဖြစ်လာဖို့ ဆိုတာကလည်း လက်ရှိ အခြေအနေမှာ လုံးဝ မရှိတာ အမှန်။

*

# အခန်း (၂၇)

"သား မိုးလေး မိုးလေး ထစမ်းပါဦး"

အခန်းတံခါးကို ထုရိုက်ခေါ်နေသော မေလေး အသံကြောင့် သူ နိုးနေလျက် မှိန်းနေရာက လူးလဲထထိုင်လိုက်ရ၏ ။

"မိုးလေး သား"

"လာပြီ လာပြီ မေလေး"

ခုတင်ပေါ်က ဝုန်းခနဲ ခုန်ဆင်းကာ သူ အခန်းတံခါးကို ပြေး ဖွင့်ပေးလိုက် ရသည်။ မေလေး မျက်ဝန်းမှာ မျက်ရည်စတွေ ရစ်ဝဲနေ တာ မြင်တော့ သူ ထိတ်ခနဲ ဖြစ်သွား၏ ။

"မေ မေလေး ဘာ ဖြစ်တာလဲဟင် ဘာ ဖြစ်လို့လဲ"

"သားသား သားသား ဖြူလေး"

ပြောရင်း မေလေး အသံတွေ တိမ်ဝင်ပြီး ရှိုက်နေပြန်၏ ။ သူ့ တကယ်ပဲ စိုးရိမ်သွားမိ၏ ။ ဖြူလေး ဘာ ဖြစ်ပြန်ပြီလဲ။

"ဖြူလေး ဘာ ဖြစ်တာလဲ မေလေးရဲ့ "

"ဘာ ဖြစ်သလဲ မမေးနဲ့ဟေ့၊ နင်တို့ခွေး စည်းကမ်း မရှိတာ ငါ့အိပ်ရာပေါ် တက်အိပ်နေလို့"

အသံနှင့်အတူ မေကြီးပါ အနားရောက်လာသည်။ မေကြီး မျက်နှာက နီမြန်းလျက် ဒေါသတွေ ထွက်နေတာ အထင်အရှား။

"ငါ ဘုရားခန်း ခဏဝင်နေတုန်း သင်းက အခန်းထဲဝင်ပြီး မွေ့ရာပေါ် အကျအနကို အိပ်နေတာ"

"မမရယ် ဖြူလေးက မမအခန်းမှန်း မသိလို့ပါ"

"ဟဲ့ ခွေးက သိမလား၊ နင်တို့က အိမ်ပေါ် စည်းကမ်း မရှိ ခေါ်တင်ထားတော့ ဟိုက စည်းကမ်းပျက်တာပေါ့၊ ဒါကြောင့် မှတ်အောင် ငါ ကြက်မွေးတံမြက်စည်းနဲ့ ဆော်ပစ်လိုက်တာ"

"ဖြူလေး ဘာ ဖြစ်သွားလဲဟင် မေကြီး"

"အဟင့် ဟင့် ရှေ့လက်တစ်ဖက် ကျိုး သွားသလား မသိပါဘူး သားရယ်"

မေလေး တအင့်အင့်ရှိုက်ရင်း ဝင်ဖြေသည်။ သူလည်း ဖြူလေး အတွက် စိုးရိမ်သွားမိတာ အမှန်။

အိမ်မှာ မွေးထားသော ခွေးနှင့်ကြောင် နှစ် ကောင်ထဲက ခွေး လေး ဖြူလေးကို သူလည်း သိပ်ချစ်သည်။ မေလေး ကတော့ သူ မွေး ထားသော သတ္တဝါနှစ် ကောင်စလုံးကို ချစ်သည်။

အခုလည်း ဖြူလေးကို မေကြီး

ရိုက်လိုက်တာကြောင့် မျက် ရည်တဖြိုင်ဖြိုင် ကျနေ၏ ။

"အခု ဖြူလေး ဘယ်မှာ လဲ မေလေး"

"ညှော်ခန်းထဲမှာ မောင်ဟိတ်း ချိထားတယ်"

သူ ညဝတ်ဂါဝန်အင်္ကျီရှည်ကြီးနှင့်ပဲ

ညှော်ခန်းကို ကသော က မျော လှမ်းထွက်ခဲ့သည်။

မေလေးက အနောက်က ကပ်ပါလာ၏ ။

ညှော်ခန်းထဲရောက်တော့ ဖြူလေးကို

ဟိတ်းမော် ပွေ့ချိထားတာ တွေ့ ၏ ။

"လက်ကျိုးသွားသလား ဟိတ်း"

"မသိဘူးလေ သူ့ညာလက်ကို ထိရင်

အော်နေတယ်၊ အထိ မခံဘူး"

"သားသား လက်ကျိုး သွားပြီ ထင်ပါတယ်

အဟင့် ဟင့်"

မေလေး ငိုပြန်သည်။ သူ့ ဖြူလေးရဲ့ ညာလက်လေးကို လှမ်း ကိုင်တော့ ဖြူလေး တအီအီနှင့် အော်နေသည်။

"သားသားကို ဆေးခန်းပြမှ ဖြစ်မယ်၊ မိုးလေး ဟိုတစ်ခါ ပြတဲ့ ဆေးခန်းက အဝေးကြီးလား"

"သိပ်မဝေးဘူး မေလေး၊ နီးပါတယ်"

"ဒါဆို သွားပြရအောင်၊ မေလေးကို လိုက်ပို့ပေးစမ်းပါ"

"ဟဲ့ မိုးလေးကို အပြင်မထွက်ရဘူးလို့ ပြောထားတယ်လေ"

မေကြီးက လှမ်းပြောတော့ မေလေး မျက်ရည်ရွှဲသော မျက်နှာ နှင့် လှည့်ကြည့်ရင်း

"မမရယ် ဒီမှာ သားသား လက်ကျိုး သွားတာလေ၊ ဆေးခန်း ပြမှ ဖြစ်မှာ ပေါ့"

"ဒါဆို ဟိတ်ား လိုက်ပို့ပေးလိုက် "

"ကျွန်တော် အဲဒီ ဆေးခန်းကို မသိဘူး ကြီးမေရဲ့ "

ဟိတ်ားမော် စကားကြောင့် မေကြီး မျက်မှောင်ကုပ်သွားသည်။ မေလေးကလည်း တောင်းပန်တိုးလျှိုးသော လေသံနှင့်

"ညီမ တောင်းပန်ပါတယ် မမရယ်၊ သားသားခမြာ သေလု မတတ် ခံစားနေရတာ မမ ကြည့်ရက်တယ်"

"ဟဲ့ ငါလည်း ဒေါသထွက်သွားလို့ ရိုက်လိုက်မိတာပေါ့၊ ကဲ ကဲ မိုးလေး ဆေးခန်းလိုက်ပို့လိုက်၊ ကားကိုလည်း အရမ်းမောင်းမသွား နဲ့ဦးနော်"

"ဟုတ်ကဲ့ မေကြီး"

မကြီး ခွင့်ပြုတော့ သူ ဟိတ်ဟန်းမော်

လက်ထဲက ခွေးလေးကို လှမ်းပွေ့ယူလိုက်၏ ။

"ဟဲ့ မိုးလေး အဝတ်အစား

မလဲတော့ဘူးလား"

"ရတယ် မကြီး"

"အမလေးတော် လိုက်လည်းလိုက်တဲ့

တူဝရီးတွေ ပါလား၊ ဒီ ခွေးတစ်ကောင်အတွက်နဲ့

သည်းသည်းလှုပ်နေကြတာ၊ ငါ မပြောလိုက် ချင်ဘူး

ဟွန်း"

မကြီး မကျေမနပ် အော်သံကို သူ

ကြားသည်။

ဘာပဲ ဖြစ် ဖြစ် သားသား အရေး

ကိစ္စကြောင့် မကြီးခမြာ သူ့ကို မေ့ထားသော

ပြစ်ဒဏ်က ခွင့်ပြုပေးခဲ့ရပြီ။

ဒါကို မေကြီး ကတော့ သတိထားမိဦးမှာ မဟုတ်ပါ။

*

"အရိုးတော့ မကျိုး ပါဘူး၊ နည်းနည်း ရောင် သွားတာပါ၊ အနာ သက်သာအောင် လုပ်ပေးထားတယ်၊ သက်သာသွားမှာ ပါ"

"ဟုတ်ကဲ့ပါ ဒေါက်တာမလေးရယ် ကျေးဇူးတင်ပါတယ် သား သား အရိုးကျိုး သွားပြီ ထင်တာ"

ဆင်း ပြုံး ပြုံး လေး နားထောင်နေမိသည်။ ချာတိတ်ကိုတော့ မှတ်မိနေပေမယ့် ဒီတစ်ခေါက်မှ

ပါလာသော အန်တီကြီးကိုတော့ ဒါ ပထမဆုံး မြင်ဖူး စကားပြောဖူးတာ ဖြစ်သည်။

ဆေးခန်း မဖွင့်ခင် ရောက်လာပြီး ဘာမှမဖြစ်သော ခွေးလေး ကို စမ်းသပ်ခိုင်းသည့် ချာတိတ်ထက် ဒီအန်တီကြီးက ပိုပြီး သတ္တဝါလေး တွေကို ချစ်တတ်ပုံပေါ်သည်။

မျက်ဝန်းတွေ က ငိုထားတာမို့ နီရဲမို့အစ်နေ၏ ။

"ဒေါက်တာ ဒီတစ်ခါတော့ ကျွန်တော့် ခွေးလေးကို ဒေါက်တာ တကယ် ကုသပေးနိုင်ပြီနော်"

"အဟင်း ဒီတစ်ခါက ခုတင်ပေါ်က ပြုတ်ကျတာ မဟုတ်ဘဲ ကွ"

ဆင်း ရယ်မောရင်း ပြောတော့ ချာတိတ်လည်း သဘောကျစွာ ရယ်နေသည်။

ညဝတ်အင်္ကျီ ဖားဖားကြီးနှင့် အိပ်ရာကထပြီး ပြေးလာပုံ ပေါက်နေသော ချာတိတ်ပုံစံကို မြင်ကတည်းက ဆင်း ရယ်ချင်နေမိ၏ ။

"မေကြီးက သားသားကို တီးလိုက်ပြီဆိုကတည်းက ကျွန်တော် ထိတ်ခနဲ ဖြစ်သွားတာ မျက်နှာမသစ် အဝတ်အစားတောင် လဲမလာခဲ့ ရဘူး"

"အို ဟုတ်ပါရဲ့ မိုးလေး ပုံစံကြီးကို အခုမှပဲ မေလေး သတိ ထားမိတော့တယ်၊ သားသားအတွက် စိတ်တွေ ပူနေလို့"

အန်တီကြီးက ချာတိတ်ကို ကြည့်ကာ အခုမှပဲ ပြုံး နိုင်သည်။ ခွေးလေးကို လိုအပ်သည့် ကုသမှု တွေ ကုသပေးပြီးတော့မှပဲ အန်တီ ကြီး ကျေနပ်သွားဟန်နှင့်

"သား ဝယ်လာတဲ့ လည်ပတ်လေးတွေ မျိုး နောက်ထပ် ထပ် ဝယ်သွားဦးမယ်၊ သမီးလေးကိုလည်း အားနာတယ်၊ ဆေးခန်းဖွင့်ချိန် မဟုတ်ဘဲ နှိုးရလို့"

"ရပါတယ် အန်တီရယ်၊ လိုတဲ့အချိန်၊ အချိန်မရွေး လာခဲ့ပါ၊ ဆင်း ရှိနေရင် ဘယ်အချိန် ဖြစ် ဖြစ် ကုသပေးမှာ ပါ"

"ကျေးဇူးပါကွယ်၊ ဒါနဲ့ သမီး နာမည် က ဆင်းထည်ဝါ နော်"

"ဟုတ်ကဲ့ အန်တီ"

"အန်တီ့နာမည် က ဒေါ်ခင်စန္ဒာပါ၊ အန်တီ့တူလေးက မိုးမြေ ကမ္ဘာ တဲ့"

ချာတိတ်နာမည် ဆန်းဆန်းလေးကြောင့် ဆင်း မျက်မှောင်လေး ကုပ်သွားမိတဲ့အထိ။ နာမည် က ဆန်းသလို ချာတိတ်နှင့် ဆုံ ဖြစ်ပုံတွေ က လည်း

ဆန်းပါသည်။

မလာလိုက်နှင့် လာလိုက်တာနဲ့ တကယ့်

ကသော ကမျော ကသုတ်ကရိုက်တွေ ချည်း။

ခွေးလည်ပတ်ကလေး သုံးခုကို

ဒေါ်ခင်စန္ဒာက အားပေး ဝယ် ယူသွားခဲ့သည်။

"ဒေါက်တာ ခွင့်ပြုပါဦးနော်"

"ကောင်းပါပြီရှင် ကောင်းပါပြီ"

နှုတ်ဆက်ပြန်သွားသော မိုးမြေကြာမှာတို့

တူဝရီးကို ကြည့်ကာ ဆင်း ပြုံး မိပြန်၏ ။

တကယ်လည်း လိုက်ဖက်ညီတဲ့ တူဝရီးပါပဲ။

တိရစ္ဆာန်လေးတွေ နဲ့ ပတ်သက်ရင်

သည်းသည်းလှုပ် ချစ်တတ် ကြတာ တူလွန်းသည်။

ခင်တော့ ခင်မင်စရာ အကောင်းသား။

*

# အခန်း (၂၈)

ဖြူလေး လက်နာသွားခဲ့တာကပဲ ကောင်းဖို့ ဖြစ်လာသည်ဟု ဆိုရမည် လား မသိတော့။

မေကြီး စိတ်ပြေသွားခဲ့ကာ သူ့အပေါ် ချမှတ်ထားသော ပြစ် ဒဏ်တွေ ကို လျှော့ပေါ့ပေးလိုက်၏ ။

"အေး ခွင့်ပြုလိုက်လို့ အဟုတ်မထင်နဲ့နော်၊ ကားကို ဆင်ဆင် ခြင်ခြင်တော့ မောင်းနော် မိုးလေး၊ အသက်ကို ဂရုစိုက်စောင့်တယ်တဲ့ ဆင်ဆင်ခြင်ခြင်နေ"

မေကြီး ဆုံးမစကားတွေ တော့ တစ်လှေကြီး ခြွေခလိုက်ပါသေး သည်။ သူကော ဟီးဟားမော်ပါ မေကြီးရှေ့မှာ ခေါင်းလေးတွေ ငုံ့ကာ နာခံခဲ့ရ၏ ။

"မင်းတို့ နှစ် ယောက် ဒီအတိုင်း နေလို့လည်း

မရဘူး၊ သိပ် မကြာခင် ငါနဲ့လိုက်ရမယ်၊ ကုမ္ပဏီလုပ်ငန်းတွေ လေ့လာသင်ယူရမယ်၊ ဒီအတိုင်း နေနေလို့ ဘာမှ ဖြစ်လာမှာ မဟုတ်ဘူး"

မေကြီးက သူတို့နှစ် ယောက် အတွက် အစီအမံတွေ ချမှတ်ပြီး သားဆိုတာ သူ သိပါသည်။

ဘာပဲ ဖြစ် ဖြစ် မေကြီးပြန်ခွင့်ပြု ချက် ရခဲ့ပြီမို့ သူ လွတ်လွတ် လပ်လပ် သွားလာခွင့်တော့ ရခဲ့သည်။ သူ့အတွက် ဝယ်ပေးထားသော ပရာဒိုကားလေးကိုလည်း မောင်းခွင့်စီးခွင့် ရခဲ့၏ ။

"မိုးမြေ မင်းသွားစရာ မရှိရင် ငါနဲ့လိုက်ခဲ့ကွာ"

"ဘယ်သွားမှာ လဲ"

"ကြယ်စင်ရဲ့ သင်တန်းကို"

"ဆောရီးပဲ လိုက်မပို့နိုင်ဘူး"

"လုပ်ပါကွာ အရေး ကြီးလို့ပါ၊ အခုတလော ကြယ်စင် ငါ့ကို ရှောင်နေသလိုပဲ၊ အရင်ကဆို သင်တန်းပြန်တိုင်း တွေ့ရတယ်၊ အခု ကြယ်စင်က ကိုယ်ပိုင်ကားနဲ့ ပြန်နေတော့ မတွေ့ရဘူး"

"ဘယ်လို ဖြစ်သွားတာလဲ၊ အပြောင်းအလဲက မြန်လှချည်လား"

"အေး အဲဒါကြောင့် ငါ နားမလည်နိုင်တာ ဖြစ်မှာ ပေါ့ကွာ၊ ငါ သူ့ရဲ့ သင်တန်းဆီ လိုက်သွားချင်တယ် လိုက်ပို့ပါကွာ"

ဟိတ်းမော် ကြည့်ရတာ ဒီရက်တွေ မှာ မရှုင်မပြ ဖြစ်နေတာ ဒါကြောင့် ဟု သူ နားလည်လိုက်သည်။

ဘာပဲ ဖြစ် ဖြစ် သူ ဒီလို ဖြစ်နေတော့လည်း ကိုယ် မကြည့်ရက် တာမို့

"အေး ငါ လိုက်ပို့ပေးမယ်၊ ဒါပေမဲ့ မင်းတို့ ဘာသာတွေ ကြွ နော်၊ ငါ့ဘာသာ စောင့်မယ်"

"အေးပါကွာ မင်းမလိုက်ချင်ရင် တစ်ဆိုင်ဆိုင်က စောင့်ပေါ့"

သူတို့နှစ် ယောက် ကြားမှာ ကန့်လန့်ကန့်လန့် မပါချင်တာမို့ သူ ရှင်းရှင်းပဲ ကြို ပြောထားလိုက်၏ ။

ကြယ်စင် တက်နေသော သင်တန်းရောက်တော့ သင်တန်း ခန်းမရှေ့က ကော်ဖီဆိုင်လေးမှာ ပဲ သူ စောင့်သည်။

ဟိဏ်းမော်က သင်တန်းခန်းမထဲအထိ ဝင်သွားတာ တွေ့ ၏ ။ ခဏကြာတော့ ဟိဏ်းမော်နှင့်ကြယ်စင်တို့နှစ် ဦး ခန်းမရှေ့က ဝရန်တာ လေးမှာ စကားတွေ ပြောနေကြသည်။

ဟိဏ်းမော် ဆိုတဲ့ကောင် မတွေ့သည့်
ရက်တွေ အတွက် အတိုး ချပြီး
ဘယ်လောက်ကြာအောင် စကားပြောနေဦးမည် မသိ။
သူ့ ကော်ဖီ ဆိုင်လေးရှေ့က ပလက်ဖောင်းဆီကိုပဲ
အကြည့်တွေ ပို့လွှတ်မိခိုက်

"ဟင် ဒေါက်တာမမ"

သူ့မျက်ဝန်းတွေ ထဲ တန်းတန်းမတ်မတ်
ဝင်လာတာ ဆင်းထည် ဝါ ဆိုသော ဒေါက်တာမမ
ဖြစ်သည်။

ပန်းဆီရောင် ထက်အောက်
ဆင်တူဝတ်စုံလေးနှင့် မမ ဒေါက်တာ တစ်ယောက်
တည်း ဖြစ်၏ ။ သူကြည့်နေတုန်းမှာ မထင်မှတ် သော
အခြေအနေတစ်ခု မမျှော်လင့်ဘဲ ဖြစ်သွားခဲ့သည်။

တုံ့ခနဲ ဖြစ်သွားသော ခြေလှမ်းတွေ

နှင့်အတူ မမ ပလက်ဖောင်း ပေါ်မှာ ရပ်သွားသည်။

သူ မျက်မှောင်ကုပ်ကာ အံ့ဩသွားမိသည်။ မမ ဘာ ဖြစ်သွား တာလဲ။ ပလက်ဖောင်းပေါ်မှာ တစ်ယောက် တည်း မတ်တပ်လေးရပ်နေ သည်။

မမ အမူအရာကို သူ စူးစူးနစ်နစ်လေး စိုက်ကြည့်နေတာမို့ ရိပ်မိသွားခဲ့သည်။ မမ မျက်ဝန်းတွေ က ကိုယ့်ခြေထောက်တွေ ကို ပြန်ငုံ့ ကြည့်နေခဲ့တာပဲ ဖြစ်၏ ။

မမ ဖိနပ်ပြတ်သွားခဲ့တာကြောင့် လမ်းမအလယ်မှာ မမ ရပ်နေ ခြင်းဆိုတာ သူ သိလိုက်သည်နှင့် သူ မတ်တပ်ရပ်ပြီး ဖြစ်နေ၏ ။

သူ ဆိုင်ထဲက ထွက်ခဲ့ချိန်မှာ မမ ကြိုး ပြတ်နေသော ဖိနပ်လေး ကိုပဲ ရှပ်တိုက်စီးကာ ဟိုကြည့် ဒီကြည့်နှင့် မျက်နှာလေး မဲ့တဲ့တဲ့။

"ဒေါက်တာ"

"ဟင်"

သူ့ကိုမြင်လိုက်တော့ မမဒေါက်တာ မျက်နက်ဝန်း ဝိုင်းဝိုင်း လေးတွေ နှင့် မော့ကြည့်ရှာ၏ ။

"ဒေါက်တာ ဖိနပ်ပြတ်သွားတာ မဟုတ်လား၊ ဒီအနားမှာ ပဲ ခဏလေးစောင့်နော် ကျွန်တော် အသစ်တစ်ရံ ဝယ်ခဲ့ပေးမယ်"

ကြိုး သိုင်း ဒေါက်ဖိနပ်လေး ကြိုး ပြတ်နေသော မမရဲ့ ခြေ ထောက်ဖြူဖြူမို့မို့လေးကို သူ ကြည့်လိုက်ရင်းဆိုတော့ မမ ဒေါက်တာ ယောင်နနလေး ခေါင်းညိတ်ရှာသည်။

သူ လှစ်ခနဲ ပြန်လှည့်ထွက်ခဲ့ကာ အနီးဆုံး ဖိနပ်ဆိုင်ကို ရှာ သည်။ သူ ကြည့်ခဲ့သော မမရဲ့ ခြေထောက်လေးနှင့် သင့်တော် မည့်

မိန်းမစီးဖိနပ်လေး တစ်ရံကို သူ ဝယ်လိုက်သည်။

အနက်ရောင် စလစ်ပါ ခြေညှပ်ဖိနပ်လေးက မမ ဒေါက်တာ ရဲ့ ခြေဖမိုးဖြူမို့မို့လေးတွေ နှင့် လိုက်ဖက်မှာ တော့ သေချာပါသည်။

သူ ပြန်ရောက်လာတော့ လမ်းဘေး ပလက်ဖောင်းလေးအနား မှာ ဒေါက်တာမမ ဟန်မပျက်လေး ရပ်လို့ ရှိနေဆဲ။

"မမနဲ့တော် မယ် ထင်တယ်၊ စီးကြည့်ဦး မမဒေါက်တာ"

လက်ဆွဲအိတ်လေးထဲက ဖိနပ်လေးကို ထုတ်ကာ မမ ရှေ့မှာ သူ ချပေးလိုက် တော့ မမ ခြေကလေး ထိုးစီးကြည့်သည်။ သူ့ ခန့်မှန်း ချက်က ကွက်တိပါပဲ။

ဖိနပ်အသစ်လေးနှင့် မမ

ခြေထောက်လေးတွေ က အံ့ဝင်ခွင်ကျပဲ ဖြစ်နေသည်။

"ကျေးရူးပဲ ချာတိတ်၊ မင်းသာ ရောက်မလာရင် ဖိနပ်ဆိုင်ကို ဒီပုံစံနဲ့ မမ ချွေးပြန်အောင် လိုက်ရှာရမှာ သေချာတယ်"

"ကျေးရူးတင်ဖို့ မလိုပါဘူး မမရယ်၊ ကျွန်တော် မမကို လှမ်းမြင် လိုက်တော့ ဒေါက်တာမမမှန်းသိလိုက်လို့ လာကူညီတာပါ"

"တို့ကို မမလို့ပဲ ခေါ်နိုင်ပါတယ်ကွာ၊ ဒေါက်တာဆိုတဲ့ နာမ်စား ကြီး မသုံးပါနဲ့နော်"

"ဟုတ်ကဲ့ မမ ကျွန်တော့် ကိုလည်း မိုးမြေလို့ပဲ ခေါ်ခေါ် ကမ္ဘာ လို့ပဲ ခေါ်ခေါ် မမစိတ်ကြိုက် ခေါ်ပါ၊ ချာတိတ် ကတော့ မခေါ်ပါနဲ့နော်"

သူ့ကိုပြုံး ရိပ်ထင်သော မျက်နှာလေးနှင့် ကြည့်ကာ မမ ခေါင်း လေးညိတ်သည်။

"အင်း ကောင်းပါပြီ မိုးမြေရယ်၊ ဒြော်
ဖိနပ်က ဘယ်လောက် လဲဟင်"

"မမ ပြန်ပေးမလို့လား၊ မရဘူးလေဗျာ၊
ကျွန်တော် ကူညီတဲ့ စေတနာကို မမ
တန်ဖိုးမဖြတ်လိုက်ပါနဲ့"

"မဟုတ်ဘူးလေကွာ မိုးမြေ
ကူညီတာသပ်သပ်၊ ဖိနပ်တန်ဖိုးက သပ်သပ်ပဲ မမ
ပေးပါရစေ"

"နှစ် ခုစလုံး အတူတူပဲ မမ၊ ဘာမှမပေးပါနဲ့
ကျွန်တော့် ခွေးလေးကို မမ ကုသပေးတဲ့ စေတနာတွေ
အတွက် ကျွန်တော် ပြန်တုံ့ပြန်ခွင့်ရတာ လို့
သတ်မှတ်ပေးပါနော်"

သူ ဇွတ်ပြောနေတော့ မမ
အရှုံးပေးလိုက်သလို ခေါင်းလေး ညိတ်ရင်း လက်က

နာရီကို တစ်ချက်ငုံ့ကြည့်၏ ။

"ကောင်းပြီ မိုးမြေ၊ မမကို ခွင့်ပြုဦး အရေးကြီး ချိန်းထားတဲ့ ကိစ္စလေးရှိလို့၊ နောက်မှ ဆုံကြစို့နော်"

နှုတ်ဆက်ပြီးမှ မမ ကသုတ်ကရိုက်လေး လှည့်ထွက်သွား တော့ သူ ငေးငေးလေး ရပ်ကြည့်ရင်း ကျန်ရစ်ခဲ့၏ ။

မမ ပုံရိပ်လေးကို ငေးရင်း သူ့ရင်ထဲမှာ တသိမ့်သိမ့် နွေးနေ တာတော့ အမှန်။ မမရဲ့ အခက်အခဲ တစ်ခုကို ကူညီလိုက်ရတာ ကြောင့် ကျေနပ်ကြည်နူးစိတ်လေး ဝေနေတုန်း ဖျတ်ခနဲ သတိရမိတာ ဟိတ်းမော်

အခုလောက်ဆို ဒီကောင် သူ ပျောက်သွားလို့ အူကြောင် ကြောင် ဖြစ်နေပြီလား မသိ။

သင်တန်းခန်းမရှေ့က ကော်ဖီဆိုင်လေးဆီ

ပြန်ရောက်ခဲ့တော့ စားပွဲတစ်လုံးမှာ ငူငူကြီး ထိုင်နေသော ဟိဏ်းမော်ကို တွေ့ရသည်။

သူ ထိုင်ခုံမှာ ဝင်ထိုင်တော့ ဟိဏ်းမော် မော့ကြည့်သည်။ ဟိဏ်းမော် မျက်နှာကြီးက သုန်မှုန်နေတာမို့

"ဆောရီးကွာ ငါ မိတ်ဆွေ တစ်ယောက် နဲ့ ဆုံနေလို့"

သူ့ကြောင့် ဟိဏ်းမော် စိတ်ဆိုးနေသည် ထင်တာကြောင့် သူ တောင်းပန်စကားလေး လေပြည်ထိုးပြောမိပေမယ့် ဟိဏ်းမော် ပင့်သက်ကြီးရှိုက်ရင်း ခေါင်းကို ခါသည်။

"မင်း ဘာ ဖြစ်နေတာလဲ ဟိဏ်းမော်"

"ကြယ်စင် ရက်စက်တယ်ကွာ"

"ဟေ ဘာ ဖြစ်တာလဲ၊ မင်းတို့ ဘာ

ဖြစ်ကြလို့လဲ"

နောက်တစ်ကြိမ် ပင့်သက်ကြီးရှိုက်ကာ ဟိဏ်းမော် စကား ပြောဖို့ အားယူသည်။ သူ နားမလည်နိုင်စွာ နားစိုက်ထောင်ထားမိဆဲ။

"ကြယ်စင် ငါ့ကိုတကယ်ချစ်ခဲ့တာ မဟုတ်ဘူး မိုးမြေ၊ သူ ငါ့ကို ဘာပြောတယ် မှတ်သလဲ၊ တစ်ပါးသူအိမ်မှာ မှီခိုနေရတဲ့ ယောကျ်ား တစ်ယောက်ကို သူ မစဉ်းစားဘူးတဲ့"

"ဘာရယ် ဘယ်လို"

"ဟုတ်တယ် ငါက အဒေါ်ဝမ်းကွဲတွေ အိမ်မှာ ကပ်နေရတဲ့ ပမွှားကောင် တစ်ယောက် တဲ့၊ အကြောင်းမှန်မသိလို့ ငါ့ကိုဆက်ဆံ လက်ခံ မိတာတဲ့၊ သူနဲ့ငါ မထိုက်တန်ဘူးတဲ့ကွာ၊ ကြယ်စင် ရက်ရက်စက်စက် ပြောရက်လိုက်တာ"

ဟိဏ်းမော် စကားတွေ ကို နားထောင်ရင်း သူ နာကျင်ခံရခက် လာတာ အမှန်။ ကြယ်စင်ဝင့်ရဲ့ စိတ်ဓာတ်က ထင်ထင်ရှားရှားကြီးပါပဲ လား။

"မင်းရဲ့ ကြယ်စင်က မင်းကို ချစ်တာမှ မဟုတ်ဘဲ ဟိဏ်း မော်"

"ဟုတ်တယ် မိုးမြေ သူက ကြီးမေတို့ရဲ့ ချမ်းသာပြည့်စုံမှု တွေ ကို ငါ ပိုင်ဆိုင်ရမယ်ထင်ပြီး လက်ခံခဲ့တာ သက်သက်ပဲ၊ ဒါတွေ က ငါ ပိုင်ဆိုင်ခွင့်ရမယ့်အရာတွေ မဟုတ်ဘူးဆိုတာ သိလိုက်တော့ သူ ယတိ ပြတ် ငြင်းလိုက်တာပဲ"

"တောက် အဲဒီ လို မိန်းမ တစ်ယောက် အတွက် မင်း ခံစားနေ ရသလားကွာ၊ မေ့ပစ်လိုက်စမ်းပါ"

ဟိဏ်းမော် ကိုယ်စား နာကျင်မှန်းတီးစွာ သူ

ဆိုတော့ ဟိတ်း မော် အံ့ကြိတ်ရင်း ခေါင်းညိတ်ပြသည်။

"ငါ မေ့ပစ်အောင် ကြိုးစားမှာ ပါကွာ၊ ရင်ထဲမှာ တော့ တကယ် နာကျင်တယ်ကွာ၊ မိန်းမတွေက ဒီလိုပဲလားလို့တောင် စဉ်းစားပြီး ငါ ကြောက်သွားပြီ မိုးမြေ"

ကြယ်စင်ဝင့် ကြောင့် ဟိတ်းမော် ထိထိရှရှ ခံစားလိုက်ရတာ တော့ သေချာသည်။

ဟိတ်းမော်ကို ကြည့်ရင်း သူ့ မဆီမဆိုင် မမကို ပြေးသတိရ လိုက်မိ၏ ။ ကြယ်စင်ဝင့်လို စိတ်ထားမျိုး တော့ မမမှာ မရှိဘူးဟု ထင် သည်။

တွေ :မိပြီးမှ ကိုယ့်ဘာသာ ပြန်ပြုး မိပြန်၏ ။

သူနဲ့မမက ဘာဆိုင်တာမှတ်လို့။

*

# အခန်း (၂၉)

မဆိုင်ပေမယ့်လည်း မမကို သူ ဒီရက်တွေမှာ မှတ်မှတ်ရရ ကို သတိတရ ရှိနေသည်။

ကြယ်စင်ရဲ့ ဝေဒနာတွေ နှင့် ဟိုက်ဆ်းမော်ကတော့ အိမ်ထဲက အပြင်မထွက်သလောက်ဖြစ်သွားသည်။

ကြယ်စင်ဝင့်ရဲ့ ဝေဒနာတွေ နှင့် ဟိုက်ဆ်းမော်ကတော့ အိမ်ထဲက အပြင်မထွက်သလောက်ဖြစ်သွားသည်။

ကြယ်စင်ဝင့်ကို ဟိုက်ဆ်းမော် မေ့နိုင်အောင်ကြိုး စားနေချိန်မှာ သူက မမကိုပဲ သတိတရ ဖြစ်နေတာခက်သည်။

အာရုံထဲမှာ မမရဲ့ ပုံရိပ်လေးက

စိုးမိုးနေသည်။ မမရဲ့ အပြုံး မျက်နှာလေးက မတွေ့ဘဲ မျက်ဝန်းထဲမှာ မြင်ယောင်နေတာ ဘာကြောင့် မှန်းမသိ။

သတိရစိတ်က ပြင်းပြလာတော့ မမရဲ့ မျက်နှာလေးကို မြင် တွေ့ချင်စိတ်က တားဆီးမရ။ ဒါပေမဲ့ မမကို သွားတွေ့ရအောင်လည်း သူနှင့် ရင်းရင်းနှီးနှီး ခင်မင်တာ မဟုတ်။

"ညောင် ညောင်"

ညှော်ခန်းထဲက ဆိုဖာထိုင်ခုံမှာ သူ ထိုင်နေတုန်း ကြောင် ကလေး ဖိုးချစ် တညောင်ညောင် အသံပေးရင်း သူ့ပေါင်ပေါ် ခုန်တက် လာသည်။

ဖိုးချစ်က သူနှင့်မေလေးတို့ကို ခင်တွယ်သည်။ မေကြီးကိုတော့ ကြောက်သည်။ အနားလာသည်နှင့် အော်ငေါက်

မောင်းထုတ်တတ်သော မေကြီးကို ဖိုးချစ် အနားတောင်မသီပါ။

ဖိုးချစ်ကို သူ ဖွဖွလေး ပွတ်သပ်ပေးရင်း အကြဲတစ်ခုက ခေါင်းထဲ လက်ခနဲ တိုးဝင်လာသည်။

မမကို တွေ့ခွင့်ရဖို့အတွက် ဖိုးချစ်လေးကိုပဲ အသုံးချရတော့မည် ။

အကြံကောင်းတစ်ချက်တဲ့ ဖိုးချစ်ရေ။

ငါ့ကို ကူညီနိုင်တာ မင်းတစ်ကောင်ပဲရှိတယ်။

*

သူ မမရဲ့ ဆေးခန်းလေးကို ရောက်ခဲ့တော့

ဆေးခန်းက ဖွင့် နေပြီ။ ကံကောင်းချင်တော့

တိရစ္ဆာန်လေးတွေ ကို လာပြသည့်သူ တစ် ယောက် မှ မရှိ။

"ဟော ကြောင်လေး ဘာ ဖြစ်ပြန်ပြီလဲ မိုးမြေ"

"ဟို အဲ အစာမစားဘူး မမရဲ့ "

ရှာဖွေရခက်ခဲသော အကြောင်းပြချက်တစ်ခုကို သူပြတော့ မမက ရိုးသားစွာပဲ ကြောင်လေးကို စမ်းသပ်စစ်ဆေးနေ၏ ။

ဆံနွယ်တွေ ကို နဖူးပြေပြေလေးပေါ်အောင် လှန်ဖြီးသင်ပြီး အနောက်မှာ ဆံညှပ်လေးနှင့် ရိုးရိုးလေး စုသိမ်းထားသော မမ မျက်နှာ လေးက ဝင်းမွတ်ကြည်လင်နေသည်။

အဖုအဖိန့် အစက်အပျောက် ဆိုလို့ မြူတစ်မှု

နီတောင် မထင် သော မမရဲ့ မျက်နှာလေးကို သူ ငေးကြည့်နေမိ၏ ။

မျက်ခုံးတန်းတန်းလေးက ဖြူနုသော မျက်နှာလေးမှာ တန်း တန်းလေး အရိပ်ထင်သည်။ နှာတံလေးက စင်းပြီးပေါ်လွင်သည်။

နုညက်သော ပါးပြင်လေးတွေ က ပန်းနုရောင် သမ်းလျက် ဘာအခြယ်အသမှ မတင်းဘဲ ချောမောနေတာ ဖြစ်၏ ။

"နာမည် က ဘယ်သူလဲ"

"ဗျာ"

မမ ရုတ်တရက်မေးတော့ သူ ဘာမှသဲသဲကွဲကွဲ မကြားလိုက် တာမို့ အူတူတူ ဖြစ်သွား၏ ။

မော့ကြည့်သော မမရဲ့

မျက်နက်ဝန်းလေးတွေ ကြောင့် သူ သူခိုးလူမိ ဖြစ်ကာ အကြည့်တို့ ကပျာကသီ လွှဲမိ၏ ။

"ကြောင်လေးနာမည် ဘယ်သူလဲ မေးတာ မိုးမြေရဲ့ "

"သြော် ဖိုးချစ်ပါ မမ"

"ဖိုးချစ် ဟုတ်လား၊ နာမည် လေးက ချစ်စရာပဲ ကဲ ဖိုးချစ် လေးရေ မီမီ"

မမက ဖိုးချစ်လေးကို ပွတ်သပ်ချော့မြှူရင်း ဘူးထဲက ကြောင် စာကလေးတွေ ချကျွေးသည်။

လက်တစ်ဆုပ်နှိုက်ကျွေးသော ခွက်ထဲက ကြောင်စာတွေ ကို ဖိုးချစ် ခေါင်းကြီးငုံ့ကာ အငမ်းမရ စားလိုက်တာ တခဏလေးနှင့် ကုန်သွား၏ ။

"မိုးမြေ ကြောင်လေးက အစားမစားဘူးသာ ဆိုတယ်၊ ကြည့် ပါဦး ခဏလေးနဲ့

တက်တက်ပြောင်တာပဲ အဟင်း ဟင်း"

မမ ရယ်ရယ်မောမောလေး ပြောတော့ သူ မျက်စိမျက်နှာပျက် နှင့် မလုံမလဲ ဖြစ်သွားရ၏ ။

"ဟို အိမ်မှာ ကျွန်တော် ကျွေးတာ မစားဘဲ ခွေအိပ်နေတာ မမရဲ့ ၊ ဒီကောင် တစ်ခုခု ဖြစ်ပြီ ထင်နေတာ"

"ဘာမှမ ဖြစ်ပါဘူး အစာလည်း စားတယ်၊ လန်းလန်းဆန်း ဆန်းလည်း ရှိပါတယ်"

"ဟုတ် ဟုတ်ကဲ့ မမ၊ ဟိုလေ မေလေးက စိုးရိမ်ပြီး မမဆီ ရွတ်သွားပြခိုင်းနေတာ"

"ရပါတယ် မိုးမြေရယ်၊ လိုအပ်ရင် အချိန်မရွေး လာခဲ့၊ ဟုတ် လား"

"ဟုတ်ကဲ့ မမ၊ ဟို ကြောင်လေးအတွက် လည်ပတ်လှလှလေး တွေ ကျွန်တော်

ဝယ်သွားချင်သေးတယ်"

မမ ဆိုင်လေးထဲက ဖိုးချစ်အတွက်
လည်ပတ်သုံးခု သူ ဝယ် ပြီး ပြန်ခဲ့သည်။

ရင်ထဲမှာ မမကို မြင်တွေ့ချင်လှသော
ဆန္ဒတစ်ခု ပြည့်ဝသွား ခဲ့ပေမယ့် ရှန်းထွက်မရနိုင်သော
နှောင်ကြိုး တွေ ထဲ သူ ဝင်တိုးနေမိသည့် အ ဖြစ်က...။

*

နောက်တစ်ကြိမ် သူ မမရဲ့ ဆေးခန်းလေးကို
ရောက်ခဲ့တာ သားသားနှင့် ဖြစ်သည်။

"ခွေးလေး ဘာ ဖြစ်လို့လဲ မိုးမြေ"

"ဟို သားသား အန်နေလို့ မမ"

ထုံးစံအတိုင်း မမက သားသားကို စမ်းသပ်နေချိန်မှာ သူက မမရဲ့ မျက်နှာလေးကို တိတ်တခိုး ငေးကြည့် မမ မေးတာတွေ မှသာဝါဒ ကံတွေ ကျူး လွန်ပြီး သူ ဖြေရ၏။

"သားသား ဘယ်နခါလောက် အန်သလဲ"

"ဟို သုံးခါရှိပြီ မမ"

"မိုးမြေတို့ မတည့်တာတွေ ကျွေးမိသလား"

"မကျွေးဘူး မမ၊ အဲ ကျွန်တော့် အိမ်က အစ်ကိုဝမ်းကွဲ ဟိုဏ်းမော်တော့ ငါးစိမ်းတွေ ကျွေးတယ်တဲ့"

"ဟင် ဟုတ်လား သူ့မှာ စားကျင့်မရှိတာ၊ သားစိမ်းငါးစိမ်း တွေ ဘာလို့ ကျွေးရတာ လဲ မိုးမြေရဲ့၊ ဒီခွေးလေးက ဒါမျိုး တွေ မစား တတ်တာ၊ မိုးမြေ အစ်ကိုက မသိဘူးလား"

မမ တကကယ်ထင်ပြီး ကရုဏာဒေါသော

လေး အပြစ်တင်စကား တွေ ဆိုနေတာသာ ဟိုကျား‌မော်

ကြားလျှင် သူ့ကို ကျိန်ဆဲမှာ သေချာပါ သည်။

"ကဲ ကဲ သားသားကို ဆေးတစ်ခွက်

တိုက်ရမယ်၊ မမကို ဝိုင်းကူပေးဦး မိုးမြေ"

မမ တိုက်ကျွေးသော ဆေးတစ်ခွက်ကို

ကြားထဲက မဆီမဆိုင် သားသားခမြာ

သောက်လိုက်ရရှာသည်။

သားသားရေ ငါ့ကို စိတ်မဆိုးလိုက်ပါနဲ့ကွာ။

ငါ ခံစားနေရတဲ့ ရောဂါ အတွက် မင်းတို့တွေ

ဝိုင်းဝန်းကူညီ မှိုင်းမပေးကြပါ။

*

# အခန်း (၃၀)

နှစ် ရက်ခြား၊ သုံးရက်ခြား ခွေးကလေး ဖြူလေး တစ်လှည့် ကြောင်လေး ဖိုးချစ်တစ်ခါ ပိုက်ပြီး ရောက်လာတတ်သော သူ့ကို မမ သတိထားမိလာပုံရသည်။

"ဒီတစ်ခါ ကြောင်လေး ဖိုးချစ် အန်ပြန်ပြီလား မိုးမြေ"

"ဟို အဲ မဟုတ်ဘူး မမ၊ ဒီကောင် တမှိုင်မှိုင် ဖြစ်နေလို့"

"အင်း နှစ် ရက်တစ်ခါလောက် ဆေးခန်းလာပြနေရတာ မိုးမြေ ပင်ပန်းနေမှာ ပေါ့၊ မထူးပါဘူး မင်းရဲ့ ဖိုးချစ်လေးနဲ့ သားသားကို မမဆီ မှာပဲ ထားခဲ့တော့ အဟင်း ဟင်း"

မမ နောက်ပြောင်ပြောတော့ သူ
လိပ်ပြာမလုံနိုင်ဘဲ မျက်နှာ ကြီး ထူပူသွားမိသည်။

"မင်း အကောင်လေးတွေ ကိုကြည့်
ဂရုစိုက်ဦးနော် မိုးမြေ၊ ဝေဒနာနဲ့ ဆေး တခြား ဖြစ်ရင်
သူတို့အတွက် မကောင်းဘူး"

"ဗျာ ဟုတ် ဟုတ်ကဲ့ မမ"

သူ မဟုတ်မဟပ်အကြောင်းပြချက်တွေ နှင့်
ဒီကောင်တွေ ဝမ်း ထဲမှာ လည်း ဆေးတွေ စုံလင်နေပြီ။
ဗိုးချစ်နှင့် သားသားသာ လူစကား ပြောတတ်လျှင်
ဒုက္ခမပေးပါနဲ့တော့ သခင်ရယ်ဟုတောင် သူ့ကို
တောင်းပန်ကြမည် လား မသိ။

မမရဲ့ ဆေးခန်းလေးမှာ သူ ရှိနေတုန်း
ဆေးလာကုသော သတ္တဝါလေးတွေ နှင့် ဆုံလျှင် သူ
လိုလားစွာ ကူညီပေး၏ ။

"မမ ကျွန်တော် ဘာကူညီရမလဲဟင်"

"ဒီခွေးလေးကို ဆေးထိုးရမှာ ကွ၊ ဟောဒီလက်အိတ် အရင် စွပ် ပြီးရင် မမကို ဝိုင်းကိုင်ထိန်းပေး မိုးမြေ"

"ဟုတ်ကဲ့ မမ"

မမ လိုအပ်တာ ကူညီပေးရင်း သူ ကျေနပ်ပျော်ရွှင်နေမိတာ လည်း အမှန်။

"ကျေးဇူးပဲ မိုးမြေရေ၊ မင်းသာ မကူရင် မမတော့ အခက်ပဲ အရင်က ဦးဘိုကြီးက ကူနေကျလေ၊ အခု ရွာခဏ ပြန်သွားလို့ မမ အခက်အခဲ ဖြစ်နေတာ၊ ဒေါ်လုံးက ကြောက်တတ်တော့ မကိုင်ရဲဘူး"

"ဟုတ်လား၊ ဒါဆို မမကို ကျွန်တော် နေ့တိုင်း လာကူညီ ပေးမယ်လေ"

"မင်း အချိန်တွေ ပေးရမှာ ပေါ့ မိုးမြေရဲ့ "

"ရတယ် မမ ကျွန်တော် က လ.ပ.စ မှာ လုပ်နေတာ၊ အချိန် တွေ မှ ဘုံးပေါလအောပဲ"

"ဘာရယ် မိုးမြေက ဘယ်မှာ လုပ်တယ်"

'လ.ပ.စ လေ လည်ရာပြန်စားရေး တစ်နေကုန် လည်မယ် ပတ်မယ်၊ ဗိုက်ဆာလာရင် အိမ်ပြန်စား၊ အဲဒါကို ပြောတာ ဟား ဟား"

"ဟယ် မမက တကယ် အလုပ်လုပ်တယ်မှတ်လို့၊ တော် တော် နောက်တဲ့ကောင်စုတ်လေး"

မမ သဘောကျစွာ ရယ်တော့ သူ ကျေနပ်ရသည်။ မမရဲ့ အပြုံး လေးတွေ ကို ငေးရင်း သူ ရင်ခုန်တတ်ခဲ့ပြီ။

ဒါ အချစ်လား သူ ရေရေရာရာ မသိပေမယ့် မမအနားမှာ ရှိနေခွင့်ရသည့် အချိန်လေးတွေ မှာ သူ

ကြည်နူးမျှော်နေမိတာ အမှန်။

မမရဲ့ ဆေးခန်းလေးကို နေ့စဉ်တိုင်း သူ ရောက်သည်။

ဆေးခန်းကို လာပြသော တိရစ္ဆာန်လေးတွေကို မမ တောင်းဆို သည့်အတိုင်း ကူညီပေးသည်။

ကျန်သည့် အချိန်တွေ မှာ တော့ မမနှင့်သူ စကားတွေ ဖောင်ဖွဲ့ ပြော ဖြစ်ကြ၏ ။

သူ ပြောပြထား၍ သူ့အကြောင်းတွေ ကို မမ နားထောင်ပေး သည်။ မမရဲ့ အကြောင်းတွေကိုလည်း သူ နားထောင်ပေး ဖြစ်ခဲ့၏ ။

"ဒါဆို မမနဲ့ ကျွန်တော် က အတူတူပဲပေါ့၊ ကျွန်တော် တို့ ဘဝတွေ က မိဘရင်းချာ မရှိတော့ဘူးနော်"

"အင်း ညီအစ်ကို မောင်နှမရင်းချာလည်း

မရှိဘူးလေ၊ မိုးမြေ မှာ က အစ်ကို တစ်ယောက်
ရှိတယ်နော်"

"ဝမ်းကွဲအစ်ကိုလေ ငယ်ငယ်ကတည်းက
လာနေတော့ ညီ အစ်ကိုရင်းချာလိုပါပဲ၊ ဒါနဲ့ မမမှာ
ကော ဝမ်းကွဲ မောင်နှမ မရှိဘူးလား"

"မမရဲ့ ညီမ တစ်ယောက် ရှိတယ်၊ သူလည်း
မမနဲ့ အတူ ကျောင်းတက်ခဲ့သေးတယ်၊ အခုတော့
အိမ်မှာ မနေတော့ဘူး၊ သူ့အိမ် ပြန် သွားပါပြီ"

မိုးမြေမေးတာ ဖြေရင်း ဆင်း သတိတရ
ဖြစ်မိတာ ရွက်လွှာကို ဖြစ်သည်။ ရွက်လွှာနှင့် မဆုံ
ဖြစ်တာ ကြာပြီ။

အခုချိန်အထိ ရွက်လွှာ သူမကို မုန်းနေဆဲပဲ
ထင်သည်။ ဖုန်းလေးတောင် မဆက်ပါ။

ရွက်လွှာကို သတိရမိတော့ အာရုံထဲ

ရောက်လာတာ မင်းပျိုလွင်။ ဆင်းဘဝမှာ မှတ်မှတ်ရရ အမှာ :ကြီးတစ်ခု ကျူး လွန်ခဲ့ဖူးတာ တွေ :မိတိုင်း ရင်ထဲမှာ မကောင်း။

"မမ"

"ဟင် မိုးမြေ"

"မမ ဘာ ဖြစ်သွားတာလဲဟင်၊ မျက်နှာမကောင်းသလိုပဲ"

ဆင်း မျက်နှာကို အရိပ်လို ကြည့်နေသော မိုးမြေ စကား ကြောင့် ဆင်း ခေါင်းလေးခါရမ်းမိရင်း

"ဘာမှမ ဖြစ်ပါဘူးကွာ၊ မမ ညီမကို သတိရသွားလို့ပါ၊ မဆုံ ဖြစ် တာ ကြာပြီလေ"

"မမက တစ်ယောက် တည်း ဆိုတော့ အထီးကျန်မှာ ၊ ကျွန်တော် စာနာမိပါတယ်၊ မမ ကျွန်တော့် ကို အားမနာနဲ့နော်၊ ခိုင်းစရာရှိရင် ခိုင်း၊

မမလိုအပ်တာ ကျွန်တော် လုပ်ပေးမယ်"

သံယောဇဉ်ဖွဲ့ စကားတွေ နှင့် မိုးမြေကြမ္မာ ဆိုသော ချာတိတ်ရဲ့ မျက်ဝန်းတွေ ကို ဆင်း နားလည်နေမိသလိုပါပဲ။

ကြည်လဲ့နေသော မျက်ဝန်းလေးတွေ ထဲက အဖြူရောင် သံယောဇဉ်တွေ ကို ဆင်း မြင်သိကာ ခင်မင် ဖြစ်ခဲ့၏ ။

အခုတော့ ဒီသံယောဇဉ်တွေ က တစ်ချိန်မှာ နှုတ်မရအောင် ငြိတွယ်လာခဲ့လျှင် ဆင်း ဘယ်လိုဆုံးဖြတ်ရမည် လဲ။

မရှက်စတမ်း ဝန်ခံရလျှင် ဆင်း နှလုံးသားကလည်း မိုးမြေရဲ့ နှောင်တွယ်မှု သံယောဇဉ်တွေ ကို မက်မောနေခဲ့ပြီလား။

*

# အခန်း (၃၁)

"မိုးလေး အခုတလော မင်း အိမ်ကို မကပ်ဘူး၊ ဘယ်သွား နေတာလဲ ပြောစမ်း"

မေလေး မေးလာတော့ သူ မလိမ်ညာဘဲ အမှန်ကိုပဲ ပြော ဖြစ်သည်။

"သား ဘယ်မှမ သွားပါဘူး မေလေးရဲ့၊ မမ ဆင်းထည်ဝါဆီ သွားနေတာပါ"

"ဆင်းထည်ဝါ ဘယ်သူလဲ၊ ဘယ်ကလဲ ပြောစမ်း ပြောစမ်း မင်းက ဆင်ခြေတွေ ရှုပ်နေတာပေါ့လေ"

"ဟာ မေလေးကလည်း မေ့တတ်လိုက်တာ၊ မမဆင်းထည်ဝါ ကို မေ့နေပြီလား၊ မေလေးရဲ့ ခွေးလေးကို ဆေးကုပေးတဲ့ ဒေါက်တာ မမလေ"

သည်တော့မှ မမလေး မှတ်မိသွားသည်။ စိုးရိမ်စိတ်တို့ အရိပ် ထင်နေသော မျက်ဝန်းတွေ ပြေလျော့ကျသွားရင်း

"ဩော် မေလေး မှတ်မိပြီသား၊ နေပါဦး သားက အဲဒီ ဒေါက်တာမလေးဆီ ဘာသွားလုပ်တာလဲ"

"မမရဲ့ ဆေးခန်းမှာ ဝိုင်းကူညီပေးနေတာပါ မေလေးရဲ့၊ မမ အိမ်က ခြံစောင့်ကြီး ရွာခဏပြန်သွားလို့လေ"

မေလေး ဘာမှ မပြောဘဲ ငြိမ်သွားသည်။ မမကို မေလေး မြင်ဖူး ရင်းနှီးပြီးသားဆိုတာ သူ သိသည်။ သားသားကို ဆေးကုထား ပေးသော ဒေါက်တာ မလေးမို့ မေလေးလည်း ခင်မင်နေ၏ ။

"နေပါဦး သား၊ ဒေါက်တာ မလေးက မိဘတွေ မရှိတော့ဘူး လား"

မေလေး မေးနေတော့ သူ မမအကြောင်းတွေ သိထားသမျှ ပြန်ဖောက်သည်ချမိသည်။

''ဩော် သမီးလေးက မိဘတွေ မရှိ ကတော့ဘူးကိုး၊ ဆွေမျိုး သားချင်းတွေ ကော သား''

''အဒေါ်တွေ ရှိတယ်တဲ့ မေလေး၊ ဒါပေမဲ့ မမက ကိုယ့်ဘဝ ကိုယ်ရပ်တည်နေနိုင်တော့ စိတ်ချ လက်ချရှိကြတယ်လေ၊ ဒေါ်ကြီးလုံး ဆိုတဲ့ အမျိုး သမီးကြီးနဲ့ နေတာ''

''ဆေးခန်းလေးက သူ့ရဲ့ စီးပွားရေး လုပ်ငန်းပေါ့''

''မဟုတ်ဘူး မမရဲ့ မိဘတွေ လက်ထပ်ကတည်းက တည် ထောင်ထားတဲ့ အထည်ချု ပ် စက်ရုံကြီးရှိတယ်၊ မမက လူယုံတွေ နဲ့ လွှဲ ထားပြီး နှစ်

ပတ်တစ်ခါလောက်ပဲ စောင့်ရှောက်သွားကြည့်ရတာ၊ မမက သူ့ဝါသနာအလုပ်ကို အချိန်ကာလ တစ်ခုအထိ လုပ်နေတာ"

မေလေး ခေါင်းတညိတ်ညိတ်နှင့် ငြိမ်သက်သွားခဲ့သည်။ ဆင်းထည်ဝါဆိုသော မမရဲ့ အရည်အချင်းနှင့် အခြေအနေတွေ ကို အားလုံး သိသွားတာကြောင့် လည်း ဖြစ်မည် ။

"သားတို့ တော် တော် ရင်းနှီးနေပြီပေါ့"

"ဟုတ်တယ် မေလေး၊ သားသားနဲ့ ဖိုးချစ် တစ်ခုခု ဖြစ်တိုင်း သား မမဆီသွားတာလေ"

သူ့စကားကြောင့် မေလေး သဘောကျသလို ပြုံး ရင်း

"ဟိုတလောက မင်း သားသားနဲ့ ဖိုးချစ်ကို ပိုက်ပြီး ရက်ခြား သွားနေတာ ဒါကြောင့် ကိုး"

ပတ်တစ်ခါလောက်ပဲ စောင့်ရှောက်သွားကြည့်ရတာ၊ မမက သူ့ဝါသနာအလုပ်ကို အချိန်ကာလ တစ်ခုအထိ လုပ်နေတာ"

မေလေး ခေါင်းတညိတ်ညိတ်နှင့် ငြိမ်သက်သွားခဲ့သည်။ ဆင်းထည်ဝါဆိုသော မမရဲ့ အရည်အချင်းနှင့် အခြေအနေတွေ ကို အားလုံး သိသွားတာကြောင့် လည်း ဖြစ်မည် ။

"သားတို့ တော် တော် ရင်းနှီးနေပြီပေါ့"

"ဟုတ်တယ် မေလေး၊ သားသားနဲ့ ဖိုးချစ် တစ်ခုခု ဖြစ်တိုင်း သား မမဆီသွားတာလေ"

သူ့စကားကြောင့် မေလေး သဘောကျသလို ပြုံး ရင်း

"ဟိုတလောက မင်း သားသားနဲ့ ဖိုးချစ်ကို ပိုက်ပြီး ရက်ခြား သွားနေတာ ဒါကြောင့် ကိုး"

"ဟာ မေလေးကလည်း"

သူ့မျက်နှာ ထူပူသွားတော့ မေလေး ပြုံး ပြုံး ကြီး ကြည့်နေ၏ ။ မေလေး မျက်ဝန်းတွေ ထဲမှာ မကျေနပ်ခြင်းတွေ ကင်းစင်နေတာမို့ သူ လည်း ဝမ်းသာမိ၏ ။

"အင်း သားက အရွေးတော် ပါတယ်၊ မေလေးရဲ့ အချစ်တော် လေးတွေ ကို ကုသပေးမယ့် ဆရာဝန်မလေးဆိုတာနဲ့ မေလေးက သဘော ကျသွားပြီ"

မေလေး နှုတ်က သဘောတူကြည်ဖြူသော စကားတွေ တောင် ဆိုနေပြီ။ သူ့ဘက် ကတော့ ဘာမှမသေချာသေးတဲ့ အနေအထား။

မမရယ်

ကျွန်တော့် အချစ်ကို တုံ့ပြန်လက်ခံမှာ လား။

မိုးမြေကြွမှာဆိုတဲ့ကောင် ရင်ထဲမှာ

တစ်ယောက် တည်းကိုပဲ ချစ်မိခဲ့ဖူးတာပါ။

အဲဒီ တစ်ယောက် ကိုပဲ

တစ်ဘဝလုံးအတွက် ရည်ရွယ်တာပါ မမရယ်။

*

# အခန်း (၃၂)

အိမ်က ထွက်ခဲ့တုန်းက ရာသီဥတုက ကြည်ကြည်လင်လင်ပါပဲ။ လမ်းခုလပ်ရောက်မှ မိုးတွေက မှိုင်းညို့လာ၏ ။

ဝေါခနဲ မရွာချင် လက်ဖက်ရည်ဆိုင်လေးထဲမှာ သူ ခဏတော့ ဝင်ခိုမိသေး၏ ။ ဒါပေမဲ့ မိုးက မရွာ။

မမဆီ ရောက်ချင်စိတ်က ကြီးစိုးနေတာမို့ သူ ဆိုင်ထဲက ထွက်ပြီး လျှောက်ခဲ့၏ ။

ဒီနေ့ ဟိတ်ဟန်းမော် မေကြီး စေခိုင်းထားသော ကိစ္စတစ်ခုအတွက် သူ့ကားကို တောင်းယူသွားတာမို့ သူ လမ်းလျှောက်လာခဲ့၏ ။

ဆိုင်ထဲမှာ ခိုနေတုန်းက မရွာသော မိုးက

အပြင်ရောက်မှာ ပဲ ဝေါခနဲ ရွာချသည်။ ရှောင်ပြေးချိန်မရလိုက်ပါဘဲ မိုးရေတွေ သူ့ရွှဲရွှဲစို ကုန်သည်။

မိုးရွာထဲမှာ ပဲ မမရဲ့ ဆေးခန်းလေးဆီ သူ ဆက်ထွက်ခဲ့၏ ။ ကြွက်စုတ်တစ်ကောင်လို စိုရွှဲနေသော သူ့ကို မြင်တော့ မမ မျက်ဝန်း လေးတွေ ဝိုင်းစက်ကာ

"ဟင် မိုးရေထဲ ဒီအတိုင်း လာရသလား မိုးမြေရယ်"

"လမ်းရောက်မှ မိုးမိတာ မမရဲ့ "

"အို ဒုက္ခပါပဲ တစ်ကိုယ်လုံး စိုရွှဲနေတာ၊ နေဦး နေဦး"

မမ ပြောရင်း ဆိုင်လေးထဲက ထီးတစ်ချောင်းဆွဲကာ အိမ်ဘက် လှမ်းသွား၏ ။

ခေါင်းက ခြေဖျားအဆုံး ရေတွေ စိုရွှဲကာ

ဝတ်ထားသော ဂျင်း ဘောင်းဘီကပါ ရေတွေ

တစ်တောက်တောက် ကျနေတာမို့ သူ ဆိုင်အပြင်

ဘက်မှာ ပဲ ရပ်နေမိ၏ ။

မမပြန်လာတော့ သူ့ကိုကြည့်ရင်း

"ဟဲ့ ဒါက ဘာလုပ်နေတာလဲ

ဆိုင်ထဲဝင်လေ၊ မိုးရေတွေ ထဲ မှာ ရပ်နေပြန်ပြီ၊

ဖျားတော့မှာ ပဲ ရော့ ဒီမှာ ဦးဘိုကြီး ပုဆိုးနဲ့အင်္ကျီ

လဲထားလိုက်"

စိုးရိမ်စွာ ပြောရင်း ကမ်းပေးလာသော

ပုဆိုးနှင့်အင်္ကျီကို လှမ်းမယူဘဲ သူ ခေါင်းခါမိ၏ ။

"အို မလဲလို့ ဘယ် ဖြစ်မှာ လဲ ဒီအတိုင်းဆို

မင်း ဖျားမှာ ပေါ့"

"မမက ဆရာဝန်ပဲလေ၊ ကျွန်တော် ဖျားရင်

ဆေးတိုက်ပေါ့"

"မရဘူး တို့က တိရစ္ဆာန်လေးတွေ ပဲ ကုတာ၊ လူတွေ ကုတာ မဟုတ်ဘူး၊ ကဲ အမြန်လဲစမ်းပါ မိုးမြေရယ်"

မမရဲ့ စိုးရိမ်မျက်ဝန်းလေးတွေ ကို မမြင်ရက်တော့တာမို့ သူ လှမ်းယူပြီး လဲလှယ်လိုက်ရ၏ ။

"ပေး အဲဒီ ရေစိုတွေ ရေညှစ်ပြီး လှမ်းထားလိုက်"

"ဟာ မလုပ်ပါနဲ့ ကျွန်တော့် ဘာသာ လုပ်မယ်"

"ပေးစမ်းပါ ဒီမှာ မင်းခေါင်းက ရေတွေ သဘက်နဲ့သုတ်ဦး၊ ပြီးရင် နွေးနွေးထွေးထွေး ထိုင်နေ"

အမိန့်ပေးသလိုဆိုရင်း သူ့ရေစိုအဝတ်တွေ ယူကာ မမ ရေ ညှစ်ပြီး သွားလှမ်းနေသည်။

အပြင်မှာ တစိုမ်စိမ့် ရွာနေသော မိုးကြောင့် လူက အခုမှ ချမ်းစိမ့်စိမ့် ဖြစ်လာ၏ ။

"ချမ်းနေပြီ မဟုတ်လား မမပြောသားပဲ၊ နေဦး ကော်ဖီပူပူ လေး သောက်လိုက်"

ပြောရင်း ဓာတ်ဘူးလေးထဲက ကော်ဖီကို မမ ငှဲ့နေတာ သူ ငေးကြည့်နေမိ၏ ။

ကော်ဖီငှဲ့ရင်း မမ မလုံမလဲ လှည့်ကြည့်တော့ သူ့မျက်ဝန်း တွေ နှင့် ဆုံသည်။

"အို အမေ့ ပူလိုက်တာ'

"ဟာ မမ လက်ပေါ် ကော်ဖီတွေ လောင်းမိပြီ"

မမ အာရုံတွေ သူ့ဆီရောက်ကာ ကော်ဖီတွေ လက်ပေါ် လောင်းမိတော့ စိုးရိမ်တကြီး မမအနား ရောက်သွားခဲ့၏ ။

ကော်ဖီပူတွေ လောင်းမိသော မမ
လက်ဖမိုးလေးက ချက်ချင်း ရဲရဲနီကာ
တဆတ်ဆတ်လေး တုန်နေ၏ ။

"မမရယ်"

မမ လက်ဖဝါးလေးကို ဆွဲကိုင်ကာ
သူ့လက်နှစ် ဖက်နှင့် ညင် သာစွာ အုပ်မိုးပေးထားမိ၏ ။
မမ မျက်နှာလေး ပန်းနုရောင် လွှမ်းပြီး ရှန်းထွက်ဖို့ ကြိုး
စား၏ ။

"မမ သိပ်နာနေသလားဟင်"

"ဟင့်အင်း ရတယ် အား"

မမ လက်ဖမိုးလေးကို သူ့ပါးစပ်အနားအထိ
လှမ်းဆွဲယူကာ သူ အာငွေ့ပူပူလေးနှင့် ယုယပေးမိ၏ ။

"အို မိုးမြေ မလုပ်နဲ့"

ရှက်သွေးဖြာနေသော မမ မျက်နှာလေးကို ကြည့်ကာ သူ့ရင်ခုန် သံတွေ တဒိတ်ဒိတ် တိုးလာ၏ ။

မမကို သူ့ရင်ခွင်ထဲ ပွေ့ဖက်ထားလိုက်မိတဲ့အထိ သတိတရားတို့ ကင်းလွတ်သွားခဲ့၏ ။

"အို မိုးမြေ၊ လွှတ် လွှတ်ပါ"

"ဟင့်အင်း မမရယ် ကျွန်တော် ဟန်မဆောင်ချင်တော့ဘူး၊ မမကို ကျွန်တော် ချစ်တယ်"

"အို"

သူ့ရင်ခွင်ထဲမှာ မမရဲ့ ခန္ဓာကိုယ်လေး နစ်မြုပ်သွားခဲ့သည်။ ရင်ခုန်သံတွေ သက်သေတည်နေတာကို မမ ကြားနိုင်ပါစေတော့။

"မမရယ် မမကို ကျွန်တော် သိပ်ချစ်တယ်၊ ဘဝမှာ ပထမ ဆုံး ချစ်ခဲ့တဲ့ အချစ်ပါ မမ ယုံပါနော်"

ရင်ထဲက စကားသံတွေ ကို သူ
တတွတ်တွတ် ပြောရင်း ရင်ဖွင့် နေမိတော့ မမက
ရင်ခွင်ထဲမှာ ခေါင်းလေးဝှက်လို့ ပုန်းနေသည်။

မမရဲ့ ရင်ခုန်သံတွေ ကိုလည်း သူ
ကြားသိနေတာ အသေအချာ။

*

# အခန်း (၃၃)

"ဘယ်လို ဘယ်လို သားက မေကြီးရဲ့ အလုပ်တွေ ကို ဝိုင်းကူ လုပ်မလို့ ဟုတ်လား"

"ဟုတ်ပါတယ် မေကြီး၊ အရင်ဆုံး လုပ်ငန်းသဘောတွေ နား လည်အောင် ကြိုး စားမယ်၊ သား အလုပ်လုပ်ခွင့် တောင်းတာပါ မေကြီး"

"သား တကယ် ဆန္ဒရှိတာလား"

"တကယ်ပါ မေကြီး"

မေကြီး မယုံသလို မျက်ဝန်းတွေ နှင့် စိုက်ကြည့်နေတော့ သူ လိပ်ပြာမလုံ ဖြစ်နေရ၏ ။ အခုမှ အလုပ်လုပ်ချင်သည်ဆိုကာ ခွင့်တောင်းဆို လာသော သူ့ကို မေကြီး အံ့သြတာ မထူးဆန်းပါ။

"ဟုတ်တယ် မမ၊ သားက ဒီအတိုင်း

အချိန်တွေ ကုန်နေတာ မ ဖြစ်ချင်တော့ဘူးတဲ့"

"ငါ တကယ် အံ့သြလို့ပါ၊ သား ဘယ်အချိန် ဝါသနာပါပြီး တောင်းဆိုလာမလဲ စောင့်နေတာ၊ အခု တကယ် သားဆန္ဒရှိတယ်ဆိုရင် မေကြီး ဝမ်းသာအားရ လက်ခံကြိုဆိုတာပေါ့"

"သား တကယ်စိတ်ဝင်စားတာပါ မေကြီး"

"သိပ် ဖြစ်သင့်တာပေါ့ သားငယ်၊ မေကြီးက အသက်ကြီးပြီလေ၊ စီးပွားရေး လုပ်ငန်းကြီးတစ်ခုလုံးကို သားကို ဦးဆောင်စေချင်တာ၊ သားနဲ့ မောင်ဟိဏ်းကို ယုံယုံကြည်ကြည် လွှဲချင်တာ၊ မောင်ဟိဏ်း ကတော့ တစ်လလောက် အလုပ်ထဲ လိုက်လာနေတော့ စိတ်ဝင်စား ကြိုး စားနေ ပြီ၊ အခု သားပါ လုပ်မယ်ဆို မေကြီး ကျေနပ်ဝမ်းသာနေပြီ"

မေကြီး ဝမ်းသာအားရနှင့် ကြိုဆိုနေတော့

သူ ကျေနပ်သွား မိသည်။ မေလေးကို လှမ်းကြည့်တော့ သူ့ကို ပြုံး ပြနေသည်။

တကယ်ဆို မမနဲ့အတူ ဘဝတစ်ခုကို တည်ဆောက်ချင်တာမို့ သူ အနာဂတ်အတွက် စဉ်းစားတတ်တာလား မေလေးပဲ သိသည်။

"ကောင်းတယ် သား၊ သား အလုပ်သဘောတရားတွေ နား လည်အောင် ကြိုး စား၊ ပြီးမှ သားတို့ကိစ္စကို မေလေး မမကို အသိပေး တောင်းဆိုပေးမယ်"

"ဟို မေကြီး သဘောတူပါ့မလားဟင်"

"ဘာလို့ မတူရမှာ လဲ သားရဲ့၊ သား တကယ်ချစ်မြတ်နိုးတဲ့ မိန်းကလေးပဲလေ၊ အရည်အချင်းကော ဂုဏ်အဆင့်အတန်းပါ ဘာမှ အပြစ်ပြောစရာမရှိတဲ့ မိန်းကလေးပဲ၊ သဘောတူမှာ ပါ"

"ဒါဆိုရင် သား အရှမ်းဝမ်းသာသွားပြီ မေလေး"

"မေလေးကလည်း ချစ်စရာကောင်းတဲ့ ချွေးမချောလေးကို ကြိုဆိုပါတယ်ကွယ်၊ သားဘက်က အိမ်ထောင်ဦးစီးကောင်း ဖြစ်အောင် အရင် ကြိုးစားပေါ့ ဟုတ်လား"

မေလေးကို ဖွင့်ပြောတိုင်ပင်ကာ မေကြီးရဲ့ လုပ်ငန်းတွေ မှာ သူ လုပ်ခွင့်တောင်းခဲ့တာ ဖြစ်သည်။

ဟိုက်ထားမော် ကတော့ ကြယ်စင်နှင့်ပတ်သက်သည့် ဝေဒနာကြီး ပိုင်ဆိုင်လိုက်ပြီးကတည်းက မေကြီး အလုပ်တွေ ကူရင်း စိတ်ပါဝင်စား နေပြီး အခု သူ ပြောင်းလဲလာတာ မမကြောင့် ဆိုတာ မေလေးပဲ သိ၏ ။

မမကို သူ သိပ်မြတ်နိုးပါသည်။

ထို့အတွက် မမနှင့်လက်ထပ်သည့်အခါ သူ လုပ်ငန်းထဲမှာ အခြေတကျ ရှိချင်ပြီ။

မမရယ် ဒါ မမကို ချစ်တဲ့စိတ်နဲ့ မိုးမြေကွာမှာ ပြောင်းလဲသွား ခဲ့တာပါ။

*

"ဒါဆို မောင်က တကယ် လုပ်ငန်းခွင်ထဲ ဝင်နေပြီပေါ့"

"အင်းလေ မမကို ချစ်လို့ မမနဲ့မောင်ရဲ့ အနာဂတ်အတွက် ရည်မှန်းချက်နဲ့ မောင် ကြိုး စားပြမှာ "

သူပြောတော့ မမ ပြုံး ပြုံး လေး

ရင်ခွင်ထဲက မော့ကြည့်ရင်း

"ကြည့်စမ်း မမက မိုးမြေကြော်မှာဆိုတဲ့ ကောင်လေးကို ချာတိတ် လေးလို့ ထင်ထားတာ"

မမ စကားကြောင့် သူ့ မျက်နှာကြီး ရှုံ့မဲ့သွား၏ ။

"ဟာဗျာ မမကလည်း ကျွန်တော့်ကို ကလေးလေးကျနေတာ ပဲဗျာ"

"မဟုတ်ဘူးပေါ့"

"မမနော်"

"ဟော့ ဒါ ဆေးခန်းထဲမှာ လေ"

"မသိဘူးဗျာ မမက ကျွန်တော် မကျေနပ်အောင် ပြောတာ ကို"

"ကြည့် လူကြီးဆို လူကြီးဆိုရင်

စိတ်မကောက်ရဘူးကွ အပဟင်း ဟင်း တကယ်

ရယ်ရတယ်"

"မမနော် ကျွန်တော့်ကို မစနဲ့"

"မစပါဘူး နောက်တာပါ မောင်ရဲ့"

နှုတ်ခမ်းပါးပါးလေးတွေ နဲ့

ချစ်စရာကောင်းအောင် ပြုံး ပြီး သူ့ကို

နောက်ပြောင်နေသော မမကို သူ့ရင်ခွင်ထဲ

ဆွဲသွင်းပစ်လိုက်၏ ။

"အို မောင်"

"မိုးမြေကျွမ်း ဆိုတဲ့ကောင်က ကလေးလေး

မဟုတ်ဘူး ဆိုတာ မမကိုသက်သေပြမလို့ကဲ"

"အို မောင်"

အလန့်တကြား အော်ရင်း မမ

မျက်နှာလေးကို သူ့ရင်ခွင်ထဲ ကွယ်ဝှက်ဖို့ကြိုး
စားသည်။

"အား နာတယ် နာတယ်"

သူ ထအော်တော့ မမ အလန့်တကြား
မော့ကြည့်ရင်း

"ဟင် ဘာ ဘာ ဖြစ်လို့လဲ"

"ဘာမှမ ဖြစ်ဘူး ကဲ အညာမိတဲ့
ကောင်မလေး"

"အို"

နွေးထွေးသော အနမ်းတို့ မမရဲ့
မျက်နှာလေးထက်မှာ ပွင့်ဖူး သည်။

မမရယ် ဒီကောင် ချစ်တာ ရင်ထဲက
မြတ်နိုးခြင်းတွေ ကြီးမား စွာ နဲ့ပါ။

*

# အခန်း (၃၄)

"သားနဲ့မောင်ဟိတ်္တားကို အားကိုးနေရပြီဆိုတော့ သိပ်မကြာခင် မှာ မမတော့ အနားယူလို့ရပြီ ညီမလေးရေ"

ညနေစာ ထမင်းဝိုင်းမှာ ဆုံကြတော့ မေကြီး ဝမ်းသာကျေနပ် စွာ နှင့် သူ့နဲ့ဟိတ်္တားမော်ကို ချီးကျူး အားကိုးစကား ဆို၏ ။

"အခု သားတို့က အတော် အားကိုးနေရပြီလား"

"နှစ် လအတွင်း းမှာ သူတို့ရဲ့ လုပ်ရည်ကိုင်ရည်ကို မမ လေ့လာ ပြီးပြီ"

"မမ ယုံကြည်လက်ခံလို့ ရပြီပေါ့နော်"

"ဒါပေါ့ ညီမလေးရဲ့ "

မေကြီး ဝန်ခံစကားဆိုတော့ မေလေး သူ့ကို ကျေနပ်စွာ ပြုံး ကြည့်သည်။ ပြီးမှ

"သားက ညီမလေးတို့ ထင်ထားသလို ကလေးလေး မဟုတ် တော့ဘူးနော် မမ"

"ဟဲ့ ဘွဲ့ရပြီးပြီ၊ ကုမ္ပဏီလုပ်ငန်းကြီးကို မကြာခင်မှာ ဦး ဆောင်နိုင်မယ်၊ ဒါ ကလေးလေးလား၊ သားက အရွယ်ရောက်နေပါပြီ"

"အဲဒါ ပြောမလို့ မမရဲ့ ၊ သားကို အိမ်ထောင်ပြုစေချင်ပြီ"

မေလေး ကတော့ မေကြီးကို ဝေ့လည်လည်နှင့် သူ့အရေး ကိစ္စ အသိပေးတော့မှာ သိနေ၏ ။ သူ မျက်နှာပူပူနှင့် ထမင်းကို ငုံ့စားနေရ ပေမယ့် အရသာကို ခံစားလို့ မရ။

"သား မိုးလေးအတွက် မေကြီးက အားလုံး

စီစဥ်ထားပြီးသား ပါ၊ သား သဘောကျမယ့် မိန်းကလေး မေကြီး တွေ့ထားတယ်"

"ဗျာ"

"ဟင်"

သူ အလန့်တကြား ဖြစ်သွားသလို မေလေးလည်း မျက်လုံး ပြူး သွား၏ ။ ဟိတ်ဟ်းမော်လည်း စိတ်ဝင်စားသွားကာ ခေါင်းထောင်ကြည့် သည်။

"ဟုတ်တယ် မေကြီး မိတ်ဆွေရဲ့ သမီး တစ်ယောက် လေ၊ ပညာ ကော အရည်အချင်းပါ။ အပြစ်ဆိုစရာ မရှိဘူး"

"မေ မေကြီး နေပါဦး ဟို ဟိုလေ"

သူ ကသော ကမျော တားမြစ်ရင်း ဝန်ခံဖို့ ကြိုး စားပေမယ့် စကားတွေ က လည်ချောင်းဝမှာ ပျောက်ကုန်၏ ။

"သား ဘာပြောမလို့လဲ ပြောလေ"

"ဟို ဟို မေ မေလေး ပြောပြလိုက်လေ"

"ဟဲ့ ဟိုလွှဲ ဒီလွှဲနဲ့ ဘာတွေ ဖြစ်နေတာလဲ၊
ပြောစရာရှိရင် ပြောကြလေ"

မေကြီး စိတ်မရှည်နိုင်သလို ဆိုတော့
မေလေး ခေါင်းညိတ်ပြ ရင်း

"ဒီလိုပါ မမ၊ သားမှာ က ချစ်သူ
မိန်းကလေးရှိနေတယ်"

"ဟင်"

"ဟုတ်တယ် မမ၊ ညီမလေး သိပါတယ်"

"ဘာရယ် ညည်းသိတယ်၊ ဒါဆို ကြာပြီပေါ့၊
ဘာလို့ ဒါကို ငါ့အသိမပေးတာလဲ"

မေကြီး မေးခွန်းတွေ တရစပ်

ထွက်လာတော့ မေလေးကပဲ ကသော ကမျော ရှင်းပြ၏

။

"ပြောပြမလို့ပါ မမရယ်၊ သားက အလုပ်ကို အရင်အခြေတကျဖြစ်အောင် ကြိုး စားချင်တယ်ဆိုလို့ပါ"

"ဪ သားက ဒီရည်ရွယ်ချက်နဲ့ ကြိုး စားပြနေတာကိုး၊ နေပါဦး မိန်းကလေး ဘယ်သူလဲ ဘယ်ကလဲ"

"အိမ်က ခွေးနဲ့ကြောင်လေးတွေ ကို ဆေးကုပေးနေတဲ့ ဒေါက် တာမလေးပါ"

"ဟင်"

"ဟိုလေ တစ်ခါ သားသားကို မမ ရိုက်တော့ အဲဒီ ဒေါက်တာ မလေးက ဆေးကုပေးတာပါ"

"ကြည့်စမ်း နင်တို့ ဇာတ်လမ်းတွေ က

ကြာပြီပေါ့၊ ပြောစမ်း အဲဒီ မိန်းကလေးရဲ့ မိဘတွေ က ဘယ်သူတွေ လဲ ဘာလုပ်သလဲ"

"မိဘတွေ မရှိတော့ဘူး မမရဲ့ ၊ သားလိုပဲ ငယ်ငယ်ကတည်းက သူ့မိဘတွေ ဆုံးသွားခဲ့တာ"

မေလေးက မမ အကြောင်းတွေ ကို မေကြီးသိအောင် ပြောပြ သည်။ မေလေး ပြောပြသမျှ မေကြီး ငြိမ်သက်တိတ်ဆိတ်စွာ နားထောင် နေ၏ ။

"ကလေးမလေးက တော်ပါတယ် မမ၊ ဝါသနာပါတဲ့ ဆေးခန်း လေးဖွင့်ရင်း သူ့မိဘတွေ ထားရစ်ခဲ့တဲ့ အထည်ချုပ် စက်ရုံကြီးကိုပါ ဦးဆောင်နိုင်တာ"

မေလေး စကားတွေ ဆုံးတော့ မေကြီး မျက်နှာက တည်ငြိမ် နေဆဲ။ သူ့ကို စူးစူးနစ်နစ် ကြည့်ရင်း

"သား သဘောကျတဲ့ မိန်းကလေးက ညီမလေး ပြောသလို ဆိုရင် ထက်ထက်မြက်မြက်လေးပဲ၊ အင်း မေကြီး တွေ့ချင်တယ် သား"

"ရ ရတယ် မေကြီး၊ သား ခေါ်ခဲ့မယ်လေ"

"အင်း မေကြီးတို့ အလုပ်နားတဲ့ရက် အိမ်ခေါ်ခဲ့ကွယ်၊ မေကြီး လေ့လာချင်သေးတယ်"

မေကြီးနှုတ်က ကျေနပ်ကြည်ဖြူသော စကားတွေ နှင့် ဖိတ်ခေါ် နေတော့ သူ ခေါင်းညိတ်ပြမိတာ ပုတ်သင်ညိုတစ်ကောင်လိုပါပဲ။

ဘာပဲ ဖြစ် ဖြစ် မမကိုမြင်လျှင် မေကြီး သဘောကျ လက်ခံ သွားမှာ သူ ယုံသည်။

မေကြီးနဲ့ မမကို ဆုံတွေ့ပေးဖို့အတွက် သူ ကြိုတွေးရင်း ကျေနပ်နေမိတာ အမှန်။

မမရယ် နှစ် ကိုယ်တူ နီးခွင့်က

နီးနီးလေးပါပဲ။

*

# အခန်း (၃၅)

မဆုံ ဖြစ်ကြတာ နှစ် ချီကြာနေပြီ ဖြစ်သော အစ်ကိုကြီး ကိုတိုးနိုင် အိမ်ကို ရောက်လာတာမို့ မေကြီးနှင့်မေလေး ကျေနပ်နေ၏ ။

ကိုတိုးနိုင်က အင်္ဂလန်မှာ အလုပ်လုပ်နေရာမှ ခွင့်ရက်နှင့် မိဘတွေ ဆီ ပြန်လာသူ။

''နှစ် လလောက်တော့ နေ ဖြစ်မယ် ကြီးမေ၊ ဒါကြောင့် ဆွေမျိုး တွေ စုံအောင် လျှောက်လည်နေတာ၊ ပြီးရင် မန္တလေးဘက် သွား ဖြစ်ဦး မယ်''

''ဟင် မင်းက ဒီမှာ မကြာဘူးပေါ့''

''ရန်ကုန်မှာ တစ်ပတ်လောက် နေ ဖြစ်မယ် ကြီးမေ''

"ဒါဆိုလည်း တို့အိမ်မှာ ပဲ တည်းလေကွယ်"

"အင်္ဂလန်က ကျွန်တော့် ညီ့သည်တွေ ပါ ပါလို့ ကြီးမေ၊ ဟို တယ်မှာ ပဲ ကောင်းပါတယ်၊ ကြီးမေတို့ ဝန်မပိစေချင်လို့ ဒီမှာ ရှိတဲ့ ရက်တွေ မှာ နေ့တိုင်းလာပါ့မယ်"

"အေး အေး ဒီနေ့တော့ ဒီမှာ ပဲ နေ့လယ်စာ စားသွား၊ မင်း ကြီးငယ်ကိုယ်တိုင် ချက်နေတာ"

"ဟုတ်လား ကြီးငယ် လက်ရာဆို ရှယ်ပဲ၊ စားရမှာ ပေါ့"

"မစားလို့ကို မရတာ မောင်တိုး၊ ဒီနေ့ မင်းညီ မိုးလေးရဲ့ ဇနီးလောင်းကိုပဲ ထမင်းစား ဖိတ်ထားတာ"

"ဟာ ဟုတ်လား မိုးမြေက စွံသွားပြီလား၊ တကယ်ကွာ ငါ့ညီ တွေ က စန်းပွင့်သားပဲ"

"ကိုကြီးတိုးကော မိန်းမ မယူတော့ဘူးလား"

"တော် ပါပြီကွာ တစ်ယောက် တည်းပဲ ကောင်းပါတယ်၊ ငါ့ညီ တွေ မွေးတဲ့ တူတွေ တူမတွေ ပဲ ချစ်တော့မယ်ကွ ဟား ဟား"

ကိုကြီးတိုး သူ့စကားသူ သဘောကျစွာ ရယ်နေတုန်းမှာ ပဲ ခြံထဲကို မြေ့ူ ကားကြီး မောင်းဝင်လာ၏ ။

"ဟာ မမ လာပြီ"

သခွားရောင် ထက်အောက်ဆင်တူ ဝတ်စုံလေးနှင့် မမ ယဉ်ယဉ် ကလေး လှနေသည်။ မမရဲ့ အလှက သူ့ကို အမြဲတမ်း ရင်ခုန်ကြည်နူး စေ၏ ။ မေကြီးသာ မြင်လျှင်တော့

"လာ မမ"

မမ လက်ကလေးကို ဆွဲကာ သူ ဧည့်ခန်းထဲ ခေါ်ခဲ့သည်။ မမကို ငေးကြည့်နေသော မျက်ဝန်းတွေ

ထဲမှာ ကိုကြီးတိုး ကိုယ်တိုင်လည်း ပါသည်။

မမရဲ့ အလှကိုတော့ ကိုကြီးတိုး ချီးကျူး မဆုံး ဖြစ်ဦးမှာ သေချာ၏ ။

"လာ သမီး လာ လာ"

မေလေးက ဆီးကြိုရင်း မမကို တွဲ ခေါ်သည်။ မမ မျက်ဝန်းတွေ က ကိုကြီးတိုးကို ငေးကြည့် အံ့ဩနေတာမို့

"မမ ဒါ ကိုကြီးတိုး ဒီနေ့မှ အင်္ဂလန်က ခဏပြန်လာတဲ့ ကျွန်တော့် အစ်ကို ဝမ်းကွဲလေ၊ ကိုကြီးတိုး ဒါ မမ ဒေါက်တာ ဆင်းထည် ဝါ ပါ"

"မထင်ဘူး ဆင်းထည်ဝါ၊ မင်းနဲ့ပြန် ဆုံရတာ အံ့ဩစရာပါ"

"ဟင် ကိုကြီးတိုးနဲ့ မမက သိတယ်"

"သိပ်သိတာပေါ့ ညီလေးရာ၊ ဆင်းထည်ဝါနဲ့ ကိုကြီးတိုးနဲ့က ကျောင်းအတူတက်ခဲ့ကြတာပဲလေ"

"ဟာ ဒါဆို သိနေပြီးသားပေါ့၊ မိတ်ဆက်ပေးစရာ မလိုတော့ ဘူး မေကြီးရေ"

သူ ဝမ်းသာအားရ ဆိုနေပေမယ့် မမ ကတော့ ငြိမ်သက် နှုတ်ဆိတ်နေသည်။

မေကြီး မျက်နှာမှာ မမကို သဘောကျ ကျေနပ်သော အရိပ် တွေ လွှမ်းခြုံနေတာကို သူမြင်တော့ ဝမ်းသာမိ၏ ။

ကိုကြီးတိုး ကတော့ မေကြီးတို့ လွတ်လပ်စွာ စကားပြောပါစေ ဆိုသော ဆန္ဒကြောင့် ထင်သည် ရှောင်ထွက်သွား၏ ။

ထိုနေ့က ထမင်းဝိုင်းမှာ လည်း ကိုကြီးတိုးနှင့်မမတို့ ခွန်းတုံ့ စကား မဆိုကြတာ သူ

သတိထားမိ၏ ။

မမ ပြန်တော့ သူ လိုက်ပို့ပေးမည် ကို ကိုကြီးတိုးက တားသည်။

"ညီ ကိုကြီး ခဏနေရင် ပြန်တော့မှာ ကွ၊ စကားလေး ဘာ လေး ပြောရအောင်"

"နေခဲ့ပါ မောင်၊ မမဘာသာ ပြန်တော့မယ်၊ ကားပါတာပဲ"

"ကျွန်တော် မနက်ဖြန် လာခဲ့မယ်နော် မမ"

ကိုကြီးတိုးကို အားနာတာမို့ မမကို လိုက်မပို့ ဖြစ်ပါ။ ဒါကို မမလည်း နားလည်နိုင်မှာ သူ ယုံသည်။

မမကားလေး ခြံထဲက ထွက်သွားတော့မှ ကိုကြီးတိုးက အားလုံး ရှေ့မှာ သူ့ကို စာရင်းရှင်းတော့၏ ။

"ညီလေး ဆင်းထည့်ဝါအကြောင်း မင်း ဘာသိလဲ"

"ဗျာ"

"အေး မင်း မသိတာ ကိုကြီးပြောမယ်၊ ဆင်းထည့်ဝါ ဆိုတဲ့ မိန်းမကြောင့် ကျောင်းတုန်းက ကိုကြီး သူငယ်ချင်း ဆရာဝန်လောင်း တစ်ယောက် အသက်ပါ ပေးခဲ့ရတဲ့အထိ ဖြစ်ခဲ့ဖူးတယ်"

"ဘုရားရေ"

"အို"

မေကြီးနှင့်မေလေး အထိတ်တလန့် ရေရွတ်၏ ။ သူ မယုံနိုင် သလို အံ့သြမင်သက်နေ၏ ။

"နားထောင် ညီလေး၊ ဆင်းထည့်ဝါ ဆိုတဲ့ မိန်းမရဲ့ အသည်း က ဘယ်လောက် မာတယ်၊ အငြိုး ကြီးတယ်ဆိုတာ ကိုကြီး ပြောပြမယ်"

အားလုံး ကိုကြီးတို့ရဲ့ စကားတွေ ထဲမှာ ငြိမ်သက်စွာ နားစိုက် ထောင်နေခဲ့ကြ၏ ။ သူ ဘာတစ်ခွန်းမှ ခွန်းတုံ့မပြန်နိုင်ပေမယ့် ရင်ထဲမှာ မယုံနိုင်ခြင်းတွေ နဲ့ ကိုကြီးတို့ စကားတွေ ကို နားထောင်နေဆဲ။

မမက အဲဒီ လောက်ထိတောင် အငြိုး ကြီးခဲ့သလား။ အသည်း မာ မာနတွေ ကြီးခဲ့ဖူးသလား။

ဟင့်အင်း မယုံချင်ဘူး မမရယ်။

*

# အခန်း (၃၆)

"ဘယ်လိုနည်းနဲ့မှ မေကြီး သဘောမတူနိုင်ဘူး သား၊ ဆင်း ထည်ဝါ ဆိုတဲ့ မိန်းမနဲ့ သားကို မေကြီး မျက်စိမှိတ် သဘောမတူနိုင် ဘူး"

"မေကြီးရယ် အဲဒီ အ ဖြစ်တွေ က ပြီးဆုံးခဲ့ပြီပဲ၊ အတိတ်မှာ ကျန်ခဲ့ပါပြီ"

"အတိတ်ဆိုတာ သမိုင်းပဲ သား၊ ယောကျ်ား တစ်ယောက် ဒုက္ခရောက်အောင် လုပ်ခဲ့ဖူးတဲ့ မိန်းမ တစ်ယောက် ကို သား ဘဝတစ်ခုလုံး အတွက် မေကြီး မထည့်ပေးနိုင်ဘူး"

မေကြီးက ယတိပြတ် ပြောသည်။ သူ ငြင်းဆန်ဖို့ကြိုး စား သမျှ အချည်းနှီး။ မေလေးကို ကြည့်တော့ မေလေး ဘာမှဝင်မပြော။

"မေကြီး ပြောပြီးပြီနော် သား၊ မေကြီး သဘောမတူဘဲ မင်း ရှေ့မတိုးနဲ့၊ မင်းကို မေကြီးတို့ ဒီအရွယ်အထိ အားလုံး ပုံပြီး ချစ်ခဲ့တာ ကို မင်း သတိရပါ"

"မေကြီးရယ်"

"သားအတွက် သင့်တော် မယ့်သူ တစ်ယောက် မေကြီး တွေ့ ထားတယ်၊ ပညာရေး ဂုဏ်ဒြပ်ပါ ဆင်းထည်ဝါနဲ့ ယှဉ်လို့ရတယ်၊ အဲဒီ မိန်းကလေးကလည်း ဆရာဝန်ဘွဲ့ ရခဲ့တဲ့သူပဲ၊ စီးပွားရေး မှာ လည်း အောင်မြင်နေတယ်၊ သူ့ကိုပဲ သား လက်ထပ်ရမယ်"

အမိန့်ဆန်သော စကားတွေ နှင့် မေကြီးဆိုကာ လှည့်ထွက် သွားခဲ့တော့မှ သူ မေလေးကို အားကိုးတကြီး တောင်းဆိုမိ၏ ။

"မေလေး ကူညီပါဦး၊ မမကို ကျွန်တော် သိပ်ချစ်တာပါ"

"သားရယ် သူ့ရဲ့ အတိတ်ဆိုးကြီးက မေလေးကိုတောင် ထိတ် လန့်စေတာ၊ မေလေးလည်း မကူညီချင်ဘူး"

"မမ မှား ခဲ့တယ်ဆိုရင်တောင် တစ်စုံတစ်ခုသော အကြောင်း ကြောင့် ဖြစ်မှာ ပါ မေလေးရယ်"

"တော် ပါတော့ သားရယ်၊ သား အနာဂတ်ကို ကံစမ်းမဲ နှိုက် သလို မေလေး မလုပ်နိုင်ဘူး"

မေလေးကလည်း သူ့ ခံစားချက်တွေ ကို ဥပေက္ခာပြု သွားခဲ့၏ ။ သူ့ရင်ထဲမှာ ပူလောင်ခြင်းတွေ နှင့် ရင်မော ကျန်ရစ်ခဲ့သည်။

မမရယ် မမကို မောင် မြတ်နိုးစွာ ချစ်ခဲ့တာပါ။

မမကြောင့် အသက်ကို ပေးရမယ်ဆိုလည်း အသင့်ပါပဲ။

မမကို မောင် ဆုံးရှုံးခံရမှာ ကြောက်တယ်။

*

"ဆင်း နေကောင်းပါတယ်နော်"

"ဟင်"

ဘယ်လိုမှ မျှော်လင့်မထားသော အသံကို ကြားလိုက်ရတာ မို့ ဆင်း အံ့သြသွားမိတာ အမှန်။ ဖုန်းထဲမှာ ပေမယ့် မှတ်မိနေဆဲပါ။

"မှတ်မိပါတယ်နော် ဆင်း"

"မှတ်မိပါတယ် ရွက်လှှာ၊ နင် ဆက်မယ်လို့ လုံး၀ ထင်မထား တာ၊ နင်ကော နေကောင်းတယ်နော်"

"အင်း တို့အားလုံး ကောင်းတယ် ဆင်း၊ အခုဆို တို့ ကံပါ ကောင်းပြီး စန်းပွင့်လာတယ်ဆိုရမယ်၊ ငါ မင်္ဂလာဆောင်တော့မယ်"

"ဟင် ဟုတ်လား၊ ၀မ်းသာပါတယ် ရွက်လှှာရယ်၊ နင် ချစ်တဲ့သူ တွေ့သွားပြီပေါ့"

"ဟင့်အင်း ငါချစ်တဲ့သူ မဟုတ်ပါဘူး"

"ဘယ်လို"

ရွက်လှှာ ရယ်သံမှုင်းမှုင်းလေး ကြား၏ ။

ပြီးမှ

"ဟုတ်တယ် ငါ မချစ်ပေမယ့် လက်ထပ်ဖို့

ခေါင်းညိတ်လိုက် တယ်၊ ဘာကြောင့် လဲ သိလား"

"ငါ ဘယ်သိမှာ လဲ ရွှက်လွှာ"

"ဘာကြောင့် လဲဆိုတော့ သတို့သားက မိုးမြေကမ္ဘာလေ"

"ဘာရယ်"

ဆင်း နားထဲမှာ ပူလောင်သွားခဲ့တာ အမှန်။ ဒီအမည် မျိုး က နှစ် ယောက် မရှိနိုင်တာ သေချာ၏ ။

"အရမ်းအံ့သြသွားလား ဆင်း၊ ငါလည်း အံ့သြတယ် သိလား၊ မိုးမြေကမ္ဘာက ငါ့ဆီလာပြီး မင်္ဂလာပွဲကို လက်မခံဖို့ သူ့မှာ ချစ်သူရှိတယ် ဆိုတဲ့အကြောင်း ပြောတယ်၊ အဲဒီ ချစ်သူက နင် ဖြစ်နေတယ်"

ဆင်း အံ့သြမိပြန်၏ ။ မောင်က ရွှက်လွှာကိုတောင် ထိပ်တိုက် တွေ့ဆုံ

ရင်ဖွင့်ခဲ့သည်လား။

"ငါ ခေါင်းညိတ်လိုက်တာ အဲဒါကြောင့် ပဲ ဆင်း"

"ဟင်"

"ဟုတ်တယ် မင်းကြောင့် နောက်ထပ် ယောကျ်ား တစ်ယောက် ဒုက္ခရောက်သွားမှာ စိုးလို့"

ရွှက်လွှာ စကားက ရင်ထဲအထိ ထိရှစေသည်။ ရွှက်လွှာရဲ့ အငြိုး တရားတွေ က အခုထိ မပြေနိုင်သေးဘူးလား။

"ဆင်း မင်း မိုးမြေကမ္ဘာကို တကယ်ချစ်သလား"

"..."

"ဖြေလေ ဆင်း၊ တို့ ကြားချင်လို့"

ရွက်လွှာ တမင် သူမကို

နှိပ်စက်ရက်စက်ပြနေတာလား။ လေသံက လှောင်သံ။

"ငါ ဖြေစရာမလိုအပ်ပါဘူး ရွက်လွှာရယ်၊

ဘာလဲ နင်က ငါ့ဆီက ဘာလိုချင်တာလဲ"

"ငါလိုချင်တာ နင် မင်းပိုျခံစားခဲ့ရသလို

ခံစားစေဖို့ တစ်ခုပဲ"

ရွက်လွှာ ရဲတင်းစွာ ပဲ ဖွင့်ပြောနေချေပြီ။

ဆင်း ရင်ထဲမှာ ပူလောင်နေသော ဝေဒနာတွေ ကို

ရွက်လွှာ မြင်ကြည့်နိုင်ပါလျက်နှင့်

"ဆင်း နင် မပြောရဲဘူးလား"

"ငါ ဝန်ခံပါတယ် ရွက်လွှာ၊ နင့် ဆန္ဒတွေ

အလုံးစုံ ပြည့်စုံပါပြီ"

"သင့် ခယူ ဆင်း၊ နင် ခံစားနိုင်ပါစေ၊

ဒီမင်္ဂလာဆောင်ကျရင် နင့် ဆန္ဒအတိုင်း ဆန္ဒရှိရင်

လာခဲ့ပေါ့ဟာ"

ဆင်း ခွန်းတုံ့မပြန်နိုင်ဘဲ ဖုန်းကို ပိတ်ပစ်လိုက်မိသည်။ ရှိုက်သံ တွေ ကို ရွက်လွှာ ကြားသွားခဲ့ပြီလား မသိ။

ရွက်လွှာရယ် နင့်ရဲ့ အငြိုး တွေ ကြီးမားလိုက်တာ။

ငါ့နှလုံးသားမှာ ဒဏ်ရာတွေ နင် ရစေချင်တာလား။ ငါ ကျေနပ် ပါတယ်။

အချစ်ကို ငါ ပထမဆုံး ပိုင်ဆိုင်ခဲ့ဖူးပေမယ့် ဆုံးရှုံးခဲ့ပြီဆို တာ...။

*

# အခန်း (၃၇)

"ဒေါက်တာ"

ဆေးခန်းဖွင့်ရုံပဲ ရှိသေးသည်။ ကားတစ်စီး ထိုးရပ်လာတာမို့ ဆင်း လှမ်းကြည့်မိတော့ လူငယ် တစ်ယောက် ဆင်းလာ၏ ။

"ဘာကိစ္စရှိလို့ပါလဲရှင်"

"ဒေါက်တာ ဆင်းထည်ဝါ ဆိုတာ"

"ဟုတ်ကဲ့ ကျွန်မပါ"

"ဒေါက်တာကို တွေ့ ချင်လို့တဲ့၊ မိုးမြေကမ္ဘာက ခေါ်ခိုင်းလိုက် တာပါ"

"ဟင်"

ဆင်း တွန့်ခနဲ ဖြစ်သွားသည်။ သူမ တစ်ခါမှ မမြင်ဘူးသော လူရွယ်မို့ အံ့သြသလို

အကဲခတ်ကြည့်နေမိဆဲ။

"ကျွန်တော် က မိုးမြေရဲ့ အစ်ကိုဝမ်းကွဲ ဟိုဏ်းမော်ပါ"

"ဪ"

ဆင်း သိနေသော နာမည် ပါပဲ။ လူကိုတော့ ဒီတစ်ခါပဲ မြင်ဖူး သည်။ ဒါပေမဲ့ ဆင်း ခေါင်းကိုပဲ ခါရမ်းရင်း

"ကျွန်မ မလိုက်တော့ဘူး ကိုဟိုဏ်းမော်၊ သူ့ကို ပြောလိုက်ပါ ကျွန်မကို မေ့ပစ်လိုက်ပါတော့လို့"

"သူ့ရဲ့ နောက်ဆုံးအချိန်မှာ ဒေါက်တာ ဒီစကားမျိုး ပြောရက် သလားဗျာ"

"ရှင် နောက်ဆုံးအချိန်"

"ဟုတ်ပါတယ် ဒေါက်တာ မနေ့က သူ

တစ်နေ့ကုန် အရက်တွေ မူးနေတာ အရက်မူးမူးနဲ့

ကားမောင်းရင်း ကားအက်စီးဒင့် ဖြစ်ခဲ့တယ်"

"ဟင် မောင် မောင်"

"သူ ဆေးရုံမှာ နောက်ဆုံးအချိန်ကို

စောင့်နေတယ်၊ အားလုံး က သူ့ ရဲ့ နောက်ဆုံး

ဆန္ဒအတိုင်း ဒေါက်တာကို ခေါ်ခိုင်းလိုက်တာပါ"

ဆင်း ရင်ထဲမှာ ဆို့နစ်ပြီး ဘာစကားမှ

မဆိုနိုင်ပါ။ မျက်ရည်စ တွေ က ပါးပြင်ပေါ်

လိမ့်ဆင်းလာ၏ ။

"ဒေါက်တာ"

"ကျွန်မ လိုက်ခဲ့မယ်"

ဆင်း ယတိပြတ်ဆိုရင်း လူရှယ်ဖွင့်ပေးသော

ကားတံခါးမှ ဝင်ထိုင်လိုက်သည်။ လူရှယ်က

ဆင်းဘေးက မောင်းသူနေရာမှာ ဝင်ထိုင် ၏ ။

ကားလေးက ငြိမ့်ခနဲ မောင်းထွက်သွား၏ ။

ဆင်းရင်ထဲမှာ ပူလောင်မှု တွေ က မီးလိုလောင်ဆဲ။

"မောင် မောင် ဘယ် ဘယ်လို ဖြစ်တာလဲဟင်"

"ဆင်းထည်ဝါကိုမှ ပိုင်ဆိုင်ခွင့် မရရင် သူ လောကကြီးထဲမှာ မနေဘူးလို့ ပြောဖူးတယ်"

"ဟင် ဒါဆို"

"ဟုတ်တယ် အရက်တွေ မူးအောင်သောက်၊ ကားစက်ရှိန် မြင့်မောင်းတော့ လမ်းဘေး သစ်ပင်ကြီးကို ဝင်တိုက်တာ၊ ဒဏ်ရာတွေ က အတော် ဆိုးဝါးလို့ ဆရာဝန်ကြီးတွေ လက်လျှော့လိုက်ပြီ"

"မောင်ရယ် အဟင့် ဟင့်"

ဆင်းရင်ထဲမှာ ဆို့နစ်လာသော ဝေဒနာတွေ ကို မသိဝှက်နိုင် ဘဲ ရှိုက်ကြီးတငင် ငိုချလိုက်မိ၏ ။

"အဟင့် ဟင့် မောင် မောင် မသေရဘူး"

"မောင် မသေပါဘူး မမရယ်"

"ဟင်"

ဆင်းအသံကြားရာ ကားနောက်ခန်းဘက်ကို လှည့်ကြည့်တော့ မောင်မှ မောင်ပါပဲ။

"မောင် မောင် မသေဘူးနော်"

"မသေပါဘူး မမရယ်၊ မမကို အဝေးဆုံးကို ခေါ်သွားမလို့"

"ဟင်"

ဒီတော့မှ ကားလေး ဦးတည်နေရာအရပ်ကို ဆင်း သတိထားမိ တော့၏ ။ မောင် လိမ်ညာပြီး ဆင်းကို ခေါ်လာတာပါလား။

"မောင် ဒီလို မလုပ်ပါနဲ့၊ ကားကို ရပ်ပေးပါ"

"မရပ်နဲ့ ဟီဏ်းမော်၊ ဆက်မောင်း"

"မလုပ်ပါနဲ့ ရပ်ပေးပါ"

"ဘာကြောင့် ရပ်ခိုင်းနေတာလဲ မမ၊ မမနဲ့ မခွဲနိုင်လို့ ကျွန်တော် ခေါ်သွားမှာ "

"ဟင့်အင်း မလုပ်နဲ့ ရွှက်လွှာဆိုတာ ဆင်းရဲ့ ညီမပါ"

"အဲဒီ မမရဲ့ ညီမ ရွှေရွှက်လွှာက မမကို အဝေးဆုံး ခေါ်သွား ခိုင်းတာ ဒီမှာ ကြည့်"

လက်ထဲက ဟန်းဖုန်းလေးကို နှိပ်ကာ မိုးမြေ ဆက်သွယ်ခေါ် နေ၏ ။ ပြီးတော့ ဆင်း လက်ထဲ ဖုန်းထည့်ပေးသည်။

ဆင်း အံ့ဩမင်သက်စွာ နားထောင်မိတော့ ကြားရတာ ရွှက်လွှာ အသံ။

"ဆင်း မအံ့သြပါနဲ့ ဆင်းရယ်၊ တို့ရင်ထဲမှာ မင်းပိုျ ဆိုတဲ့ ယောက်ျား တစ်ယောက် ကိုပဲ ချစ်ခဲ့တာပါ၊ ဆင်း ရင်ထဲမှာ လည်း မိုးမြေ ကမ္ဘာပဲ ရှိတာလေ၊ တို့ အငြိုး တွေ ပြေခဲ့ပါပြီ၊ ဆင်း မိုးမြေနဲ့ လိုက်သွား ပါ၊ ပြဿ နာတွေ ငြိမ်းချမ်းသွားရင် အဆင်ပြေသွားမှာ ပါ"

"ရွက်လှွာ နင် ဘာတွေ လုပ်နေတာလဲ"

"လုပ်သင့်တာတွေ ပေါ့ ဆင်းရယ်၊ အချစ်ဆိုတာ နှလုံးသားချင်း ထပ်တူကျမှ ကာရံညီတာပါ၊ တို့နှလုံးသားက ချစ်တတ်ပေမယ့် ကာရံ မညီမျှခဲ့ဘူးလေ"

"ရွက်လှွာရယ်"

"ဆင်း မိုးမြေက မင်းကို တကယ်ချစ်တာပါ၊ ဆင်းတို့ ပျော် နိုင်ပါစေ"

ဖုန်းလေး ပိတ်သွားတော့ ဆင်း ငိုင်ငိုင်လေး

ဖြစ်သွား၏ ။ ကားလေးကလည်း ထိုးရပ်သွား၏ ။

"ကဲ မိုးမြေ မင်းတို့လစ်တော့၊ ငါ ဒီကပဲ ပြန်မယ်"

"မင်း အဆင်ပြေရဲ့လား ကျေးဇူးကွာ"

"ပြေပါတယ်ကွာ၊ ကဲ သွားကြတော့၊ ကြီးမေတို့ အဆင်ပြေရင် ငါ လာခေါ်မယ် အိုခေ"

ဟိုက်ဇ်းမော် ကားပေါ်က ဆင်းသွားတော့မှ မိုးမြေ ရှေ့ခန်းကို ကူးလာသည်။

"မောင် မမတို့ ဘယ်သွားကြမှာ လဲ"

"အမုန်းမရှိတဲ့ အရပ်တစ်ခုကိုပေါ့ မမရယ်"

ပြောရင်း မိုးမြေက သူ့မ ခန္ဓာကိုယ်လေးကို တင်းတင်းပွေ့ ဖက်လာ၏ ။

ချစ်သူရင်ခွင်ထဲက လွတ်ထွက်သွားမှာ

စိုးသည့်အလား ဆင်း လည်း တင်းတင်းလေး

ပြန်ဖက်တွယ်ထားမိ၏ ။

ရင်ခုန်သံတွေ က ကာရံတူညီစွာ

ပေါင်းစည်းခဲ့မိပြီဆိုတာတော့ သိပ်ကို သေချာခဲ့ပြီ။

ပရိသတ်အတွက်

အမြဲတမ်း

သျှိုး

*